
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ဒေါက်… ဒေါက်… ဒေါက်…

ဆိုသော တံခါးခေါက်သံက ညင်ညင်သာသာမို့ ယဉ်ကျေးသော ဧည့်သည်တစ်ယောက်ပဲ ဟူသော အသိစိတ်ဖြင့် ပန်းပွင့်ဝေ တံခါးဖွင့်လိုက်တော့…

"ဟင်…"

ရဲအရာရှိဝတ်စုံနှင့် လူတစ်ယောက်က ရပ်လျက်…

"ဘာ…ဘာကိစ္စလဲရှင်"

"ပန်းပွင့်ဝေ… ဆိုတာလား"

"တုတ်…ဟုတ်ကဲ့ရှင့်"

"ကျွန်တော့်ကို မြင်တာနဲ့ လန့်မသွားပါနဲ့ဗျာကျွန်တော်က လဆန်းတစ်ရက်နေ့ကမှ ဒီမြို့ကို တာဝန်နဲ့ပြောင်းလာတာပါ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်ကို မေးပြီး ရောက်ရှိလာသူမှာ ရဲအရာရှိဖြစ်နေ၍ ပန်းပွင့်ဝေ အကြီးအကျယ် အံ့သြ လန့်ဖျပ်သွားမိ၏။

"ကျွန်တော် အိမ်ထဲ ဝင်ထိုင်ပါရစေ"

"ဘာ...ဘာကိစ္စလဲရှင်၊ ဖေ...ဖေဖေလည်း မရှိဘူး"

အထစ်ထစ် အငေါ့ငေါ့ဖြင့် ကြောက်ရွံ့စိုးထိတ် နေရှာသော ပန်းပွင့်ဝေ၏ မျက်နှာကို ရဲအရာရှိက ကြင်နာဟန် အပြုံးနှင့် ကြည့်ရင်းက...

"မိတ်ဖြစ် ဆွေဖြစ် လာလည်တာပါဗျာ၊ ဒီမြို့မှာ ပန်းပွင့်ဝေတို့ရဲ့ ခြံကြီးက နာမည်အကြီးဆုံး မဟုတ်လား၊ 'ကသစ်နီမြို့'ကို ရောက်ပြီး 'သြရိုသခြံ'ကို မရောက်ဖြစ်ခဲ့ရင် ကသစ်နီမြို့ကို ရောက်တယ်လို့ မခေါ်နိုင်ဘူးဆိုပဲ၊ ဒါကြောင့် ရောက်ဖူးချင်တာပါ၊ ပန်းပွင့်ဝေနဲ့လည်း မိတ်ဆွေဖြစ်ချင်တယ် ဆိုပါတော့ဗျာ"

သူက စကားတွေကို တရစပ်ပြောရင်း ဖိနပ်ချွတ်သည်။ ဦးထုပ်ကိုမူ ပိုက်လျက် ပန်းပွင့်ဝေ မဖိတ်ခေါ်ပါဘဲနှင့် သူ အိမ်ထဲသို့ ဝင်သွားခဲ့လေပြီ။

"မမေ... မမေရေ..."

ပန်းပွင့်ဝေ၏အသံက အန္တရာယ်တစ်ခုနှင့် ကြုံတွေ့နေရသလို ကြုံးအော်လိုက်၍ မမေ ပြေးထွက်လာတော့...

"အပေါ်ထပ်မှာ မေမေ့ကို အမြန်ပြေးခေါ်ပေးစမ်းပါ၊ ဒီမှာ ဧည့်...ဧည့်သည် ရောက်နေတယ်လို့..."

မမေ ဒုပြေးတက်သွားတော့ ပန်းပွင့်ဝေက ရပ်လျက်။ သူက





ဧည့်ခန်းဆိုဖာပေါ်မှာ အကျအန ခြေချိတ်ထိုင်ရင်းက...

"ထိုင်ပါဦး...ပန်းပွင့်ဝေရဲ့၊ ရဲဝန်ထမ်းဆိုတာ လုပ်သား ပြည်သူများရဲ့ မိတ်ဆွေပါ၊ အပြစ်မဲ့သူဘက်က ကူညီမယ့်သူပါ"

"အို... ပန်းပွင့်ဝေတို့မှာ ရဲအကူအညီပေးရလောက်အောင် ဘာပြဿနာမှမရှိဘူး၊ ဖေဖေဟာ ဒီမြို့မှာ နာမည်အကြီးဆုံး လူကြီး လူကောင်းရှင့်"

"ဟုတ်ပါတယ်... ဦးကျော်စွာမင်းမောင်ရဲ့ ဂုဏ်သတင်းကို လည်း ကြားဖူးပြီးသားပါ၊ အလုပ်သမားတွေပေါ်မှာ သက်ညှာတယ်၊ ဒီမြို့နယ်ရဲ့ လူမှုရေးကိစ္စမှန်သမျှ အကုန် ကူညီတယ်၊ အားလုံးက အားထားရတဲ့ လူကြီးလူကောင်းတစ်ယောက်ဆိုတာ ကျွန်တော် သိပါတယ်၊ ရှင်းရှင်းဝန်ခံရရင် ဒါကြောင့်လည်း ပန်းပွင့်ဝေတို့ မိသားစုနဲ့ ရင်းနှီးခွင့် ရချင်တာပါလေ၊ ထိုင်စမ်းပါဦး ပန်းပွင့်ဝေရဲ့"

ကြောက်စိတ်ဖြင့် သူ့စကားကို အမိန့်တစ်ခုလို နာခံမိပါ၏။

သူသည် ပန်းပွင့်ဝေကို ရှုးရှုးနှစ်နှစ်ကြည့်ပြီး ကြည်ကြည် လွင်လွင် ပြုံးနေတော့သည်။

သူ့အပြုံးက မိတ်ဟောင်းဆွေဟောင်းကို ပြန်တွေ့ရပုံမျိုးလို၊ ဆွေမျိုးရင်းချာချင်း ပြန်လည်ဆုံတွေ့ရသည့်အခါ ဝမ်းသာရပုံမျိုးလို ဟန်ဆောင်ထားသော်လည်း ပန်းပွင့်ဝေ သူ့ကို ပြန်လည် ပြုံးမပြ နိုင်ပါ။

သူ့ကို မြင်တွေ့ရခြင်းအားဖြင့် ကြောက်ရွံ့ ချောက်ချားစိတ် သည်သာ လွှမ်းမိုးနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဓိဋ္ဌာန်ပုတီး စိပ်နေတယ်၊ လာခဲ့မယ်တဲ့"

"အို... မေမေကလည်း အရေးထဲ၊ ဒီမှာ မမေ ကိုကိုဦးကို သွားခေါ်ပေးစမ်းပါ"

"ကိုကိုဦးဆိုတာ ဘယ်သူလဲ"

BURMESE CLASSIC .com

"ပန်းပွင့်ဝေရဲ့ အစ်ကိုပါ"

"ဟင်... ပွင့်ဝေမှာ အစ်ကိုရှိတယ်လား၊ ဒါနဲ့ ပန်းပွင့်ဝေဟာ ဦးကျော်စွာမင်းမောင်ရဲ့ တစ်ဦးတည်းသောသမီးဆို..."

သူ့ကို အိမ်ပေါ်က မောင်းချလိုက်ရ ကောင်းမလား၊ ပန်းပွင့်ဝေပဲ ငိုချလိုက်ရ ကောင်းမလား။

"ပန်းပွင့်ဝေက တို့ရောက်လာတာ သိပ်စိတ်ညစ်နေပြီထင်တယ်၊ တို့ကို မကြောက်ပါနဲ့ ပန်းပွင့်ဝေရဲ့၊ ဒုက္ခပေးဖို့ ရောက်လာတာမှ မဟုတ်တာ"

"အို... အဲလို ညှော်သည်တွေ ဘာတွေက ပွင့်ဝေနဲ့ မဆိုင်ဘူး၊ လူကြီးတွေနဲ့ပဲ ပြောပါ၊ ပွင့်ဝေ သွားတော့မယ်"

"နေစမ်းပါဦး... ပန်းပွင့်ဝေရဲ့"

သည်လို ဆိုပြန်တော့လည်း မထရဲ။ သူ့ကို ဘာလို့များ ဒီလောက်ကြောက်နေမိပါလိမ့်။

"ပန်းပွင့်ဝေ... ဒီနှစ် ဆယ်တန်းဖြေထားတယ်နော်"

"အင်း"

"အောင်ရင် တက္ကသိုလ် သွားတက်မှာပေါ့နော်"

"ဖေဖေက မတက်ရဘူးတဲ့"





"ဟင်... ဘာဖြစ်လို့လဲ"

"မသိဘူးရှင့်... လာမေးမနေနဲ့"

ကလေးဆန်သော အမူအရာလေးဖြင့် မျက်မှောင်ကုတ်ပြီး ပြောလိုက်သော ပန်းပွင့်ဝေ၏ စိတ်မရှည်ဟန်ကို ကြည့်ပြီး သူက ရယ်နေသည်။

"ကိုဦးလည်း ဦးလေး ဖုန်းဆက်ခေါ်လို့ ခုနလေးတင်ပဲ မြို့ထဲကအလုပ်တိုက်ကို သွားတယ်တဲ့"

ခြံထဲမှ ပြန်ပြေးလာသော မမေ၏စကားကြောင့်...

"ဒုက္ခပါပဲ"

ကိုဦး ဆိုသူမှာ ပန်းပွင့်ဝေ ခေါ်ခိုင်းသော ကိုကိုဦး ဆိုသူသာ ဖြစ်ပေမည်။

ဦးလေး ဆိုသူကတော့ မည်သူ့ကို ရည်ညွှန်းလေလဲမသိဟု ရောက်လာသူက တွေးနေဟန်ရှိသည်။

ပန်းပွင့်ဝေ၏ နုနယ်လှပလွန်းသော မျက်နှာလေးကို သူ စိုက်ကြည့်နေသည်။

မျက်ခုံးနက်လေးနှစ်ခု ဆက်နေသည်ကို ကြည့်နူးစွာ ကြည့်ပြီး ပြုံးမိ၏။

ဖွံ့ထွားစ ကိုယ်ခန္ဓာလေးက ချစ်စရာ။ အရပ်က သည်ထက် မြင့်လာဦးမည်။

အသားကလေးက ဖွေးဥနေအောင်ဖြူပြီး နှုတ်ခမ်း ပြည့်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



ထူထူ၊ မျက်လုံးဝိုင်းဝိုင်းလေးနှင့် သိပ်ချစ်စရာကောင်းသော ပန်းပွင့်ဝေ ရယ်လေ။

အကျဉ်းအကျပ် တစ်ခုအတွင်းမှာ ရောက်ရှိနေရသူလို ပန်းပွင့်ဝေ စိတ်ပင်ပန်းလှပါဘိသည်။

သူ့တစ်သက်လုံး သူ့အမည်မေးပြီး ရောက်လာသော မျက်နှာ စိမ်း ဧည့်သည်ဟူ၍ တစ်ကြိမ်တစ်ခါမျှ မရှိဘူးခဲ့သေး။

ပန်းပွင့်ဝေမှာ ထိုင်နေရမလား၊ ထသွားရမလား ဟူ၍ မဝေခွဲ တတ်နိုင်၍ ငြူငြူစူစူ ထိုင်နေဆဲ လှေကားဆီ ခြေသံကြား၍ လှည့် ကြည့်လိုက်တော့...

"မေမေ"

ကိုယ့်မိခင်ကိုပင် ကယ်တင်ရှင်ကြီး တစ်ယောက် ရောက် လာသလို ပြေးကြိုမိသည်။

မေမေ 'ဒေါ်မြနှင်းဖြူ'သည်လည်း ရဲအရာရှိဝတ်စုံနှင့် လူငယ် တစ်ဦးကို မြင်တွေ့လိုက်ရသဖြင့် မျက်မှောင်ကြုတ်သွားသည်။ အံ့သြ ရွံ့ကြောက်စိတ်တို့ကို ဣန္ဒြေနှင့် ဖုံးကာ တည်တည်ငြိမ်ငြိမ် လျှောက် လာပြီး...

"ဘာကိစ္စများ ရှိလို့ပါလဲကွယ်"

သူက ဒေါ်မြနှင်းဖြူကို မတ်တတ်ရပ်၍ လေးစားမှုပြကာ ကြိုဆိုရင်း...

"ဒီမြို့က ဒီအိမ်သားတွေနဲ့ တွေ့ချင်လို့၊ ဩရိသခြံကို ရောက် ချင်လို့ တမင်တောင်းဆိုပြီး ပြောင်းလာခဲ့တာပါ၊ ကျွန်တော့်နာမည်





'ပြည့်ဖြိုးဝေ' ပါတဲ့ခင်ဗျာ"

"သြော်...သြော်... ဒီမြို့က ဝေးခေါင်လွန်းလို့ လာချင်သူ ခပ်ရှားရှားရယ်လေ၊ မောင်ပြည့်ဖြိုးဝေ ကျမှ ဘာဖြစ်လို့ လာချင် ရတာလဲ"

"ကျွန်တော့်ဖေဖေ နောက်ဆုံးနေသွားခဲ့တဲ့ မြို့လေးမို့ပါ ခင်ဗျာ"

"မောင်ပြည့်ဖြိုးဝေ ဖေဖေက ဘယ်သူမို့လဲ"

"ဒေါက်တာ 'ဦးစောပြည့်'ပါ ခင်ဗျာ"

"အို... မြတ်စွာဘုရား"

"ဟုတ်ကဲ့... ဒေါ်ဒေါ်တို့နဲ့ သိပ်ခင်တယ်လို့..."

"ခင်...ခင်ရုံဘယ်ကမလဲကွယ်၊ အတူနေခဲ့ကြတာပါ...၊ သူ...သူ နောက်ဆုံးနေသွားခဲ့တာ ဒီခြံထဲက ဟောဟို တိုက် ကလေးပါ"

ဒေါ်မြနှင်းဖြူသည် ယခုပင် မူးမေ့ လဲကျသွားတော့မလို နှုတ်ခမ်းများ ဖြူရော်လာပြီး တုန်တုန်ယင်ယင် ဖြစ်နေလေပြီ။

"ဟုတ်ကဲ့... အဲဒီတိုက်ကလေးကနေပြီး ကျွန်တော်တို့ မိသားစုဆီကို ပြန်လာခဲ့တဲ့ ဖေဖေဟာ အခု ကိုးနှစ်ကြာတဲ့အထိ ရောက်မလာဘဲ ပျောက်ဆုံးနေခဲ့ပါတယ် ခင်ဗျာ"

"သိတယ်... ဒေါ်ဒေါ် သိတယ်၊ ဒီလောက် အချိန်ကြာမှ တော့ ပျောက်ဆုံးတာ မဖြစ်နိုင်တော့ပါဘူး လူလေးရယ်၊ သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ ဖြစ်မှာပါလေ...”

ဒေါ်မြနှင်းဖြူ၏ မျက်ဝန်းအိမ်အပြည့် မျက်ရည်တို့ ဝိုင်းစို့လာသည်။

“မေမေ”

“သမီး”

“ဒါဆို... သူ...သူက...”

“ဟုတ်တယ်... သမီး...ဟုတ်တယ်၊ မေမေရဲ့ အသက်သခင် ကျေးဇူးရှင်ကြီး၊ သမီးကို လူဖြစ်အောင် မွေးပေးခဲ့တဲ့ သမီးရဲ့ ဖခင်လို ကျေးဇူးတင်ထိုက်တဲ့ ဆရာဝန်ကြီး ဦးစောပြည့်ရဲ့သား ဆိုတာ သူပဲပေါ့”

“အို...”

ပန်းပွင့်ဝေသည် ပြည့်ဖြိုးဝေ ဆိုသောသူကို အားနာစိတ်ဖြင့် ကြည့်လိုက်မိ၏။

ပြီးတော့ ချက်ချင်းလိုပင် ရင်းနှီးစိတ် ဝင်သွားခဲ့သည်။ သူ့ကို တစ်မှုဟုတ်ချင်းမှာပင် ခင်မင်သွားမိခဲ့ပါပြီ။

“ဒီ...ဒီက အစ်ကိုက ဘဘပြည့်ရဲ့သားကိုး၊ ပွင့်ဝေ ကလေး ဘဘပြည့်ကို အရမ်းချစ်ခဲ့တာပါ၊ ဘဘပြည့် ထွက်သွားတဲ့ညက ပွင့်ဝေ ဟောဒီကြမ်းပြင်ပေါ်မှာ လူးလိမ့်ကျန်ရစ်ခဲ့တာ ခုထိ မှတ်မိဆဲပါ”

“ဟုတ်တယ်... ဖေဖေပြောပြလို့ ပန်းပွင့်ဝေတို့ မိသားစုအကြောင်းကို ကြိုတင်သိထားနှင့်ပါတယ်”





“မေမေ”

“ဘာလဲ...သမီး”

“ဘဘပြည့်ဟာ... ဒီက အစ်ကိုပြောသလို ပျောက်ဆုံးနေတာ ဖြစ်မှာပါနော်၊ အစ်ကိုက ရဲအရာရှိမို့ ပြန်ရှာရင် တွေ့နိုင်မှာပါနော်... မေမေ”

မျှော်လင့်ချက် ပြည့်လျှမ်းစွာဖြင့် ပန်းပွင့်ဝေက အားတက်သရော ပြောသော်လည်း ဒေါ်မြနှင်းဖြူက ခေါင်းကို ဖြည်းလေးစွာ ခါရင်း သက်ပြင်းကိုချ၍...

“မထင်တော့ပါဘူး... သမီးရယ်”

“အို... မေမေကလည်း ဒီမြို့က ပြန်သွားတာ အားလုံးသိကြတယ်၊ ရထားထွက်တဲ့အထိ လိုက်ပို့ကြတယ်၊ ဒါပေမယ့်... သူ့အိမ်ကို ပြန်မရောက်ဘူး၊ အဲဒါ လမ်းမှာပျောက်လို့ပေါ့ မေမေရဲ့၊ ဒီအစ်ကိုက ပြန်ပြီး ရှာဖွေစုံစမ်းယူမှာပေါ့နော်... အစ်ကို”

စောစောကနှင့် ဆန့်ကျင်စွာ ပန်းပွင့်ဝေ၏ စကားတို့ သွက်လက် တက်ကြွနေပေသည်။

“ဘဘပြည့်ကိုများ ပြန်တွေ့ရရင် သိပ်ပျော်မှာပဲ အစ်ကိုရာ၊ ပွင့်ဝေက... ဘဘကို သိပ်ချစ်တာ”

ကိုပြည့်ဖြိုးဝေသည် ပန်းပွင့်ဝေ၏ ပင်ကိုအမူအရာလေးနှင့် အမှန်အတိုင်း တင်ပြနေသည်ကို ရီဝေသောမျက်ဝန်းအစုံဖြင့် ရူးရူးစိုက်စိုက် ကြည့်နေလိုက်တော့သည်။

“အေးလေ... ဘာပဲဖြစ်ဖြစ် မောင်ပြည့်ဖြိုးဝေ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာကို ဆွေမျိုးတစ်ယောက် ရောက်လာသလို ဒေါ်ဒေါ်တို့ ဝမ်းသာပါတယ်ကွယ်၊ ဆရာဟာ သမီးကို သူ့သမီးလေးလို သိပ်ပြီးချစ်ရှာလွန်းလို့ မောင်ပြည့်ဖြိုးဝေကလည်း သမီးကို ကိုယ့်ညီမလေးလို သဘောထားပါနော်"

"ဟုတ်တယ်... မေမေ၊ အစ်ကိုကိုတွေ့စက ရဲဝတ်စုံကြီးနဲ့ ဆိုတော့ သမီးက လန့်သွားတာပေါ့၊ အခုတော့ အစ်ကိုဟာ သမီး သိပ်ချစ်တဲ့ ဘဘပြည့်ရဲ့သား ဆိုလို့ သမီးစိတ်ထဲမှာ အစ်ကို တစ်ယောက်လို ရင်းနှီးသွားပြီ မေမေ..."

"အေးပေါ့ကွယ်... ဆရာနဲ့ မေမေတို့က အတူနေ အတူစားပြီး မိသားစုတစ်ခုလို နေထိုင်လာခဲ့ကြတာပဲ"

"ဟုတ်ပါတယ် ခင်ဗျာ... ဖေဖေ ကျွန်တော်တို့အိမ် ပြန်လာတဲ့အခါနဲ့ စာရေးတဲ့အခါမှာ ဦးကျော်စွာမင်းမောင်တို့ မိသားစုနဲ့ ဘယ်လိုရင်းနှီးကြောင်း၊ အခု ဩရိသ ခြံကြီးထဲမှာပဲ နေကြောင်းတွေ အမြဲပြောပြ ရေးပြခဲ့ပါတယ်"

"ဟုတ်တယ်... ကိုကျော်စွာ သိရင်လည်း သိပ်ဝမ်းသာမှာ၊ သူ့အချစ်ဆုံး မိတ်ဆွေရဲ့သား ရောက်လာတာကို သူလည်း ဝမ်းသာအားရ ကြိုဆိုမှာပါပဲ"

"ဟုတ်ကဲ့ခင်ဗျာ... ကျွန်တော်လည်း တွေ့ချင်ပါတယ်"

"ဆရာ ဦးစောပြည့် တုန်းကလိုပဲ ဒေါ်ဒေါ်တို့အိမ်မှာ လာနေပါလား သားရယ်..."





"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်၊ တာဝန်က နှစ်ဆယ့်လေးနာရီ ရှိနေလို့ ရဲလိုင်းမှာပဲ နေရပါ့မယ်"

"သြော်...သြော်... ဒါဖြင့်လည်း ဒီမှာပဲ လာစားသောက်ပါကွယ်၊ ဒီမှာနေသမျှ ဒေါ်ဒေါ်တို့ကပဲ ထမင်း တာဝန်ယူပါရစေ"

"ဟုတ်ကဲ့... ဒေါ်ဒေါ်... လာစားမှာပါ၊ အချိန်ရသမျှလည်း ဒီဩရိသခြံမှာပဲ လာနေပါရစေ၊ ဖေဖေ နေသွားတယ်ဆိုတဲ့ အိမ်လေးမှာပဲ ကျွန်တော် အလွမ်းပြေ လာနေချင်ပါသေးတယ်"

"နေပါကွယ်... နေပါ၊ ဟောဟိုမှာ ခြံရဲ့မြောက်ဘက်ထောင့်က တစ်ထပ်တိုက်ပုလေးဟာ ဆရာ့အတွက် ကိုကျော်စွာက ဆောက်ပေးခဲ့တာပါ"

ခရေပင်ကြီးအောက်မှ ခေါင်မိုးနီနီနှင့် တစ်ထပ်တိုက်ကလေးကို ကိုပြည့်ဖြိုးဝေက လှမ်းကြည့်နေဆဲမှာပဲ...

"ဒေါ်ဒေါ်က သမီးကို ကိုယ်ဝန်ရှိကတည်းက ဆရာကပဲ ကြည့်ပေးပါတယ်၊ မွေးတော့လည်း သူကိုယ်တိုင်မွေးပေးပြီး သားအမိနှစ်ယောက်လုံးရဲ့ အသက်ကို ကယ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်လွန်းလို့ ဒေါ်ဒေါ့်ယောကျ်ားက သူနေဖို့တိုက်ဆောက်ပြီး ဒီခြံထဲမှာကို ခေါ်ထားခဲ့တာပါ"

"အခုတော့ ပိတ်ထားတယ်နော်"

"ဆရာ ပြန်သွားပြီးကတည်းက အဲဒီတိုက်မှာ ဘယ်သူမှ မနေတော့ဘူးလေ"

"ဒါဖြင့်ရင် ကျွန်တော် အားလပ်တဲ့အချိန်မှာ လာနေခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုပါ ဒေါ်ဒေါ်၊ ဖေဖေနေခဲ့တဲ့ နေရာလေးကို အလွမ်းပြေ ကြည့်ချင်လို့ပါ"

"နေပါကွယ်…နေပါ၊ တစ်ခါတည်း သော့အပ်ထားပါ့မယ်"

"ကျေးဇူးတင်ပါတယ်… ဒေါ်ဒေါ်၊ ကျွန်တော် ပြန်ပါဦးမယ်"

"အို… နေဦးလေ၊ စကားကောင်းနေတာနဲ့ ဘာမှတောင် ကျွေးဖို့ သတိမရဘူး၊ သမီး… သွားစမ်း၊ စန်းမေကို ပြော၊ ကော်ဖီနဲ့ မုန့်အစုံ ထည့်ခဲ့လို့"

"နေ… မပြောနဲ့ ညီမ၊ သွားစရာရှိသေးတယ်၊ အခုဟာက လာနှုတ်ဆက်တာပါ၊ နောက် ကျွန်တော် မပြောင်းမချင်း ကျွေးနေရမှာပါ၊ ကဲ… ကျွန်တော့်ကို ခွင့်ပြုပါဦး ဒေါ်ဒေါ်"

"အစ်ကို ပြန်မယ်နော် ပန်းပွင့်ဝေ"

ပြေလည် ပြုံးရွှင်စွာ နှုတ်ဆက်၍ ပြန်သွားလေသော ပြည့်ဖြိုးဝေကို သားအမိ နှစ်ယောက်လုံးက မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း ပီတိရင်ဖြင့် ကျန်ရစ်ကြတော့သည်။

○





## အခန်း(၂)

"ပွင့်ဝေ… ခေါ်ခိုင်းတယ်ဆို"

"ဟုတ်တယ် ကိုကိုဦးရဲ့၊ နေ့လယ်က ရဲအရာရှိတစ်ယောက် လာတာနဲ့ လန့်သွားလို့"

"ဟင်… ရဲအရာရှိ…ဟုတ်လား၊ ဘာကိစ္စ လာတာလဲ၊ ဘာပြောသွားလဲဟင်"

"ကြည့်… ကိုကိုဦးတောင် ကြားရုံနဲ့လန့်သွားပြီ မဟုတ်လား၊ ရင်ဆိုင်တွေ့ရတဲ့ ပွင့်ဝေဆို ဘယ်လောက်လန့်မလဲ တွေးသာကြည့်"

"ကဲ… ပြောစမ်းပါ၊ ဘာကိစ္စတဲ့လဲ"

"ဘာကိစ္စမှ မဟုတ်ဘူး၊ သူက ဘယ်သူလဲ…သိလား"

"တစ်ဆက်တည်း ပြောစမ်းပါ"

"ဘဘဦးစောပြည့်ရဲ့သား ကိုပြည့်ဖြိုးဝေ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘာ"

"ဘဘရဲ့သားပါဆို"

"ပွင့်ဝေ"

"ဟင်"

"ဒေါက်တာဦးစောပြည့် ဆိုတာ လွန်ခဲ့တဲ့ ကိုးနှစ်က ပျောက်ဆုံး ပြီးဆုံးသွားခဲ့တဲ့ ကိစ္စလေ၊ အဲဒါကို သူက ဘာကြောင့် လာပြီး ပတ်သက်ရတာလဲ၊ ခပ်ရှင်းရှင်းနေကြရင် ကောင်းမယ်နော်"

"အမယ်လေး... ကိုကိုဦးကလည်း ဘာမှန်းလဲမသိဘူး၊ မေမေဆို သူ့ကိုတွေ့ရတာ မျက်ရည်တောင်ဝဲတယ်၊ ဟိုတိုက်ကလေးမှာ လာနေလို့တောင် ပြောလိုက်ပြီ"

"ဟာ"

"ဘာဖြစ်လို့လဲ"

"ဒီတိုက်ကို ခုချိန်ထိ ဘယ်သူမှ မဖွင့်တော့ဘူးလေ"

"ခုဖွင့်တော့ရော... ဘာဖြစ်လဲ၊ သူ့အဖေနေခဲ့တဲ့ နေရာကို သူ့သား နေမှာပဲဟာ"

"ပွင့်ဝေ... လူကြီးတွေကိစ္စကို နင်လည်း နားမလည်ဘဲနဲ့"

"ဘာလို့ နားမလည်ရမှာလဲ... မေမေ ဝမ်းသာသလို ဖေဖေကလည်း သူ့ချစ်မိတ်ဆွေရဲ့သားကို ဝမ်းသာအားရကြိုမှာပဲ သိလား၊ ကိုကိုဦးသာ မနာလိုဖြစ်နေ"

"ပွင့်ဝေနော်... ငါက ဘာဆိုင်လို့ မနာလိုဖြစ်ရမှာလဲ"

"ပွင့်ဝေနဲ့ ကိုကိုဦးက ဘာမှမဆိုင်ဘူးလား၊ ဟုတ်လား"





"ခက်ပါလားဟာ..."

"ဘာခက်ရမှာလဲ၊ ပွင့်ဝေမှာက ချစ်စရာဆိုလို့ ကိုကိုဦး တစ်ယောက်တည်း ရှိခဲ့တာလေ၊ အခု ဘဘပြည့်ရဲ့ သားဟာ ရောက်လာတော့ ဟိုကိုလည်း ချစ်သွားမှာ ကြောက်လို့ မဟုတ်လား၊ ပြော..."

"မဟုတ်ပါဘူး... ပွင့်ဝေရယ်"

"ဘာမဟုတ်ရမှာလဲ၊ အခု နောက်ထပ် အစ်ကိုတစ်ယောက် တိုးလာတော့ မနာလိုစရာပေါ့"

"နင် ကလေးဆန်တိုင်း ကလေးစကားတွေ လျှောက်ပြောမနေနဲ့"

"အို... ပွင့်ဝေတို့ကတော့ မရပါဘူးနော်၊ ကိုကိုဦး နောက်ညီမလေးတစ်ယောက်ကို ထပ်ပြီး ချစ်ဝံ့ ချစ်ကြည့်ပါလား"

"ကဲ... မလျှာရှည်၊ တော်ပါတော့ဗျာ၊ ကျွန်တော့်မှာလည်း ခင်ဗျားကလွဲပြီး ချစ်စရာ ဘယ်သူမှမရှိပါဘူး၊ ဒီညီမမျိုး နောက်တစ်ယောက် ထပ်ရရင်လည်း ရူးဖို့ပဲ ရှိတော့တယ်"

"ဟား ဟား... ကိုကိုဦး အရူးကြီးဖြစ်သွားမှာကို ကြည့်ချင်လိုက်တာ"

ပန်းပွင့်ဝေသည်သူက ကိုကိုဦး ဟု ခေါ်လေသော 'ကိုရန်ပြေ' ၏ ပခုံးကို တွန်းထိုးရင်း ရယ်နေ၍ သူ့လက်ကို ဖယ်ချပြီး ကိုရန်ပြေက...

"ဒီမှာ... နားထောင်စမ်း...ပွင့်ဝေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေက နားနောက်မှာ လက်ကာ၍ နားထောင်နေဟန် ပြုပြီး လှောင်ပြောင်နေသည်ကို ကိုရန်ပြေက မသိယောင်ဆောင် လိုက်ပြီး . . .

"အခုကိစ္စကို အဖေနဲ့ ဦးလေးက ဘယ်လိုဆုံးဖြတ်ဦးမလဲ မသိသေးဘူး၊ ပြီးတော့ ဒေါက်တာစောပြည့်ရဲ့သား ဆိုပြီး ရောက် လာတိုင်းလည်း ဟုတ်ချင်မှဟုတ်မှာ၊ ဒီအိမ်ကို အဝင်ကောင်းအောင် ညာပြောပြီး ရင်းနှီးအောင်လုပ်တာ ဖြစ်ချင် ဖြစ်နိုင်တယ်"

"အို . . . အဲလို ဘာလို့လုပ်ရတာလဲဟင်"

"ဒီမြို့မှာ ဦးလေးဟာ နာမည်အကြီးဆုံး လုပ်ငန်းရှင်သူဌေး မဟုတ်လား ပွင့်ဝေ၊ သက်ဆိုင်ရာက စုံစမ်း ထောက်လှမ်းတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"အို . . . ဖေဖေက ဆေးကုမ္ပဏီထောင်ပြီး ကောင်းရောင်း ကောင်းဝယ် လုပ်စားတာပဲ"

"ဟုတ်ပါတယ် . . . ဒါပေမယ့် မပြောနိုင်ဘူးလေ၊ ဒေါက်တာ စောပြည့်ရဲ့သားအစစ် ဆိုရင်တော့ တစ်မျိုးပေါ့"

"ကိုကိုဦး ပြောတာနဲ့ပဲ စိတ်တောင်ညစ်လာပြီ"

"အေး . . . ဒေါ်ဒေါ်ကလည်း သိပ်ရိုးတယ်၊ နင်ကလည်း ကလေးပဲ၊ လူကြီးတွေကိစ္စမှာ အရမ်းဝင်မပါနဲ့ . . . ဒါပဲ"

"မပါလို့ သူ့ကိုခေါ်ခိုင်းတာပဲဟာ၊ သူဖြင့် မရှိဘဲနဲ့၊ သူများ ဘာလုပ်လုပ် ဆူဖို့ပဲတတ်တယ်၊ ဆူစရာပဲ ရှာနေတာပဲ"

"အေး . . . နင့်ကို ဆူမယ့်လူလည်း ငါတစ်ယောက်ပဲ ရှိတယ်၊





စိတ်ပူမယ့်လူလည်း ငါတစ်ယောက်ပဲရှိတယ် ဆိုတာ မှတ်ထား"

"စိတ်ပူစရာ မလိုပါဘူး၊ ပွင့်ဝေ ကလေး မဟုတ်တော့ဘူး၊ လာဆူမနေနဲ့"

"ဆူစရာရှိရင် ဆူမှာပဲ၊ ပွင့်ဝေဟာ ဘယ်လောက်ပဲ ကြီးလာ ကြီးလာ ကိုကိုဦးအတွက်တော့ ထာဝရ ကလေးလေးပဲ ညီမလေး"

"ဟင်း . . ."

ပန်းပွင့်ဝေက နှုတ်ခမ်းထူထူကို စူ၍မဲ့ပြီး မျက်စောင်းထိုးရင်း မေးပါ ဆတ်ခနဲ ထိုးပစ်လိုက်ပြီးမှ သူ့ကိုကိုဦးနားက ထလာခဲ့သည်။

သူ့အခန်းရောက်တော့ မေခလာရဲ့ . . .

"ကိုကိုနဲ့ x ကျွန်တော် x အရပ်ချင်း တိုင်းကြည့်မလား x မီခါနီးပြီ xx ဒါကလေးလား xx

ကိုကို xx ကျွန်တော့်ကို xx ချာတိတ်လို့ xxx မခေါ်နဲ့ . . .

ဟူသော တေးကို ကက်ဆက်ဖြင့် အကျယ်ကြီး ဖွင့်ပစ်လိုက် သည်။

ကိုရန်ပြေ ဆိုသော သူ့ကိုကိုဦးကမူ လုံးဝ မကြားနိုင်၊ မကြားသွားပါ . . .။

ထာဝရ အလုပ်ရှုပ်ထွေးနေသော ကိုဦးသည် ကိုရီးယား ဂျစ်ကား အဝါရောင်ကို စက်နှိုးလျက် ခြံကြီးမှ ထွက်ကာ မြို့ထဲသို့ အရှိန်ပြင်းစွာ မောင်းနှင် ထွက်ခွာသွားခဲ့ပါလေပြီ။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

'ဦးစံလှထွန်း'သည် လချုပ် စာရင်းများကို အာရုံကြီးစွာ စူးစိုက်၍ စစ်ဆေးနေသည်။

'အာယုဝဍ္ဍနဩရိသ' အသက်ရှည်ဆေး ဟူသော မြန်မာ ပရဆေးဘူးများကို ထောင်နှင့် သောင်းနှင့် သိန်းနှင့်ချီပြီး မြန်မာပြည် အရပ်ရပ်သို့ တင်ပို့နေသော ဆေးကုမ္ပဏီကြီး၏ အကြီးဆုံးတာဝန်ကို ထမ်းဆောင်နေရသော မန်နေဂျင်းဒါရိုက်တာ (Managing Director) သည် ဦးစံလှထွန်း ဖြစ်ပေသည်။

ဦးစံလှထွန်း၏ အသက်သည် ငါးဆယ့်ငါးနှစ် ပြည့်ခဲ့ပြီ။ ဤဆေးသည် သူ့ထက် အသက်ကြီး၏။

ဦးကျော်စွာမင်းမောင်တို့၏ အဘိုးလက်ထက်က စတင် ထုတ်လုပ်ခဲ့သော ဤဩရိသဆေး၏ သက်တမ်းမှာ နှစ်ပေါင်း ခြောက်ဆယ်ကျော်ခဲ့ပါပြီ။





ရှေးက ဆေးကစွမ်းလှသော်လည်း တွင်တွင်ကျယ်ကျယ် မရောင်းချခဲ့ရ။

ဦးကျော်စွာမင်းမောင်၏ ဖခင် ဦးမင်းမောင်သည် တက္ကသိုလ်မှ ဘွဲ့ရခဲ့သော ပညာတတ်ဖြစ်၍ ဤဆေးနည်းအတိုင်း ဖော်စပ်ကာ တာရှည်ခံအောင် သိပ္ပံနည်းကျသော ဆေးဘူးလှလှလေးများနှင့် ထည့်ပြီး အကြီးအကျယ် ကြော်ငြာခဲ့လေသည်။

သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်းနှင့် သွပ်ပြားဆိုင်းဘုတ်ငယ်များကို အခမဲ့ပေးဝေ၍ ဆိုင်များမှာ ကပ်စေသည်။

မြန်မာပြည် အရပ်ရပ်သို့ ပျံ့နှံ့အောင် နည်းမျိုးစုံနှင့် ကြော်ငြာလိုက်သဖြင့် စမ်းသပ် ဝယ်ယူ စားသုံးကြည့်ကြသည်။

ရှေးမြန်မာသမားတော်ကြီး၏ ဆေးနည်းက ထက်မြက်လှသည်။ အထူးသဖြင့် လေနာသမား အစာအိမ်ရောဂါရှင်များနှင့် သင့်မြတ်လှပေသည်။

အစာကြေ လေသက်ရုံမက စားဝင် အိပ်ပျော်ပြီး လူပါ လန်းဆန်း ကျန်းမာစေသော တကယ့်တိုင်းရင်းဆေးစွမ်းကောင်း ဖြစ်ခဲ့သဖြင့် မြန်မာတစ်ပြည်လုံး ဟိုးဟိုးကျော်ခဲ့လေပြီ။

မြန်မာပြည် အရပ်ရပ်မှ လိုသလောက်ပင် မပေးနိုင်ခဲ့...။ ဘုမ္မရာဇာ၊ ရှောက်ခါး၊ သိန္ဓောဆား စသော ကုန်ကြမ်းပစ္စည်းများက ရှားပါးလာ၏။ သည်နယ်တစ်ဝိုက်သာမက လက်လှမ်းမီသမျှ ဈေးကြီးပေးဝယ်သော်လည်း မရ။ ဆေးမြစ်ပေါင်း ဆယ့်ရှစ်မျိုးနှင့် ဖော်စပ်ရသော ဤဩရိသ ဆေးကြီးအတွက် သန့်ရှင်း လတ်ဆတ်၍



www.burmeseclassic.com

www.burmeseclassic.com



မျိုးစစ်မျိုးမှန် ပရဆေးများနှင့်သာ ဖော်စပ်သဖြင့် ကုန်ကြမ်းရှားပါးလာသည့်ကိစ္စကို ဖြေရှင်းရန်အတွက် ဦးမင်းမောင် လက်ထက်ကပင် မြို့ပြင်မှ ဧကငါးဆယ်မျှ ကျယ်ဝန်းသော ပိုင်ရှင်မဲ့ မြေများကို သက်ဆိုင်ရာသို့ လျှောက်ယူ၍ အခွန်ဆောင်ကာ မြေရိုင်းများကို ထွန်ယက်ပစ်လိုက်သည်။

ဤကျယ်ဝန်းလှသော မြေပြင်ပေါ်မှာ ဩရိုသ အသက်ရှည်ဆေးအတွက် လိုအပ်သမျှသော ကုန်ကြမ်းဖြစ်သည့် ပရဆေးပင်များကို စနစ်တကျ စိုက်ပျိုး အောင်မြင်ခဲ့လေသည်။

ဤသို့ဖြင့် ကြံ့ခိုင်စွာ ဆောင်ရွက် အားထုတ်မှုကောင်းလွန်းခဲ့သော ဦးမင်းမောင် ကွယ်လွန်ချိန်မှာ ကျိုကျိုတက်မျှချမ်းသာခဲ့လေပြီ။

သူ၏ တစ်ဦးတည်းသောသား 'ကျော်စွာမင်းမောင်'သည် ကွယ်လွန်သူ ဖခင်ကြီး၏ခြေရာကို နင်းကာ ပို၍ပင် ဝီရိယစိုက်ထုတ်လျက် ဆေးများကို ထုတ်လုပ်နိုင်ခဲ့သဖြင့် အကြီးအကျယ် ချမ်းသာနေခဲ့သော ဦးကျော်စွာမင်းမောင် . . .

ဦးစံလှထွန်းသည် ဦးမင်းမောင် လက်ထက်ကပင် အလုပ်သမားငယ်လေး ဖြစ်ခဲ့၍ လုပ်ငန်း ကျွမ်းကျင်နေခဲ့သည်။

ကိုကျော်စွာမင်းမောင် စတင် အုပ်ချုပ် ကွပ်ကဲရသော ကာလမှစ၍ ကိုစံလှထွန်းကို အသုံးချခဲ့ရာ ကာလများစွာ လွန်မြောက်လာချိန်မှာ . . .

ဤဩရိုသကုမ္ပဏီ၏ ဦးဆောင် တာဝန်ယူရသူ ဖြစ်ခဲ့သည်။

ဦးစံလှထွန်းကို ဩရိုသ ခြံကြီးအတွင်းမှာပင် ပျဉ်ထောင်အိမ်





တစ်လုံး ဆောက်၍ နေစေခဲ့သည်။ အခွင့်အရေး များစွာပေးခဲ့သည်။

ဦးကျော်စွာမင်းမောင်၏ အားအထားဆုံး လူယုံတစ်ယောက်လည်း ဖြစ်ခွင့်ရခဲ့ပါ၏။

ဦးစံလှထွန်းတွင် ဇနီး မရှိတော့။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကွယ်လွန်ခဲ့ပြီးသော်လည်း နောက်ဇနီး မယူခဲ့ရှာ။

သူ၏ ချစ်လှစွာသော တစ်ဦးတည်းသားလေးနှင့် အတူသာ ပျော်ရွှင် ချမ်းမြေ့စွာ ဤဩရိုသခြံကြီးအတွင်းမှာ နေထိုင်လျက်ရှိကြပါ၏။

ဦးစံလှထွန်းမှာ စာရင်းကို စိတ်ဝင်စားခြင်းကြီးစွာ စစ်ဆေးပြီး စာအုပ်ကို ပိတ်လိုက်ပြီးမှ သူ့ရှေ့တွင် ရပ်နေသော လူတစ်ယောက်၏ အရိပ်ကို မြင်လိုက်ရသည်နှင့် ဖျတ်ခနဲ မော့ကြည့်လိုက်တော့မှ . . .

"ဟင် . . . သား . . ."

ကိုဦး ဆိုသော ကိုရန်ပြေသည် သူ့ဖခင် စိတ်ဝင်စားနေမှုအာရုံ ပျက်သွားမည်စိုး၍ ငြိမ်ပြီး ရပ်၍ စောင့်နေခြင်း ဖြစ်လေသည်။

"ထိုင်လေ . . . သား၊ ဘာလာလုပ်တာလဲ"

"အဖေ့ကို ပြောစရာရှိလို့ လိုက်လာတာ"

"ဘာကိစ္စလဲ . . . သား"

"ဒီနေ့ ဩရိုသခြံကို ရဲအရာရှိတစ်ယောက် လာသွားတယ်တဲ့ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ဘာ…ဘာကိစ္စတဲ့လဲ"

"ကိစ္စတော့ မရှိပါဘူးတဲ့၊ သူဟာ ဒေါက်တာ ဦးစောပြည့်ရဲ့ သားပါ ဆိုပြီး…"

"ဟင်…ဦး…ဦးစောပြည့်ရဲ့ သားတဲ့လား၊ မြတ်စွာဘုရား"

ဦးစံလှထွန်းသည် အန္တရာယ်တစ်ခု ကျရောက်လာသလို မျက်လုံးအဝိုင်းသားနှင့် ဖြစ်သွား၍…

"အဲဒါကို ပွင့်ဝေတို့ သားအမိက ဝမ်းပန်းတသာ ဧည့်ခံနေတယ်လေ အဖေရဲ့၊ တကယ့် ဆွေမျိုးရင်းချာကို ပြန်တွေ့ရတဲ့ အတိုင်းပဲ"

"သားကို ဘယ်သူပြောလဲ"

"ဘယ်သူရှိမလဲ ပွင့်ဝေပဲပေါ့၊ ဒေါ်လေး မြနှင်းဖြူကလည်း ဖိတ်ခေါ်ပြီး ဒေါက်တာစောပြည့် နေသွားခဲ့တဲ့ အိမ်မှာတောင် လာနေဖို့ ပြောလိုက်သေးတယ်တဲ့"

"ဒီမြနှင်းဖြူဟာ ဘာမှ နားမလည်တဲ့မိန်းမပဲ၊ သူ့မှာ သူများကို အားနာမယ်၊ သနားမယ်၊ ဘုရားရှိခိုးနေမယ်၊ ဒါ့အပြင် ဘာမှ မသိတဲ့… သိဖို့ မကြိုးစားတဲ့ မိန်းမပဲ"

"အဖေ"

"ဘာလဲ"

"အဲဒီ ဦးစောပြည့်ရဲ့သား ကိုပြည့်ဖြိုးဝေ ဆိုတဲ့သူ ရောက်လာတာဟာ ပြဿနာဖြစ်နိုင်သလား"

"ဖြစ်နိုင်ပြီလား သားရယ်… သူ့အဖေဟာ ဒီက ပြန်သွားလို့





တစ်မြို့လုံးနိုးပါး ဘူတာကို လိုက်ပို့ကြတာ၊ ရထားထွက်တဲ့ အထိပဲလေ၊ ဒီမြို့ကနေ အားလုံးရှေ့မှာ ရထားပေါ် ပါသွားလျက်နဲ့ သူတို့ အိမ်ကို ပြန်မရောက်ဘဲ လမ်းမှာ ပျောက်ဆုံးသွားခဲ့တဲ့အတွက်…

ဩရိသကို လာပြီး စစ်လိုက် ဆေးလိုက်ကြတာ သွက်သွက်ကို လည်သွားတာပဲ၊ ဒီကိစ္စဟာ လွန်ခဲ့တဲ့ ကိုးနှစ်က၊ အခု သူ့သားက ရဲအရာရှိအဖြစ်နဲ့ ရောက်လာပြန်ပြီ ဆိုတော့ ကိုကျော်စွာတော့ စိတ်ညစ်တော့မှာပဲ"

"ဦးလေးကို ကြိုပြောထားရရင် ကောင်းမလား အဖေ"

"အေး…ကောင်းတယ်သား၊ သူ့အခန်းကို သွားကြည့်စမ်း"

ဦးကျော်စွာမင်းမောင်၏ အခန်းက အပေါ်ထပ်မှာ ဖြစ်သည်။ လေအေးစက် တပ်ထားသော အခမ်းနားဆုံး အခန်းကြီးဖြစ်သည်။ မှန်များတပ်ထားပြီး ကတ္တီပါ အဝါရောင်ခန်းဆီးကြီးများ သွယ်ချထား၏။

"ဩရိသဆေးတိုက်"

ဟူ၍ ကသစ်နီမြို့၏ လမ်းမတော်ပေါ်မှာ အလှအပဆုံးနှင့် အခန့်ညားဆုံး တည်ဆောက်ထားခြင်း ဖြစ်ပေ၏။

အောက်ထပ်ရှိ ဆေးများ အရောင်းဆိုင်တွင် လက်လီ လက်ကား ဝယ်၍ရပါ၏။

နယ်ကိုယ်စားလှယ်များအတွက် ငွေသွင်းခြင်း၊ ဆေးဘူး အတိုးအလျှော့ မှာယူခြင်း ကိစ္စများကိုလည်း အောက်ထပ်၌ လုပ်၍ ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်တွင် ရုံးခန်းဖြစ်သည်။ ဝန်ထမ်း နှစ်ဆယ်ခန့် ရှိကြသည်။

ထိုအပေါ်ထပ်၏ မြောက်ဘက် ထောင့်ဆုံးအခန်းမှာ ဦးကျော်စွာမင်းမောင် ကိုယ်တိုင် ထိုင်သည်။

“ဒေါ်စန်းကြည်... ဦးလေး ရှိသလား”

“ရှိတယ်၊ ဖုန်းပြောနေတယ်၊ ဝင်သွားလေ...မောင်ရန်ပြေ”

ဒေါ်စန်းကြည်သည် ဦးကျော်စွာမင်းမောင်၏ အတွင်းရေးမှူး ဖြစ်သည်။

ရုပ်ရှင်ထဲမှ အတွင်းရေးမှူးမလေးများလို ချောချောငယ်ငယ် မဟုတ်။ ရေစည်ပိုင်းပုံစံနှင့် အသက်လေးဆယ်ခန့် မိန်းမ ဝဝကြီး ဖြစ်လေသည်။

တခြားဧည့်သည်ဆိုလျှင် အခန်းရှေ့မှ ဒေါ်စန်းကြည်က အရင်ဝင်တွေ့၍ ဘယ်သူက ဘာကိစ္စနှင့် တွေ့ချင်ကြောင်း ပြောပြီး ဝင်ခွင့်ပေးမှ ဝင်ရသည်။

ကိုဦး ကတော့ ဩရိသ၏ အားအထားရဆုံးသော လူငယ်၊ ဦးကျော်စွာမင်းမောင် ကိုယ်တိုင် ချစ်ခင် အားကိုးသောသူမို့ ဒေါ်စန်းကြည်က သွား၍ ခွင့်တောင်းပေးနေစရာ မလိုတော့ပါ။

“အဖေက တွေ့ချင်တာပါ၊ ကျွန်တော် အဖေ့ကို သွားခေါ် လိုက်ဦးမယ်”

“အေး... အေး”





မဂ္ဂဇင်းတစ်စောင် ဖတ်နေရာမှ မျက်လုံးပင် လှန်မကြည့်ဘဲ ဒေါ်စန်းကြည်က ပြော၏။

ခဏအကြာမှာပင် ဦးစံလှထွန်းနှင့် မောင်ရန်ပြေတို့ အခန်းတွင်းသို့ ဝင်သွားသည်ကို တစ်ချက်သာ လှမ်းကြည့်ပြီး စာကိုသာ ဆက်ဖတ်နေသော ဒေါ်စန်းကြည်...။

ကျယ်ပြန့် ခန့်ညားသော မှန်သား စားပွဲကြီးနောက်မှာ ဦးကျော်စွာမင်းမောင်က ဆုံလည် ဆိုဖာ ကုလားထိုင်နှင့် ထိုင်နေရာမှ...

ဦးစံလှထွန်းတို့ သားအဖ တင်ပြသော စကားကို ဆုံးအောင် နားထောင်လိုက်ပြီးမှ ဦးစံလှထွန်းကို တစ်ချက် လှမ်းကြည့်၍ ပြုံးလိုက်ပြီး...

“အဲဒီကိစ္စက ဘာစိတ်ပူစရာရှိလဲ ဦးစံလှထွန်းရဲ့”

“ဟင်”

“သူ့အဖေဟာ သေတာပဲဖြစ်ဖြစ်၊ ပျောက်ဆုံးတာပဲဖြစ်ဖြစ် ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ဘူးလို့ သက်ဆိုင်ရာကလည်း ယုံကြည်ခဲ့ကြပြီပဲ”

“ဟုတ်ပါတယ်၊ ဟိုတုန်းက အထပ်ထပ် အခါခါ လာလာ စစ်နေကြလို့ပါ”

“အခု မစစ်တော့တာ ယုံကြည်သွားလို့ နေမှာပေါ့၊ လာပါစေဗျာ... နေစမ်းပါစေ၊ ဒါ လန့်စရာကိစ္စမှ မဟုတ်ဘဲ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေ... ကိုကျော်စွာရယ်"

"ဟုတ်ပါတယ်ဗျ၊ ကျွန်တော်တို့အလုပ်က မြန်မာ့ဆေးဝါး ကောင်း ထုတ်လုပ်တယ်၊ စာရင်းမှန်တင်ပြီး အမြတ်တော်ကြေး နှစ်စဉ် ဆောင်တယ်၊ ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်ဆိုလို့ ဘာ တစ်ခုမှ မလုပ်ဘူး"

"ဟုတ်ပါတယ်... ရုပ်ရှာကိစ္စဆိုလည်း ငွေအများဆုံးလှူပြီး လှုမှုရေး ကူညီနေတာ အားလုံးအသိပါပဲ"

"ဒါကြောင့် အဲဒီ ပြည့်ဖြိုးဝေ ဆိုတဲ့သူ ရောက်လာတား လာပါစေဗျာ... ဘာမှ ဖြစ်လာနိုင်စရာ အကြောင်းမရှိပါဘူး၊ စိတ်အေးအေးထားပါ၊ ကျွန်တော်တို့ အင်မတန်မှ လေးစား ချစ်ခင် ခဲ့ရတဲ့ မိတ်ဆွေကြီး ဒေါက်တာစောပြည့်ရဲ့သားမို့ သူလိုအပ်သမျှ ကူညီပေးရမှာက ကျွန်တော်တို့ ဝတ္တရားပဲလေ"

ဦးကျော်စွာမင်းမောင်၏ အခန်းမှ သားအဖ နှစ်ယောက် ပြန်လည် ထွက်ခွာလာကြချိန်မှာ ကိုဦး၏ရင်မှာ ပေါ့ပါး သွက် လက်လာသော်လည်း...

လေးလံသော သက်ပြင်းကို ချလျက် မျက်နှာပျက်နေသူက ဦးစံလှထွန်း...။

○





## အခန်း (၄)

မစန်းမေနှင့် မမြင့်မေတို့ ညီအစ်မနှစ်ယောက်လုံး ဤတိုက် ကြီးသို့ ရောက်နေတာ ကြာခဲ့ပြီ။ သူတို့အဒေါ်က ထမင်းချက် အဖြစ်နှင့် အလျင်ရောက်နှင့်ပြီးမှ တောက တူမနှစ်ယောက်ကို အိမ်ဖော်အဖြစ် ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

သြရိသ တိုက်ကြီးမှာ ဦးကျော်စွာမင်းမောင်၏ အဘိုး လက်ထက်ကတည်းက ဆောက်ထားသော တိုက်ကြီးဖြစ်၍ ထုထည် ထုလွန်းရုံမက ကြီးကျယ် ခမ်းနားလှပါပေသည်။

ဤတိုက်ကြီးမှ အခန်းပေါင်းစုံကို တံမြက်စည်းလှည်း၊ ဖုန်သုတ်ရသော သန့်ရှင်းရေးအလုပ်ကပင် နေ့ဝက်မျှလောက် ကြာမြင့် မှ အခန်းနှံ့လေသည်။

ပန်းပွင့်ဝေတို့ သားအမိ သုံးယောက်အတွက် အိမ်ပေါ်နေ အစေအပါးက ဒေါ်လုံးတင်နှင့် တူမနှစ်ယောက်။ ပေါင်း... သုံးယောက်။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးအစောင့်က တစ်ယောက်။ သြရိုသတိုက်၏ ဝန်းကျင်မှာ ပန်းအလုပ်ကိုက်ဖို့က မာလီတစ်ယောက်။ တောက်တိုမည်ရခိုင်းဖို့ ကောင်လေးက တစ်ယောက်အပြင် တိုက်ကြီးမှ လှမ်းမြင်နေရသော တစ်ထပ်အိမ်တွင် ကိုရန်ပြေတို့သားအဖ နေကြသည်။

သည့်နောက်ဘက်တွင်ဖြင့် မြို့ငယ် တစ်မြို့စာမျှ ကျယ်ဝန်းလှသော မြေများစွာရှိသည်။

မိုးကုပ်စက်ဝိုင်းနှင့် တစ်စပ်တည်းလို ရှိနေသော ပင်းတလဲတောင်ခြေ၏ မြေများအထိ ဦးကျော်စွာမင်းမောင် ပိုင်ဆိုင်ပါ၏။

ဤမျှ ကျယ်ပြန့်သော မြေများအတွင်းမှာ တောင်ကုန်းငယ်များ၊ ချိုင့်ဝှမ်းများ၊ အိုင်ငယ်များ၊ ရွှံ့နွံများ၊ လှေဖြင့် သွားရ၍ရသော ချောင်းငယ်၊ ချောင်းသွယ်လေးများနှင့် မိုက်နေသော အင်တောကြီးပါ ပါဝင်ပါ၏။ အင်ပင်များသည် ရှေးနှစ်ပေါင်း ခြောက်ဆယ် ခုနှစ်ဆယ်မျှလောက် သက်တမ်းရှိကြောင်း ရုက္ခဗေဒပညာရှင်များ လာလည်စဉ်က ခန့်မှန်းပေးသွားသည်။

ဤသြရိုသခြံကြီးမှာ ကသစ်နီမြို့၏ မြောက်ဘက်ယွန်းယွန်း အစွန်ဆုံးနေရာတွင် တည်ရှိပါ၏။

ဤအိမ်ကြီး၏အောက်ထပ် နောက်ဘက် အဆောင်တွင် ခေတ္တမျှ အားလပ်ခွင့်ရကြသော အိမ်ဖော်တူဝရီး သုံးယောက် ဆုံမိကြချိန်တွင် တူမငယ် မစန်းမေက...

"ဒေါ်လေးလုံးတင်... ဒီခြံကြီးရဲ့အနောက်ဘက်မှာ ဘာတွေရှိလို့လဲဟင်"





"ပရဆေးပင်တွေ စိုက်ထားတာပေါ့"

"ဟုတ်လဲ မဟုတ်ဘဲနဲ့၊ ဆေးပင်တွေကဖြင့် တောင်ဘက်မှာ"

"ညည်းကို... ဘယ်သူပြောလဲ"

"ဟို... ကိုဦး ဆိုတဲ့ အစ်ကိုကို မေးကြည့်တာ"

"ညည်းအေ စပ်စပ်စုစု မလုပ်စမ်းပါနဲ့၊ ပါးစပ်ကို ပိတ်ထားစမ်းပါ၊ ကိုယ်က သူများအိမ်မှာ အိမ်စေအဖြစ်နဲ့ နေရတာ၊ ဘာပဲဖြစ်ဖြစ် သေသေဝပ်ဝပ် နေစမ်း၊ ကြားလား... စန်းမေ"

"ဟုတ်ကဲ့ပါ... စန်းမေ ရောက်စက အိပ်မပျော်ဘူးလေ၊ အသံတွေကြားလို့ သိချင်တာနဲ့ ခြံထဲမှာ အစ်ကိုဦးနဲ့ တွေ့လို့ မေးကြည့်တာပါ"

"ဘာသံတွေ ကြားလို့လဲဟင်"

"တောခွေးတွေ အူသံပေါ့"

"ဟဲ့... ဟုတ်လို့လား၊ ငါဖြင့် တစ်ခါမှ မကြားမိပါဘူး"

"တကယ်... ညတိုင်းတော့ မဟုတ်ဘူး၊ အူတဲ့ညများဆို ရူးရူးဝါးဝါးပဲ၊ ကြောက်စရာကြီး၊ အမလေး... ကြက်သီးတောင်ထတယ်"

"စန်းမေ... နင်ဟာ စကားလည်း များတယ်၊ ပေါက်ပေါက်ရှာရှာလည်း ပြောတယ်၊ သူများအိမ်မှာ နေရတာ ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါဟယ်"

စန်းမေ၏အစ်မ မြင့်မေက သူ့ညီမကို စိတ်ပျက်ဟန်နှင့် ပြော၍ ဒေါ်လုံးတင်က...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... စကားများတာလည်း မကြိုက်ဘူး၊ စပ်စုတာလည်း မကြိုက်ဘူး၊ ညည်း ဟိုမေး ဒီမေးလည်း သွားမလုပ်စမ်းပါနဲ့အေ၊ ဒီအိမ်မှာ အဲဒီလူကြီးက အဆိုးဆုံး"

"ဘယ်လူကြီးလဲဟင်... ဒေါ်လေးလုံးတင်"

"ဦးစံလှထွန်းပေါ့၊ ညည်းပဲ သူ့သားရန်ပြေကို သွားမေးကြည့်တယ်ဆို"

"အိုး... သူတို့က ဘာဆိုင်လဲ၊ ဟိုတစ်အိမ်မှာ နေတာပဲ၊ အိမ်ရဲ့အရှင်သခင်မှ မဟုတ်တာ၊ ဒီအိမ်က ဦးလေးနဲ့ ဒေါ်လေးက သဘောကောင်းပါတယ်"

"တယ်ခက်ပါလား... စန်းမေရယ်၊ အဲဒီ ဦးစံလှထွန်းဟာ ဒီအိမ်က ကျော်စွာမင်းမောင်ရဲ့ လက်ရုံးဟဲ့၊ သူ မကြိုက်ဘူးဆိုရင် တို့ပါ ဒီအိမ်က ခေါင်းနဲ့ဆင်းရမှာ"

"ဟင်... ဒီက ဒေါ်လေး ဒေါ်မြနှင်းဖြူက စန်းမေတို့ကို သိပ်ညှာတာပဲ၊ နှင်လွှတ်မှာ မဟုတ်ပါဘူး ဒေါ်လေးလုံးတင်ရာ"

"ဒီသူဌေးကတော်က အရုပ်ဟဲ့၊ အားနေ ဘုရားစင်ရှေ့ပဲ ထိုင်နေတာ၊ ဦးကျော်စွာမင်းမောင်ကလည်း သူ့စီးပွားရေးလုပ်ငန်းကြီးနဲ့ လုံးလည်လိုက်အောင် မအားနေရှာတာ၊ ဒီခြံရိပ်သမှာ ခြယ်လှယ်နေသူက ဦးစံလှထွန်းဟဲ့... ဦးစံလှထွန်း..."

○





## အခန်း (၅)

"ကိုကိုဦး... ဘယ်သွားမလို့လဲဟင်"

"မသွားဘူး... အခုပဲ အပြင်က ပြန်လာတာ"

"ဒါဖြင့်... အတော်ပဲ"

"ဘာလုပ်မလို့လဲ"

"ဟိုးနောက်က မြင်းဖောင်းကို လိုက်ပို့ပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"

"မြင်းစီးချင်လို့"

"ဒေါ်လေးက မြင်းမစီးရဘူးလို့ ပြောထားတယ် မဟုတ်လား"

"ရပါတယ်... ကိုကိုဦးရဲ့၊ မေမေက အဓိဋ္ဌာန်ပုတီးစိပ်ဖို့ ဘုရားခန်းထဲ ဝင်သွားပြီ၊ ပုတီးစိပ် မေတ္တာပို့တာက အနည်းဆုံး နှစ်နာရီလောက် ကြာမှာ၊ လာပါ... ကိုကိုဦးရယ်၊ ပွင့်ဝေကို လိုက်ပို့ပါနော်"

ကိုဦးသည် ပန်းပွင့်ဝေကို ကြည့်ပြီး သက်ပြင်းချမိသည်။

ဘလောက်(စ်)ပွပွနှင့် ဂျင်းဘောင်းဘီ၊ မြင်းစီးဖိနပ်တို့ဖြင့် ဝတ်စုံပြည့်နှင့် ပန်းပွင့်ဝေ...။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အထိ စီးမှာလဲ"

"ဒီတစ်ခါ ဟိုးအင်တောထဲအထိ စီးကြရအောင်နော်"

"ဒါဆို ကြာမှာပဲ၊ နေဦး... ဦးလေးများ ဘာခိုင်းစရာရှိသေးလဲလို့ ဖုန်းဆက်ကြည့်လိုက်ဦးမယ်နော်"

"ဟာ... ကိုယ့်ဟာကိုယ်သွားလည်း ပြီးတာပဲ၊ ဖုန်းဆက်ကြည့်လို့ ခေါ်မှ ခက်နေဦးမယ်"

"မခက်ပါဘူး... ဦးလေး ခိုင်းစရာမရှိရင် ကျွန်တော် သွားစရာတစ်ခုရှိတယ်လို့ ပြောလိုက်မလို့ပါ"

"အင်း... ကောင်းတယ်၊ ပွင့်ဝေနဲ့ မြင်းစီးမယ်ဆိုလည်း ဘာမှပြောမှာ မဟုတ်ပါဘူး"

"ဟုတ်တယ်နော်... ဦးလေးက ပွင့်ဝေဆိုရင် ဘယ်တော့မှ မဆူဘူး"

"အင်း... ဖေဖေကတော့ အားလုံး ပွင့်ဝေ သဘောပဲ၊ ပွင့်ဝေ နေချင်သလိုနေ၊ ဘာမှမပြောဘူး၊ မေမေကသာ တစ်ခါတစ်ခါ စိတ်ပူတာ၊ မြင်းမစီးရဘူးတဲ့၊ လိမ့်ကျမှာ စိုးလို့တဲ့"

"ဒီလိုပဲ မိခင်တွေကတော့ စိတ်ပူတတ်ကြတာပဲ၊ ကိုကို့မှာတော့ စိတ်ပူမယ့် မိခင် မရှိတော့ဘူးလေ၊ အဖေကပဲ မိခင်နေရာရော၊ ဖခင်နေရာပါ တာဝန်ယူထားရရှာတယ်"

"ကဲ... ဖုန်းဆက်မယ်ဆိုလည်း ဆက် ကိုကိုဦးရာ... သွားကြစို့"

"ဆက်ပါ့မယ်...ဆက်ပြီးရင် ခဏလေးစောင့်လို့ မရဘူးလား၊





ကိုကိုဦး ထမင်းမစားရသေးဘူး ပွင့်ဝေရဲ့"

"ဟင့်အင်း... ဟင့်အင်း...မစောင့်နိုင်ပါဘူး၊ ခုပဲ ပွင့်ဝေက သွားချင်တာ"

"ကောင်းပါပြီဗျာ... ဒါဆိုလည်း ဗိုက်ဟောင်းလောင်းနဲ့ပဲ လိုက်ပို့ပါ့မယ် ခင်ဗျ"

ကိုရန်ပြေ ဖုန်းဆက်နေတော့ ပန်းပွင့်ဝေက ပါးစပ်ကလေး ပိတ်ပြီး ရယ်နေမိသည်။

သူ့ ကိုကိုဦးအတွက် ရေဘူးမှအစ စားစရာတို့က အပြည့်အစုံ၊ ထမင်းတော့ မဟုတ်ပါ။

ပန်းပွင့်ဝေ၏ သူငယ်ချင်းသည် ကိုကိုဦး။ ပန်းပွင့်ဝေ၏ မိတ်ဆွေသည် ကိုကိုဦး။

ပန်းပွင့်ဝေ၏ ဆရာသည် ကိုကိုဦး။

ပန်းပွင့်ဝေ၏ ဆိုးနွဲ့စရာသည် ကိုကိုဦး။

အို... နောက်ဆုံးမှာ ကျယ်ဝန်းလှသော ဩရိုသ ခြံကြီးအတွင်းမှ ကျဉ်းမြောင်းလှသော ဘဝထဲမှာ နေ့နေရသော ပန်းပွင့်ဝေအတွက်...

ကိုကိုဦးသည် အရာခပ်သိမ်းတို့ကို ဆွတ်ချူ ရယူနိုင်စွမ်းသော ကမ္ဘာကြီးအဖြစ်နှင့် ပန်းပွင့်ဝေ ထင်မှတ် ယုံကြည်စွာ အားကိုးမိပါ၏။

○

"ပွင့်ဝေ... ဖြည်းဖြည်းနော်၊ ညီမက ဆိုးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ညိုမ ဆိုသော မြင်းမလေး၏ ခြေလှမ်းများ မြန်လာသဖြင့် ကိုဦးက သတိပေးလိုက်ရသည်။

ပန်းပွင့်ဝေ၏ ကိုယ်လုံး ကျစ်ကျစ်ကလေးဖြင့် မြင်းပေါ်မှာ ထိုင်စီးသွားသော ပုံသဏ္ဍာန်က အင်္ဂလိပ် ရုပ်ရှင်ကားထဲမှ မင်းသမီးလေး တစ်ယောက်လို အဆင်ပြေ ကြော့ရှင်းနေသည်။

ကိုဦးသည် ပန်းပွင့်ဝေနှင့် ယခုလို အတူတကွ သွားလာရလေတိုင်း ရင်တွင်းမှာ ပဋိပက္ခ ခံစားမှုပေါင်းစုံတို့ဖြင့် ယှက်ထွေးနေရတတ်လေသည်သာ...။

သူ၏ ငယ်သံယောဇဉ်ဦးမလေး ပန်းပွင့်ဝေနှင့် အတူနေခွင့်ရချိန်လေးမှာ အတိုင်းမသိသော သာယာ ကြည်နူးမှုများဖြင့် ရင်မှာ မေတ္တာတို့ ပြည့်ဝေနေခဲ့သည်။

ထိုစိတ်အစဉ်သည် နှလုံးအိမ်မှာ ထာဝရ ကိန်းဝပ်ခွင့်ရနေခြင်း မရှိပါ။

သူဌေးသမီး... ဦးလေး၏သမီး... ကျေးဇူးရှင်၏သမီး မိမိကို အပ်ထားသဖြင့် ကြည့်ရှု စောင့်ရှောက်ရမည့် တာဝန်ရှိသူ စသော ဘဝ၏ အသိအမြင်များက နှလုံးသားမှ ခံစားမှုများကို တိုက်ခြွေ ဖျက်ဆီးစေသည်။

"ကိုကိုဦးရေ..."

"ဗျား"

"အင်တော့အလွန်က ပင်းတလဲ တောင် ကုန်းပေါ်ထိ သွားကြရအောင်နော်"





"ဟာ... သိပ်ဝေးတယ် ညီမလေးရဲ့၊ ကားလမ်းကပဲ ကားနဲ့ သွားပါ၊ ဒီတောလမ်းကတက်ရင် မြင်းတွေ သိပ်မောနေလိမ့်မယ်"

"ဟင်... ကိုကိုဦးကို ပြောလိုက်ရင် ဒီလိုချည်းပဲ"

"မသွားသင့်လို့ ပြောတာပဲ၊ ကိုကိုဦး စကားကို နားထောင်ရမှာပေါ့၊ ရှေ့က တောင်ကုန်းလေးတစ်ခု ကျော်ပြီးရင် အောက်ခြေပြန်ဆင်းမယ်၊ 'စုံပတတ်ကုန်း'က ဘိုတဲကို သွားကြမယ်... ကြားလား"

"အိုကေ... ကြိုက်သွားပြီ၊ ဟေး..."

ပန်းပွင့်ဝေက 'ဟေး' ဆိုသော ညာသံလေးပေးပြီး မြင်းကို ဒုန်းစိုင်း နှင်သွားတော့သည်။

ကိုဦးမှာ မြင်းဇက်ကြိုးကို မြဲမြဲဆွဲလျက် သူ ပန်းပွင့်ဝေ၏ ရှေ့သို့ရောက်အောင် ကျော်တက်ပြီး ရှေ့မှ ပိတ်ထားလိုက်ရသည်။ ကုန်းအဆင်းမှာ မြင်းခွာလိပ်ပြီး လိမ့်ကျမှာ စိုးရိမ်လွန်း၍ပါ။

ယခင် ကိုလိုနီခေတ်ကပင် အင်္ဂလိပ်အရာရှိများ အမဲပစ်ထွက်လျှင် တည်းခိုရန် ဆောက်ထားခဲ့သော ဘိုတဲတစ်ခု ရှိလေသည်။ ယခု ဤမြေတစ်ဝိုက်လုံးကို ဦးကျော်စွာမင်းမောင်က ဝယ်လိုက်သည့်အခါ ပါလာသော ဘိုတဲအဟောင်းကို ပြင်ဆင်မွမ်းမံလိုက်သဖြင့် ကောင်းစွာ နားနေ၍ရနိုင်သည်။

ဘိုတဲအတွင်းမှာ သုံးလေးရက် နားနေနိုင်ရန် အိပ်ရာနှင့် ခုတင်များ၊ ညအိပ်အကျီရှည်များ၊ စည်သွတ်ဘူး စားစရာများ၊ မီးလှုံရန် ထင်းများပါ အဆင်သင့်ထားရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ ဒီဘိုတဲလေးကို ခုလိုပြင်ဆင် မွမ်းမံခဲ့တာပဲ မောင်ရန်ပြေ"

ဘိုတဲ၏ ခေါင်မိုးနီနီလေးကို လှမ်း၍ မြင်ရချိန်မှာ... ဦးကျော်စွာမင်းမောင် ပြောပြခဲ့ဖူးသော စကားများကို ပြန်လည်၍ ကြားယောင်လာမိသည်။

"မင်းတို့ဒေါ်လေး မြနှင်းဖြူနဲ့ လက်ထပ်ပြီးစက ပြုပြင်ခဲ့တာလေ၊ ဦးလေးက တစ်ဦးတည်းသား ဆိုတော့ ကိုယ့်မျိုးဆက်ကျရင် ကလေးတွေ အများကြီးမွေးမယ်၊ သားချည်း လေးယောက်လောက် လိုချင်တာ၊ သမီးကလည်း နှစ်ယောက် သုံးယောက်ပေါ့၊ စီးပွားဥစ္စာကလည်း ချမ်းသာ၊ သားတွေ သမီးတွေကလည်း တစ်ပြုံကြီးနဲ့၊ ကလေးတွေ စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်မျိုးမှာ ပစ်ကနစ် (Picnic) ထွက်တဲ့ သဘောမျိုးနဲ့ ဒီအိမ်လေးကို လာပြီး ချက်ပြုတ် စားသောက်ကြ၊ ကလေးတွေက တဝုန်းဝုန်းနဲ့ ဆော့ကြနဲ့ နေမယ်ဆိုပြီး အကျအန ပြင်ထားခဲ့တာပဲ ကိုဦး"...

အားမာန်ပြည့်စွာဖြင့် စကားကို မနားတမ်း ပြောပြခဲ့ဖူးသော ဦးကျော်စွာမင်းမောင်ပါ။

ယခုတော့ သူ့ဆန္ဒ မပြည့်ရှာ...

"ဒေါ်လေး ဒေါ်မြနှင်းဖြူသည် နောက်ထပ်ကလေးများကို ဘာကြောင့်များ မယူရပါလိမ့်..."

"သမီးလေး တစ်ယောက်တည်းကိုသာ မွေးဖွားပြီး တိုးတက်နေသော ဆေးပညာများ အားကိုးဖြင့် နောက်ထပ် သားသမီးများ





ဘာကြောင့် မမွေးဖွား မသန့်စင်ခဲ့ပါလိမ့်"

ပန်းပွင့်ဝေ၏ ဘဝသည်ပင်လျှင် အထီးကျန်ဆန်လွန်းလှချေသည်။

ဩရိသ၏ ပြင်ပသို့ ထွက်ခွင့်မရလေသော ပန်းပွင့်ဝေသည် သူ၏ တစ်ဦးတည်းသော အဖော်မွန်မှာ ကိုကိုဦး ဆိုသည့် ကိုရန်ပြေသာ...။

"နေဦးနော်... ပန်းပွင့်ဝေ၊ ကိုကို လာခေါ်မယ်"

မြင်းပေါ်မှ အဆင်းမတတ်လျှင် လိမ့်ကျမည် စိုးသဖြင့် ကိုရန်ပြေက အလျင်အမြန်ဆင်းပြီး ပန်းပွင့်ဝေကို လက်ကမ်း၍ ခေါ်ချရသည်။

ပန်းပွင့်ဝေက အပေါ်မှ သူ့ကိုကိုဦး၏ ပခုံးကို လက်နှစ်ဖက်ဖြင့် လှမ်းထောက်၍ချချိန်နှင့် တစ်ချိန်တည်း ကိုဦးက သူ့ခါးလေးကို ဆွဲ့ခနဲနေအောင် မ၍ ယူလိုက်သည်။

မြေပြင်နှင့် ခြေနှင့်မထိ၊ လက်စနှင့် ဆက်ပြီး မြေပေါ်သို့ ခြေမချတော့ဘဲ ပန်းပွင့်ဝေက ကိုရန်ပြေ၏ပခုံးကို ဖက်တွဲ မှီခိုထားတော့သည်။

သူမနှင့် နှစ်ကာလများစွာကပင် ယခုလို နီးနီးစပ်စပ် ပူးပူးကပ်ကပ် နေခဲ့ပါသော်လည်း ဟိုတုန်းက ကလေး၊ အခုတော့ အရွယ်ရောက်ခဲ့ပြီ။

အရွယ်ရောက်သူတို့၏ တွေ့ထိမှုသဘောတရားအရ ကိုဦး၏ ရင်ထဲမှာ ရှိမ်းမြ လှိုက်ခနဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သာယာခြင်း၌ ခေတ္တမျှသာ မွေ့လျော်ပြီးသည်နှင့် အသိတရားက ဝင်လာခဲ့သည်။

"ကဲ... ဖယ်စမ်း ပွင့်ဝေ၊ တစ်ခါတည်း ကလေးလေးကျနေတာပဲ"

"ဟင်... ကိုကိုဦးကလည်း မောလို့ပါ၊ တစ်ခါတည်း အဖြစ်သည်းနေလိုက်တာ"

ပန်းပွင့်ဝေက သူ့ရင်ဘတ်ကို တစ်ချက်တွန်းပြီးမှ ရှုရှုနွဲ့နွဲ့ အမူအရာလေးဖြင့် ဘိုတဲပေါ်တက်ပြီး သော့ဖွင့်နေသည်။

မြင်းဖောင်းနှင့် ဘိုတဲက မဝေးလှသော်လည်း မြင်းစီးရသည်မှာ ကားစီးရသလို မညက်ညောာ၍ ပန်းပွင့်ဝေ မောရှာပေမည်။

ဩော်... မောတယ်ဆိုတဲ့ ပွင့်ဝေလေးရယ်... ကိုကိုဦးရဲ့ ရင်မှာ ထွေးပွေ့ထားချင်လှပါတယ်ကွယ်။

ကိုကိုဦးရဲ့ ရင်ထဲက အသည်းက နုပြီး၊ အပြင်က လူကြမ်းရိုင်းကြီးလို လုပ်နေတာ ပန်းပွင့်ဝေ သိစေချင်လှပါတယ်။

ကိုရန်ပြေသည် ပန်းပွင့်ဝေ ယူလာသော အညိုနှင့်အဖြူပွင့်ရောင် ယိုးဒယား အိတ်ပျော့ကြီးကို အလျင်ချလိုက်ပြီးမှ မြင်းကုန်းနှီးများကို ဖယ်ချလိုက်၏။

မြင်းတစ်ကောင်စီကို ဘိုတဲရှေ့က အင်ပင်ကြီးမှာ ကြိုးချည်ထားလိုက်သည်။

သက်ရင့်အင်ပင်များမှာ ကျွန်းပင်နှင့် မှားလောက်အောင် ဖြောင့်ဖြောင့်စင်းစင်း မြင့်မြင့်ကြီးဖြင့် ကောင်းကင်လွင့်နေသည်။





သက်ရင့်အင်ပင်များရှိရာ လွင်ပြင်တို့၏ ထုံးစံအတိုင်း အောက်ခြေက ရှင်းပြီး အပေါ်ဘက်တွင် နေရောင်မဝင်သာအောင် ယှက်ဖြာအုပ်ဆိုင်းနေလေသည်။

ဩရိသ တိုက်ကြီးမှာထက်ပိုပြီး ဤနေရာက အေးစိမ့်နေပေသည်။

အချော့ခံချင်၍ ခပ်စူစူလုပ်နေသော ပန်းပွင့်ဝေကို ကြည့်ပြီး သက်ပြင်း ချမိသော်လည်း ရင်မှာ ပေါ့ပါး၍မသွား။

အဖေ့စကားများက ထပ်ရစ်၍ ထပ်ပွင့်နေသော တိပ်ခွေများမှ စကားလုံးများလိုပင်...

"သား ကိုဦးကို အဖေ မှာပါရစေ၊ ဒီလောကမှာရှိတဲ့ ဘယ်လို မိန်းကလေးမျိုးကိုပဲဖြစ်ဖြစ် သား ကြိုက်ပါ၊ ချစ်ပါ၊ သူဌေးသမီးက အစ သူတောင်းစားမျိုးရိုးအထိ အဖေ မကန့်ကွက်ပါဘူး သား၊ ဒါပေမယ့်..."

"ပန်းပွင့်ဝေကိုတော့ ငါ့သား ရှောင်ပါကွယ်၊ သူ့ကိုတော့ ဘယ်သောအခါမှ မချစ်မိအောင် သား ထိန်းသိမ်းပါ"

သည်သို့ ပြောစဉ်က အဆင့်အတန်းချင်း မတူ၍၊ ကိုယ့်အလုပ်ရှင်၏ သမီးဖြစ်၍၊ လူကြီးချင်း သိပ်ချစ်ခင်နေ၍၊ မျက်နှာ မပူချင်၍ဟု ကိုဦး ထင်ခဲ့မိသော်လည်း အဖေ၏ နောက်ဆက်တွဲ စကားဆန်းများက...

"ကိုကျော်စွာကလည်း သူ့သမီးကို ကြိုက်သွားလို့ ဘာမှ တုန်လှုပ်မယ့်လူမဟုတ်ဘူး၊ ဒါပေမယ့် ဒီဩရိသနဲ့ အဖေ



www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်ချင်တော့ဘူး၊ အဖေ မနေချင်တော့ဘူး၊ အဖေကိုယ်တိုင် အလွတ်ရုန်းချင်ပြီ သားရယ်"

"သား ဘွဲ့ရဖို့ နှစ်နှစ်လိုသေးလို့သာ အဖေ အောင့်အည်းသည်းညည်းခံပြီး နေရတာ၊ သူက သားကျောင်းစရိတ်ပါ တာဝန်ယူတယ်လေ၊ အပြင်အလုပ်ဆို အဖေ့ဝင်ငွေနဲ့ သားကို ဘယ်မှာ ကျောင်းထားနိုင်ပါ့မလဲကွယ်။ ဒါကြောင့် အဖေ ကြိတ်မှိတ်နေရတာ။ ကိုကျော်စွာကတော့ အဖေ့ကို ဘယ်နည်းနဲ့မှ ထွက်ခွင့်ပေးမှာ မဟုတ်ဘူး သား..."

"ဒီလောကမှာ အဖေနဲ့ ကိုကျော်စွာသာ သိကြတဲ့ ကိစ္စတော်တော်များများရှိတယ်။ အဖေဟာ ကိုယ့်အသက်နဲ့ထပ်တူ သူ့အပေါ်မှာ သစ္စာရှိသွားမှာပါ"

"ဒါပေမယ့် အဖေ မနေချင်တော့ဘူး၊ သား ဘွဲ့ရပြီးရင် ဒီသြရိသက တို့သားအဖ ပြေးကြစို့ကွယ်"

"ဒါကြောင့် သား ပန်းပွင့်ဝေကို သံယောဇဉ် မတွယ်ပါနဲ့၊ မချစ်ပါနဲ့၊ ကြားလား... ကိုဦး"

အဖေသည် သားကြီးအား ကိုဦး ဟူ၍သာ ထာဝရခေါ်လေ့ရှိသည်။ ကျောင်းအမည်ကသာ မောင်ရန်ပြေပါ။ သူ ငါးနှစ်သားအရွယ်မှာ အမေသည် ဒုတိယသားလေးကို မွေးဖွားပြီး ကလေးရော မိခင်ပါ သေဆုံးခဲ့ကြရ၍ ဦးစံလှထွန်းသည် ကိုဦးအတွက် မိခင်နေရာရော၊ ဖခင်နေရာပါ တာဝန်ယူခဲ့ရရှာသော ကျေးဇူးရှင်ကြီးမို့...





အဖေ၏စကားကို မပယ်ရှားသင့်မှန်း ရင်တွင်း အသိရှိသည်နှင့်အမျှ...

သဘောညီမျှစွာ လက်တွဲ လုပ်ကိုင်နေကြသော အဖေနှင့် ဦးလေးကျော်စွာမင်းမောင်တို့၏ အတွင်းမှာ ဘာပြဿနာများ ရှိကြပါလိမ့်၊ ဘယ်လိုအကြောင်းကြီးငယ်များရှိ၍ အဖေက လမ်းခွဲချင်နေရပါလိမ့်...။

"ကိုကိုဦး... အိတ်ကြီးကိုင်ပြီး ဘာတွေ စဉ်းစားနေတာလဲ ဟင်၊ အကြာကြီးပဲ"

"ဟာ... ပွင့်ဝေ၊ ဟို... ဘာမှမဟုတ်ပါဘူး ညီမလေးရဲ့၊ ဦးလေး ခိုင်းထားတဲ့ အလုပ်အကြောင်းတွေပါ"

"ကိုကိုဦးနော်... လူကြီးဖြစ်ပြီး မညာနဲ့"

"မညာပါဘူးဗျာ... တကယ်ပါ"

"ဘာ တကယ်လဲ... လာခါနီး ဖုန်းဆက်ပြီးပြီ၊ ဖေဖေက ဘာမှခိုင်းစရာမရှိပါဘူးဆိုမှ..."

"အေးပါ... အေးပါ၊ ကဲ... ဘာလုပ်ပေးရမလဲ ပြော"

"ကြည့်... အတူလာကြတာ သူ့ကိုခိုင်းဖို့ ခေါ်လာတာကျနေတာပဲ၊ ပွင့်ဝေ သိပါတယ်၊ ကိုကိုဦး ဒီတစ်ခေါက်ပြန်လာတာ ငေးငေးငိုင်ငိုင်နဲ့၊ ပြီးတော့ကျတော့ ပွင့်ဝေကိုလည်း မချစ်တော့ဘူး"

"ဟာ... မဟုတ်ပါဘူး ပွင့်ဝေရဲ့"

"ဟုတ်ပါတယ်... ပွင့်ဝေ သိပါတယ်"

"ဘာကိုသိတာလဲ ပွင့်ဝေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးတက္ကသိုလ်မှာ ကိုကိုဦးရဲ့ရည်းစား ကျန်ရစ်ခဲ့တာ နေမှာ"

"ဟာ... မဟုတ်ရပါဘူးဗျာ"

"ဟုတ်ပါတယ်... ဒါကြောင့် ပွင့်ဝေကို အလျင်ကလိုမှ မချစ်တော့တာ"

"ပွင့်ဝေရယ်..."

အေးစိမ့်နေသော ပွင့်ဝေ၏ လက်ကလေး နှစ်ဖက်ကို လှမ်းယူဆုပ်ကိုင်ပြီး ပန်းပွင့်ဝေ၏ လှလွန်းသော မျက်နှာနုနုလေးကို စိုက်ကြည့်နေလိုက်မိသည်။

တောင်းခံ မျှော်လင့်သူနှင့် ပေးဆပ် လိုက်လျောချင်သူတို့ နှစ်ဦးအကြားမှာ အဆီးအတားကြီး တစ်ခုက ပိုင်းခြားထားကြောင်း မသိရှာလေသော ပွင့်ဝေလေးရယ်...

"ပွင့်ဝေ... ညီမလေး"

"ဟင်"

"ကိုကိုဦး သစ္စာစကားပြောမယ်... နားထောင်နော်၊ ကိုကိုဦး ရင်ထဲမှာ ညီမလေးကလွဲပြီး ဘယ်ညီမလေးကိုမှ မချစ်ခဲ့ဘူး၊ နောင်လည်း ဘယ်သူ့ကိုမှ မချစ်တော့ဘူး... သိလား၊ ပြီးတော့ ကိုကိုဦးမှာ ရည်းစားလည်း မရှိသေးပါဘူးဗျာ"

"မယုံဘူး... ကိုကိုဦး... ဘုရားစူး"

ယုံချင်သော်လည်း မယုံရဲသေးသော မျှော်လင့်ကြည့်များဖြင့် ကျိန်ဆိုခိုင်းနေသော ပန်းပွင့်ဝေကို ကြည့်၍ ကိုကိုဦးက ရင်ပေါ့ပါးစွာ





ရယ်ချလိုက်ပြီး...

"ကဲ... စူးဗျာ... စူးဗျာ"

ပန်းပွင့်ဝေ၏ ရယ်သံလေးက အင်တောအနှံ့ ပြန့်လောက်၏။ စောစောက မှိုင်းသီရီဝေနေကြသော နှလုံးသားလမင်းမှာ မြူခြေကင်းချေပြီ။

ပန်းပွင့်ဝေ ထုပ်ထည့်ယူလာသောစားစရာများကို နှစ်ယောက်သား စားသောက်ကြချိန်မှာ အပျော်လေးများက သောကကို မဝင်သာအောင် ပိတ်ထား ဆီးကာ၏။

"ဟာ... ပွင့်ဝေ"

သူ့ပခုံးကို မှီထားရာမှ ပေါင်ပေါ်သို့ လှဲအိပ်ချလိုက်သော ပန်းဝေ...။

ရွှန်းမြ နုနယ်သော မျက်နှာဖွေးဖွေးဥဉလေးကို ငုံ့ကြည့်နေမိသော ကိုရန်ပြေ၏ ထိန်းချုပ်ထားရမှုက ပင်ပန်းလှချေသည်။

ရင်ခွင်မှာ ထွေးပွေ့ ရှိုက်နမ်းပစ်လိုက်ချင်သော ဆန္ဒကို တပင်တပန်း ထိန်းချုပ်ထားရပါ၏။

ပန်းပွင့်ဝေ ကိုယ်တိုင်လည်း နှုတ်ကပဲလား၊ နှလုံးသားကပဲလား၊ သူကိုယ်တိုင်ပင် မမှတ်မိတော့။

မျက်စိလေး မှေးမှိတ်ပြီး ကိုကိုဦးကို ဖက်တွယ်လျက်...

"ကိုကိုဦးကို... သိပ်ချစ်တာပဲ"

"ပွင့်ဝေလေ... ကိုကိုဦးကို သိပ်ချစ်တာပဲ ကိုကိုဦးရယ်"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ကဲ... မင်း ဘုရားရှိခိုးတာ စောင့်နေရတာပဲ အချိန်တော် တော် ကုန်သွားပြီ၊ ငွေခြောက်သောင်း ထုတ်ပေးစမ်းပါ၊ ဒီနေ့ ဆေးပုလင်းအလွတ်လုပ်တဲ့ စက်ကို ငွေအပြတ်ရှင်းရမယ်"

"သြော်... အလုပ်သွားပြီ မှတ်နေလို့ပါ၊ သော့က ခေါင်းအုံးအောက်တင် ရှိတာပါ၊ ခဏလေးနော်... မြနှင်းဖြူ သွားထုတ်လိုက်ပါ့မယ် ကိုကို"

မကြာခင်အတွင်းမှာပင် ဘဏ်အုပ်ငွေထုပ်များ ထုတ်ယူလာပြီး ဦးကျော်စွာမင်းမောင်၏ လက်ကိုအပ်သည်။

"ဘာလိုသေးလဲ ကိုကို"

"မလိုတော့ပါဘူး"

"နေ့လယ် ထမင်းစားပြန်ဖြစ်ရင် ဖုန်းဆက်လိုက်ပါဦးနော်"

"ဘာလုပ်မလို့လဲ"

"ကိုကိုကြိုက်တဲ့ ပဲစောင်းလျားသီး သုပ်ပေးမလို့၊ ကြိုသုပ်ထားရင် မကောင်းမှာမို့လို့ပါ၊ ဟင်းခါးလေးလည်း အဆင်သင့်နွေးထားရအောင်ပါ"





"အင်း အင်း... ကြိုဆက်လိုက်မယ်နော်"

"ဟုတ်ကဲ့... ကိုကို"

ဒီနေ့ ဦးကျော်စွာမင်းမောင် ပုဆိုးဝတ်ထား၍ မန္တလေး ခြေညှပ် ဖိနပ်ကို သူ့ခြေအစုံရှေ့မှာ ချပေးလိုက်သည်။

မြနှင်းဖြူသည် အလွန့်အလွန် ရိုကျိုးသိမ်မွေ့သော မိန်းမ၊ သစ္စာရှိ ဇနီးသည်။ အထိန်းအသိမ်း အချက်အပြုတ်တော်သော အိမ်ရှင်မကောင်း တစ်ယောက်ပါ။

လင်ယောကျ်ားဟူသည်မှာ မိန်းမတို့၏ ရှိသေလေးစားရာ၊ မြတ်နိုးကိုးကွယ်ရာ ဟူသော ရှေးမြန်မာ မိန်းမတို့၏ အယူဝါဒအတိုင်း ဦးကျော်စွာမင်းမောင်အပေါ်မှာ ဆက်ဆံရှာသည်။

ဇနီးသည် မြနှင်းဖြူအတွက် တစ်ခါမျှ စိတ်ညစ်ညူးဖွယ်ရာ အနှောင့်အယှက်မျိုး မတွေ့ရပါသော်လည်း ဦးကျော်စွာမင်းမောင် မပျော်ပိုက်ခဲ့သည်မှာ ကြာလေပြီ။

"သြော်... မြနှင်းဖြူ"

"ဟုတ်ကဲ့... ကိုကို"

အပေါ်ထပ် လှေကားမှ ဆင်းခါနီးတွင် စကား လှည့်ပြောလာသော ခင်ပွန်းသည်နားသို့ လေးစားစွာ ကပ်လျက် ပြောလာမည့် စကားကို ရိုကျိုးစွာ စောင့်မျှော်ဆဲ။

"ပြီးခဲ့တဲ့ စနေနေ့က ပန်းပွင့်ဝေ ဘယ်သွားလဲ သိလား"

"ဘယ်မှမသွားပါဘူး ကိုကို၊ ဩရိုသမှာပဲ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး... ဩရိသမှာတော့ မှန်တယ်လေ၊ ဒါပေမယ့် မြင်းဖောင်းက မြင်းယူပြီး ဟိုး...အင်တောထဲကို ဖြတ်ပြီး ဘိုတဲအထိ သွားကြတာရော သိလား"

"မြနှင်းဖြူ မသိဘူး ကိုကို၊ ဘယ်... ဘယ်သူနဲ့ သွားတာလဲဟင်"

"ကိုဦးနဲ့ပဲပေါ့"

"ရှင်"

"အေး... အဲဒီကောင်နဲ့ သဘောတူရင်လည်း လွှတ်ထား၊ မတူဘူးဆိုရင်လည်း စောစောစီးစီးထိန်း၊ ဒါပဲ... တော်ကြာ လွန်လွန်ကျူးကျူးတွေ ဖြစ်ကုန်မယ်"

"ကိုကိုရယ်"

"အေး... ကိုယ့်သမီးကိစ္စ ကိုယ်ပဲ ကြည့်ဆုံးဖြတ်ပေါ့"

"ပန်းပွင့်ဝေဟာ ကိုကိုရဲ့သမီးအရင်းပါ၊ ရင်သွေးပါ၊ ကိုကို့မှာလည်း တာဝန်ရှိပါတယ်၊ ဆုံးမပိုင်ခွင့် ရှိပါတယ်"

"အေးလေ... သမီးဆိုတာက မိခင်နဲ့ ပိုပြီးနီးစပ်တယ်၊ မိခင်မှာ တာဝန်အပြည့်ရှိတယ်၊ သား ဆိုရင်တော့ ကိုကို ထိန်းမှာပေါ့၊ ကိုကို လိုချင်တာက သားပဲလေ"

ယင်းစကားစုကို ပြောကြားရင်း စကားမဆုံးမီ ဆင်းသွားလေသော ကိုကျော်စွာမင်းမောင်ကို ငေးကြည့်ရင်း အငူသား ရပ်နေမိသည်မှာ...





သူ၏ တိုယိုတာ စပရင်တာကားလေး ခြံတွင်းမှ ပျောက်ကွယ်သွားသည် အထိပါ။

ဩော်... ကိုကိုဟာ သမီးလေး ငယ်ငယ်တုန်းကတော့ အတော့်ကို ချစ်ရှာပါတယ်၊ သမီး ကြီးလာတာနဲ့အမျှ ကင်းကွာလာလိုက်တာ အခု အပျိုရွယ်လေး ရောက်လာတော့လည်း ပြောသွားပုံကြည့်ကြပါဦးကွယ်...။

တကယ်ဆို မောင်ရန်ပြေနဲ့ သဘောတူရင်လည်း တူတယ်ပေါ့၊ မတူရင်လည်း မတူဘူးပေါ့၊ ကိုကို တစ်ခုခုတော့ ဆုံးဖြတ်ပေးခဲ့သင့်ပါတယ်။

ခုတော့ ငါ့ပေါ်ပဲ ပုံလွှဲသွားတယ်။

သမီး မိပွင့်ဝေကရော တကယ်ပဲ ကိုဦးနဲ့ ချစ်နေကြပြီလား။

ဒီကောင်လေးဟာ သိပ်ရိုးသားတယ်၊ သဘောလည်း ကောင်းတယ်၊ အလုပ်လည်း သိပ်ကြိုးစားတယ်၊ သမီးလေးရဲ့ အနွံအတာကိုလည်း ငယ်ငယ်လေးကတည်းက ခံရှာတယ်။

အင်း... ဒါပေမယ့် အမျိုးကတော့ ညံ့လှတယ်။

ဦးစံလှထွန်း ဟာလည်း ဒီခြံရဲ့ အလုပ်သမားပဲ၊ ကိုကိုက ယုံကြည်စိတ်ချလို့သာ သူ နေရာရနေတာ။

သူ့အမေ မမြကြည် ဆိုရင်လည်း ဆိုင်းဆရာရဲ့သမီး။

ငါ့မိဘတွေနဲ့ ကိုကို့ဖခင် ဦးမင်းမောင်ဟာဆိုရင် အမျိုးကောင်းသမီးမှ အမျိုးကောင်းသားမှဆိုပြီး မျိုးရိုးဂုဏ်ကို တန်ဖိုးသိပ်ထားခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့မိဘတွေ ဆိုရင်လည်း နိုင်ငံခြားပြန် ပညာတတ် မျိုးရိုးတွေ။ တို့ရဲ့ ကသစ်နီမြို့မှာဆိုရင်လည်း တို့က အချမ်းသာဆုံး။

ကိုကိုတို့ဆိုရင်လည်း ဆွေစဉ်မျိုးဆက် မျိုးရိုးကောင်း နာမည်ခံပြီး သိပ်ချမ်းသာကြတယ်။

ဒီမျိုးရိုးနှစ်ခုနဲ့ ချမ်းသာကြွယ်ဝမှုကို ကြည့်ပြီး နှစ်ဖက်သော မိဘများက...

ကိုကိုနဲ့ ငါ့ကို ပေးစားခဲ့ကြတာ။

အင်း... အခု တို့နှစ်ယောက်ရဲ့ရင်သွေး တစ်ဦးတည်းသော သမီးလေးကျမှ တို့ အလုပ်သမားရဲ့သား၊ ဆိုင်းဆရာရဲ့မြေးနဲ့ ဆိုတော့...

အို... မိပွင့်ဝေဟာ မောင်ရန်ပြေနဲ့ တကယ်ပဲ ချစ်နေကြပြီလား...

စနေနေ့က ဘိုတဲအထိ သွားကြတယ်ဆိုတော့ ကိုကို ပြောသလိုများ ကျူးကျူးလွန်လွန်တွေ။

"အို... ဘုရား... ဘုရား"

ဒေါ်မြနှင်းဖြူသည် အပူရင်ကို လက်နှင့်ဖိပြီး ဘုရားတနေ မိပါသော်လည်း...

ထာဝရ ထိုင်နေကျ ဘုရားစင်ရှေ့မှာ ဒေါ်မြနှင်းဖြူ မထိုင်ဖြစ်တော့။ ထိုနေ့ တစ်နေ့လုံး စိပ်ပုတီးကိုလည်း မစိပ်ဖြစ်တော့ပါချေ။

၀





## အခန်း (၇)

"ဘာလဲ... မစန်းကြည်"

"ညည်းသည်တစ်ယောက်က ဆရာ အားလပ်ရင် ခဏတွေ့ပါရစေတဲ့၊ ကိုယ်ရေးကိုယ်တာ ကိစ္စပါတဲ့၊ အလုပ်ကိစ္စ မဟုတ်ပါဘူးတဲ့..."

"ဘယ်သူတဲ့လဲ"

"ပြည့်ဖြိုးဝေတဲ့"

"ဟင်"

"လူငယ် တစ်ယောက်ပဲ၊ ရည်မွန်ပါတယ်၊ အိမ်မှာ နားချိန်သွားတွေ့ရမှာ အားနာလို့တဲ့..."

"အေးဗျာ... ဘာပဲဖြစ်ဖြစ် လွှတ်လိုက်ပါ၊ ဆရာ့မိတ်ဆွေရဲ့သားပါ"

"ဟုတ်ကဲ့... ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်စွာမင်းမောင် စောင့်မျှော်နေဆဲမှာပင် တိုက်ပုံအင်္ကျီ ပင်နီချောနှင့် ချည်ပုဆိုး အညိုကွက်နှင့် သပ်ရပ် ယဉ်ကျေးစွာ ဝင်လာသော လူငယ်တစ်ဦး . . .

"ထိုင် . . . မောင်ပြည့်ဖြိုးဝေ၊ အိမ်ကို ရောက်-ဟာတယ်လို့ သမီးက ပြန်ပြောပြကတည်းက ဦးလေးက တွေ့ချင်နေတာ၊ ဘာ အကူအညီပေးရမလဲ"

"တခြားအကူအညီတော့ ပေးဖို့မလိုပါဘူး ခင်ဗျာ၊ ဦးလေး တို့နဲ့ ရင်းရင်းနှီးနှီး နေခွင့်ရချင်တာပါပဲ"

"ဒါများ ပြောစရာမလိုပါဘူး ငါ့တူရာ၊ အခု အိမ်မှာရှိနေတဲ့ ဦးလေးရဲ့ဇနီးနဲ့ သမီးတို့ရဲ့ အသက်ဟာ သူတို့ကိုယ်ပိုင်အသက် မဟုတ်တော့ဘူး၊ မင်းရဲ့ဖေဖေ ဒေါက်တာ ဦးစောပြည့် ပေးတဲ့ အသက်ပဲရှိတော့တာပါ"

"ဆရာဝန်နဲ့ လူနာဆိုတာကတော့ ဒီလိုပါပဲ ဦးလေးရာ"

"မဟုတ်သေးဘူးကွယ့် . . . သူ့ကို ကိုးကွယ်ထားချင်လောက် အောင်ကို ကျေးဇူးကြီးခဲ့တာပါ၊ ဒါကြောင့် ခြံထဲမှာ တိုက်ဆောက်ပြီး နေစေခဲ့တာ သမီးလေး သုံးလသမီး အရွယ်ကတည်းကပါ"

"ဖေဖေ ဒီမြို့ကထွက်သွားတော့ ပန်းပွင့်ဝေက ခုနစ်နှစ် ရှစ်နှစ် သမီးလောက် ရှိနေခဲ့ပြီနော်"

"ဟုတ်တယ် . . . သူ ဒီမြို့ကထွက်ခွာသွားတာ ကိုးနှစ်တောင် ကျော်သွားခဲ့ပြီလေ"





"ကျွန်တော်လည်း ဒီမြို့ကို တာဝန်ချဖို့ လျှောက်လွှာတင်ပြီး ပြောင်းယူခဲ့တာဟာ အဲဒီအတွက်ပါ"

"ဘယ်လိုများလဲ မောင်ပြည့်ဖြိုးဝေ"

"ဖေဖေဟာ ဒီမြို့သူ မြို့သားတွေကို သိပ်ပြီး သံယောဇဉ် ကြီးခဲ့ပါတယ်၊ အဲဒီ သူ့ချစ်သူတွေ ရှေ့မှောက်က ထွက်ခွာသွားခဲ့ပြီး ဖေဖေချစ်တဲ့ ကျွန်တော်တို့ရဲ့ မိသားစုဆီကိုလည်း ရောက်မလာဘဲ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့ရတာကို ရင်နာလွန်းလို့ပါ ခင်ဗျာ"

"အေးကွယ် . . . ပျောက်သောသူ ရှာရင်တွေ့ ဆိုတဲ့ စကား ကိုတောင် ပြင်ရမလိုဖြစ်နေပြီ၊ အချိန်ကလည်း ကြာသွားခဲ့ပြီလေ"

"အိမ်က မေမေကတော့ သူ မဆုံးခင်အထိ မျှော်လင့်နေသေး တယ်၊ ကျွန်တော်ကတော့ ပြန်လာမယ် မထင်တော့ပါဘူး ဦးလေး ရယ် . . ."

"ပြန်မလာဘူးဆိုရင် ဘာဖြစ်သွားမယ်လို့ မောင်ပြည့်ဖြိုးဝေ က ယူဆထားသလဲ"

"သေဆုံးသွားပြီလို့ပဲ . . ."

"အေးကွယ် . . . ဒီအချိန်ကျမှတော့ ဒီလိုပဲ တွေးစရာဖြစ်လာ ပြီပေါ့၊ ဒါပေမယ့် သူ့ရဲ့အလောင်းလည်း မတွေ့၊ သူ့ရဲ့ပစ္စည်း အစအနက စပြီး သဲလွန်စဆိုလို့ ဘာတစ်ခုမှ မကျန်ရစ်ဘဲ အားလုံး စုံးစုံးမြုပ် ပျောက်ဆုံးသွားတာတော့ သိပ်ကို အံ့သြစရာကောင်း လောက်အောင် ထူးဆန်းနေတယ်ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေး၊ အဲဒါကိုလည်း အသေးစိတ် စုံစမ်းချင်လို့ ဒီနယ်မြေကို ကျွန်တော် ပြောင်းလာခဲ့တာပါ"

"အင်း... အဖြစ်မှန်ကို ဦးလေးနဲ့အတူ တစ်မြို့လုံးက သိချင်နေကြတာပါ၊ မောင်ပြည့်ဖြိုးဝေ စုံစမ်းလို့ ပေါ်ကာရင်တော့ သိပ်ကောင်းပေါ့ကွာ"

"ဦးလေး စိတ်ထဲမှာရော ဖေဖေဟာ လူသတ်ခံရတယ်လို့ ထင်သလားဟင်"

"ဦးလေးလည်း မထင်တတ်ဘူး၊ ဒါပေမယ့် လူသတ်ခံရတယ်လို့ သေချာခဲ့ရင်တောင် ဒီမြို့နယ်အတွင်းမှာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး မောင်ပြည့်ဖြိုးဝေ၊ သူ့ကို အားလုံးက သိပ်ချစ်သိပ်အားကိုးခဲ့ကြတာပါ"

"ဟုတ်ပါတယ်... ဦးလေး"

"အေး... မင်းပြောသလို လူသတ်ခံရတာ ဖြစ်ရင်တောင်မှ သူ စီးသွားတဲ့ရထားဟာ ဒီမြို့နယ်ရဲ့ ဘူတာစဉ်တွေက လွန်ပြီးမှ အသတ်ခံရတာပဲ ဖြစ်ရမယ်"

"ဦးလေး"

"ပြောပါ... မောင်ပြည့်ဖြိုးဝေ"

"ဖေဖေဟာ ကျွန်တော်တို့ထက်စာရင် ဦးလေးတို့နဲ့ ပိုပြီး အနေများခဲ့တာမို့ ကျွန်တော် တွေးမိတာ တစ်ခုရှိပါတယ်"

"ဘယ်လိုများလဲကွယ်"





"မိန်းမတွေ ဘာတွေယူပြီး တစ်ဖက်နိုင်ငံကိုများ ထွက်ပြေးသွားတာများလားဗျာ"

ဦးကျော်စွာမင်းမောင်သည် ပြည့်ဖြိုးဝေကို အံ့သြသောမျက်နှာနှင့် ကြည့်လိုက်ပြီး...

"မင်းပြောသလို ဖြစ်နိုင်စရာတော့ ရှိပါတယ်၊ ဒါပေမယ့် ဦးလေးတို့ သိသလောက်တော့ သူဟာ အင်မတန်မှ မိန်းမကင်းရှင်းတဲ့ လူပါပဲ၊ ဒီမြို့မှာတော့ ဘယ်သူနဲ့မှ မရှုပ်ခဲ့ပါဘူးကွာ"

"ကျွန်တော် နောက်တစ်ချက် တွေးမိတာက တောတွင်းက လူတွေနဲ့ ဆက်ပြီး တောခိုတာမျိုးရော ဖြစ်နိုင်စရာ ရှိပါသလား ဦးလေး"

"ဦးလေးတို့ သိသလောက်တော့ သူဟာ ဘာကိုမှ ရှုပ်ရှုပ်ယှက်ယှက် လုပ်တဲ့လူ မဟုတ်ပါဘူးကွယ်၊ တစ်ခုတော့ ရှိတာပေါ့လေ"

"ဘာများပါလိမ့် ခင်ဗျာ"

"သူဟာ လူချစ်လူခင်လည်းပေါ၊ ဆရာဝန်လည်း ဖြစ်နေတော့ သူ့ဆီကို ဧည့်သည်တွေ အများကြီး၊ မျက်နှာစိမ်းတွေလည်း အများကြီး အဝင်အထွက် ရှိကြတယ်"

"ဒီထဲမှာ မသင်္ကာစရာများ တွေ့မိပါသလား ဦးလေး"

"ဦးလေးတို့နဲ့ နေတဲ့ သက်တမ်းတစ်လျှောက်လုံးမှာတော့ တစ်ခါမှ သံသယဖြစ်စရာရယ်လို့ မတွေ့မိပါဘူး"

"ဟုတ်ကဲ့... ဖြစ်နိုင်တာကတော့ ကျွန်တော် ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ခြေရာဖျောက် ကျောခိုင်းပြီး အပြီးတိုင် စွန့်ခွာသွားတာ ဖြစ်ရင်ဖြစ်. . ."

"မဖြစ်ရင်တော့ ဖေဖေ့ကို တစ်စုံတစ်ယောက်က သတ်ပစ်လိုက်တာပဲ ဖြစ်ရမယ်"

"သတ်ပစ်ရအောင်လည်း သတ်ရမယ့်နေရာက ညရထားပေါ်မှာ၊ လူသတ်သမားဟာ အလောင်းရော ပစ္စည်းတွေရော ဘာအစအနမှ မကျန်အောင် ခြေရာမဖျောက်နိုင်ဘူးလို့ ဟိုတုန်းကတည်းက ရဲတွေက မှတ်ချက်ချခဲ့တာပဲ"

"ဟုတ်တယ်. . . အဲဒါကို ရအောင် ဖော်ထုတ်ချင်တယ် ဦးလေး၊ ကျွန်တော့်ကို ကူညီပါနော်"

"ဒေါက်တာစောပြည့်ကို ပြန်ရမယ်ဆိုရင် ဦးလေးရဲ့စည်းစိမ်နဲ့တောင် ပြန်လဲယူချင်ပါတယ် ငါ့တူ၊ သူဟာ ဦးလေးရဲ့ ကျေးဇူးရှင်သာမက အချစ်ဆုံးမိတ်ဆွေလည်း ဖြစ်ပါတယ်"

"ဟုတ်ကဲ့. . . သိပါတယ် ခင်ဗျာ"

"ဒါကြောင့် ဒီကိစ္စ စုံစမ်းရာမှာ လိုအပ်တဲ့ အကူအညီပြောပါ၊ ကားကို ကြိုက်သလို ယူသုံးပါ၊ ငွေကိုလည်း လိုအပ်သလောက် ဦးလေးက တာဝန်ယူပါရစေ"

"ကျေးဇူးတင်လိုက်တာ ခင်ဗျာ"

"သန်ဘက်ခါ စနေနေ့နော်. . .မောင်ပြည့်ဖြိုးဝေ အားမလား"

"ကျွန်တော်တို့အလုပ်က အားတယ်လို့တော့ မရှိပါဘူး၊ ဦးလေး ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ"





"အိမ်မှာ ထမင်း အတူစားကြရအောင်လေ၊ မင်း ဒေါ်ဒေါ်လက်ရာက သိပ်ကောင်းတယ်"

"ဟုတ်ကဲ့. . . ဒီလောက်တော့ အချိန်ရပါတယ် ခင်ဗျာ၊ ကျွန်တော် လာခဲ့ပါ့မယ်၊ ဖေဖေ နေသွားတယ်ဆိုတဲ့ အိမ်ကိုလည်း ကျွန်တော် ဝင်ကြည့်ချင်ပါတယ်"

"စိတ်ချ. . . ဦးလေး အားလုံးစီစဉ်ထားမယ်"

"ဟုတ်ကဲ့. . .စနေနေ့ ညနေ ခြောက်နာရီလောက် အရောက်လာခဲ့ပါ့မယ်၊ ဦးလေးနဲ့တွေ့ရတာ အထူးပဲ ဝမ်းသာ အားတက်မိပါတယ် ခင်ဗျာ၊ ကျွန်တော့်အတွက် ဦးလေးမှာ အတော်တောင် အချိန်ကုန်သွားပြီ၊ ကဲ. . . ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

"ကောင်းပါပြီ. . . မောင်ပြည့်ဖြိုးဝေ၊ စနေနေ့ကျရင် ထပ်ဆုံကြတာပေါ့နော်"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ကိုးနှစ်တောင် ပိတ်ထားတယ်ဆိုတော့ ကျွန်တော့်စိတ်ထင်က ရုပ်ရှင်ကားတွေမှာလို ပင့်ကူအိမ်တွေတွယ်၊ ဖုန်တွေထုတက်နေမယ်လို့ ထင်ခဲ့မိတာ"

"အစကတော့ ဒီအတိုင်းပေါ့၊ မနေ့ကနဲ့ ဒီနေ့မနက်မှာ အားလုံး ဝိုင်းပြီး သန့်ရှင်းရေး လုပ်ထားကြလို့ ခုလို သန့်သန့်ရှင်းရှင်း မြင်နေရတာပါ"

"ဦးလေးက ရှင်းခိုင်းတာလား"

"မဟုတ်ပါဘူး... ကျွန်တော်က စေတနာနဲ့ ရှင်းပေးထားတာပါ၊ ကျွန်တော့်သားရယ်၊ လုံးတင်တို့ တူဝရီးသုံးယောက်ရယ်၊ မျက်နှာကျက် ကျပ်ခိုးတွေကအစ လှည်းကျင်း ရှင်းလင်းထားတာ၊ ဆရာလေး လာမယ်ဆိုလို့ စိတ်ကြည်အောင်လို့ပါ"

ဦးစံလှထွန်း၏ စကားကို ပြည့်ဖြိုးဝေက အကဲခတ်သလို စိုက်ကြည့်လိုက်သည်။

"ကျွန်တော်ဟာ တာဝန်နဲ့ရောက်လာတာ မဟုတ်ပါဘူး၊ ဖေဖေ့သားအဖြစ်နဲ့ မိသားစုလိုရောက်လာတာပါ အဘစံ၊ ကျွန်တော့်ကို





ဆရာလေးလို့လည်း မခေါ်ပါနဲ့၊ ကျွန်တော်လို့လည်း မပြောပါနဲ့၊ ဦးလေးသား ကိုရန်ပြေထက် ကျွန်တော်က ကြီးလှရင် လေးငါးနှစ်ပေါ့"

သူ့အမည်သာမက သူ့သားအမည်ပါ ထည့်ပြောလာ၍ ခဏအံ့သြပြီးကာမှ ဩရိသ တိုက်ကြီးပေါ်က ပြောပြထားနှင့်ကြောင်းဖြစ်လေမည်ဟု ဦးစံလှထွန်း တွေးယူလိုက်သည်။

"ဒီ အိပ်ရာတွေကရော အသစ်တွေလား အဘစံ"

"ဟုတ်တယ်... မွေ့ရာ အိပ်ရာခင်း ခေါင်းအုံးစွပ်ကအစ အားလုံး အသစ်တွေချည်းပါ"

"ဟာဗျာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က ဖေဖေအိပ်ခဲ့တဲ့ အိပ်ရာမှာ အိပ်ချင်တယ်၊ ဖေဖေထိုင်ခဲ့တဲ့ ကုလားထိုင်မှာ ထိုင်ချင်တယ်၊ ဖေဖေ ရေးခဲ့တဲ့ စာရေးစားပွဲမှာ စာထိုင်ရေးချင်တာ၊ ခုတော့ တစ်အိမ်လုံး ပြောင်းရွှေ့နေရာချထားသလိုပဲနော်"

ဦးစံလှထွန်းသည် ဤလူငယ်အား စိတ်ပျက်စွာ ကြည့်နေမိသည်။

သူ ဒီမှာနေမည်ဟု သူ့အလုပ်ရှင်က ပြော၍ သူ့အတွက် တပင်တပန်း သန့်ရှင်း ခင်းကျင်းထားပေးရသည်ကိုပင် သူက မကြိုက်ချင်ပါလား။

"ဒါနဲ့ ဖေဖေအိပ်ခဲ့တဲ့ မွေ့ရာ ခေါင်းအုံးနဲ့ ဖေဖေရဲ့ အသုံးအဆောင် ပစ္စည်းတွေရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မနက်ပဲ ပရဟိတဂေဟာကို သွားလှူလိုက်ပြီ"

"ဘာဖြစ်လို့လဲဗျ"

"ပစ္စည်းတွေက ဟောင်းနွမ်းလှပြီလေ၊ လျှပ်စစ်ရေနွေးအိုး၊ ကော်ဖီပန်းကန်ကအစ မြနှင်းဖြူက အသစ်တွေထုတ်ပြီး ပို့ခိုင်းထားတာ"

"ဪ... ဪ"

"အဘစံရဲ့သား ကိုရန်ပြေနဲ့ ကျွန်တော်နဲ့ ဆုံပါရစေလား"

"ဘာကိစ္စရှိလို့လဲ"

"ဘာကိစ္စမှ မရှိပါဘူး၊ လူငယ်ချင်းဆိုတော့ စကားပြောလို့ကောင်းလို့ပါ၊ မိတ်ဆွေဖြစ်ချင်လို့ပါ"

သူ့စကား အဓိပ္ပာယ်က လူကြီးနှင့် စကားပြော၍ မကောင်းဟူ၍ သက်ရောက်သွားသဖြင့် ဦးစံလှထွန်း မျက်နှာတည်တည်ဖြင့် ပြန်လှည့်သွားတော့မှ ပြည့်ဖြိုးဝေက သတိရသွားသလို။

"အဘစံရေ... အစစအရာရာ စီစဉ်ပေးတဲ့အတွက် ကျေးဇူးပါပဲဗျ နော်"

"အေးပါကွယ်... ရပါတယ်၊ သား ကိုဦးရှိရင် လွှတ်လိုက်မယ်"

"ဟုတ်ကဲ့ခင်ဗျ... ဘယ်အချိန်ဖြစ်ဖြစ် လာခဲ့ပါလို့၊ ဒီည ကျွန်တော်က ဒီအိမ်မှာ အိပ်မှာပါ"

* * *

"အတော်ပဲ မေမေရေ... ဖေဖေ့ဆီကို မန္တလေးက ကုန်သည်တစ်ယောက် ရောက်လာတာ"





"အေး... သမီးအဖေက အလုပ်ကိစ္စနဲ့ ရောက်လာတဲ့ ဧည့်သည်ကို တို့သားအမိက ဧည့်ခံပေးဖို့ မလိုဘူးတဲ့၊ လူမှုရေးအရ ရောက်လာသူကိုတော့ ဖော်ဖော်ရွေရွေ ဆက်ဆံကြပါတဲ့၊ သူပြောတာလည်း ဟုတ်ပါတယ်လေ"

"အင်းပေါ့... ဒါကြောင့်မို့ အစ်ကို့ဆီ သွားမယ်ဆိုတာ သွားကြတဲ့၊ စားစရာတစ်ခုခု ပို့ခိုင်းဖို့ပါ စီစဉ်သွားကြတဲ့"

သားအမိနှစ်ယောက် တစ်ယောက်လက် တစ်ယောက်ဆွဲပြီး ဩရိသတိုက်ကြီးပေါ်မှ ဆင်း၍ ပြည့်ဖြိုးဝေ ရှိနေသော တစ်ထပ်တိုက်ကလေးရှိရာသို့ တက်ကြွစွာ လျှောက်လှမ်းလာနေကြသည်။

"ဟို အစ်ကိုက စကားပြော ကောင်းတယ်နော် မေမေ၊ သူနဲ့အတူ ထမင်းစားရတာ သမီးတော့ ပျော်သွားတာပဲ"

"အေး...ကိုယ့်ကျေးဇူးရှင်ရဲ့သားလေးကို တွေ့ရတာ ကိုယ့်တူ ကိုယ့်သားကို ပြန်ပြီးတွေ့ရသလိုပါပဲ သမီးရယ်၊ မေမေလည်း မောင်ပြည့်ဖြိုးဝေကို ချစ်ခင်မိပါတယ်"

ချစ်ခင်ရင်းနှီးစိတ်များဖြင့်သွားရောက်တွေ့ဆုံရန် ဒေါ်မြနှင်းဖြူနှင့် ပန်းပွင့်ဝေတို့ လျှောက်လာကြချိန်မှာ မှောင်ရီဖျိုးဖျ ဖြစ်နေလေပြီ။

ဦးစံလှထွန်းသည် ပြတင်းပေါက်မှာရပ်လျက် ဒေါ်မြနှင်းဖြူတို့ သားအမိနှစ်ယောက် ပြည့်ဖြိုးဝေရှိရာ တစ်ထပ်တိုက်လေးအတွင်းသို့ ဝင်သွားသည်ကို စောင့်ကြည့်နေကြောင်း သားအမိနှစ်ယောက်လုံး သတိမထားမိကြ။



www.burmeseclassic.com

www.burmeseclassic.com



"ဪ... ဒေါ်ဒေါ်နဲ့ ညီမလေး၊ လာကြပါ... ဝင်ပါ"

ကိုပြည့်ဖြိုးဝေက လှိုက်လှဲစွာပြောပြီးမှ အားပါးတရ ရယ်ချလိုက်သဖြင့်...

"ဟင်... အစ်ကိုက ဘာလို့ရယ်တာလဲ"

"ကိုယ့်ကိုယ်ကို သဘောကျလို့ပါ၊ ကြိုဆိုပုံက ညွှံ့သည်ကို အိမ်ရှင်က ကြိုဆိုတဲ့ လေသံနဲ့လေ၊ အဟားဟား..."

"အိမ်သားတစ်ယောက်လိုပဲ သဘောထားပြီးနေပါလို့ ထမင်းဝိုင်းမှာပဲ ဖေဖေက ပြောလိုက်ပြီလေ"

"ဟုတ်ပါတယ် ညီမလေးရဲ့... ဒါကြောင့် အိမ်သားတစ်ယောက်ရဲ့လေသံ ပေါက်သွားမိတာပေါ့"

သုံးယောက်လုံး ပေါ့ပါး ပြုံးရွှင်စွာ ရယ်မောပြီး ကြိမ်ကုလားထိုင်ခုံ အသစ်ကလေးပေါ်မှာ မျက်နှာချင်းဆိုင် ဝိုင်းထိုင်မိကြသည်။

ဒေါ်မြနှင်းဖြူ စီစဉ်ခဲ့သည့်အတိုင်း သစ်သီးများ၊ အချိုမုန့်များနှင့် လက်ဖက်တစ်အစ်၊ ရေနွေးတစ်အိုးတို့ ရောက်လာပြီးချိန်မှာ စားသောက်ကြရင်း စကားဝိုင်းက ဝေဝေဆာဆာ ဖြစ်နေ၏။

"ဟောဒီအစ်ကို ရောက်လာတာလေ ပွင့်ဝေစိတ်ထဲမှာ ကိုယ့်အစ်ကိုတစ်ယောက် ရောက်လာသလိုပဲ၊ တကယ်ပျော်မိတယ်"

ကလေးဆန်သော ပန်းပွင့်ဝေ၏ ပွင့်လင်းမှုစကားကို ပြည့်ဖြိုးဝေက မည်သို့ခံယူလေသည်လည်းမသိ။ ပန်းပွင့်ဝေကို ရွှန်းလက်အားပြည့်သော မျက်ဝန်းများဖြင့် ကြာမြင့်စွာ စိုက်ကြည့်နေတော့သည်။





"မောင်ပြည့်ဖြိုးဝေ"

"အင်... ဟင်း...ခင်ဗျာ"

ပန်းပွင့်ဝေကို ငေးငေးမောမောကြီး စိုက်ကြည့်နေလွန်းသဖြင့် ဒေါ်မြနှင်းဖြူ ခေါ်ယူလိုက်တော့မှ အသက်ဝင်လာသူ တစ်ယောက်လို သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အားနာသွားပုံလည်း ရပါ၏။

"မောင်ပြည့်ဖြိုးဝေရဲ့ မေမေရော ကျန်းကျန်းမာမာပဲလား"

"ဆုံးသွားတာ နှစ်နှစ်ရှိပါပြီ ခင်ဗျ"

"အို... ဖြစ်မှဖြစ်ရလေ၊ ဘာရောဂါများလဲကွယ်"

"နှလုံးရောဂါနဲ့ပါ"

"ဟင်... ကြိုမသိဘူး လား... ကြိုမကုဘူးလား၊ သူလည်း ဆရာဝန်မ တစ်ယောက်ပဲကွယ်"

"မေမေဟာ အလုပ်ပင်ပန်းခံပြီး သူ့ရောဂါကို သူ ဂရုမစိုက်တာလည်း ပါပါတယ်လေ၊ သူ့စိတ်ကို သူ ဖြေတဲ့အနေနဲ့ အလုပ်ထဲမှာပဲ နှစ်ထားလိုက်တာပါ၊ မေမေဆုံးရတာ ဖေဖေ့စိတ်ကြောင့်လည်း ပါပါတယ် ဒေါ်ဒေါ်၊ ဖေဖေနဲ့ မေမေက သိပ်ချစ်ကြတာပါ၊ သူ အချိန်နဲ့အမျှ မျှော်နေပြီး နောက်ဆုံးတော့ စိတ်လျှော့လိုက်တယ် ထင်ပါတယ်"

"ဖြစ်မှဖြစ်ရလေကွယ်"

"ဖေဖေနဲ့ မေမေရဲ့ အဖြစ်ကတော့ ဆိုးလွန်းပါတယ် ဒေါ်ဒေါ်ရယ်"

"အေးကွယ်...ကံတရားတွေပေါ့၊ဒါနဲ့ ညီမလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ် မဟုတ်လား”

“ဟုတ်ကဲ့… ညီမလေး ‘မေတ္တာဝေ’ ကတတိယနှစ် အင်္ဂလိပ်စာ အဓိကပါ၊ အခု သူ့ကို မေမေရဲ့အစ်မ ကြီးကြီးတို့ မိသားစုနဲ့ ထားခဲ့ပါတယ်၊ အင်းလျားလမ်းကတိုက်ကိုတော့ ပြင်ဆင် ဆေးသုတ်ပြီး ကျွန်တော် ဒီမပြောင်းခင်မှာပဲ သံရုံးအရာရှိတစ်ဦးကို ငှားထားခဲ့ပါတယ်”

“အေးလေ… မိသားစုလေးယောက် ပျော်ရွှင် ချမ်းသာစွာ စုစုစည်းစည်း နေရမယ့်အချိန်မှာမှ ဖြစ်ရတယ်လို့ကွယ်”

“အဲဒီအဖြစ်တွေကြောင့် ကျွန်တော်လည်း ရင်ထဲမှာ နာလွန်း တာနဲ့ ရဲတပ်ဖွဲ့ထဲကို တမင်ဝင်ပြီး ဒီနယ်မြေကို ရအောင်ပြောင်းလာ ခဲ့တာပါပဲ ဒေါ်ဒေါ်”

“အစ်ကို”

“ဘာလဲ… ညီမလေး”

“ခုလို ရဲတပ်ဖွဲ့ထဲဝင်ပြီး ပြောင်းလာတယ်ဆိုတော့ ဘဘပြည့် ဟာ ဒီနယ်တစ်ဝိုက်မှာ အသတ်ခံရတယ်လို့ အစ်ကို ထင်လို့ လားဟင်”

“အတိအကျတော့လည်း ထင်တာမဟုတ်ပါဘူး၊ သေဆုံးတာ လား၊ ပျောက်ဆုံးတာလား ဘာကြောင့်လဲ၊ ဘာအတွက်လဲ ဆိုတဲ့ ကိစ္စတွေက အစ်ကို ကိုယ်တိုင် ဒီနယ်မြေမှာ နေထိုင်ပြီး စုံစမ်းမှ အဖြစ်မှန်ကို သိနိုင်မယ်မဟုတ်လား”

“ဘဘပြည့်ကို သတ်တဲ့ လူများတွေ့ရင် သမီးကတော့





သတ်ပစ်ချင်တာ”

“ဟဲ့… မိန်းကလေးဟာ မိန်းကလေးစကား ပြောစမ်း၊ တရား နှုတ်ဆောင်ပါလိမ့်မယ်ကွယ်၊ ဆရာဟာ အင်မတန်မှ စိတ်ထား နှလုံးထားကောင်းတဲ့ စေတနာ မွန်မြတ်လှတဲ့လူပါ”

“အဲဒါ လူတိုင်းဆီက ကြားရတဲ့ စကားပါပဲ ဒေါ်ဒေါ်ရယ်”

“ဒေါ်ဒေါ်လည်းလေ ဥပုသ်ရက်ရှည်စောင့်တိုင်း ဒါန သီလ စတဲ့ ကုသိုလ်ကောင်းမှုပြုတိုင်း ဆရာ့ကို အမျှမပေးပါဘူး၊ ဆရာ့ကို အသက်နဲ့ကိုယ် တွဲလျက် ပြန်လည် တွေ့ဆုံခွင့် ရပါရစေလို့ပဲ ဆုတောင်းတာ အမြဲပဲ၊ နေ့စဉ်ပဲ၊ သမီး ဒီအရွယ်အထိ ဆရာ့ကို မေ့တဲ့နေ့ တစ်နေ့မှ မရှိသေးပါဘူး မောင်ပြည့်ဖြိုးဝေရယ်”

ဒေါ်မြနှင်းဖြူက ပြောရင်း မျက်ရည်များ ပေါက်ပေါက်ကျ လာသည်။

ဒေါ်မြနှင်းဖြူ မျက်ရည်မကျမီကပင် ပြည့်ဖြိုးဝေ၏ မျက်ဝန်း အိမ်မှာ မျက်ရည်တို့အပြည့်…။

အရယ်လွယ်၊ အငိုလွယ်သောအရွယ် ပန်းပွင့်ဝေသည်လည်း ငိုချလိုက်ပါတော့သည်။

စည်ဝေသောစကားဝိုင်းမှသည် မျက်ရည်ဝိုင်း ဖြစ်သွားရသည့် အတွက် ပြည့်ဖြိုးဝေက အားနာသွားဟန်ဖြင့် အခြေအနေကို ပြန်၍ ထိန်းပေးသလို စကားလမ်းကြောင်း လွှဲ၏။

“ဒါနဲ့ဒေါ်ဒေါ်…ဒီကပစ္စည်းဟောင်းတွေ ဒေါ်ဒေါ် သိမ်းခိုင်း လိုက်တာလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုး စိစဉ်တာကျတော့ မင်းတို့ဦးလေးကပဲ ဆောင်ရွက်ပါတယ်၊ ဒီအိမ်မှာ မောင်ပြည့်ဖြိုးဝေ လာနေချင်တဲ့အခါ နေရအောင် ပြင်ဆင် ရှင်းလင်းပေးလိုက်ပါလို့ ဦးစံလှထွန်းကို ခေါ်ပြောနေတာ ကြားမိတယ်၊ ဘာဖြစ်လို့လဲဟင်"

"ဩော်... မဖြစ်ပါဘူးခင်ဗျ၊ ဖေဖေ့ရဲ့ ပစ္စည်းဟောင်းလေးတွေမှာ သဲလွန်စများ ရနိုင်မလားလို့ပါ"

"ရနိုင်စရာမရှိဘူး ထင်ပါတယ်လေ၊ ဒီမှာကျန်တာက အိုးခွက် ပန်းကန်နဲ့ ပရိဘောဂပဲ"

"ဟုတ်ကဲ့ ခင်ဗျ"

"သူက ဒီမြို့ကနေ အပြီး ပြန်ပြောင်းသွားရတာဆိုတော့ သူပိုင်ပစ္စည်းတွေအားလုံး ပြန်ယူသွားခဲ့တာပဲ"

"ဟုတ်ကဲ့... ဘဏ်ကနေလွှဲပို့လိုက်တဲ့ ငွေကလွှဲလို့ ပစ္စည်း တချို့နဲ့ ဖေဖေပါ အားလုံး ပျောက်ဆုံးသွားတာပဲ ခင်ဗျာ"

"အေးကွယ်... ဒေါ်ဒေါ်တို့မှာလည်း ဒီသတင်း ကြားကြားချင်း အရူးမီးဝိုင်းသလို ခံစားရပါတယ်၊ သူ့အဖေဆိုရင် သုံးလေးရက်လောက် ဘာအလုပ်မှကို မလုပ်နိုင်ဘဲ ငိုင်နေတော့တာပဲ၊ မျက်ရည် တောင် ကျရှာတယ်၊ သူတို့နှစ်ယောက်က သိပ်ချစ်ခင် ရင်းနှီးကြတယ်လေ"

"ဟုတ်ကဲ့ခင်ဗျာ... ဖေဖေက အိမ်ပြန်လာတိုင်း ပြန်ပြောပြဖူးပါတယ်"

စောစောက ငိုနေသော ပန်းပွင့်ဝေသည် လက်ဖက်များကို





နှိုက်စားလျက် ငြိမ်သက်စွာ နားထောင်နေတော့သည်။

"ဆရာနဲ့ ကိုကျော်စွာက ထိုင်ပြီး ချက်စ်ထိုးလည်း အတူတူ၊ ဂေါ့ဖ်ရိုက်လည်း အတူတူ၊ တစ်ခါတလေ အရက်သောက်ကြလည်း အတူတူပဲ"

"အင်း... ဟုတ်မှာပါ"

"သူ့အဖေရော ဒေါ်ဒေါ်ကပါ သမီးလေးကို ခက်ခက်ခဲခဲ မွေးဖွား... ဒေါ်ဒေါ့်အသက်ကို ကယ်ပြီးတဲ့အချိန်မှာ ဆရာ့ကို တစ်ခု ပြောကြတယ်"

"ဘာများပါလိမ့်"

"ဆရာမွေးလို့ အသက်ရှင်လာတဲ့သမီးမို့ ဆရာပဲ နာမည် ပေးပါလို့ ပြောတော့လေ"

"ဟုတ်ကဲ့ ခင်ဗျ"

"သူ့မှာ သား 'ပြည့်ဖြိုးဝေ'နဲ့ သမီး 'မေတ္တာဝေ'ဆိုတာ ရှိတယ်တဲ့၊ ဒါကြောင့် ဒီသမီးလေးနာမည်ကိုလဲ 'ပန်းပွင့်ဝေ'လို့ ပေးမယ်ဆိုပြီး သူပေးခဲ့တဲ့အမည်ပါပဲကွယ်"

"ပြည့်ဖြိုးဝေ... မေတ္တာဝေ... ပန်းပွင့်ဝေ"

ပြည့်ဖြိုးဝေက ရွတ်ဆိုပြီး ပန်းပွင့်ဝေကိုပင် ယခင်လို စူးရဲသော မျက်ဝန်းများနှင့် ကြည့်လိုက်၍ ဒေါ်မြနှင်းဖြူက...

"အင်း... မောင်ပြည့်ဖြိုးဝေဟာ ငါ့သမီးလေးကို သိပ်ကြည့်တာပဲ၊ သမီးလေးကလည်း ရက်ရက်စက်စက်လှတယ် မဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



“သိပ်တော်တဲ့ ကျေးဇူးရှင် ဆရာဝန် ဦးစောပြည့်နဲ့ သားဖွားနဲ့ မီးယပ်ပါရဂူ ဆရာဝန်မကြီးရဲ့သား ပညာတတ် ထက်ထက်မြက်မြက်ရှိမယ့် ရုပ်...”

“ပြည့်ဖြိုးဝေသာ ဖွင့်ပြီးတောင်းဆိုလာရင်၊ ဒါမှမဟုတ် သမီးကို ချစ်ခွင့်တောင်းရင် ငါ ပေးစားလိုက်ရ ကောင်းမလား...”

“သူ့အဖေကလည်း သဘောတူမှာပါလေ...”

“မောင်ပြည့်ဖြိုးဝေဟာ မောင်ရန်ပြေနဲ့စာရင် အဆင့်ချင်း သိပ်ကွာခြားတယ်၊ မောင်ပြည့်ဖြိုးဝေနဲ့ အမြန်ပေးစားလိုက်ရရင်တော့ မောင်ရန်ပြေရဲ့ ရန်ကလည်း လွတ်သွားလိမ့်မယ်”

“ဒါဒါ... ဘာတွေ စဉ်းစားနေတာလဲဟင်”

“ဩော်... ဟို...ဆရာ့အကြောင်းပါကွယ်”

“ကျွန်တော်လည်း ဒါဒါ့ကို တစ်ခုမေးပါရစေ”

“မေးပါ... ဘာများပါလိမ့်”

“ဖေဖေနဲ့ ပတ်သက်လို့ပါပဲ”

“ဒါဒါသိသမျှ အသေးစိတ် ပြောပြပါ့မယ်”

“ကျေးဇူးတင်ပါတယ် ဒါဒါ၊ ကျွန်တော် သိချင်တာက ဖေဖေ ဒီမြို့ကို ပြောင်းရွှေ့လာချိန်ကစပြီး ပြန်လည်ထွက်ခွာသွားချိန်အထိ ဖေဖေ လုပ်ရှား ဆောင်ရွက်ခဲ့တာတွေကို သိချင်ပါတယ်”

“ဒါဒါကလည်း အပြင်တွေ ဘာတွေ သွားခြင်း လာခြင်း မရှိတော့ အပြင်ကိစ္စတော့ မသိဘူး။ ဒါဒါတို့နဲ့ ပတ်သက်တဲ့ အပိုင်းကိုတော့ အကုန် အသေးစိတ် ပြောပြပါ့မယ်”





“မေမေ”

“ဘာလဲ သမီး”

“ဧည့်သည်ကား ထွက်သွားတာ ကြာပြီနော်၊ တော်ကြာ ဖေဖေက မေမေ့ကို မျှော်နေလိမ့်မယ်”

“ဟုတ်တယ်၊ ကဲ... မောင်ပြည့်ဖြိုးဝေရေ ဒါဒါ ပြန်ဦးမယ်၊ နောင် ကြုံတော့ ပြောပြပါ့မယ်နော်”

“ကောင်းပါပြီ ဒါဒါ၊ ကျွန်တော်က အိမ်သားတစ်ပိုင်း ဖြစ်တော့မှာပါ”

သူတို့သုံးဦး၏ စကားဝိုင်းကို ရပ်ဆိုင်းပြီး တိုက်ပြင်သို့ ထွက်ခါနီးမှာ...

“အစ်ကို... ပွင့်ဝေ ပြန်မယ်နော်၊ လိုတာရှိရင် ပြောပါ၊ ပွင့်ဝေ အားလုံးကူညီမှာပေါ့”

“ကောင်းပါပြီဗျာ... ညီမလေးနဲ့တွေ့ရတာ အစ်ကို သိပ်ဝမ်းသာတာပဲ”

“ပွင့်ဝေကလည်း ဒီလိုပါပဲ၊ ကဲ... သွားမယ်နော် အစ်ကို”

ပန်းပွင့်ဝေ၏ သွက်လက်သော အပြော၊ စည်ဝေသော စကားသံလေးများကို ရင်နှင့်တနင့် ကြားလိုက်ရသူကတော့...

ဝက်သစ်ချပင်စည်ကို မှီ၍ မှောင်ရိပ်မှာ လက်ပိုက်လျက် ရပ်နေသော...

ပွင့်ဝေ၏ ကိုကိုဦး ဆိုသည့် ကိုရန်ပြေ...။

○



www.burmeseclassic.com

www.burmeseclassic.com



ခတ်ခြင်း မရှိပါဘဲလျက် စေ့ရုံသာ စေ့ထားပြီး ခြံတွင်းသို့ ဆင်းလာနေ၍...

ကိုရန်ပြေသည် သစ်ပင်ကြီးများကို အကွယ်အကာယူလျက် ကွေ့ကွေ့ဝိုက်ဝိုက်ပတ်ကာ သူ့အိမ်ရှိရာသို့ ပြေးလာခဲ့ရတော့သည်။

"ဟင်... သူလည်း ဒီဘက်လာနေပါလား"

အပြင်တွင် ပိန်းပိတ်အောင် မှောင်နေပြီး လဆုတ်ရက်မို့ လက မထွက်သေး။

မှန်ပြတင်းက ကျရောက်လာသော အလင်းငွေ့ဖြင့် သူ့အရိပ်များ တရွေ့ရွေ့ လာနေသည်ကို ကိုရန်ပြေ တွေ့လိုက်ရသဖြင့် ကိုယ့်အိမ်ရှိရာဘက်သို့ တအားစွပ်ပြေးပြီး နောက်ဖေးလှေကားမှ တက်လိုက်လျှင်ပင်...

"ဟဲ့...ဟဲ့... ကိုဦးပါလား၊ ဘာ...ဘာဖြစ်လာတာလဲသား"

"ရှူး...တိုးတိုး... အဖေ၊ ဟိုလူ ဒီဘက်ကိုလာနေတယ်"

"ဘယ်သူလဲ"

"ဇည့်သည်လေ... ပြည့်ဖြိုးဝေ ဆိုတဲ့လူပေါ့"

"ဟော"

ဦးစံလှထွန်းသည် ကြောင်ကြောင်ကြီး ရပ်နေရာမှ...

"မီးပိတ်လိုက်ပြီး အိပ်ချင်ယောင် ဆောင်နေကြမှ ထင်တယ်"

"မမီနိုင်တော့ဘူးထင်တယ် အဖေ၊ မီးရောင်ကို သူ မြင်နေနှင့်ရောပေါ့"





သားအဖနှစ်ယောက် မီးဖိုချောင်မှထွက်ပြီး အိမ်ရှေ့ခန်းသို့ မထွက်ဖြစ်သေးဘဲ အိပ်ခန်းထဲသို့ ဝင်အံ့ဆဲဆဲ အချိန်မှာပင်...

"ဒေါက်...ဒေါက်"

ဆိုသော တံခါးခေါက်သံကို ကြားလိုက်ရတော့သည်။

"အဖေ သူနဲ့ မတွေ့ချင်ဘူး"

ဦးစံလှထွန်းက လေသံနှင့် ပြောလာ၍...

"ဘာဖြစ်လို့လဲဟင်... အဖေ"

"အမေးအမြန်းက ထူနဲ့ကွယ်"

ကိုရန်ပြေက သူ့လက်မှ နာရီကို ကြည့်လိုက်တော့ ညခုနစ်နာရီခွဲပြီးကြောင်းကို ညွှန်ပြနေ၏။

"ဒေါက်..., ဒေါက်... ဒေါက်"

တံခါးခေါက်သံက ယဉ်ကျေး သိမ်မွေ့စွာ ဖြစ်သော်လည်း ဦးစံလှထွန်းက ချောက်ချောက်ချားချား ဖြစ်နေ၍...

"ကဲ... အဖေ အခန်းထဲဝင်တော့၊ အိပ်နေပြီလို့ ပြောလိုက်မယ်"

ဦးစံလှထွန်းက စကားပင် မတုံ့ပြန်တော့ဘဲ အိပ်ရာထဲသို့ တန်းဝင်ပြီး၊ စောင်ကို ဆွဲခြုံလိုက်တော့သည်။

"ဒေါက်...ဒေါက်"

တတိယအကြိမ်မြောက် တံခါးခေါက်သံ ပေါ်လာမှ...

"လာပြီ... ဘယ်သူလဲ"

"ကျွန်တော် ပြည့်ဖြိုးဝေပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



စကားမတုံ့ပြန်တော့ဘဲ တံခါးဖွင့်ပေးလိုက်တော့ ယဉ်ကျေးပြုံးရွှင်သော အမူအရာနှင့် အိမ်ထဲသို့ တိုးဝင်လာရင်း...

"အားတော့ နာပါရဲ့၊ အနှောင့်အယှက်များ ဖြစ်သွားလားမသိဘူးဗျာ"

"ရပါတယ်"

"ကျွန်တော်လည်း တစ်ယောက်တည်း ပျင်းတာနဲ့ ထွက်လာခဲ့တာပါ၊ ဦးလေးဆီကိုလည်း ထမင်းကျွေးပြီးမှ တစ်ခေါက်ထပ်သွားရမှာ အားနာလို့၊ ဒါနဲ့ ဒီက အဘစံနဲ့ ကိုရန်ပြေတို့နဲ့ စကားစမြည် ပြောရအောင်ဆိုပြီး လာခဲ့တာပါ"

"ထိုင်ပါ... ကိုပြည့်ဖြိုးဝေ၊ အဖေကတော့ အိပ်သွားပြီ"

"ဪ... အစောကြီးပါလား"

"ဟုတ်တယ်... အစောကြီးအိပ်ပြီး မနက်ဆိုလည်း အစောကြီး ထတာဗျ"

"ဟုတ်လား... လူကြီးတွေဟာ ဒီလိုပါပဲ၊ အထူးသဖြင့် နယ်ကလူကြီးတွေက ပိုပြီး စောစောအိပ်တတ်ကြတယ်နော်"

"ဟုတ်ပါလိမ့်မယ်"

"ကျွန်တော်တို့ ရန်ကုန်ကတော့ဗျာ အဘိုးကြီး အဘွားကြီးကအစ တီဗွီကြည့်ကြတော့ အစောဆုံးအိပ်ချိန်ဟာ ဆယ်နာရီပဲလေ"

"ဟုတ်မှာပေါ့"

ပြည့်ဖြိုးဝေက သားအဖ နှစ်ယောက်တည်းနေသော အိမ်ကို လှည့်ပတ်ကြည့်လိုက်ပြီး မသိမသာအိမ်ထဲသို့အကဲခတ်နေကြောင်းလည်း





ကိုရန်ပြေ သိနေရသည်။

"ကိုရန်ပြေတို့ နောက်ဘက်မှာ လူနေအိမ်ရှိသေးလား"

"မရှိတော့ဘူး၊ ဒီတစ်အိမ်ပါပဲ၊ ညရီသ တိုက်ကြီးရဲ့ ဟိုး အနောက်ဘက်မှာသာ မြင်းဇောင်းနဲ့ အလုပ်သမားတန်းလျား ရှိပါတယ်"

ကိုရန်ပြေက ထိုင်နေနှင့်သော ပြည့်ဖြိုးဝေရှေ့မှာ ဝင်ထိုင်ရင်းက အဖြေစကားများနှင့် အမေးစကားကို တစ်ဆက်တည်း ပြောလိုက်တော့ သူက...

"ကျွန်တော် ဒီအိမ်ဘက်ကို လျှောက်လာတုန်းက လူ တစ်ယောက် ဖြတ်ပြေးသွားတာ မြင်လိုက်မိလို့"

"ဟင်..."

"ကိုရန်ပြေတို့ အိမ်နောက်ဘက်ဆီကို ပြေးသွားတာ"

"ဟာ... ခင်များ မျက်စိမှားတာ ဖြစ်ပါလိမ့်မယ်၊ အဖေက အိပ်ပြီး ကျွန်တော်က စာဖတ်နေတာပါ"

"ဟုတ်မှာပါလေ... ညက မှောင်နေတော့ သစ်ပင်ရိပ်တွေ လေတိုက်တာကို လူတစ်ယောက် ရွေ့လျားနေတာလို့ ထင်လိုက်မိတယ် ထင်ပါရဲ့ဗျာ"

သူက ပြေလည်တာန်နှင့် ပြုံးပြုံးရွှင်ရွှင် ပြောနေသော်လည်း ကိုပြည့်ဖြိုးဝေသည် သူ့လိုပင် သူ့ကို မုသားစကား ဆိုနေကြောင်း ကိုရန်ပြေ အလိုလိုနေရင်း သိနေပါ၏။

မိမိတစ်သက်တွင် လိမ်ညာ ကောက်ကျစ်သောအလုပ်၊



www.burmeseclassic.com

www.burmeseclassic.com



လိမ်လည်လှည့်ဖြားသော မုသားစကားများကို မလုပ်ဘူး၊ မဆိုဘူးခဲ့ပါ။

ယခု သူ ရောက်လာမှ...

ပန်းပွင့်ဝေကို တွယ်တာစိတ်ဖြင့် ဝန်တိုစိတ်များ ဆင့်ပွားကာ သူတစ်ပါးအိမ်ရိပ်မှာ ခိုးကြောင်ခိုးဝှက် ရပ်မိရာမှအစ ပြဿနာက အိမ်အထိ ရောက်လာတော့သည်။

ပြီးတော့ အဖေသည် ဤရဲအရာရှိငယ်အား အဘယ့်ကြောင့် များ စက်ဆုပ်ဖွယ် ရှိနေရပါလိမ့်။ ဘာကြောင့်များ မတွေ့ချင် မဆုံချင် စကားမပြောချင် ဖြစ်နေရပါလိမ့်။

"ကိုရန်ပြေ"

"ဟုတ်ကဲ့"

"ကျွန်တော် မေးချင်လို့ပါ"

"မေးပါ... ကျွန်တော် သိသမျှ ဖြေပါ့မယ်"

"တခြားအကြောင်းတော့ မသိချင်ပါဘူးဗျာ၊ ကျွန်တော် သိချင်တာ ကျွန်တော့်ဖေဖေရဲ့ အကြောင်းပါ၊ ကျွန်တော် ဒီကသစ်နီကို ပြောင်းလာတာလည်း ဖေဖေ့ကိစ္စ ထုတ်ဖော်ဖို့ပါ၊ ဒီဩရိသကို လာတာကတော့ ဖေဖေရဲ့ နေရာဟောင်းလေးကို အလွမ်းပြေ ကြည့်ချင်လို့ပါ၊ ဖေဖေ့ရဲ့ အငွေ့အသက်ကလေးတွေကိုများ ခံစားခွင့် ရမလားလို့ပါ"

"ဟုတ်မှာပေါ့လေ... ကျွန်တော် ကိုယ်ချင်းစာပါတယ်၊ ကျွန်တော်လည်း ကျွန်တော့်အဖေကို သိပ်ချစ်တာပါပဲ"





"ဟုတ်တယ်ဗျာ... ကျွန်တော်တို့ မိသားစုလေးယောက်က ပျော်ရွှင် ချမ်းမြေ့မှုအပြည့်နဲ့ နေခဲ့ရတာပါ၊ မိဘကလည်း နှစ်ယောက်လုံး ဆရာဝန်၊ ငွေကြေးကလည်း အဘိုး အဘွား လက်ထက်ကစပြီး ချမ်းသာတော့ ကျွန်တော်တို့ ငယ်စဉ်က သိပ်ပြီးပျော်ရွှင်ခဲ့ကြတာပါ၊ အဲ... ဖေဖေ ဒီမြို့ကို တာဝန်အရ ပြောင်းရွှေ့မလာခင်အထိ ပေါ့လေ"

"ကိုပြည့်ဖြိုးဝေ မေမေကရော လိုက်ပြောင်းလို့ မရဘူးလား၊ ဒီမြို့မှာ လင်မယား ဆရာဝန်တွေ ခဏခဏ ပြောင်းလာကြတာ တွေ့ဖူးလို့ပါ"

"ရရင် မေမေကလည်း လိုက်လာချင်တာပေါ့၊ ဒီမြို့က တိုင်းအဆင့် ဆေးရုံမဟုတ်တော့ အထူးကု မထားဘူးလေ၊ မေမေက သားဖွားမီးယပ်ပါရဂူမို့ ဒီမြို့ငယ်လေးကို လိုက်ပြီး ပြောင်းရွှေ့လို့ မရတာပါ"

"ဪ... ဪ"

"အဲဒီအချိန်ကစပြီး ဖေဖေ ရောက်လာရင် ပျော်ကြ၊ ဖေဖေ ပြန်သွားရင် လွမ်းကြနဲ့ နေလာခဲ့ကြရာက အခုလို ဖေဖေဟာ အိမ်ကို ပြန်ရောက်မလာတော့ ပင်ကိုက နှလုံးရောဂါ အခံရှိတဲ့ မေမေဟာ ပင်ပန်းတာလည်းတစ်ကြောင်း၊ ဖေဖေ့စိတ်ကြောင့်လည်း တစ်ကြောင်းနဲ့ သေဆုံးခဲ့ရပြန်ပါတယ်"

"ကျွန်တော့်မေမေ ဆုံးတုန်းကတော့ ကျွန်တော် ငါးနှစ်သားပဲ ရှိလို့ ဘာမှမသိတတ်ခဲ့သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ကျွန်တော့်မှာတော့ အဖေကပျောက်၊ အမေက ဆုံး၊ မောင်နှမ နှစ်ယောက်လည်း အမျိုးတွေအိမ်မှာ လိုက်နေရပြီး အခုတော့ တစ်ကွဲတစ်ပြားစီဖြစ်နေ့လေ"

ကိုရန်ပြေ ရင်ထဲမှာ စောစောက ပြည့်ဖြိုးဝေကို ကြည့်မရခဲ့သောစိတ်၊ ဝန်တိုခဲ့သော စိတ်တို့သည် ကိုပြည့်ဖြိုးဝေ၏ ဘဝနှင့် သူ့မျက်ဝန်းမှာ စွန်းနေသော မျက်ရည်စများကို ကြည့်မြင်ပြီး တစ်ခဏအတွင်းမှာပင် ပြေပျောက်၏။

ပင်ကိုက စိတ်ကောင်း စိတ်မြတ်ရှိသော ကိုရန်ပြေသည် အမိမဲ့သား တစ်ယောက်အနေဖြင့် ကိုပြည့်ဖြိုးဝေ၏ ဘဝကို စာနာမိ၏။ အကြင်နာစိတ် ဝင်လာမိ၏။

"ဒါကြောင့်ဗျာ... ကျွန်တော့်ကို ကူညီပါ"

"ပြောပါ ကိုပြည့်ဖြိုးဝေ၊ ကျွန်တော်လည်း ကျောင်းပိတ်ပြီး ပြန်လာချိန်မို့ အလုပ်အားနေရင် ကူညီလို့ရမှာပါ"

"ဒီလိုလေဗျာ... ဩရိသမိသားစုရဲ့ အကြောင်း၊ ဖေဖေရှိစဉ်က အခြေအနေ၊ ပြီးတော့ ဒီခြံမြေကြီးရဲ့ လျှို့ဝှက်ဆန်းကြယ်မှုများ ရှိခဲ့ရင်..."

"ဘာကို ဆိုလိုတာလဲ"

"သြော်... ဒီခြံကြီး သိပ်ကျယ်ပြီး ပရဆေးပင် စိုက်ခင်းပေါင်းစုံ ရှိတယ်ဆိုတော့ ဘာတွေများ ထူးထူးဆန်းဆန်းရှိသလဲ ဆိုတာမျိုးတွေကိုပါ"

"ကိုပြည့်ဖြိုးဝေ"





"အင်း..."

"ဆောရီးဗျာ... တခြား မြို့ထဲကကိစ္စ၊ သွားချင် လာချင်တဲ့ နေရာတွေရှိရင်သာ ကျွန်တော့်ကို ခိုင်းပါ၊ ဒီဩရိသနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့သားအဖက အလုပ်သမားတွေပါ၊ ကိုပြည့်ဖြိုးဝေ တိုက်ရိုက် ဆက်သွယ်နိုင်ခွင့်ရှိတဲ့ ဦးလေးကိုပဲ မေးပါ လို့နော်၊ ကျွန်တော် ပြောချင်တာ ပြောနိုင်တာ ဒီလောက်ပါပဲ"

ကိုရန်ပြေက စကားဆုံးသည်နှင့် ထိုင်ရာမှ ထရပ်ပစ်လိုက်သည်။

လူသားတို့၏ စိတ်ထားကို ရိပ်စား နားလည်မှု အတတ်ပညာကို သင့်တင့်စွာ တတ်ကျွမ်းသော ပြည့်ဖြိုးဝေကပါ ထရပ်ရင်း ပြုံးလိုက်ပြီး...

"ကျွန်တော် ရောက်လာတာ အတော် စိတ်ညစ်သွားပြီထင်တယ်၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်နော်"

"ကောင်းပါပြီ"

"အဘစံရေ... ကျွန်တော် ပြန်ပြီနော်၊ နောက်မှပဲ ဆုံကြသေးတာပေါ့"

အိပ်ခန်းရှိရာသို့ လှမ်းအော်ပြီး ပြည့်ဖြိုးဝေ ဆင်းသွားတော့ ကိုရန်ပြေ အကြောင်သားရပ်၍ ကျန်ရစ်သည်။

ဦးစံလှထွန်း မအိပ်သေးကြောင်း ကိုပြည့်ဖြိုးဝေ သိနှင့်နေပါလား။ သူ ပြန်သွားပြီးမှ သတိရသည်က နောက်ဖေးမီးကြီးလည်း ထိန်ထိန်ဖွင့်လျက်၊ အလယ်ခန်းမီးကလည်း ဖွင့်လျက်...။



www.burmeseclassic.com

www.burmeseclassic.com



အိမ်၏ ပြတင်းတံခါးများ အားလုံးမှာလည်း မှန်တံခါးများ တပ်ထား၏။ ကန့်လန့်ကာ မရှိ။ လိုက်ကာ တပ်မထား...။

သားအဖနှစ်ယောက်တည်း ဩရိသခြံကြီးအတွင်းမှာ နေကြ၍ အကာအရံ မလိုအပ်ပါချေ။

ယခုတော့...

အမှောင်တွင်းမှ လျှောက်လာသော ကိုပြည့်ဖြိုးဝေသည် မီးလင်းနေသော အိမ်တွင်းမှ သားအဖနှစ်ယောက်၏ အရိပ်ကို မှန်တံခါးချပ်များမှတစ်ဆင့် အထင်းသား မြင်တွေ့နိုင်ပြီးသား ဖြစ်ပေလိမ့်မည်ဟု ယခုမှ ကိုရန်ပြေ တွေးမိ၏။

○





## အခန်း (၁၀)

"အစ်ကိုက မြို့ထဲဘက်တော့ မကြည့်ဘဲ ဘယ့်နှယ် ဩရိသဘက်ပဲ ပြန်ကြည့်နေရတာလဲ၊ သစ်ပင်ပဲ မြင်ရမှာပေါ့"

ဆံတော်ရှင် တောင်ကုန်းပေါ်သို့ ရောက်နေကြသော ဒေါ်မြနှင်းဖြူ၊ ပန်းပွင့်ဝေနှင့် ညီသည် ပြည့်ဖြိုးဝေ...။

ပြည့်ဖြိုးဝေသည် သူ၏ အားကောင်းလှသော မှန်ပြောင်းဖြင့် မြို့၏မြောက်ဘက်မှ ဩရိသခြံရှိရာသို့ စူးစိုက်စွာ ကြည့်နေ၍ ပန်းပွင့် ဝေက မနေနိုင်ဘဲ ပြောဖြစ်သည်။

"အစ်ကို စိတ်ဝင်စားတာက ဩရိသပဲကိုး ညီမရဲ့"

"ဟင်... အခုပြန်ရင်လည်း ဩရိသကိုပဲ ပြန်ရမှာပဲဟာ"

"အို... သမီးကလည်း သူကြည့်ချင်တဲ့နေရာ ကြည့်ပါစေ"

"ဒေါ်ဒေါ်"

"ဘာလဲ... သား"



www.burmeseclassic.com

www.burmeseclassic.com



"ဩရိုသရဲ့ ဟိုးအနောက်ဘက်မှာ တောင်ကုန်းငယ်တစ်ခု ရှိတယ်နော်၊ အဲဒီအောက်ဘက်မှာ ပြေပြန့်နေတဲ့ ဖြူဖြူကွက်တစ်ခု တွေ့ရတယ်၊ အဲဒါ ရေပြင်လား၊ မြေပြင်လားဟင်"

"ခုလို နွေဦးရာသီမှာတော့ ရေစပ်စပ်ပဲရှိတဲ့ နုန်းမြေ နွံမြေတဲ့၊ မိုးတွင်းရောက်လာတော့ 'အင်း'ငယ်တစ်ခုလို ရေတွေပြည့်ပြီး လှေနဲ့တောင် သွားလို့ရတယ်ဆိုပဲ"

"ဟင်... ဒေါ်ဒေါ်က မရောက်ဖူးဘူးလား"

ဒေါ်မြနှင်းဖြူ ကိုယ်စား ဝင်ဖြေသူက ပန်းပွင့်ဝေ...

"မေမေကတော့ မပြောနဲ့တော့ အစ်ကိုရေ့၊ ဩရိုသပေါ်က ကို ဆင်းတာမဟုတ်ဘူး၊ အဲဒီအဝေးကြီးအထိမပြောနဲ့၊ အလုပ်သမား တန်းလျားဘက်လည်း မသွားဘူး၊ ပရဆေးပင် စိုက်ခင်းတွေဘက် လည်း ယောင်လို့တောင် လမ်းမလျှောက်ဘူး"

ဒေါ်မြနှင်းဖြူက ငြိမ်သက်စွာ ပြုံးပြီး...

"ဒေါ်ဒေါ်က ကိုယ့်အိမ်ထဲပဲ ကြိုက်တယ်၊ အိမ်ထဲကနေ အိမ်ပြင် ထွက်ရမှာကို ကြောက်တာ၊ ပွဲလမ်းသဘင် သွားရမှာ၊ လျှောက်လည်ရမှာတွေကို နည်းနည်းမှ ဝါသနာမပါဘူးကွယ်"

"ဟုတ်တယ်... မေမေက အစ်ကို့မို့လို့ သူ့ရဲ့ကျေးဇူးရှင် သားဆိုပြီး လိုက်ပို့ပေးတာ၊ ဘယ်ဆို ဘယ်မှ သွားတာမဟုတ်ဘူး"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

ပြည့်ဖြိုးဝေက ကြည်နူး ကျေနပ်စွာ ပြုံး၍ ဒေါ်မြနှင်းဖြူကို တကယ့်ကို လိုက်လံ့ဥာ ကျေးဇူးတင်ရှိပါကြောင်း ပြောပြီးမှ...





"ပန်းပွင့်ဝေကရော လျှောက်လည်တာ ဝါသနာ မပါဘူး လား"

"ဘယ်နေလိမ့်မလဲ... သိပ်ပါတာပေါ့၊ ဖေဖေ ခွင့်ပြုတဲ့ မြို့ထဲလည်း အနှံ့လည်တာပဲ၊ ဩရိုသခြံကြီးထဲကိုလည်း ကိုကိုဦး အားတဲ့နေ့တိုင်း မြင်းနဲ့ သွားလည်ကြတာပဲ"

"ဟာ... ပန်းပွင့်ဝေက မြင်းစီးတတ်တယ်လား"

"တတ်တာပေါ့... ကိုကိုဦး သင်ပေးထားတာ၊ အစ်ကိုရော စီးတတ်လား"

"မတတ်ဘူး... ညီမလေးက သင်ပေးမလား"

"သင်စရာ မလိုပါဘူး၊ ယောက်ျားပဲ ကိုယ့်ဟာကိုယ် စီးကြည့် ပေါ့၊ ပွင့်ဝေတုန်းကတော့ လိမ့်ကျမှာစိုးရိမ်လို့ ကိုကိုဦးက အသေ အချာ သင်ပေးခဲ့တာ"

"ပန်းပွင့်ဝေက ကိုဦး ဆိုတဲ့ ကိုရန်ပြေကိုတော့ တော်တော် သံယောဇဉ် ရှိပုံရတယ်နော် ဒေါ်ဒေါ်"

"ဟိုက သူ့အနွံအတာကို သိပ်ခံတယ်လေ၊ သူ ဒါဆို ဒါပဲ လိုက်လုပ်ပေးနေတော့ သူက မောင်ရန်ပြေ အပေါ်မှာ သိပ်ဆိုးတာ"

"ဟုတ်တယ်အစ်ကိုရဲ့...ပွင့်ဝေ လူမှန်းသိတတ်စကတည်းက ကိုကိုဦးက သူ့ညီမလေးတစ်ယောက်အဖြစ်နဲ့ ချစ်ခဲ့တာ၊ ဒီခြံ မှာပဲ အတူကြီးခဲ့ကြတာလေ၊ သူ့မှာလည်း ညီမ မရှိ၊ ပွင့်ဝေမှာလည်း အစ်ကို မရှိတော့ တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတာပေါ့"

"သြော်... ပွင့်ဝေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဖြိုးဝေ၏ စကားသံလှိုင်းသည် လှိုက်ခုန်နေသော နှလုံးသားမှ ဖြတ်သန်းလာရမှန်း သိသာလွန်းစွာ တုန်ခါနေပါ၏။

အကြည့်ကလည်း ပန်းပွင့်ဝေထံ စူးစူးနစ်နစ် . . .။

သူတို့နှစ်ဦးကို ဒေါ်မြနှင်းဖြူကလည်း စူးစိုက်စွာကြည့်နေကြောင်း သူတို့ မမြင်ကြ၊ မတွေ့ကြ။

ဒေါ်မြနှင်းဖြူက တစ်စုံတစ်ခုကို သတိရသွားသလို အလန့်တကြားဖြင့် သူ့လက်မှ ရှစ်ထောင့်ကျော်တန် အိုမီဂါနာရီပိုင်းလေးကို မြှောက်၍ကြည့်လိုက်ပြီး . . .

"ဟဲ့ . . . ဆယ့်တစ်နာရီ လေးဆယ်တောင် ရှိပြီ၊ ပြန်မှ ဖြစ်တော့မယ်"

"ဟင် . . . မေမေကလည်း ခုမှ တောင်ပေါ်ရောက်တာ၊ ဘုရားတောင် မဖူးရသေးဘူး၊ ဟိုဘက်က ပြတိုက်နဲ့ ဘုရားသမိုင်း ပန်းပုရုပ်တွေရှိတဲ့ အနောက်ဘက်စောင်းတန်းကိုလည်း အစ်ကိုကို သမီးက ပြောပြထားလို့ သွားချင်သေးတာတဲ့"

ဒေါ်မြနှင်းဖြူ တွေဝေသွားသည်။ နာရီကို ကပ်ကြည့်၏။

"မေမေကတော့ ပြန်မှပဲဖြစ်မယ် သမီး၊ သမီး ဖေဖေက ဆယ့်နှစ်နာရီ ဆယ်မိနစ်လောက်ဆို ရောက်တော့မှာ"

ဒေါ်မြနှင်းဖြူက စကားအဆုံးမှာ တစ်ချက် တွေဝေပြီးမှ ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် . . .

"မေမေ ပြန်နှင့်မယ်၊ ပြီးတော့ ကား ပြန်လွှတ်လိုက်မယ်၊ သမီးတို့လည်း ခပ်မြန်မြန်လေ့လာပြီး ပြန်ခဲ့ကြနော် . . .၊ ထမင်းစားသိပ်နောက်ကျနေဦးမယ်"





"မဆာသေးပါဘူး၊ မနက်က နန်းကြီးသုပ်တွေ တစ်ဝကြီးစားခဲ့တာပဲဟာ၊ အဲဒီမှာ ကြာနေလို့လည်း ဒီတောင်ပေါ်ကို အခုမှ ရောက်တာလေ မေမေရဲ့"

"အေးပါ . . . ဈေးထိပ်က ဒေါ်မြကြီးဆိုင်ကလည်း လူကကြိတ်ကြိတ်တိုးပဲ၊ ကဲ . . . မေမေ ပြန်ဆင်းတော့မယ်နော်"

"သွားပါ . . . သွား ါ၊ မေမေ့ယောကျ်ားကြီး မရောက်ခင် ပြန်ချင်တာ မဟုတ်လား၊ အဟား . . . ဟား"

"ခွေးမလေး . . . ကိုယ့်အဖေကိုများ ပြောလိုက်တာ၊ မေမေ့ယောကျ်ားကြီးတဲ့၊ ကဲ . . .ကဲ . . . မောင်ပြည့်ဖြိုးဝေရေ . . . ဒေါ်ဒေါ်ပြန်လိုက်ဦးမယ်နော်"

ဒေါ်မြနှင်းဖြူက သွက်လက်စွာပင် ဆံတော်ရှင် ဘုရားကုန်းတော်မှ စောင်းတန်းအတိုင်း ကားရပ်ထားရာသို့ ဆင်းသွားလေတော့သည်။

"လာ . . . အစ်ကို၊ ဟိုဘက်တွေ လျှောက်ကြည့်ရအောင်လေ၊ နေမပူတဲ့ဘက်ကျမှပဲ ဘုရားရှိခိုးရအောင်နော်"

"ကောင်းပါပြီဗျာ"

ပြည့်ဖြိုးဝေက မှန်ပြောင်းကို သူလွယ်လာသော သားရေတုအိတ်၏ဇစ်ကို ဖွင့်ထည့်ပြီး ပန်းပွင့်ဝေ ဦးဆောင်သည့်နောက်က လိုက်ဖြစ်၏။

"ပန်းပွင့်ဝေရေ . . . ခုနေများ ကားလာမကြိုဖြစ်ရင် အစ်ကိုတို့တော့ မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ... ခြေလျှင် လျှောက်ပြန်မှာပေါ့၊ ခြံနဲ့ သိပ်မှ မဝေးတာ"

"မဝေးဘူးဆိုပေမယ့် တစ်မိုင်လောက်တော့ လျှောက်ရဦးမှာ ခင်ဗျ"

"ဒီလောက်တော့ အပျော့"

"တကယ်နော်"

"တကယ်ပေါ့... ပြိုင်လျှောက်မလား"

"တကယ်ပြိုင်လိုက်ရရင်တော့ ကောင်မလေး ငိုတော့မှာပဲ"

"အောင်မယ်... ဘာဖြစ်လို့ငိုရမှာလဲ"

"ခြေထောက်တွေ ပေါက်ပါပြီ ဆိုပြီးတော့ပေါ့"

"အဟားဟား...ဟုတ်ပါရဲ့၊ ဖိနပ်တွေ ကားထဲပါသွားပြီပဲ"

ပန်းပွင့်ဝေသည် ကလေးငယ်လေး တစ်ယောက်လို အားပါးတရ ရယ်ချလိုက်၏။အပြစ်ကင်းစင်လွန်းသော ကလေးတစ်ယောက်ကဲ့သို့ပင် ချစ်စရာကောင်းလွန်းလှသော ပန်းပွင့်ဝေရယ်လေ။

"ကြည့်တော့ ကြည့်နော်... မေးတော့ ဘာမှမမေးနဲ့၊ ပွင့်ဝေ ဘာမှ မသိဘူး၊ ကိုကိုဦးကမှ အားလုံးသိတာ၊ သူက စာလည်း သိပ်ဖတ်တယ်၊ ကောလိပ်ကျောင်းသား မဟုတ်လား၊ ပွင့်ဝေတို့ထက် အများကြီးသိတာ အစ်ကိုရဲ့"

ပန်းပွင့်ဝေသည် သူ့ကိုကိုဦးကို ချစ်ခင် လေးစားရုံမက အထင်လည်း ကြီးသူဖြစ်ကြောင်း ပြည့်ဖြိုးဝေ မှတ်ချက်ချရပါလေပြီ။

ဆံတော်ရှင်ဘုရားသည် မြို့ပြင်မှာရှိပြီး ဩရိုသခြံကြီးနှင့်တော့ မဝေးကွာလှ။





ဘုရားရှိခိုးကြပြီး လက်ရာမြောက်လှသော ပန်းပုရုပ်များကို ပြည့်ဖြိုးဝေက အသေအချာ ကြည့်နေ၍...

"အဲဒါ အဘစ်တို့ရဲ့အဘိုးလက်ရာတဲ့၊ ဒီဘုရားကြီးကို ပွင့်ဝေရဲ့အဘိုး ဦးမင်းမောင်ရဲ့အဖေ လက်ထက်က ပျက်နေတာတွေကို အားလုံးပြင်တုန်းက ပန်းချီတွေ ပန်းပုတွေ ထုခိုင်းခဲ့တာတဲ့"

"ဟုတ်တယ်... ပွင့်ဝေတို့ အဘိုး အဘွားတွေဟာ ဘုရားဒါယကာ ကျောင်းဒါယကာတွေဖြစ်ပြီး ဒီမြို့မှာလည်း အချမ်းသာဆုံးပဲတဲ့"

"အင်း... မေမေက ပြောတယ်၊ အဲဒီအမွေတွေအားလုံး သမီး တစ်ယောက်တည်း ရမှာတဲ့၊ ဖေဖေကတော့ မကျေနပ်ဘူး"

"ဘယ်လို... ဘယ်လို"

"အမယ်လေး... အစ်ကို့မေးပုံက အလန့်တကြား၊ ဒီလိုပါ ဖေဖေက ယောကျ်ားလေး သိပ်ရချင်တာ၊ ဒါမှ သူ့လုပ်ငန်းကို ဆက်လုပ်နိုင်အောင်တဲ့လေ၊ ပွင့်ဝေ ဆိုရင်တော့ ဘာမှလုပ်တတ်မှာ မဟုတ်ဘူး၊ သမက်သုံးဖို့ပဲ ဖြစ်သွားမှာတဲ့"

သည်တော့လည်း ပြည့်ဖြိုးဝေက အဓိပ္ပာယ် ပြည့်ဝစွာဖြင့် ပြုံးဖြစ်ပါ၏။

"ကဲ... လှေလာစရာတွေ နောက်မှပဲ ကြည့်တော့မယ်၊ ပြန်ကြစို့"

"ရပါတယ် အစ်ကိုရ"

"ကား ပြန်ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... အစ်ကို ဘယ်လိုမြင်လဲ"

"မမြင်ဘူး... ကြားတာ"

"အစ်ကို ညာတာ၊ ကားက ပွင့်ဝေတို့ သားအမိစီးဖို့ တစ်စီး ဝယ်ပေးထားတာ၊ ကရိုလာ ကေအီးဖိုက်ဖိုက်၊ အသစ်၊ ဘာစက်သံမှ မကြားရဘူး... သိလား"

"လောင်းကြေး စားကြေး ဆင်းကြည့်မလား"

"ဘာကြေးလဲ"

"အစ်ကို့ကို မြင်းစီးသင်ပေးကြေး"

"ဟင်... မသင်တတ်ပါဘူးဆိုမှ"

"ကဲ... ဒါဖြင့် ဩရိုသ တစ်ခြံလုံးနဲ့အောင် လိုက်ပြပါ့မယ် လို့ ကတိပေး"

"ပွင့်ဝေ နိုင်ရင်ကော"

"ကြိုက်တာခိုင်း"

"အိုကေ... တကယ်ခိုင်းမှာနော်"

"ကောင်းပြီ... လာ သွားကြစို့၊ ဦးလေးက အိမ်ရောက်နှင့် ပြီး အစ်ကိုတို့က သိပ်ကြာနေရင် မကောင်းဘူး"

"ဒီလောက်နဲ့ ကား မရောက်နိုင်သေးပါဘူး"

"လာပါ... အောက်ကျတော့ အဖြေပေါ်လိမ့်မယ်"

စောင်းတန်းလှေကားအတိုင်း ပြေးဆင်းလာဖြစ်ကြသည်။

ပန်းပွင့်ဝေသည် ကိုကိုဦးမှလွဲ၍ တခြားသော ယောကျ်ား များနှင့် နှစ်ယောက်တည်း တစ်ကြိမ်တစ်ခါမှ မသွားဘူး၊ မလာဘူး ခဲ့ပါ။





နေရတာလည်း မိန်းကလေးကျောင်းမို့ ဘယ်ကောင်လေးနှင့်မှ ဘော်ဒါ မဖြစ်ခဲ့။

ယခု ကိုပြည့်ဖြိုးဝေ ရောက်လာပြီး မမေကပါ နှစ်ခြိုက်စွာ ရင်းရင်းနှီးနှီး နေခွင့်ရလာခဲ့တော့လည်း ရှက်ရွံ့ စိုးထိတ်ခြင်း အမူအရာ ခံစားမှုမျိုး မရှိမိခဲ့။

ကာလများစွာကပင် ခင်မင်ရင်းနှီးခဲ့ပြီးသော သူတစ်ယောက် နှင့် ပြန်လည်ဆုံခွင့်ရသည်သို့ပင် ရှိနေချေသည်။

ချစ်လှစွာသော ကျေးဇူးရှင် ဘဘပြည့် ဟူသော ဒေါက်တာ စောပြည့်၏သား ဆိုသည့် အသိစိတ်က စိမ်းကားမှုကို လွင့်ခွာစေ နိုင်ခဲ့သည်ပါ...။

ကိုပြည့်ဖြိုးဝေ ဘက်ကလည်း သည်သို့ပင် ရှိမည်ထင်သည်။

အဖြူရောင် ခင်မင်မှုများ မရှိ၍လည်းမရ။

ပန်းပွင့်ဝေ၏ နှလုံးသားထဲတွင် ခံစားမှုဟူသော သမုဒယ နွယ်ပင်လေး ဖြစ်တည်စကာလ ကလေးဘဝမှစတင်ကာ ယခု အပျိုစင်လေး အရွယ်ရောက်သည်အထိ...

ရင်ထဲမှာ ရှိနေနှင့်သူက ကိုကိုဦးသည်သာ...။

ပြည့်ဖြိုးဝေလို ပြည့်စုံသူထက်ပင် ပို၍ပြည့်စုံသူ ဖြစ်စေဦး အို... တစ်လောကလုံးမှ ပညာရှိ စသော အင်အားအကြီးမားဆုံး သော ဘယ်ယောကျ်ားမျိုးမဆို...

ကိုရန်ပြေကို ဖယ်ရှား ဖြတ်ကျော်လျက် ပန်းပွင့်ဝေ၏ နှလုံး အိမ်မှာ လာရောက် ခိုနားခွင့် မရနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေ ကိုယ်တိုင်က အဝင်မခံနိုင်ပါ...။

ဤအသိစိတ်အပြည့်၊ ဤသစ္စာ တရားအပြည့်ဖြင့် ကာဆီးထားသည် မှန်သော်လည်း ပြည့်ဖြိုးဝေကိုဖြင့် ပန်းပွင့်ဝေ ရင်းနှီးစွာ ခင်မင်နေမိပါပြီ။

"ဟော... တွေ့လား"

"ဟယ်... ဟုတ်ပါရဲ့၊ ကားရောက်နေပြီဆိုတာ အစ်ကို ဘယ်လိုလုပ်သိလဲဟင်"

"ကားစက်သံ မကြားပေမယ့် ဒရိုင်ဘာ ကားအပြင်ထွက်ပြီး ကားတံခါးပိတ်လိုက်တဲ့ အသံကို ဟိုတောင်ကုန်းပေါ်က သဲ့သဲ့လေး ကြားလိုက်ရတာပေါ့"

"အင်းနော်... အစ်ကိုတို့အလုပ်ကလည်း အမြဲ မျက်စိဖွင့်၊ နားစွင့်ထားရတယ်ဆို"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကြည့်... အစ်ကိုက ပွင့်ဝေကို နောက်နေပြီ"

"ကဲ... တကယ်၊ သိပ်ကြာနေရင် ဦးလေး တစ်မျိုးထင်ပြီး စိတ်ဆိုးသွားမှာစိုးရတယ်"

သူ ဖွင့်ပေးသော ကား၏နောက်ခန်းမှာ ထိုင်ပြီးသည်နှင့် သူရော ဒရိုင်ဘာပါ ရှေ့ခန်းမှာ ပြိုင်တူလို ဝင်ထိုင်လိုက်ကြပြီး ကားက ဩရိသသို့ ပြန်လည်ဦးတည်၏။

○





## အခန်း (၁၁)

"မင်းဟာ အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်တာက လွဲလို့ တခြားကိစ္စတိုင်းမှာ ဘယ်နေရာမှ အသုံးမကျတဲ့ မိန်းမပဲ"

"ဟင်... ကိုကိုပဲ မိန်းမဆိုတာ အိမ်ရှင်မကောင်း ဖြစ်ဖို့ပဲ လိုတယ်၊ စီးပွားရေး၊ လူမှုရေးအပိုင်းက ယောကျ်ားရဲ့ တာဝန်ပဲဆို"

ဒေါ်မြနှင်းဖြူ ဒေါသဖြစ်နေသော်လည်း ဦးကျော်စွာမင်းမောင်လောက် မောက်မာ ထန်ပြင်းသော ဒေါသသံမျိုး မဟုတ်ပါ။

"မြနှင်းဖြူ ဘယ်ကိစ္စမှ ကိုကို မသိဘဲ မလုပ်ခဲ့ဖူးဘူး၊ အခု ဟာက ဘုရားသွားရအောင်ဆိုလို့ သွားကြပြီး ကိုကို ပြန်လာချိန်နီးလို့ ထမင်းချူးခပ်ကျွေးရအောင် ပြန်ပြေးလာခဲ့တာပါ"

"ငါ့ကို ထမင်းချူးကျွေးဖို့အတွက် သမီးတစ်ယောက်လုံးကို မျက်နှာစိမ်း ယောကျ်ားလေးတစ်ယောက်နဲ့ ထားခဲ့ရတယ်လို့ကွာ၊ တောက်... မင်းမှာ ဘာအသိဉာဏ်မှ မရှိဘူး၊ နလပိန်းတုံးမိန်းမ"

ဒေါ်မြနှင်းဖြူမှာ ခင်ပွန်းသည်ကို ဝမ်းနည်း အားငယ်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် လှမ်းကြည့်ရင်း မျက်ရည်များ တစ်ပေါက်ချင်း လိမ့်ကျလာတော့သည်။

သူများ ဇနီးသည်တွေလို ကက်ကက်လန်အောင်လည်း ရန်မတွေ့ရဲ။ စကားကိုပင် ကျယ်ကျယ်မပြောဝံ့ခဲ့သောသူပါ။

သူတို့ အိမ်ထောင်သက်တမ်း တစ်လျှောက်လုံးတွင် ညှိုးငြူ ဒေါသကြီးသော လေသံ၊ ညှိုးငြူ ရန့်ရင်း ကြမ်းတမ်းသော စကားမျိုးကို တစ်ခါမျှ သူ မပြောဘူးခဲ့။

သူ့ကို ဘာစကားနှင့်မှ ပြန်လည်မချေပဘဲ မျက်ရည်ပေါက်ကြီးများသာ မျက်ဝန်းမှ စီးလိမ့် ကျဆင်းလာသော ဇနီးသည်ကို ကြည့်ပြီး...

"ကိုကို သမီးအတွက် စိတ်ပူလို့ပြောမိတာပါ"

"ကိုကို သမီးအတွက် တစ်ခါမှ စိတ်မပူဖူးပါဘူး"

"ဟိုတုန်းကတော့ စိတ်ပူစရာ အကြောင်းမှမရှိဘဲ မြနှင်းဖြူရယ်... အခုတော့..."

ဦးကျော်စွာမင်းမောင်က စကားမဆက်သေးဘဲ ဒေါ်မြနှင်းဖြူဘေးမှာ ဝင်ထိုင်ပြီး လက်ကိုင်ပဝါဖြင့် ဇနီးသည် မျက်နှာပြင်မှ မျက်ရည်တို့ကို သုတ်ပေးလိုက်သည်။

ဒေါ်မြနှင်းဖြူကလည်း နောက်ထပ် မျက်ရည်များ မကျဖြစ်အောင် ချုပ်ထိန်းထား၏။

"ဒီကောင်လေး ရောက်လာတာကို ကိုကို မသင်္ကာဖြစ်နေတာ ကြာပြီ"





"ဟင်"

"ဟိုတစ်ပတ်က သူ ဟိုတိုက်ကလေးမှာ အိပ်တုန်းကလည်း မောင်ရန်ပြေတို့အိမ်ကို သွားပြီး မေးလိုက်တာမှ စုံလို့တဲ့"

"ဒါတွေ မြနှင်းဖြူ မသိဘူး"

"သူလာရင်လည်း ကြည့်ပါလား... မျက်လုံးက ဂနာမငြိမ်တာ၊ သူ့အကြောင်းကို ကိုကို စုံစမ်းတော့ သူဟာ ရဲအရာရှိ ငယ်တော့ ဟုတ်တယ်၊ ဒီမြို့ကို တောင်းပြီးပြောင်းလာတာလည်း ဟုတ်တယ်၊ ဒါပေမယ့်..."

"ရှင်... ဒါပေမယ့် ဘာဖြစ်သလဲ ကိုကို"

"သူဟာ တို့မိသားစုနဲ့ ဩရိုသခြံကြီးထဲကို အတင်းတိုးဖောက်ဝင်ရောက်နေတယ်၊ အဲဒါဘာကြောင့်လဲ၊ ဘာအတွက်လဲ၊ ဘယ်သူကနိုင်းတာလဲဆိုတာ ကိုကို သိပ်သိချင်တယ်"

"ကိုကိုရယ်... မြနှင်းဖြူတို့မှာ ဥပဒေနဲ့ မလွတ်ကင်းတာဘာမှမလုပ်တာဘဲ၊ မြန်မာဆေး ဖော်စပ်ရောင်းတာ တကယ့် သမ္မာအာဇီဝ ကိစ္စပဲဟာ၊ ရဲကိုလည်း ကြောက်စရာမလိုပါဘူး"

"ဒီလို ဥပဒေကိစ္စကို ကြောက်တာမဟုတ်ပါဘူးကွာ၊ သူဟာ တို့မိသားစုကို ဒုက္ခတစ်ခုခုပေးချင်တာလား၊ ပစ္စည်းလိုချင်တာလား၊ သမီးလိုချင်တာလား"

"ရှင်"

"ပြီးတော့ သူ့အပေါ် ကိုကို သံသယဖြစ်နေတာ တစ်ချက်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာများလဲ ကိုကို”

“သူဟာ တို့ရဲ့ ဒေါက်တာစောပြည့်ရဲ့သား အစစ်မှ ဟုတ်ရဲ့လားလို့”

“အို…”

“သူဟာ ရဲအရာရှိတစ်ယောက်မို့ မဟုတ်တာတော့ မလုပ်ဘူး ပေါ့လေ၊ ဒါပေမယ့် တို့မိသားစုထဲကို အတင်းထိုးဖောက် ဝင်ရောက် လာတာကတော့ အတော့်ကို ဆန်းနေတယ်”

ဒေါ်မြနှင်းဖြူသည်လည်း လန့်ထိတ်စိတ်ဖြင့် ငြိမ်သက်သွား တော့သည်။

ထိုအချိန်မှာပင် ပန်းပွင့်ဝေတို့ ပြန်လည် ရောက်ရှိလာသည်။

ဧည့်ခန်းမှာလည်း မရှိ၊ ထမင်းစားဝိုင်းကြီးကလည်း အသင့် ပြင်ထားပြီး မမေက ယပ်တောင်လေးတစ်ချောင်းနှင့် ယပ်ခတ် စောင့်နေ၍ မေမေတို့၏အိပ်ခန်းနားသို့ ပန်းပွင့်ဝေ အရောက်တွင်…

“ဒါကြောင့် သမီးကိုလည်း နောက် သူနဲ့ ဘယ်ကိုမှ မလွှတ် နဲ့တော့နော် မြနှင်းဖြူ၊ ဘယ်ကမှန်း မသိ၊ ဘယ်လို အကျင့်စာရိတ္တ မှန်း မသိတဲ့လူနဲ့စာရင် မောင်ရန်ပြေကမှ သမီးနဲ့ ထိုက်တန်ပါ သေးတယ်”

“အို… ကိုကိုရယ်… မောင်ရန်ပြေကျတော့လည်း ရိုးဂုဏ် ရှိပေမယ့် အမျိုးဂုဏ်က နိမ့်ကျလှတယ်”

“ဒါတွေမလိုပါဘူးကွာ…လူတစ်ယောက်ဟာသူ့တစ်ကိုယ်ရည်





အကျင့်စာရိတ္တ ကောင်းမယ်၊ ရိုးသားမယ်၊ ကြိုးစားမယ်ဆိုရင် အားကိုးထိုက်တာပဲ”

“ဒါဆိုရင် ကိုကိုရဲ့ အဘိဓမ္မာတွေ ပြောင်းသွားပြီပေါ့နော်”

“မင်း ဘာကိုပြောတာလဲ မြနှင်းဖြူ”

“ကိုကိုတို့ ဆေးတိုက်က အလုပ်သမလေး ‘နန်းခင်ဦး’နဲ့ ကိုကိုနဲ့ အကြီးအကျယ်ချစ်ကြပြီးမှ မျိုးရိုးညံ့လို့ဆိုပြီး မယူဖြစ်ဘဲ မျိုးရိုးမြင့်မြတ်တဲ့ ချမ်းသာတဲ့ မြနှင်းဖြူကို ကိုကို ယူခဲ့တာဆို”

“မြနှင်းဖြူက လှတယ်၊ ဣန္ဒြေရှိတယ်၊ မိန်းမ ပီသတယ်၊ အဲဒီအရည်အချင်းတွေကြောင့်လည်း ပါပါတယ်”

“နန်းခင်ဦးဆီမှာ အချစ်တွေအားလုံး ထားခဲ့ပြီးမှ မြနှင်းဖြူ ကို လက်ထပ်ခဲ့လို့ မြနှင်းဖြူတို့ရဲ့ အိမ်ထောင်ရေးဟာ တစ်သက်လုံး မသာယာတာပါ”

“မင်းကလည်းကွာ… အရေးထဲ ငါက ဘာတွေများ ဝတ္တရား ပျက်ကွက်နေလို့လဲ”

“ကဲ… ထားပါတော့လေ၊ ကိုကို ထမင်းစားနှင့်လိုက်ပါ လား၊ မြနှင်းဖြူ သမီးကို သွားပြန်ခေါ်လိုက်မယ်လေ”

“ကားလွှတ်လိုက်ပြီပဲ၊ တစ်ခါ ထပ်သွားခေါ်ရင် သိပ်ရုပ်ပျက် သွားမှာပေါ့၊ သူတို့ပြန်လာရင်သာ ဟန်မပျက်နေ၊ ဒီကောင့်ကို သိပ်ပြီး နေရာမပေးနဲ့တော့၊ ခပ်မှန်မှန်ပဲနေနော်”

“မြနှင်းဖြူ နားလည်ပါပြီ ကိုကို”

“အင်း… သမီး ဒီနှစ် ဆယ်တန်းအောင်သည်ပဲဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျသည်ပဲဖြစ်ဖြစ် ကျောင်းမထားနဲ့တော့၊ မောင်ရန်ပြေနဲ့ ပေးစားပြီး တို့မိသားစု အုပ်စုလေး စည်းစည်းလုံးလုံး နေကြရအောင်၊ ဒါမှ ပြည့်ဖြိုးဝေလို လူတွေ သြရိသကို ဝင်ရောက်နိုင်ဖို့ ကြိုးစားကြမှာ မဟုတ်တော့ဘူး"

"သမီးဟာ သိပ်ငယ်ပါသေးတယ် ကိုကိုရယ်"

မိခင်၏ ရင်နှင့်တစ်နှင့် စကားစုလေးကို ကြားပြီးချိန်မှာ ပန်းပွင့်ဝေ အခန်းရှေ့မှ ပြန်ပြေးလာတော့သည်။

ပန်းပွင့်ဝေကိုယ်တိုင် မဝေခွဲတတ်သော ခံစားမှု ဝေဒနာတို့ဖြင့် ရင်ခုန်နှုန်း မြန်လာသည်။

ကိုပြည့်ဖြိုးဝေ ရှိနေရာ အိမ်ရှေ့သို့လည်း မထွက်ဖြစ်တော့။

ကိုယ့် အိပ်ခန်းအတွင်းသို့ တန်းဝင်ပြီး ပန်းလျ မောဟိုက်လာသူ တစ်ယောက်လို အိပ်ရာထဲ လှဲအိပ်ချလိုက်၏။

ဆယ်မိနစ်လောက် အကြားမှာ မစန်းမေက ထမင်းစားဖို့ လာခေါ်၍ ထလိုက်ခဲ့ရပါ၏။

ထိုနေ့ ညနေစာ ထမင်းဝိုင်းမှာ အသီးသီးသော ဝေဒနာရပ်များကြောင့် တိတ်ဆိတ် သေ့ခြောက်လှသည်။

ကိုပြည့်ဖြိုးဝေ အပေါ်၌လည်း ပြည့်စုံစွာ ညှော်ဝတ်ကျေကြအံ့ မထင်...။

○





## အခန်း (၁၂)

'စုံပတတ်ကုန်း' သည် သြရိသ ခံမြေဝန်းကြီးတစ်ခုလုံး၏ အမြင့်ဆုံးနေရာ။

စုံပတတ်ပင်ကြီးများက ခပ်ခြားခြားဖြင့် မြင့်မြင့်မားမား ရှိနေ၍ အောက်ခြေ၌ ရှင်းပြန့်နေ၏။

ဆောင်းဦးလေပြည်သည် ကုန်းမြေကို ဖြတ်သန်း တိုက်ခတ်နေသဖြင့် နှလုံးသားထဲအထိ အေးမြ စိမ့်ဖြာသွားစေသည်။

အောက်ခြေတွင် လွင်ပြင်ပြန့်ရှိ၏။ တောင်ကုန်းငယ်ဘက် အပိုင်းမှာ အောက်ခြေ မြေခပ်ပျော့ပျော့နှင့် ရေစပ်စပ်ရှိပါ၏။ ထိုရေစပ်လွန်သွားလျှင်ဖြင့် ကြာနွယ်ရိုင်းများနှင့် နွံအိုင်ကြီးက တပြန့်တပြောကြီး ရှိနေသည်။

ထိုနွံအိုင်၏ ဟိုမှာဘက်ကမ်းအထိတော့ ဘယ်သူမှ မသွားကြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နွံ့အိုင် အဆုံးတွင် ပင်းတလဲတောင်တန်းက ဆီးကာနေပြီး သွားစရာ လမ်းလည်းဆုံးချေပြီ။

စုံပတတ် တောင်ကုန်း၏ အရှေ့ဘက်မှာတော့ အင်တောနှင့် မြောက်ဘက်မှာတော့ ပရဆေး စိုက်ခင်းများ၊ တောင်ဘက်မှာဖြင့် မြေရိုင်းများသာရှိပြီး အလှေ့ကျပေါက်နေသော တောပန်းရောင်စုံ လေးများက ဆွတ်ခူး ထွေးပွေ့ချင်စရာ။

စုံပတတ်ကုန်း တစ်ဝိုက်တွင်လည်း ဇေါ်သဇင်၊ ဆိပ်ဖလူးပင်၊ ခရေပင်တို့ရှိနေသဖြင့် စုံပတတ်ကုန်းမြေကို ထာဝရလို သင်းပျံ့စွာ မွှေးမြနေစေသည်။

"ကိုကိုဦး ကိုလေ အခုမှ ပွင့်ဝေရဲ့ လျှို့ဝှက်ချက်ကို ဖွင့်ပြောတော့မယ်"

"ဟင်... ကိုကိုဦး မသိအောင် ဘာတွေများဖြစ်နေပြီလဲ ပွင့်ဝေရယ်ဟင်"

"အဟားဟား... အဲဒီ လျှို့ဝှက်ချက်က အခု မဟုတ်ဘူး ကိုကိုဦးရဲ့၊ လွန်ခဲ့တဲ့ ဆယ်နှစ်က ကိစ္စ"

"ဟော... ပွင့်ဝေ စကားက ဆန်းလှချည်လား"

"ပွင့်ဝေ ကလေးလေးတုန်းက ဘို တဲဘက်မှာ လာဆော့ပြီး ပြန်ခါနီးကျရင် ပွင့်ဝေ အိပ်ပျော်သွားပါရောလား"

"အေးလေ... မတရားဆော့ပြီး မောတော့ အိပ်သွားတာပေါ့"

"အင်း... ပွင့်ဝေ အိပ်နေတော့ ကိုကို ဘာလုပ်ရလဲ"





"ချီပြီး ပြန်ရ၊ ပွေ့ပြီး ပြန်ရ၊ ထမ်းပြီး ပြန်ရတာပေါ့ဗျာ"

"အဲဒါ ပွင့်ဝေ အိပ်ချင်ယောင် ဆောင်နေတာ"

"ဟင်... ကြည့်စမ်း"

"ဆော့တော့ မောပြီး လမ်းမလျှောက်ချင်တော့ဘူးလေ၊ ဒါကြောင့် ကိုကိုဦး ချီပြီးပြန်ရအောင် အိပ်ချင်ယောင် ဆောင်နေတာ"

"ကြည့်စမ်း... ချွေးမလေး၊ ကိုကို့မှာဖြင့် သူ နိုးသွားမှာစိုးလို့ ဖြည်းဖြည်းလေးပွေ့ပြီး ပြန်လိုက်ရတာ"

ကိုရန်ပြေသည် ပန်းပွင့်ဝေ၏ လက်နှစ်ဖက်ကို စုစည်း ဆုပ်ကိုင်ပြီး ဘယ်လိုဒဏ်မျိုး ပြန်းပေးရကောင်းမလဲဟု စဉ်းစားနေဆဲမှာပင်...

ရယ်သံလွင်လွင်လေးဖြင့် သူ့ရင်ခွင်ထဲသို့ ခေါင်းတို့ဝင်ရောက်လာပြီး...

ကိုရန်ပြေ၏ နှလုံးသားရှိရာ ရင်ခွင်မှာ သူ့မျက်နှာလှလှလေးကို အပ်ထားသည်။

"ကိုဦးသည် ဆုပ်ကိုင်ထားသော သူ့လက်ကလေးကို ဆုပ်ဖြေပြီး သူ့ရင်ခွင်ရောက် ပခုံးဦးလေးကို ဖက်ပိုက်ထားလိုက်မိသည်။

ပန်းပွင့်ဝေက သာယာသော ခံစားမှု နှလုံးသားဖြင့် ကြည်မွေ့နေသော်လည်း...

ကြည်နူးခြင်းထက်ဝက်၊ ထိန်းချုပ်ခြင်းထက်ဝက်ဖြင့် ခံစားမှုဝေဒနာ ကြီးမားနေရသူက ကိုဦးပါ။

"ကိုကိုဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုကိုဦး"

"ဗျာ"

"ပွင့်ဝေလေ ကိုကိုဦးနဲ့ အခုလိုနေရတိုင်း သိပ်ပျော်ခဲ့တာ၊ ဟိုးငယ်ငယ်လေးကတည်းက အခုအချိန်ထိပါပဲ၊ ကိုကိုဦးကရော"

လွယ်ကူသောအဖြေသည် နှုတ်ဖျားဝမှာ စီရီပြီးကာမှ နှလုံးသားထဲသို့ ပြန်လည်စီးမျောသွားတော့သည်။

"ကိုကိုဦး ပွင့်ဝေ မေးတာ ဘာလို့မဖြေတာလဲဟင်"

"ညီမလေးရယ်"

ပွင့်ဝေ၏ ကိုယ်ခန္ဓာလေးကို ပိုမိုတင်းကျပ်စွာ ဖက်ပိုက်ထားရုံမှလွဲပြီး ဘာစကားမှ မဖြေဖြစ်။

"ကိုကိုဦးရယ်... ပွင့်ဝေနဲ့ ခုလိုနေရတာကို ဘာကြောင့် မပျော်ဘူးလားဟင်"

သက်ပြင်းချပြီးခါမှ စကားသံက ပီပြင်လာနိုင်သည်။

"ပျော်ရုံဘယ်ကပါ့မလဲကွယ်"

"ဟင်... ပျော်ရုံမကဘူး ဟုတ်လား၊ ဒါဆို ပိုတာက ဘာလဲဟင် ကိုကိုဦး"

ပန်းပွင့်ဝေ၏ ဘဝ ကျဉ်းကျဉ်းကလေးထဲတွင် ကိုကိုဦးဆိုသောသူသည်သာ ပန်းပွင့်ဝေ ဘဝ၏ ပိုင်စိုးရှာ...

ပြောင်းလဲလာသော အရွယ်နှင့်အတူ ခံစားတတ်လာသော နှလုံးသားအတွင်းမှာ အချစ်ဆိုသောအရာကို ရယူပိုင်ဆိုင်လိုခြင်းနှင့်





ပေးအပ် ဆက်သလိုခြင်း စသော ခံယူတုံ့ပြန်နိုင်သည့် စွမ်းပကားများ ဖြစ်ထွန်းလာချိန်မှာ...

ပန်းပွင့်ဝေ၏ သမုဒယ ပစ်မှတ်ရှင်သည် ကိုကိုဦး တစ်ဦးတည်းသာ ရှိပါလေ၏။

ငယ်ရွယ်သော ကလေးဘဝမှစ၍ သူ့အနွံ့အတာကို ခံခဲ့ရှာသော ကိုကိုဦးကို သူ၏ သံယောဇဉ်များ၊ ကရုဏာများ၊ မေတ္တာများ အားလုံးပုံ၍ ချစ်နေမိပါလျက်...

သူ ချစ်နေပါပြီ ဆိုသည်ကို ကိုကို သိနေပါလျက်နှင့် ဘာကြောင့်များ အဖြေခက်နေရတာလဲ ကိုကိုဦးရယ်...

"ပွင့်ဝေ... ညီမလေး"

"ရှင်... ကိုကိုဦး"

"ငယ်ငယ်လေးကတည်းက နားလည်ခဲ့ရတဲ့ ပွင့်ဝေရဲ့ နှလုံးသားထဲမှာ ဘာတွေ ခံစားနေရတယ်ဆိုတာ အခုလည်း ကိုကိုဦး နားလည်ပါတယ်ကွယ်"

ပန်းပွင့်ဝေ၏ မျက်နှာလေးက သူ့ရင်ခွင်ထဲကို ပိုပြီးတိုးဝှေ့တင်းကပ်လာခဲ့သည်။

"အဲဒီလိုပဲ ကိုကိုဦးရဲ့ ရင်ထဲကဝေဒနာကိုလည်း နားလည်ပေးပါ ပွင့်ဝေရယ်"

"ဟင့်အင်း... ဟင့်အင်း၊ ပွင့်ဝေ ဘာမှနားမလည်ဘူး"

"ပွင့်ဝေ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဝေရင်ထဲမှာ အခု ဘာဖြစ်နေတယ်ဆိုတာတော့ ပွင့်ဝေ ကိုယ် ပွင့်ဝေ နားလည်မှာပေါ့နော်"

ပန်းပွင့်ဝေ မဖြေ၊ ငြိမ်၍သာနေ၏။

"အခု ပွင့်ဝေ ခံစားနေတာတွေထက် ဆယ်ဆသာ ကဲ့ ခံစားမှုတွေ ကိုကိုဦးရင်ထဲမှာလည်း ဖြစ်ထွန်းနေတယ်ဆိုတာ ပွင့်ဝေ ယုံပါ"

ပန်းပွင့်ဝေ၏ ဖက်တွယ်မှုကလည်း အားပြည့်လာ၏။

စက္ကန့်များစွာ ဖြတ်သန်းပြီးသည့်တိုင်အောင် စကားမပြောဖြစ်ကြသေး။

"ကိုကိုဦး ချမ်းသာရင် သိပ်ကောင်းမှာပဲ၊ ဒါမှမဟုတ်လည်း ပွင့်ဝေက ကိုကိုဦးလို ဆင်းရဲရင် ကောင်းမှာပဲကွယ်"

"ကိုကိုဦး ပြောတာ ပွင့်ဝေ နားမလည်ဘူး"

"သြော်...အမြင့် အနိမ့် ကွာဟလွန်းတဲ့ ဘဝနှစ်ခုကို ညီယူလို့ ရနိုင်အောင်ပါ"

"ဒါဆိုရင်တော့ ပွင့်ဝေ နားလည်ပါပြီလေ"

ပွင့်ဝေက မီကပ် ဖက်တွယ်ထားရာမှ ခွာလိုက်ပြီး ဘေးတိုက်ပြန်ထိုင်ပြီး မြေပြင်ကို သစ်ကိုင်းခြောက်ကလေးနှင့် ခြစ်နေသည်။ သူ့ကိုကိုဦးကို လုံးဝ မကြည့်ပါဘဲနှင့်...

"ပြီးခဲ့တဲ့ စနေနေ့က ဆံတော်ရှင်ကုန်းကို ကိုပြည့်ဖြိုးဝေနဲ့ သွားခဲ့ကြတယ်လေ"

"ကိုကိုဦး သိပါတယ်၊ အဲဒီကတည်းက အိပ်မရခဲ့တာ ညက အထိပါပဲ ပွင့်ဝေရယ်"





"မေမေကလေ... ဘာဘပြည့်ရဲ့သား ဆရာဝန်မကြီးရဲ့သား ချမ်းသာတယ်၊ မျိုးရိုးကောင်းတယ်ဆိုပြီး ကိုပြည့်ဖြိုးဝေကို သဘောကျနေတာ"

"အင်း"

ပန်းလျှဖွယ် သက်ပြင်းနှင့် အင်းလိုက်ရသည်။

"အဲဒါ ပွင့်ဝေတို့ ဘုရားက ပြန်လာပြီး ဖေဖေနဲ့ မေမေရဲ့ အခန်းရှေ့ရောက်တော့ ဖေဖေက ဘာပြောလဲ သိလား"

"ပြောပါဦးကွယ်"

ပန်းပွင့်ဝေသည် ရက်ရှ့်စိတ်လည်း မရှိလှ။ ကြောက်ရွံ့စိတ်လည်း ကင်းရှင်း၏။ ကိုကိုဦးထက် ရင်းနှီးသောသူ ဤကမ္ဘာပေါ်မှာ မရှိပါလေ။

"ဖေဖေက ကိုပြည့်ဖြိုးဝေကို မနှစ်ခြိုက်ဘူး၊ သံသယဝင်နေတယ်၊ ပွင့်ဝေနဲ့ ဆံတော်ရှင်ကုန်းမှာ ထားခဲ့ရမလားဆိုပြီး မေမေ့ကို ဆူတယ်၊ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်လဲ၊ ပြောလေ... ပွင့်ဝေ"

"သမီးကို ဒီနှစ် ဆယ်တန်းဖြေထားတာ အောင်အောင်ကျကျ ကျောင်းမထားတော့ဘူးတဲ့"

"အဲဒါ အရင်ကတည်းက ပြောဖူးတယ်လေ"

"အခုပြောတာက အဆန်း ကိုကိုဦးရဲ့၊ တို့အုပ်စုလေးလည်း မကွဲမကွာရှိရအောင် ပြည့်ဖြိုးဝေလိုလူမျိုးလည်း တို့မိသားစုထဲ ထိုးဖောက် မဝင်နိုင်အောင် ပွင့်ဝေကို မောင်ရန်ပြေနဲ့ပဲ ပေးစားမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ကောင်းကင်ကြီး ပြိုကျလာပြီဟု ပြောလျှင်ပင် သည်မျှ အံ့သြမိမည်မထင်...။

"ဟုတ်လို့လား ပွင့်ဝေရယ်... ကိုကိုဦးကိုများ သနားပြီး ပွင့်ဝေ လုပ်ကြံပြောတာလားဟင်"

"ပြောရက်လိုက်တာ... ညာတာ မကောင်းဘူးလို့ ကိုကိုဦးပဲ အမြဲသင်ခဲ့တယ်လေ"

"ပွင့်ဝေ"

"ဟင်"

"ဒီ...ဒီစကားပြောတာ တကယ်ဆိုရင် ဦးလေးပြောတာ ဟုတ်ရဲ့လား၊ ဒေါ်လေး ပြောတာလားဟင်"

"ဖေဖေ့ပါးစပ်က ပြောတာကို ပွင့်ဝေ နားနဲ့ဆတ်ဆတ် ကြားတာ ပြန်ပြောတာပါ၊ မယုံရင်လည်း ရပါတယ်၊ ပွင့်ဝေ ပြန်ပါ ရစေတော့ ကိုကိုဦး"

ပန်းပွင့်ဝေ ဆတ်ခနဲထပြီး ပြေးတော့ ကိုရန်ပြေ အတင်း လိုက်ဖမ်းရသည်။

"ပွင့်ဝေ သွားပါရစေတော့... ပွင့်ဝေ ဒီထက်အရှက်မခွဲနိုင် တော့ဘူး ကိုကိုဦး... အား"

ပန်းပွင့်ဝေ အလန့်တကြား အော်လိုက်ချိန်မှာ သူ့ကိုယ်ခန္ဓာ လေးက ဇွေ့ခနဲ မြောက်တက်သွားပြီးမှ သူ့ကိုကိုဦး ရင်ခွင်မှာ မြုပ်ဝင်သွားတော့သည်။





ကိုရန်ပြေသည် ပန်းပွင့်ဝေကို ချီပွေ့လျက် စောစောဆီက ထိုင်ခဲ့ကြသော စုံပတတ်ပင်ခြေရင်းသို့ ပြန်လျှောက်လာခဲ့၏။

"အဖေကလည်း ပြောတယ်၊ ပန်းပွင့်ဝေကို မချစ်နဲ့တဲ့၊ အဲ့ဒါ ဦးလေးကို ကြောက်လို့၊ သူ့သမီးနဲ့ မတန်ဘူးလို့ ပြောမှာသေချာလို့၊ ခုတော့ အချစ်ရယ်... ဘာလိုသေးလဲကွယ်"

ပန်းပွင့်ဝေ၏ သွယ်သွယ်ကျစ်ကျစ် ကိုယ်ခန္ဓာလေးကို ပွေ့ချီ လျက် ခက်ခဲစွာ ထိုင်ပြီး မြေပေါ်သို့မကျအောင် ပိုက်ဖက်ထား လျက်က...

"ကိုကိုဦး ပန်းပွင့်ဝေကို ချစ်ခဲ့တာ ချစ်နေတာ နှစ်ပေါင်း များစွာ ကြာလှပါပြီဗျာ"

"ကြာလှပြီဆိုတော့ ငယ်ငယ်လေး ကတည်းက ချစ်တာ လားဟင်"

"ငယ်ငယ်လေးတုန်းကတော့ ကလေးလေးလို ချစ်တာ၊ ခုလို အရွယ်ရောက်လာတော့ လူကြီးလို ချစ်တာပေါ့ဗျ"

"လူကြီးလိုချစ်တယ်ဆိုတာ ဘယ်လိုလဲဟင်"

"သိလျက်နဲ့ မေးဦး၊ လူကြီးလိုချစ်တယ်ဆိုတာ အဲဒီလိုဗျ"

"အို..."

ပန်းပွင့်ဝေ၏ ပခုံးအထက်ပိုင်း နေရာလပ် မကျန်အောင် မွှေးရှိုက်ပစ်လိုက်သည်။

ဤပါးပြင်၊ ဤနဖူး၊ ဤလည်ပင်း နေရာလေးများစွာကို ပန်းပွင့်ဝေ ကလေးလေးဘဝကပင် ကိုကိုဦး နမ်းရှိုက်ခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဦး၏ အနမ်းပြေချိန်မှာ ပန်းပွင့်ဝေ ရင်၌ ဘာမျှမကျန်ရစ်ခဲ့...။

ယခုတော့ နမ်းနေချိန်ရော အနမ်းပြေချိန်မှာပါ နှလုံးသားရင်ပြင်တစ်ခုလုံး၌ တနင့်တစ်နဲကြီး သိမ့်သိမ့်ခါသွားရတော့သည်။

ဒီအသွေး...ဒီအသား...ဒီလူ...ဒီအနမ်းများ ဖြစ်ပေမယ့်

'အရွယ်' ဟူသော ပိုင်းခြားမှု ကာလအတွင်းမှာ သွေးချင်းမနှောသော ဆန့်ကျင်ဘက် လူသားနှစ်ဦးတို့၏ ပြောင်းလဲမှုဖြစ်စဉ်အတိုင်းပါပင်...

"အင်... ကိုကိုဦးကလဲ"

"နာလားဟင်... ညီမလေး"

ဖွေးဥနေသော လည်တိုင်ကြော့မှာ သွေးခြည်ဥတော့မည့် အနီရောင်ကွက်ကလေးကို ကိုင်စမ်းပြီးမေးတော့ ပန်းပွင့်ဝေ ခေါင်းခါပြရှာသည်။

ပြီးတော့ သူကိုယ်တိုင် ကိုရန်ပြေ၏ လည်ပင်းတစ်ဝိုက်ကို လှမ်းဖက်ပြီး မေးဖျားလေးကို နမ်းရှိုက်ပစ်လိုက်ပြီးမှ ရင်ခွင်ထဲမှာ ခေါင်းအပ်ကာ...

"ပွင့်ဝေ ကိုကိုဦးကို သိပ်ချစ်တာပဲ"

ရင်ခွင်တွင်းမှ အချစ်ဆုံးလေးကို အသေးချုံ့ပြီး နှလုံးအိမ်ထဲမှာ ထည့်ထားချင်လောက်အောင် အသည်းခိုက်သွားရသော ချစ်သူ၏ စကားစုများ...





"ပွင့်ဝေ... ကိုကိုဦးရဲ့ အသက်ကလေး၊ အသည်းလေး၊ နှလုံးသည်းပွတ်မလေးရယ်..."

"ပွင့်ဝေ ချစ်တယ်ဆိုတာထက်အဆပေါင်းများစွာ ကိုကိုဦးက ပိုပြီးချစ်တယ်ဆိုတာ တစ်သက်လုံး ယုံထားနော်"

"ပွင့်ဝေကလည်း သိပ်ချစ်တာပဲဟာကို"

"သိပါတယ်... ဒါပေမယ့် ကိုကိုဦး ပွင့်ဝေကို ဘယ်လောက်ချစ်တယ်ဆိုတာ ပွင့်ဝေ အသိဆုံးပါကွယ်၊ နော်... ဟုတ်လားဟင်"

"သိတော့ သိပါတယ်၊ ငယ်ငယ်လေးတည်းက အလိုလိုက်တယ် ဆိုတာလည်း သိပါတယ်၊ ကိုကိုဦး ပွင့်ဝေကို ချစ်နေပြီဆိုတာလည်း အလိုလိုသိနေတာပဲ၊ ဒါပေမယ့်... ကိုကိုဦးကို သိပ်စိတ်ဆိုးချင်တာပဲ သိလား"

"ဟောဗျာ... ဘာကိုလဲခင်ဗျာ"

"လာလောင်မနေနဲ့... ပွင့်မှ မပြောတော့ ခုလို နေခွင့်မရဘူးပေါ့"

"ချစ်ရယ်... ပွင့်ပြောရဲပါ့မလား၊ မဖြစ်နိုင်ဘူးလို့လည်း ထင်ခဲ့တာကိုး၊ ခုလို ဦးလေးက ကြည်ဖြူလိမ့်မယ်လို့လဲ နည်းနည်းလေးမှ မထင်ခဲ့ပါဘူးကွယ်"

"အင်းလေ... မေမေ့ကို ပြောနေတာကြားရတော့ ပွင့်ဝေတောင် အံ့သြသွားတယ်၊ ဖေဖေက ပညာရှိတယ်နော် ကိုကိုဦး"

အကြည့်လေးနှင့် အပြောလေးက ရင်ထဲ ခိုက်သွားမိ၍ ထပ်မံပြီး ကြာမြင့်စွာ နမ်းဖြစ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦး"

"ဗျာ..."

"ကျောင်းဖွင့်ရင် ကိုကို ပြန်သွားတော့မှာလားဟင်"

"ကုတ်နဲ့ကော်ထုတ်တယ်ဆိုတာက ဟိုတုန်းက စကား၊ အခု ကိုကိုဦးကို ဘူဒိဇာနဲ့ တွန်းထုတ်တောင် မသွားတော့ဘူး"

"တကယ်လား... ကိုကိုဦးရယ်"

"ဟောဗျာ... ပွင့်ဝေပဲ ပြောတယ်လေ၊ ပွင့်ဝေကို မောင်ရန်ပြေနဲ့ပဲ ပေးစားတော့မယ်ဆို၊ ဘယ်လိုလုပ် ကျောင်းသွားလို့ ဖြစ်မှာလဲဗျ၊ မိန်းမရတော့မယ့်ကောင်ပဲဟာ"

"သွား... ပေးစားမယ်ဆိုပေမယ့် အခုချက်ချင်း ဟုတ်ချင်မှ ဟုတ်မှာပေါ့"

"ဦးလေးကတောင် သဘောတူနေပြီဆိုမှ အဖေ့ကို ပြောခိုင်းပြီး ချက်ချင်းမင်္ဂလာဆောင်မှာပဲ၊ ပွင့်ဝေရယ်... ခုလို ဖက်ထားရတာတောင် ဝေးနေသေးသလားလို့ အဖြစ်သည်းမိတယ်၊ ကိုကိုဦး ပွင့်ဝေကို သိပ်...သိပ်ချစ်တယ်ကွယ်"

နှလုံးသားထဲမှ ပြောကြားသော စကားသံမို့ တနင့်တစ်နင့် တလှိုက်တလှဲ ရှိလှချေသည်။

ကိုရန်ပြေသည် ဘယ်သို့သော စည်းစိမ်ဥစ္စာ၊ အဘယ်သို့သော အဖိုးတန်ရတနာနှင့်မှ ပန်းပွင့်ဝေကို မလဲလှယ်နိုင်...။

ပန်းပွင့်ဝေ အတွက်ဆိုလျှင် သူ့ရင်မှ နှလုံးသည်းပွတ်ကိုပင် ဖွင့်ခွဲထုတ်နုတ်ပေးရဲသော သတ္တိထူးလည်း ရှိပါ၏။





ဤကမ္ဘာပေါ်ရှိ ဘယ်လို ယောကျ်ားသားမှ သူ့လောက် ပန်းပွင့်ဝေကို ချစ်နိုင်မည့်သူ မရှိ။

သူ့ထက်ချစ်တတ်သော၊ ချစ်နိုင်သော ယောကျ်ားလည်း ဤလောကအတွင်းမှာ မွေးဖွား ရှင်သန်လာနိုင်ခြင်း မရှိဟု ပြင်းပြစွာ ယုံကြည်နေသည့် ကိုရန်ပြေ။

"ပွင့်ဝေ... အချစ်လေး"

"ကိုကိုဦးနော်... ညီမလေးကနေ အချစ်လေးတဲ့"

"ညီမလေးလိုထက် ပိုချစ်သွားပြီလေဗျာ"

"ဟင့်အင်း...အရင်တုန်းကချစ်သလို ညီမလေးလိုလည်း ချစ်ရမယ်၊ အခုလိုလည်း..."

"တော်တော်... ဘာမှမပြောနဲ့"

"ဘာဖြစ်တာလဲ... ဒါက"

"ပွင့်ဝေကို ဘယ်လောက်ချစ်တယ်လို့ မပြောနိုင်ဘူး၊ ပြောစရာ မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရင်ထဲမှာ ပြောနိုင်တာထက် အများကြီး အများကြီး ပိုချစ်လို့ဗျ"

ရင်ခွင်တွင်း တင်းကျပ်စွာ ဖိအပ် ဖက်တွယ်ထားမိကြသည်။ စကားမပြောဖြစ်ကြတော့...။

သုံ့တို့ဆားမှာ ရွက်ခြောက်လေးတွေ တလွင့်လွင့် ကြွေသက်လာသည်။ လေပြည်သည် နှလိုက်၊ ကြမ်းလိုက်၊ ပျော့လိုက်၊ ပြေးလိုက်နှင့်...။

"ပွင့်ဝေ... ကိုကို့ချစ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်..."

"ချစ်တာနဲ့အမျှ ရင်ပူရတာကလည်း ပါလာပြီကွယ်၊ ဟိုလူကို ဒေါ်ဒေါ်က ကျေနပ်နေသလားဟင်"

"ကိုပြည့်ဖြိုးဝေကိုလား"

"အင်းပေါ့"

"ဒီအိမ်မှာ မေမေ ကျေနပ်လို့လည်း ဘာမှမဖြစ်ဘူး၊ မေမေ မကျေနပ်လို့လည်း ဘာမှမဖြစ်ဘူးဆိုတာ ကိုကိုဦးလည်း သိသားနဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်လေ...၊ ဦးလေးသာ အားလုံး ဦးဆောင်နေတယ်ဆိုတာ ကိုကိုဦးလည်း သိပါတယ်၊ ဒါပေမယ့်... ဒီလူ့ကို ကိုကိုဦး ထိုးပစ်ချင်တယ်၊ ကန်ထုတ်ချင်တယ်၊ သူ ပွင့်ဝေကို ကြည့်နေတာကို ကိုကိုဦး မခံနိုင်တာ သေတော့မယ်"

"အဟားဟား... ကိုကိုဦး သဝန်ကြောင်ကြီး...၊ သူ့ကို ရန်မလုပ်ပါနဲ့ ကိုကိုဦးရာ၊ သူက သဘောကောင်းပါတယ်"

"ဟင်... ပွင့်ဝေ"

"ပွင့်ဝေ သူ့ကို မြင်တာနဲ့ခင်မိပါတယ်၊ သူက ပွင့်ဝေတို့ သားအမိရဲ့အသက်သခင်၊ ပွင့်ဝေရဲ့ အချစ်ဆုံးဘဘပြည့်ရဲ့သားလေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူက ကိုကိုဦးထက် အစစအရာရာ သာတယ်မဟုတ်လား ပွင့်ဝေရယ်"

"သာရုံမကလို့ ရှင်ဘုရင်ပဲ ဖြစ်နေပါစေ၊ ကိုကိုဦးက သူတောင်းစားဖြစ်သွားလည်း ကိုကိုဦးကိုပဲ ပွင့်ဝေက ချစ်မှာပါ"





"မေတ္တာလေး ချစ်တာလေးများ... စွန့်ကြဲ သနားပါဗျာ၊ အစ်မလေး ပေးမှ ကမ်းမှ..."

"ကြည့်... သူတောင်းစားကြီးဟန်နဲ့ မလုပ်ကောင်း လုပ်ကောင်း"

ရယ်သံတို့ လွှင်လွှင်လျှိုင်၏။

"အဲဒီအစ်ကိုကို ရန်မလုပ်နဲ့နော် ကိုကိုဦး၊ သူ့ကို ပွင့်ဝေတို့ ကူညီပေးဖို့ ဝတ္တရားရှိတယ်"

"ကောင်းပါပြီဗျာ... ပွင့်ဝေ ကျေနပ်တဲ့လူဆို ကိုကိုဦးရဲ့ မိတ်ဆွေ၊ ပွင့်ဝေ မုန်းတဲ့သူဆို ကိုကိုဦးရဲ့ ရန်သူပဲ"

"ကိုကိုဦးကလေ ပွင့်ဝေ ပိုချစ်အောင် သိပ်ပြောတတ်နေတာပဲ၊ ကဲ... ပြန်ကြစို့နော်... မှောင်ခါနီးပြီ"

"ဟင့်အင်း... ပွင့်ဝေရယ်... မပြန်ပါရစေနဲ့ဦး"

"တစ်ခါမှ ဒီလောက် နောက်ကျကျ မနေဖူးဘူး ကိုကိုဦး၊ မေမေ စိတ်ပူနေမှာစိုးလို့ပါ"

"ပွင့်ဝေ"

"ရှင်... ကိုကိုဦး"

ပန်းပွင့်ဝေ၏ လက်ကိုဆွဲ၍ နာရီမှ ရက်စွဲကိုကြည့်ပြီး...

"အခု နိုဝင်ဘာလ ၁၀–ရက်နေ့နော်၊ ပွင့်ဝေနဲ့ ကိုကိုဦးတို့ ပွင့်ပွင့်လင်းလင်း ချစ်ခဲ့ကြတဲ့ နေ့လေးအဖြစ် နှစ်ယောက်လုံး အသက်ဆုံးတဲ့အထိ အသိအမှတ် ပြုထားကြရအောင်ပါနော်... အချစ်ဆုံးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဤသင်္ကေတလေးကို ရင်ထဲမှာစွဲလျက် နှစ်ယောက်သား ဖက်တွယ်လျက်ဖြင့်ပင် စုံပတာတ်ကုန်းမြေမှ ဆင်းသက်လာခဲ့ကြတော့သည်။

ဩရီသတိုက်ကြီးအနီး ရောက်လေမှ ဖက်တွယ်မှုကို လွှမ်းဆွတ်စွာ စွန့်ခွာလိုက်ရသော်လည်း...

နှစ်ယောက်သား ခါတိုင်းလို့ လက်ချင်းတွဲဆက်လျက်... လှိုင်ဝေသော အပြုံးများဖြင့် ဩရီသကို ဦးတည် လျှောက်လှမ်းလာနေချိန်မှာ...

အပေါ်ထပ်၏ နောက်ဘက် ကြောင်လိမ် လှေကားထိပ်မှ ရပ်ကြည့်နေသော ဦးကျော်စွာမင်းမောင်သည် ရင့်ကျက်စွာပြုံးလျက် ခေါင်းတညိတ်ညိတ်လုပ်နေသည်ကို...

အချစ်ဆုံး နှစ်ယောက်တို့က လုံးဝမမြင်ကြ၊ မတွေ့ကြပါချေ။

○





## အခန်း (၁၃)

ရဲစခန်းနှင့် ရဲဝန်ထမ်းတို့ နေရသောအခန်းနှင့် တန်းလျားများက ကသစ်နီမြို့၏ တောင်ဘက်တွင် ရှိသည်။

တစ်နည်းအားဖြင့် မြို့သည်အလယ်ဗဟိုမှာရှိပြီး ရဲစခန်းသည် တောင်ဘက်၊ ဩရီသ ခြံကြီးသည် မြို့၏ မြောက်ဘက်စွန်းမှာ တည်ရှိပါ၏။

ပြည့်ဖြိုးဝေအတွက် အခန်းတစ်နေရာရရှိပြီး သူနှင့် တာဝန်လွှဲပြောင်းရသော မိသားစုက တစ်နေ့ကမှ ကလောမြို့သို့ ပြောင်းရွှေ့သွားခဲ့ကြပါသည်။

တစ်နေ့ကုန် ရဲသားလေးတစ်ဦး၏ အကူအညီဖြင့် ရှင်းလင်းသန့်စင်ခဲ့ကြ၏။ နေသားတကျခင်းပြီး ဖြစ်သွားချိန်မှာ မောမောနှင့် အိပ်ရာပေါ်တွင် ပက်လက်လှန် လှဲချလိုက်သည်။

ပြတင်းပေါက်မှတစ်ဆင့် ပြင်ပသို့ မြင်ကွင်းက ကျယ်ပြန့်စွာ မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဖြိုးဝေ နေရသောအိမ်၏ အနောက်ဘက်တွင် ဘာအဆောက်အအုံမှ မရှိ။

အလေ့ကျပေါက်နေသော တောတန်းငယ်နှင့် ပင်းတလဲတောင်တန်းသွယ်ကို စိမ်းစိုစွာ မြင်နေရ၏။

ဤတောင်တန်းသည် ကသစ်နီမြို့ကို ပတ်လျက် ကာဆီးထားသည်သို့ ရှိပါ၏။

မမြင့်လှသော ဤပင်းတလဲ တောင်စွယ်သည် ယခုနေရာမှ နေ၍ သွယ်တန်းကာ ဩရိုသခြံကြီး၏ စုံပတတ်ကုန်းရှေ့မှ နွံအိုင်အေးကို ဖြတ်သန်း၍ မြောက်ဘက်သို့ ဆက်လက်ရှည်မျောသွားလေသည်။ ပြည့်ဖြိုးဝေမှာ ပင်းတလဲ တောင်သွယ်တန်းကို ငေးကြည့်နေရင်း...

"အင်း... ဒီတောင်တန်းအတိုင်း လျှောက်သွားပြီး ငါ့ရဲ့ သံယောဇဉ်လေး ပန်းပွင့်ဝေ ရှိနေတဲ့ ဩရိုသကို သွားချင်လိုက်ပါဘိကွယ်"

"ဩရိုသ မိသားစုနဲ့ ငါနဲ့ စိမ်းသွားရတာ ငါ့ရဲ့ ဆန္ဒစောမှုပဲလေ"

အလုပ်တာဝန်များမှ ခေတ္တအားနားချိန်မှာ မိမိတို့မိသားစု၏ အရေးအခင်းက ရင်ထဲသို့ တရကြမ်း တိုးဝင်လာသည်။

"ပန်းပွင့်ဝေ"

သူ့မျက်နှာ ကျပ်ပုံလေး၊ မျက်ခုံးနက်လေးနှစ်ခု ဆက်နေပုံ၊





နှုတ်ခမ်းတည်နေပုံ၊ မျက်ဝန်းအိမ်ဝိုင်းဝိုင်းလေးတို့၌ မျက်စိထဲမှာ ပုံဖော် မြင်ယောင်နေမိသည်။

ကွယ်လွန်လေပြီးသော အချစ်ဆုံး မေမေ၊ ပျောက်ဆုံးနေဆဲ ဖေဖေနှင့် ရန်ကုန်မှ ကြီးကြီးတို့ မိသားစုအတွင်းမှာ မှီခို ခိုလှုံသူအဖြစ် မျက်နှာငယ်စွာ နေခဲ့ရရှာသော...

"ညီမလေး... မတ္တာဝေ"

သူတို့မိသားစု လေးဦး စုံညီစဉ် ကာလက ချမ်းသာ ပြည့်စုံခြင်းများ အလယ်မှာ ပျော်ရွှင်စွာ နေခဲ့ရသော မိသားစုလေး...။

ယခုတော့ မိမိဘဝသည်ပင် အထီးကျန်ဆန်စွာဖြင့် လူတစ်ယောက်၏ နေမှု စားမှုအတွက် ဖူလုံရုံလေး နေနေရသော ဘဝအခြေအနေ။

"ဒေါက်...ဒေါက်...ဒေါက်"

ဆိုသော တံခါးခေါက်သံကြောင့် လေ့ကျင့်ပြီးသား ကိုယ်ခန္ဓာက စိတ်အလျဉ်နှင့် လိုက်မီ ပေါ့ပါးစွာ ရုတ်တရက် ထလိုက်ပြီး တံခါးဆီသို့ ချက်ချင်းရောက်လာ၍...

"ဘယ်သူလဲ"

"အန်တီမှုတို့ပါ"

အကျင့်ပါနေ၍ မေးမိသည်ကို အားနာစွာဖြင့် တံခါး အမြန်ဖွင့်လိုက်တော့...

"ဟာ... အန်ကယ်ပါ ပါလာပါလား၊ ဝင်ကြပါ... အိမ်ကတော့ ဖြစ်သလိုပဲ အန်တီမှု"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွယ်… ဝန်ထမ်းဆိုတာ"

ပြည့်ဖြိုးဝေက ခေါက်ကုလားထိုင် နှစ်လုံးကို ဖြန့်ချပေးလိုက်ပြီး သူကတော့ ခွေးခြေလေးပေါ်မှာ ထိုင်ဖြစ်သည်။

"မနေ့ကတည်းက လာမလို့၊ သားက အိမ်ပြောင်းပြီး ရှင်းလင်း နေချိန်မို့ စကားပြောရတာ ခက်နေမှာစိုးလို့"

"ကောင်းတယ်… အန်တီမူ၊ ကျွန်တော်လည်း အခုမှပဲ အားသွားတာပါ"

"ရော့… သားစားဖို့ ငါးပိကြော်၊ ဒါက 'ကသဲအင်း'က ရတဲ့ ငါးတွေ၊ ပေါတာနဲ့ ကြော်လာတာ၊ ဒါက သရက်သီးသနပ်"

"အားမနာတော့ဘူး အန်တီမူရေ… စားစရာတွေရတာ ကျေးဇူးတင်လိုက်တာ၊ စားရ သောက်ရတာ အဆင်မပြေလှဘူးလေ"

"အန်တီ သိတာပေါ့ကွယ်၊ သားတို့ ငယ်ငယ်က ဘယ်လို နေခဲ့ ထိုင်ခဲ့ စားခဲ့ သောက်ခဲ့ရတယ် ဆိုတာ… "

စကားဝိုင်းက ငြိမ်ကျသွား၏။

လွန်ခဲ့သော ဆယ်နှစ်၏ ဟိုမှာဘက်မှ ကာလများဆီက ပြည့်ဖြိုးဝေတို့၏ အခြေအနေကို ပြည့်ဖြိုးဝေရော အန်တီမူပါ ခေတ္တမျှ ပြန်လည်ရောက်ရှိသွားမိကြသည်။

"ဒီနယ်မြေက အမှုအခင်း ကင်းရှင်းလို့ အလုပ်တာဝန်တော့ ပေါ့မယ် ထင်တယ်နော်"

"ဟုတ်ကဲ့အန်ကယ်… အလုပ်တာဝန်ကတော့ ပေါ့လှတယ် မဟုတ်ပါဘူး၊ ဒါပေမယ့်… ရာဇဝတ်မှု ကြီးကြီးကျယ်ကျယ်လည်း





မရှိဘူး၊ ဘိန်းဖြူ ကျောက်စိမ်း စတဲ့ မှောင်ခိုကုန်တွေ သယ်ယူဖြတ်သန်း ကုန်သွယ်မှု လုံးဝကင်းရှင်းတဲ့ မြို့ကလေးမို့ လုပ်ကိုင်ရတာတော့ အဆင်ပြေပါတယ်"

"အေးကွာ… အလုပ်ဆိုတာက ဘာပဲလုပ်ရ လုပ်ရ၊ ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း စိတ်မညစ်ရဘဲ လုပ်ရ ကိုင်ရမယ်၊ ဝန်ထမ်းချင်း၊ အထက်လူ အောက်လူချင်း ပြေလည်မယ်ဆိုရင် စိတ်ချမ်းသာရတာပဲ၊ ပင်ပန်းသမယ့်လည်း ပင်ပန်းတယ်လို့ကို မထင်တော့ဘူး"

"ဟုတ်ကဲ့"

"အန်ကယ်တို့လည်း ဒီမြို့လေးမှာ တာဝန်ကျတုန်းက စိတ်ချမ်းသာလွန်းလို့ အခုလို ပင်စင်ယူပြီးချိန်မှာ ခြံလေး မြေလေး ဝယ်ပြီး အေးအေးချမ်းချမ်း လာနေတာသာ ကြည့်တော့လေ"

"ဟုတ်ကဲ့… ကျွန်တော် သိပါတယ်ခင်ဗျာ"

ယခု ပြည့်ဖြိုးဝေထံသို့ တူလေး သားလေး တစ်ယောက်ပမာ ရင်းနှီးစွာ ရောက်လာခဲ့ကြသော 'ဦးတင်မောင်မြင့်'နှင့် 'ဒေါ်မူမူစိုး' တို့သည် ပြည့်ဖြိုးဝေ၏ မိဘများနှင့်ခင်မင်ရင်းနှီးလှသော မိတ်ကောင်း ဆွေကောင်းများ ဖြစ်လေသည်။

"သားက အိမ်မှာပဲ ထမင်းလာစားပါဆိုလည်း ပြောမရဘဲကိုး"

"နေ့စဉ်ဆိုတော့ အန်တီမူလည်း တာဝန် ကြီးပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အလုပ်ကလည်း အချိန်မှန်လာစားလို့ မရဘူးလေ၊ ဒါကြောင့်ပါ"

"အေး...သူပြောတာ မှန်တယ်၊ ခုလိုပဲ လိုတာလေး ချက်ပို့ပေးပေါ့ကွာ၊ အဖော်လေး တစ်ယောက်တော့ ရှိတယ်မဟုတ်လား"

"ရဲသား လူပျိုလေး တစ်ယောက် အတူလာနေပါတယ် အန်ကယ်"

"အေးလေ... ဘာပဲဖြစ်ဖြစ် အန်တီမူတို့ ရှိနေတာကို ကိုယ့်မိဘ ရှိသလို သဘောထားပေါ့ သားရယ်"

"ဟုတ်ကဲ့ပါခင်ဗျ"

"ဒါနဲ့ ဩရိသမိသားစုနဲ့ရော သား အဆင်ပြေတယ် မဟုတ်လား၊ သူတို့ကလည်း သားရောက်လာတာကို ဝမ်းသာနေကြတယ် မဟုတ်လား"

"အင်း"

"ပထမတုန်းက ဟိုအိမ်မှာတောင် နေမလိုလိုဆို၊ ကိုစောပြည့် နေသွားတဲ့တိုက်မှာ နေဖို့ ရှင်းပေးထားသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီစခန်းက နေခွင့်မပေးလို့လား"

"ဒီလောက် အတိအကျကြီးတော့ မဟုတ်ပါဘူး၊ သွားနေလို့တော့ ဖြစ်ပါတယ်"

ပြည့်ဖြိုးဝေ၏ တုံ့ဆိုင်းဆိုင်းစကား၊ ငူငူငိုင်ငိုင် အမူအရာကို ကြည့်ကာ ဒေါ်မူမူစိုးက ပြည့်ဖြိုးဝေ၏ ပခုံးကို ကိုင်ပြီး...





"ဩရိသနဲ့ သားနဲ့ ဘာဖြစ်ကြလို့လဲဟင် သား"

"ဘာမှတော့မဖြစ်ပါဘူး အန်တီမူ၊ ဒါပေမယ့် ကျွန်တော် ရောက်ခါစကလို သူတို့ လှိုက်လှိုက်လှဲလှဲ မရှိကြတော့ဘူး"

"ဟင်"

"အဲဒါဟာ ကျွန်တော့်အပြစ်ပဲ၊ ကျွန်တော်ဟာ ဖေဖေကြီးစွာကို စုံစမ်းချင်လွန်းတဲ့ ဇောနဲ့ အတင်းဝင် အတင်းမေး လုပ်ရုံမကဘဲ ကြီးမားတဲ့ အမှားတစ်ရပ်ကို ကျူးလွန်သွားခဲ့မိတယ်"

"အို... ဘာတွေများလဲ သားရယ်"

"ဩရိသမှာ ပထမဆုံး သွားအိပ်တဲ့ညက အဆင်ခြင်မဲ့စွာ ဟိုသားအဖအိမ်ကို ညကြီးမင်းကြီး သွားမိခဲ့တယ်၊ မေးမြန်း စုံစမ်းမိခဲ့တယ်"

"ဟိုသားအဖ ဆိုတာ ဦးစံလှထွန်းနဲ့ မောင်ရန်ပြေတို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"သူတို့က လူကောင်းတွေပါ...၊ ကိုကျော်စွာရဲ့ တကယ့် အားထားရတဲ့ သစ္စာရှိ သားအဖပါ"

ဘယ်သူ့ကို မေးလိုက် မေးလိုက်၊ ဘယ်သူက ပြောလိုက် ပြောလိုက် ဩရိသမိသားစုနှင့် ဦးစံလှထွန်းတို့၏ မကောင်းသတင်းကို လုံးဝမကြားရ။

ဦးကျော်စွာမင်းမောင်က အလုပ်ကို တိတိကျကျ လုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားသူ၊ သဒ္ဓါတရား ထက်သန်သူ၊ အလုပ်သမားများအပေါ်မှာ သက်ညှာသူ။

ဒေါ်မြနှင်းဖြူက ဣန္ဒြေသိက္ခာ ကြီးရင့်သူ၊ ဘာသာတရား ကိုင်းရှိုင်းသူ၊ အိမ်မြဲသော၊ အိမ်ကိစ္စကို စိတ်ဝင်စားသော အိမ်ရှင်မ အဖြစ် သတင်းမွှေးပျံ့၏။

ပန်းပွင့်ဆေကတော့ အလှဆုံးသောဂုဏ်ပုဒ်တစ်ခုဖြင့် ကသစ်နီ တစ်မြို့လုံးမှာ ကျော်ကြားနေ၏။

ဦးစံလှထွန်းကတော့ စကားနည်းနည်းပြောပြီး အလုပ်များများ လုပ်သူ၊ တိတိကျကျ ဆောင်ရွက်သူ။

မောင်ရန်ပြေက သဘောကောင်း၍ ဖြေလည်ပြီး လူမှုရေး ဝတ္တရားများကို စိတ်ထက်သန်စွာ ကူညီသူဟူ၍ အားလုံး၏ မေတ္တာ ထားရှိခြင်း ခံရသူ...။

ဩရိသမှာ ရှိနေသော အဓိက လူငါးယောက်၏ ကောင်း သော သတင်းတို့သည် မွှေးပျံ့သော ပန်းရနံ့တို့ကို သယ်ဆောင် သော လေညင်းတို့ကဲ့သို့ တစ်မြို့လုံးကို လွှမ်းခြုံလေ၏။

"အန်တီမူ"

"သားစိတ်ထဲမှာ ဘာပြောချင်တာရှိလဲ... ပြောစမ်းသား"

"ဩရိသ မိသားစုဟာ အားလုံးကောင်းတယ်ဆိုတာ ဟုတ် မှာပါ အန်တီမူ၊ ဒီမြို့မှာ ဘာအမည်းစွန်းမှ မရှိခဲ့တဲ့လူတွေမို့ ဘာ ပြစ်မှုမှ မကျူးလွန်ကြဘူးလို့လည်း ကျွန်တော် ယုံကြည်ပါတယ်"





"ဟုတ်ပြီ... ဒါပေမယ့် သားစိတ်မှာ ဘယ်လိုဆန့်ကျင်ဘက် ထင်နေမိလို့လဲ"

"သူတို့ကို မကောင်းဘူးလို့ ကျွန်တော် မစွပ်စွဲပါဘူး၊ ဒါပေ မယ့် ဖေဖေ ပျောက်ဆုံးနေတဲ့ကိစ္စမှာ သူတို့တွေ ပါကို ပါရမယ်၊ သိကို သိရမယ်လို့ ကျွန်တော့်စိတ်ထဲမှာ အနိုင်အမာ ထင်နေမိတယ် အန်တီမူရယ်"

"အဲ... ဒီလိုထင်ရင်တော့ ငါ့သား မှားနေပြီ"

ဦးတင်မောင်မြင့်ကလည်း...

"ဟုတ်တယ် မောင်ပြည့်ဖြိုးဝေ၊သူတို့မိသားစုဟာ ဒေါက်တာ စောပြည့်ကို ကျေးဇူးရှင်ကြီးအဖြစ်နဲ့ တကယ့်ကို ဘုရားတစ်ဆူ ဂူတစ်လုံး ကိုးကွယ်ထားကြတာ အန်ကယ်ကိုယ်တိုင်အသိပါ၊ သူတို့ ကိုတော့ အထင်မမှားသင့်ဘူးကွယ်"

"ဒီလိုပါ အန်ကယ်...၊ ဖေဖေ ရှိတုန်းက စာရေးရင်ရော တွေ့ဆုံတဲ့ အခါများမှာပါ ဦးကျော်စွာမင်းမောင် ကောင်းကြောင်း တွေချည်း အမြဲပြောခဲ့လို့ ကျွန်တော်ကိုယ်တိုင်လည်း ကျေးဇူးတင်နေ ခဲ့တာပါ၊ ဒါပေမယ့် အန်ကယ်ရယ်..."

"ဘာပြောချင်တာလဲ မောင်ပြည့်ဖြိုးဝေ"

"ဖေဖေ ပျောက်ဆုံးနေမှုဟာ သူတို့နဲ့ ပတ်ကို ပတ်သက် ရမယ်ဗျာ၊ ဦးစံလှထွန်း ဆိုတဲ့ လူကြီးကိုလည်း ကျွန်တော် မသင်္ကာဘူး"

"မောင်ပြည့်ဖြိုးဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… အန်ကယ်"

"အန်ကယ်ပြောတာ မင်း သေသေချာချာ နားဝင်အောင် နားထောင်စေချင်တယ်"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော်ဟာ ဒီကိစ္စအပေါ်မှာ စိတ်ဝင်စားမှု အကြီးမားဆုံးနဲ့ ဒီကသစ်နီကို ရောက်ခဲ့တာပါ"

"အေးကွာ… အစက စပြောရမယ်ဆိုရင်တော့ သူဌေးကြီး ဦးမင်းမောင်ရဲ့သား ဦးကျော်စွာမင်းမောင်ဟာ မိန်းမပေါင်း အယောက် သုံးဆယ်လောက်ကို ရွေးပြီးမှ ဒေါ်မြနှင်းဖြူကို လက်ထပ်ခဲ့တာပဲ"

"ဟုတ်ကဲ့ ခင်ဗျ"

"သူ့ အစိက ရည်ရွယ်ချက်က မိန်းမ ပီသရမယ်၊ ဂုဏ်ရှိရမယ်၊ ရုပ်ချောရမယ်၊ အကောင်းဆုံးမျိုးရိုး ဖြစ်ရမယ်ပေါ့"

"ဟုတ်ကဲ့… ဦးကျော်စွာမင်းမောင်တို့လောက် မချမ်းသာပေမယ့် ဒေါ်မြနှင်းဖြူဟာ စက်သူဌေးကြီးရဲ့ တစ်ဦးတည်းသမီးလို့ ဖေဖေက ပြောပြဖူးပါတယ်"

"အေး… ခုတော့လည်း မြနှင်းဖြူရဲ့ မိဘတွေဆုံးကုန်လို့ အမွေတချို့တောင် ပန်းပွင့်ဝေနာမည်နဲ့ လွှဲခဲ့ပြီးပါပြီ"

ပြည့်ဖြိုးဝေ သိလိုသော အကြောင်းရာမှာ လမ်းလွဲသွား၍ အားတက်ခြင်းများ လျော့ပါးသွားကြောင်း ချက်ချင်းသိရှိသော ဦးတင်မောင်မြင့်က…

"အင်း… ဆိုလိုတာက ဦးကျော်စွာမင်းမောင်ဟာ သိပ်ကို





ရည်မှန်းချက်ကြီးလွန်းတဲ့ အဲမ်ဘီးရှက်စ် (Ambitious) ဖြစ်လွန်းတဲ့ ယောကျ်ားတစ်ယောက်ပဲ"

"ဟုတ်ကဲ့ပါ… အန်ကယ်"

"အေး… သူ့ရည်ရွယ်ချက်က စီးပွားရေးမှာ မိန်းမ မပါစေရဘဲ စည်းစိမ်နဲ့ ထားမယ်၊ ဒါပေမယ့် သားသမီးတွေ တစ်ပြုံတစ်မကြီး မွေးလိုတယ်၊ အထူးသဖြင့် သားယောကျ်ားလေးတွေ သိပ်လိုချင်ရှာတယ်"

"သူက တစ်ယောက်တည်းသား ဆိုတော့ အဖော်မက်ခဲ့ရတဲ့ ဒုက္ခကို ခံစားဖူးခဲ့မှာပေါ့လေ"

အန်တီမူ၏ စကားအဆုံးတွင်…

"အဲဒီလို အမျှော်လင့်ကြီး မျှော်လင့်ထားရာက မြနှင်းဖြူမှာ ခြောက်လနဲ့လည်း ကလေးမရ၊ တစ်နှစ်နဲ့လည်း ကလေးမရ၊ နောက်ဆုံး နှစ်နှစ်ခွဲကြာတော့ အကြီးအကျယ် စိတ်ဓာတ်ကျလာခဲ့တယ်"

"ဘာအပြစ်မှ မရှိရှာတဲ့ မိန်းမကို ကွာပစ်ရလောက်အောင်လည်း သူဟာ ဇေကရာဇ်တစ်ပါး မဟုတ်ဘူး၊ နန်းညွန့်လျာထိအောင် မလိုအပ်ဘူးလေ"

"အင်း… အီရန်ရဲ့ နန်းကျ ရှားဘုရင်ကတော့ မိဖုရား နှစ်ယောက် ကွာပြီးမှ တတိယဇနီး ဖာရာဟ် သားယောကျ်ား ရခဲ့တယ်နော်"

"ဟုတ်တယ်၊ ကဲ…ဆက်ပြောရမယ်ဆိုရင် သူဟာ မိန်းမရော၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေရော စိတ်ဝင်စားခြင်း လုံးဝမရှိတော့ဘဲ အရက်တွေ အလွန်အကျွံသောက်ပြီး စိတ်ရောဂါဝင်မတတ် စိတ်ဓာတ်အကျကြီး ကျသွားရှာတယ်ကွယ်"

"ဒီအချိန်မှာ ဖေဖေနဲ့တွေ့တယ် ဆိုပါတော့"

"ဟုတ်တယ် မောင်ပြည့်ဖြိုးဝေ၊ ဒေါက်တာ စောပြည့်ဟာ သိပ်တော်တဲ့ဆရာဝန် ဖြစ်ရုံသာမက သူ့ဇနီးကလည်း သားဖွားနဲ့ မီးယပ်ပါရဂူမို့ သူတို့ဇနီးမောင်နှံ တိုင်ပင်ကြတယ်တဲ့"

"ဒီတုန်းက ကျွန်တော်တို့ ငယ်သေးတော့ မသိသေးတာ ခင်ဗျ"

"ဒေါက်တာစောပြည့် ဘယ်လောက် ကြိုးစားသလဲဆိုရင် ကိုယ်တိုင် ဓာတ်ခွဲ၊ လိုအပ်တဲ့ မိုက်ကရိုစကုပ်တွေကို ဝယ်ခိုင်းပြီး သူတို့ဇနီးမောင်နှံကို ဘယ်လို ဆေးပညာအစွမ်းနဲ့ ကုသ ဆောင်ရွက် လိုက်တယ်တော့ မသိဘူး၊ နေ့စဉ် ဂရုစိုက်ပြီး နေခဲ့ရာက ငါးလ တိတိ ပြည့်တဲ့နေ့မှာ မြနှင်းဖြူ ကိုယ်ဝန်ရှိပါလေရောကွယ်"

"သူ ဝမ်းသာမှာပဲနော်"

"ဘာပြောကောင်းမလဲကွယ်... ကျောင်း,ကန်,ဘုရားတွေမှာ လှူ၊ အိမ်မှာ ပါတီတွေလုပ်၊ မိတ်ဆွေတွေကျွေးနဲ့ အပျော်ကြီး ပျော်နေရှာတာပါ"

"ဟုတ်ကဲ့... ဖေဖေ ပြောပြပါတယ်"

"ဒီလိုနဲ့ မြနှင်းဖြူ မွေးဖွားချိန်ကျရော ဆိုပါတော့၊ အဲဒီမှာ အခက်အခဲ ဖြစ်လာတယ်။ ကလေးကို ညှပ်ဆွဲရတယ်၊ အချင်းက





ကပ်နေတယ်၊ ဒါကြောင့် သွေးတွေ မတရားသွန်တော့ သွေးလို တယ်လေ၊ ဒီမှာကလည်း (Blood Bank) ဆိုတဲ့ သွေးလှူဘဏ် ထားလို့ရတဲ့ အအေးခန်း မရှိဘူး"

"ဒီတော့ သွေးအုပ်စု စစ်ဆေးပြီးသား သွေးအမျိုးချင်းတူတဲ့ ဒေါက်တာစောပြည့်ရဲ့ ဘီ (B group) သွေးနဲ့ လူနှစ်ယောက် သွေးကြောချင်း ဆက်သွင်းကုသခဲ့ရတယ်။

"ပန်းပွင့်ဝေကိုလည်း အခက်အခဲကြားက အောင်မြင်အောင် မွေးဖွားပေးခဲ့ရုံမက..."

"သူ့ချစ်ဇနီးကိုလည်း ဒေါက်တာစောပြည့်ရဲ့ သွေးနဲ့ ပေးဆက် အသက်ကယ်ပေးခဲ့တဲ့သူမို့ ဒေါက်တာစောပြည့်ကို အကြီး အကျယ် ကျေးဇူးတင်နေရှာတာပါ"

"ဦးကျော်စွာမင်းမောင်နဲ့က သွေးမတူဘူးလား"

"မတူဘူး... သူက 'အေ' တဲ့၊ ဒါကြောင့်ပေါ့"

"အန်ကယ်"

"အင်း"

"ဖေဖေ ပြန်မယ့်နေ့က အဖြစ်အပျက်လေး... ကျွန်တော် သိချင်တယ်"

"အဲဒီနေ့က အန်တီမူလည်း ပါတယ် သားရဲ့"

"နှုတ်ဆက်ပွဲလည်း လုပ်သေးတယ်ဆို"

"လုပ်ပါတော်...ဩရိုသခြံကြီးမှာ အဲဒီနေ့က အကြီးအကျယ် ညှော်ခံကျွေးမွေးတယ်၊ ဆရာ့လူနာအားလုံး ရပ်ရွာလူကြီးအားလုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေများပါဖိတ်ပြီး ဒံပေါက်နဲ့ စပါကလင် တိုက်တယ်၊ အရက်သောက်တတ်သူတွေလည်း သောက်ကြတာပေါ့၊ အသီးအနှံစုံတွေ အလျှံပယ်၊ နိုင်ငံခြား စီးကရက်တွေက ဗိုင်းတိုင်းမှာ ဘူးလိုက်ချလို့၊ ဒါပေမယ့် ဘယ်သူမှ မပျော်ကြပါဘူးကွယ်"

"ဖေဖေ ပြောင်းရမှာကြောင့်ပေါ့... ဟုတ်လား"

"ဒါပေါ့ သားရယ်"

"ကျွန်တော်သိချင်တာ တစ်ခုရှိပါတယ် အန်ကယ်နဲ့အန်တီမူ"

"ပြောသား"

"ဖေဖေ အဲဒီနေ့ ည ကိုးနာရီရထားနဲ့ ရန်ကုန်ကို အပြန်လိုက်ပို့ကြတဲ့ ရှုခင်းနဲ့ ထူးခြားမှုလေးတွေကို သိခွင့်ရရင် ပြန်ပြီးသုံးသပ်ကြည့်ချင်တယ်"

"ဘူတာ အဆင်းမှာတော့ အန်တီမူ မပါတော့ဘူးသား၊ အန်ကယ်ကတော့ ဟိုးအလျင်ကတည်းက ရင်းနှီးခဲ့တဲ့ မိတ်ဆွေဟောင်းမို့ ဒေါက်တာစောပြည့်ရဲ့ ပြောင်းရွှေ့မှုမှာ သူပဲ ကမ,ကထ လုပ်ပေးခဲ့ရတာ၊ ကဲ... ကိုမြင့်က ပြောပြလိုက်ပါရှင်"

"အန်ကယ် သိသလောက် ပြောပြပါ့မယ်၊ ဒါပေမယ့် အစကအဆုံး ဘာမှ ထူးခြားမှု မရှိတာတော့ အမှန်ပဲသား"

ဦးတင်မောင်မြင့်သည် စေ့စပ် သေချာသူမို့ လွန်ခဲ့သော ကိုးနှစ် ကာလက ကိစ္စကို တွေးတွေးဆဆ စဉ်းစားပြီးမှ...

"အဲဒီနေ့က ညေ့ခံပွဲကို ညနေလေးနာရီမှာ အပြီးသိမ်းလိုက်တယ်၊ ဆရာ စောပြည့်ကိုယ်တိုင် နှုတ်ဆက်စကားကို မိုက်(က်)နဲ့





ပြောပြီး ပြန်နားကြပါ၊ အားလပ်သူများ ညကျရင် ဘူတာမှာ ဆုံချင်ပါတယ်၊ ကသစ်နီမြို့သူ မြို့သားများအားလုံး ကျန်းမာကြပါစေလို့ သူ နေ့စဉ် မေတ္တာပို့နေပါ့မယ်၊ ကသစ်နီမြို့ကိုချစ်တဲ့ စောပြည့်ပါလို့ သူ့စကားကို နိဂုံးချုပ်လိုက်တော့ မိန်းမတွေဆို ငိုလိုက်ကြတာလေ"

"ဒီအထဲ အန်တီမူလည်း ပါတယ် သားရယ်၊ အိမ်ပြန်ပြီး ခေါင်းတွေ သိပ်ကိုက်လာတာနဲ့ ညနေ ဘူတာတောင် မလိုက်နိုင်ဘူး၊ ကိုမြင့် ကတော့ ဩရိသမှာကို ကျန်ခဲ့တာ"

"အန်ကယ်နဲ့အတူ လူရင်းနှစ်ယောက်လည်း ကျန်ရစ်သေးတယ်၊ အဲဒီမှာ ပြဿနာက ကလေးပဲ"

"ဗျာ..."

"ပန်းပွင့်ဝေကလည်း ဒီတုန်းက ရှစ်နှစ်ကျော်လောက် ရှိနေပြီမို့ အားလုံးသိပြီပေါ့၊ ကလေးငိုပုံက မြင်ရတဲ့ လူကြီးတောင် ရင်ကွဲလောက်ပါတယ်ကွယ်"

"အင်း"

ပြည့်ဖြိုးဝေ၏ သက်ပြင်းသည် ပြင်းပြလွန်းသော ခံစားမှုတစ်ရပ်၏ ပုံရိပ်တစ်ခုလိုပါပင်။

"ဒီလိုနဲ့ သိမ်းပြီးသား ပစ္စည်းတွေရော၊ ပေးကြတဲ့ လက်ဆောင် ပစ္စည်းတွေရော ဒုတိယတန်းထောင့်နှစ်ရာကားပေါ် တင်တယ်၊ ဒီတုန်းကတော့ အဲဒီကားက ကားသစ်ပေါ့"

"ဟုတ်ကဲ့"

"မြန်နှင်းဖြူနဲ့ သမီးကလည်း လိုက်ပို့မယ်လို့ ပြင်ဆင်နေတော့

www.burmeseclassic.com



ကိုစောပြည့် ကိုယ်တိုင်ပဲ ပန်းပွင့်ဝေကို ပိုက်ဖက်ပြီး မျက်ရည်တွေ ဝဲလာရင်းက ...

"သမီး... မလိုက်ခဲ့ပါနဲ့ သမီးရယ်၊ ဘဘပြည့် မကြာခင် ပြန်လာမှာပါ..."လို့ ချော့တဲ့အသံတွေကိုက တုန်လှိုက်လို့ အန်ကယ်တို့ဖြင့် ရင်ကိုဆို့လို့"

"အဲဒီလိုနဲ့ ဒေါက်တာစောပြည့် ကိုယ်တိုင်က မြနှင်းဖြူနဲ့ ပန်းပွင့်ဝေကို ဘူတာရုံ လိုက်ခွင့်မပေးဘဲ အိမ်မှာ ထားရစ်ခဲ့တယ်၊ အတိတ် နိမိတ်လိုပါပဲကွယ်၊ အဲဒီသားအမိ ငိုလိုက်တာမှ လူတစ်ယောက် သေဆုံးသွားတဲ့အတိုင်းပဲ"

အားလုံး ခဏငြိမ်သက်သွားကြပြီး ...

"ဦးစံလှထွန်းက ပစ္စည်းတွေတင်ထားတဲ့ ကားကို မောင်းသွားတယ်၊ ဦးကျော်စွာမင်းမောင်က သာတင်း ဟန်ဒရက် ဆီဒင်ကားကို သူကိုယ်တိုင်မောင်းပြီး ဒေါက်တာစောပြည့်က ရှေ့ကထိုင်တယ်၊ ဦးလေးနဲ့ ကိုငွေတိုး ဆိုတဲ့ မန်နေဂျာတစ်ယောက်က နောက်က ထိုင်တယ်"

"အဲဒီပွဲရော"

"ကိုငွေတိုးက ဒေါက်တာစောပြည့်နဲ့ ဂေါက်ရိုက်ဖက်လေ၊ ခုတော့ သူလည်း နယ်ပြောင်းသွားတယ်၊ ဘယ်ရောက်နေလဲတောင် မသိဘူး၊ သူလည်း ဦးလေးနဲ့အတူ ရှိနေတာ ရထားထွက်တဲ့အထိပါ"

"ဦးကျော်စွာမင်းမောင်ရော"

သူက ...မျက်လုံးတွေမှိတ်ပြီးတုန်တုန်ယင်ယင် ဖြစ်နေရှာတယ်၊





စာကယ့်ကို ထိနိုက် လှုပ်ရှားနေရှာမှန်းသိလို့ ဒေါက်တာစောပြည့်က ...

"ကဲ... ကိုကျော်စွာ၊ ခင်ဗျား ပြန်တော့ဗျာလို့ ဆိုတော့..."

"ရထားထွက်တဲ့အထိ မနေရဘူးလားလို့မေးတော့ ဒေါက်တာစောပြည့်က ..."

"သမီးနဲ့ မြနှင်းဖြူကို စိတ်မချဘူးဗျာ၊ ဆေးတွေတော့ တိုက်ခဲ့ပါရဲ့၊ ဒါပေမယ့် သူတို့ သိပ်ခံစားနေရရှာတယ်၊ ကျွန်တော်လည်း ရင်ကွဲမတတ်ပါဘဲဗျာ၊ ခင်ဗျား ပြန်ပါတော့လို့ မျက်ရည်ဝဲဝဲနဲ့ပြောပြီး ရထားတွဲပေါ် တက်သွားတော့တယ်ကွယ်"

လွန်ခဲ့သော ကိုးနှစ်ကာလမှ အဖြစ်အပျက်တို့သည် ယခုပင် သက်ဝင်နေသည်သို့ အားလုံး ပြန်လည်ခံစားနေကြရလေသည်။

"အဲဒီအသံကို အန်ကယ်တို့ နောက်ဆုံး ကြားလိုက်ရတာပါပဲ၊ သူ့ရုပ်သွင်ကိုတော့ ရထားတွဲမီး မှိန်မှိန်ကြားမှာ ဝိုးတဝါး မြင်နေရတာ ရထားထွက်တဲ့အထိပဲ"

"ဖေဖေ စီးသွားတာ အထက်တန်း အိပ်ခန်းရဲ့ ထောင့်ဆုံးက နှစ်ယောက်ခန်းနော်"

"ဟုတ်တယ်... ပစ္စည်းကများတော့ သက်သက်သာသာ စီးရအောင် အားလုံးစီစဉ်ပေးလိုက်ကြတာပါ"

"ရထားထွက်တဲ့အထိ အန်ကယ် ရှိနေတယ်ပေါ့နော်"

"ရှိတာပေါ့... ကိုယ်တစ်ပိုင်းထွက်ပြီး လိုက်ပို့သူများအားလုံးကို လက်ပြ နှုတ်ဆက်သွားတာ အားလုံးမြင်လိုက်ကြရတာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



“သိပ်ဆန်းတယ်... အန်ကယ်ရယ်၊ ရန်ကုန်ဘူတာကနေ နောက်နေ့မနက် ကျွန်တော်တို့ သွားကြိုတော့ အခန်းတံခါးက ပိတ်လျက်၊ ပစ္စည်းတွေက မပျောက်ဆုံးဘဲ ဖေဖေ တစ်ယောက်သာ ပါမလာတော့တာ”

“ဒါနဲ့... ရဲကစစ်တော့ ဆေးသေတ္တာ မတွေ့ဘူးဆို”

“ဟုတ်တယ်... သူကိုင်နေကျဆေးသေတ္တာ အတက်ချိုကျော်အငယ်လေးတစ်ခုတော့ ပါမလာဘူး”

“အဲဒါကို ထောက်ချင့်ခြင်းအားဖြင့် လမ်းက ဘူတာစဉ်တွေမှာ လူတစ်ယောက် ယောက်ကို ဆင်းကုရင်းများ...”

“ကိုမြင့်ကလည်း... သူ ကျန်နေရင် နောက်နေ့ မီးရထားနဲ့ လိုက်မှာပေါ့၊ တွေ့သမျှလူ အကျိုးအကြောင်း ပြောမှာပေါ့၊ ဆရာဝန်တစ်ယောက်လုံးပဲဟာ”

“အန်ကယ်ရယ်... ကျွန်တော့်ဖေဖေဟာ သိပ်စိတ်ကောင်းရှိတဲ့လူပါ၊ သူ့ကို ဘယ်သူမှ အန္တရာယ်ပြုမှာ မဟုတ်ပါဘူး၊ ဒုက္ခပေးမှာ မဟုတ်ပါဘူးဗျာ”

“အေးပေါ့သားရယ်... ပျောက်သောသူ ရှာရင်တွေ့တဲ့၊ တစ်နေ့ နေ့တော့ တွေ့လာမှာပါ သားရယ်၊ စိတ်ချမ်းသာအောင်နေပါ”

ဒေါ်မူမူစိုးက မိန်းမဆန်စွာ ပေါ့ပေါ့တန်တန် နှစ်သိမ့်အားပေးသော်လည်း ဦးတင်မောင်မြင့်က ဘာမှဝင်မပြော။

လမ်းဆုံးပြီ...ဟု





သူ အခိုင်အမာ တွက်ဆထားပုံရသည်။

“နောက်တစ်ခု ဆန်းတာကလေ...”

“ဘာလဲ... အန်တီမူ”

“ပန်းပွင့်ဝေဟာ ဒေါက်တာစောပြည့်နဲ့ ချွတ်စွပ်ဟယ်”

“ဟုတ်တယ်... အဲဒါ တစ်မြို့လုံးက ပြောနေကြတာပေါ့၊ ကိုယ်ဝန်ရှိပြီးမှ ဟိုမှာသွားနေ့လို့၊ မဟုတ်ရင် ဆရာကလေးလို့တောင် ထင်စရာတဲ့လေ”

“ကျွန်တော့်ဖေဖေဟာ ဒီလိုမယုတ်မာပါဘူးဗျာ”

“အဲဒါ သားပြောစရာ မလိုပါဘူးကွာ၊ တစ်မြို့လုံးက ဟာသအဖြစ်နဲ့ ပြောနေကြတဲ့စကားပါ၊ ဒေါက်တာစောပြည့်ဟာ သူတစ်ပါးသားမယားကို စိတ်ကူးဖို့မပြောနဲ့၊ အိမ်ထောင်နဲ့ နှစ်များစွာကင်းကွာနေတာတောင် ဘယ်မိန်းကလေး တစ်ယောက်နဲ့မှ မရှုပ်ခဲ့တဲ့ တကယ့် သိက္ခာရှင် ဆရာဝန်ပါ”

“ဒီလိုပဲ မြန်နှင်းဖြူဟာလည်း ဘုရား တရား သိပ်ကိုင်းရှိုင်းပြီး အင်မတန် ဣန္ဒြေသိက္ခာကြီးမားတဲ့ မိန်းမပါ”

“တော်တော့မူ... ကလေးက ဆရာနဲ့တူပေမယ့် တစ်မြို့လုံးက နားလည်ကြပြီးသားပါ၊ အရုပ်ကလေးတွေ ကြည့်မွေးတာတို့၊ အင်္ဂလိပ်ကြီး ကြည့်မွေးလို့ တူတာတို့ဟာ ကိုယ်ဝန်ဆောင်လောကမှာ ပြည့်လို့ပါ”

“ဟုတ်ပါတယ်ခင်ဗျာ... အန်တီမူပြောသလိုမျိုး ဦးကျော်စွာမင်းမောင်အနေနဲ့ သံသယလေး နည်းနည်းရှိရင်တောင် သူ့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆောက်ပြီး အမြတ်တနိုး ထားပါမလားဗျာ နော်..."

"ဟုတ်တာပေါ့သားရဲ့... သူတို့ချင်း သိပ်ချစ်ကြ၊ သိပ်ရင်းနှီးကြတာပါ၊ မြနှင်းဖြူရဲ့ ကိုယ်ဝန်ဆောင်တစ်ချိန်လုံး ဒေါက်တာစောပြည့်က ဂရုစိုက်ခဲ့ရလို့ ကလေးက ဆရာနဲ့ တူနေတာပေါ့"

"ဒါ သိပ်ဖြစ်နိုင်တာပေါ့၊ ကြည့်စမ်း... မောင်ပြည့်ဖြိုးဝေနဲ့တောင် ခပ်ဆင်ဆင်နော်"

သူတို့နှစ်ဦး၏ စကားများနှင့်အတူ အပြုံးလေးပါ ရောစွက်လာခဲ့သော်လည်း ပြည့်ဖြိုးဝေသည်မူ စိတ် မချမ်းမြေ့ခြင်းများဖြင့် တွေဝေစွာ တွေးနေရာမှ...

"ဒါနဲ့ အဲ...အဲဒီရထားတွက်တဲ့နေ့က အဘစ်လို့ ခေါ်နေကြတဲ့ ဦးစံလှထွန်းရော ရှိနေလားဟင် အန်ကယ်"

"ရှိတာပေါ့... ဦးကျော်စွာမင်းမောင်သာ ပြန်သွားရတာ၊ အန်ကယ်တို့လည်း ရထားထွက်ပြီးမှ ဦးစံလှထွန်း မောင်းတဲ့ ဒတ်ဆန်းထောင့်နှစ်ရာကားနဲ့ အိမ်အထိပြန်ပို့တာ၊ ကိုငွေတိုးကိုတောင် အလျင် ပို့လိုက်သေးတယ်"

"သူ့သား ကိုဦး ဆိုတဲ့ ကိုရန်ပြေရော"

"ဒီတုန်းကတော့ ဒီကောင်လေးက ကလေးပဲရှိသေးတာ၊ ဘယ်မှာမှန်းတောင် သတိမထားမိဘူး"

"ဟုတ်မှာပါ...သူက ပန်းပွင့်ဝေထက် သုံးနှစ်ကျော် လေးနှစ်လောက်ပဲ ကြီးတာလေ"

ပြည့်ဖြိုးဝေ၏ ငြိမ်တွေစွာ တွေးနေမှုကို ဒေါ်မူမူစိုးက





ကြင်နာစွာ ကြည့်နေမိသော်လည်း...

ဦးတင်မောင်မြင့်ကမူ အဓိပ္ပာယ်တစ်ရပ်ကို တွေးယူနေသော အကြည့်ဖြင့် ကြည့်ပြီး မေးဖြစ်၏။

"မောင်ပြည့်ဖြိုးဝေ စိတ်ထဲမှာ ဒေါက်တာစောပြည့် ပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီး သြရိသ မိသားစုကို သံသယရှိနေဆဲပဲလားဟင်"

"ဦးကျော်စွာမင်းမောင်တို့ မိသားစု သုံးယောက်ကိုတော့ သံသယမရှိပါဘူး အန်ကယ်၊ ဖေဖေ့အပေါ်မှာ သိပ်စေတနာထားတာ ကျွန်တော် အသိပါ"

"ဒါ... အမှန်ပါပဲကွယ်"

"ပန်းပွင့်ဝေကို မွေးဖွားပြီး ဖေဖေက ငွေမယူတော့ မေမေ့အတွက် အဲဒီအချိန်က သုံးသောင်းတန် စိန်နားကပ်တစ်ရံ လက်ဆောင်ဝယ်ပေးခဲ့တာ အခုထိ ညီမလေး မေတ္တာမုဝေဆီမှာ ရှိနေဆဲပါ"

"ယောက်ျားထဲမှာတော့ ဦးကျော်စွာမင်းမောင်လို အပေးအကမ်း ရက်ရောသူ၊ စေတနာကောင်းသူဟာ မတွေ့ဘူးအောင်ရှားပါတယ်"

"အန်ကယ်"

"ဟင်"

"ကျွန်တော် သံသယဖြစ်နေတာ ဦးစံလှထွန်းတို့ သားအဖပဲ"

"အို... ဘာဖြစ်လို့လဲ"

"အကြောင်းပြစရာတော့ မရှိလှပါဘူး၊ ဒါပေမယ့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



သားအဖ နှစ်ယောက်လုံး ကျွန်တော့်ကို မလိုလားကြဘူး"

"သူတို့က သြရိသရဲ့ မိုခိုသူတွေပဲကွယ်"

"ဘာပဲဖြစ်ဖြစ် ဦးစံလှထွန်းကိုတော့ ကျွန်တော် ခြေရာခံကြည့်ချင်တယ်"

"ကောင်းပြီလေ... အန်ကယ်လည်း ဒီမှာအနေကြာတော့ မြို့ခံလိုဖြစ်နေပြီ၊ ဝိုင်းစုံစမ်းပေးပါ့မယ်"

"ကျေးဇူးပါပဲ ခင်ဗျာ"

"သူဟာ ဒီမြို့သား မဟုတ်ဘူး၊ ဘယ်ကမှန်းလဲ မသိဘူး၊ စုံစမ်းလိုက်မယ်လေ၊ မိန်းမဆုံးပြီး သားလေးတစ်ယောက်နဲ့ သြရိသမှာ သောင်တင်နေတာပဲ၊ ကိုကျော်စွာကလည်း သိပ်ကို ယုံကြည်အားထားလွန်းတယ်"

"ဟုတ်တယ်... သူ့သား ကိုရန်ပြေကပါ ကျွန်တော့်ကို မလိုလားတာ"

သည်တော့ ဒေါ်မူမူစိုးက ပြုံးပြီး...

"ဒါတော့ ဒီကောင်လေးက မနာလိုတာ ဖြစ်မှာပါ သားရယ်၊ ပန်းပွင့်ဝေနဲ့ သူက ငယ်ငယ်လေးတည်းက အတူနေလာခဲ့ကြရတော့ သိပ်သံယောဇဉ် ဖြစ်နေကြတာ"

"ဟုတ်မှာပေါ့လေ"

"ဒါပေမယ့် စိတ်ချပါ... ဦးကျော်စွာမင်းမောင်ကရော ဒေါ်မြနှင်းဖြူကပါ ဒီလို အလုပ်သမားသားနဲ့ ဘယ်သဘောတူပါ့မလဲ၊ တူချင်းတူရင် သား ပြည့်ဖြိုးဝေနဲ့သာ သဘောတူမှာပေါ့၊





အဟဲ... ဟဲ... ပန်းပွင့်ဝေလေးကလည်း သိပ်လှတယ်နော်၊ ငါ့သား သဘောမကျဘူးလား"

ပြည့်ဖြိုးဝေ ဘာစကားမှ မတုံ့ပြန်နိုင်၊ ရှက်၍ပဲလား... ခံစားမှုကြောင့် သွေးခုန်နှုန်း မြန်လာ၍ပဲလား။ ဤစကားကို နှစ်မြို့က်၍ပဲလား မသိ၊ မျက်နှာတစ်ခုလုံး နီမြန်းကာ ပင်းတလဲတောင်တန်း၏ ဟိုမှာဘက်အထိ မျှော်ငေး ကြည့်နေသလို သူ ငြိမ်သက်သွားတော့သည်။

ဘာပဲဖြစ်ဖြစ်...

အန်တီမူတို့လို လူရင်းတွေ ဒီမြို့မှာ ရှိနေနှင့်သည်ကိုက ပြည့်ဖြိုးဝေအတွက် အင်အားတစ်ရပ် ဖြစ်ချေပြီ။

မောင်ရီပျိုးခါနီးမှ နှုတ်ဆက်ခြင်း၊ အားပေးခြင်း စကားများ ပြောကြားပြီး ဒေါ်မူမူစိုးတို့ ပြန်သွားကြသည်အထိ...

ပြည့်ဖြိုးဝေ ငူငိုင်စွာ ထိုင်နေမိဆဲ...။

ထမင်းစားဖို့လည်း သတိမရ...

ထိုညကလည်း အိပ်၍မပျော်။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ကိုကိုဦးနဲ့ လိုက်လာခွင့်ရတာ ပွင့်ဝေ သိပ်ပျော်တာပဲ"

"ဟုတ်တယ်... ကိုကိုဦးတောင် အံ့သြနေမိတယ်၊ မနက်က ပင်းတလဲတောင်ခြေ ကားဂိတ်ကို ဆေးသေတ္တာတွေ သွားပို့ရမယ် ဆိုတော့ မင်းညီမလေး ပွင့်ဝေကိုပါ ခေါ်သွားလိုက်ပါတဲ့ ပွင့်ဝေရဲ့"

"ဖေဖေက တစ်အားသဘောတွေ ကောင်းနေတာပဲနော်၊ ဒါဆို သေချာပါပြီ"

"ဘာကိုလဲ"

"ကိုကိုဦးနဲ့ ပွင့်ဝေနဲ့ သဘောတူပြီဆိုတာကိုပေါ့"

"အင်း"

"ဘာငြိမ်သွားတာလဲ ကိုကိုဦးရဲ့"

"အဖေ့အထင်က တစ်မျိုးဖြစ်နေတယ်"

"ဘယ်လို"

"ဦးလေးကျော်စွာဟာ ကိုပြည့်ဖြိုးဝေ ရောက်လာပြီး ပွင့်ဝေ





နားကို ကပ်နေတာ မကြိုက်တာနဲ့ သားနဲ့ တမင်တွဲခိုင်းနေတာ ထင်တယ်တဲ့၊ တကယ် သဘောကျပါ့မလားတဲ့"

"ဟာ... အဘစ်အတွေးက အောက်လိုက်တာ"

"ဟင်..."

"ကိုယ့်သမီး တစ်ယောက်လုံးကို ထည့်လိုက်တာ သဘောမတူဘဲ ထည့်ပါ့မလားလို့၊ ကိုကိုဦးကလည်း ဦးနှောက်ပဲ"

"မဟုတ်သေးဘူး ပွင့်ဝေရယ်... ဦးလေး ဦးကျော်စွာ မင်းမောင်ဟာ 'မျိုးရိုးဂုဏ်'၊ 'မျိုးကောင်းရိုးကောင်း' ဆိုတဲ့ မူဝါဒကို လက်ကိုင်ထားတဲ့သူတဲ့၊ ပြီးတော့ သိန်းပေါင်းများစွာ ချမ်းသာတာ၊ ကိုကိုဦးတို့က ပွင့်ဝေတို့ရဲ့ အလုပ်သမား၊ ဆင်းရဲသား၊ မျိုးရိုးကလည်း ညံ့"

"ပြီးရော... ပြီးရော"

"ဘာလဲ... ညီမလေးရဲ့"

"မတူလို့ မကြိုက်ချင်လည်းနေလေ၊ ပွင့်ဝေတို့က ရပါတယ်"

ကားပေါ်က ဆောင့်ဆောင့်အောင့်အောင့်နှင့် ဆင်းသွားပြီး ညောင်ပင်ရိပ်ကြီးအောက်က ဖုန်ထူနေသော မြေပြင်မှာ ထိုင်ချရင်း နှုတ်ခမ်းကို အစွမ်းကုန်စူထားသည်။

စောစောဆီက လေးလံနေသော ရင်သည် ပန်းပွင့်ဝေ၏ ကလေးလေး တစ်ယောက်၏ သဘာဝ အမူအရာအတိုင်း စိတ်ဆိုးနေပုံလေးကို ကြည့်ပြီး ကိုရန်ပြေ၏ရင်ထဲမှ သောကအပေါင်းတို့ လွင့်ပြယ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဝေလေး"

"ဘာလဲ... လာမခေါ်နဲ့"

ကိုဦးက နှစ်မြိုက် မြတ်နိုးစွာရယ်ပြီး ပန်းပွင့်ဝေ၏ဘေးမှာ ကပ်၍ထိုင်လိုက်၏။

"ကိုကိုဦးက စိတ်ပူလွန်းလို့ ပြောတာပါဗျာ"

"ဘာစိတ်ပူစရာ လိုလို့လဲ"

"ပူရတာပေါ့ဗျာ... သိပ်ချစ်ရတော့ သိပ်ပြီး စိတ်ပူရတာပေါ့"

"ဘာကို စိတ်ပူတာလဲ"

"ပန်းပွင့်ဝေ ဆိုတဲ့ ကိုကိုဦးရဲ့ အချစ်ဆုံး၊ အသည်းနှလုံးလေးနဲ့ ဦးလေးက သဘောမတူပါဘူးလို့ ပြောပြီး ကိုကိုဦးတို့သားအဖကို နှင်ထုတ်လိုက်မှာကို စိတ်ပူတယ်၊ ကြောက်တယ် ချစ်ရယ်..."

"ကိုကိုဦး"

"ဗျ..."

"အဲဒီလို နှင်လွှတ်လိုက်ရင်လေ... အိမ်ကထွက်ပြေးပြီး ကိုကိုဦး ရှိတဲ့နေရာကို ရောက်အောင် ပြေးလာခဲ့မှာပေါ့"

ကိုရန်ပြေ ဘာမှမပြောချင်တော့။ ချစ်သတ္တိ အားမာန်အပြည့်ရှိနေသော ပန်းပွင့်ဝေကိုသာ ရင်ခွင်ထဲ ဆွဲသွင်းပြီး နှလုံးသားထဲအထိ နှစ်မြုပ်သွားအောင် ဖက်ပွေ့ ပိုက်ထွေးထားလိုက်ချင်ပါဘိလေ...။





စိတ်ဆန္ဒအတိုင်း လုပ်ခွင့်မရလေတော့ သူ့လက်နုနုလေးကို ဖျစ်ညှစ်ပစ်လိုက်သည်။

ခပ်လှမ်းလှမ်း ကားဂိတ်မှာက လူတွေ ရုံးစု ရုံးစုနှင့် ရှိနေကြ၏။ ကားက မထွက်သေး၍ တချို့က ကားပေါ်မှာထိုင်လျက်၊ တချို့က မတ်တတ်၊ တချို့က လက်ဖက်ရည်ဆိုင်မှာ၊ တချို့က အကြော်ဆိုင်ရှေ့က စားပွဲဝိုင်းမှာ ရေနွေးကြမ်းသောက်လျက်...

ကိုဦးနဲ့ ပန်းပွင့်ဝေကတော့ ချစ်သူတို့ထုံးစံအတိုင်း လူနှင့်သူနှင့် အဝေးဆုံးနေရာ နေရလေ ကြိုက်ကြလေပေါ့။

ဒါပေမယ့်... ကားမထွက်ခင် ဆေးသေတ္တာတွေတင်ဖို့ကိစ္စ၊ ကားဂိတ်မှူးထံ လက်မှတ်ဖြတ်ဖို့ ကိစ္စများအတွက် မြင်သာသော ခပ်လှမ်းလှမ်းနေရာမှ စောင့်နေကြရသည်။

"ကိုကိုဦး ကျောင်းပြန်တက်ရင် ကားနဲ့သွားမှာလား၊ ရထားနဲ့လား"

"ဘာလုပ်မလို့ မေးတာလဲ"

"ဘယ်နေရာက ထိုင်ခုံရရင် ကောင်းမလဲလို့ ကြိုတွေးထားမလို့ပါ"

"အချစ်လေးရယ်"

"ကားနဲ့ဆို ဟောဒီညောင်ညိုပင်ကြီးအောက်က အကောင်းဆုံးပဲ"

"ဒီမှာ... ပွင့်ဝေလေး"

"ရှင်... ကိုကိုဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦး ဒီနှစ် ကျောင်းပြန်မတက်တော့ဘူးလို့ ပြောထားပြီးပြီပဲ"

"ဘာဖြစ်လို့လဲ"

"ညီမလေးနဲ့ မခွဲနိုင်လို့ပေါ့"

"မယုံသေးဘူး"

"တကယ်ပါ... အဲဒါက နံပါတ်တစ်"

"နှစ် ကရော"

"ဦးလေးကို အားနာလာပြီ၊ တစ်လ တစ်လ ကျောင်းစရိတ်ပို့ရတာကလည်း မနည်းဘူးလေ၊ ပြီးတော့ ဒီမှာက အလုပ်တွေသိပ်များတာပဲ၊ ကိုကိုဦးမရှိရင် ဦးလေးရော၊ အဖေရော ပိုပြီးပင်ပန်းကြမယ်"

"သိပါပြီ... ဒါဆို သူများကို လွှမ်းလို့မှ မဟုတ်ဘဲနဲ့"

"လွှမ်းတာက နံပါတ်တစ်ပါဆို"

"အလုပ်တွေက များလွန်းလို့ဆို"

"များပေမယ့် ကျောင်းသွားတက်နေတာ နှစ်နှစ်တောင် ရှိနေပြီပဲ၊ ဒီနှစ်ကတော့ ပွင့်ဝေကို မခွဲနိုင်တာ တကယ်ပါ"

"ပွင့်ဝေကလည်း ကိုကိုဦးနဲ့ ခွဲရရင် သေမှာပဲ""

သူ့ကိုကိုဦး၏ လက်မောင်းကို ကိုင်ဖက် ပခုံးကိုမှီပြီး ပြောလာတော့ မောင်ရန်ပြေ ကားဂိတ်ကို စိုးထိတ်စွာ မျှော်ကြည့်လိုက်ရသည်။

ပန်းပွင့်ဝေကတော့ ဘာမှ မသိ။ ဘာမှ နားမလည်သေးသည့် အရွယ်လေ။





တစ်မြို့လုံး၏ အချမ်းသာဆုံး မြို့မျက်နှာဖုံး ဦးကျော်စွာမင်းမောင်၏ တစ်ဦးတည်းသော ချစ်သမီးလေးအား အလုပ်သမား၏သား အလုပ်သမားလေးနှင့် ထွေးရောယှက်တင် လူမြင်ကွင်းမှာ နေ၍ မသင့်...။

အချစ်ဆုံးလေး၏ သိက္ခာနှင့် ကျေးဇူးရှင် ဦးလေး၏ ဂုဏ်ကျေးဇူးကို ထောက်ထားရလေမည်။

"ဟာ... အတော်ပဲ"

စိုးရိမ်ကဲနေဆဲ ဒိုင်နာကားရှည်ကြီး တစ်စင်းက ရပ်လာ၍ ကားဂိတ်ဆီမှ လူစုလူဝေးအပေါင်းကို ကွယ်ကာပြီးသား ဖြစ်သွားတော့သည်။

ကားပေါ်မှ ဒရိုင်ဘာနှင့်စပယ်ယာကလည်း ရုံကလေးအတွင်းမှ ကားဂိတ်မှူးထံ သွားကြ၍ အားလုံး အဆင်ပြေနေချိန်မှာ...

"ကိုကိုဦးရယ်...ပွင့်ဝေလေ ကိုကိုဦးကိုပဲ တစ်အားဖက်ထားချင်တယ်၊ ဘယ်တော့မှ မခွဲရ မခွာရအောင် အခုလို ကပ်နေချင်တယ် သိရဲ့လား"

"ဒါတော့ မဖြစ်နိုင်ဘူး ပွင့်ဝေ"

"ဟင်... ဘာ"

"အမြဲတမ်း ခုလို ခုလို ဖက်ထားလို့ မဖြစ်ဘူးဗျ"

ကိုဦးက ပန်းပွင့်ဝေ၏ ပခုံးကို သိုင်း၍ တစ်အားဖက်ထားနေဆဲ"

"ကိုကိုဦးနော်... အမြဲတမ်း ချစ်ခွင့်မရရင် ခုကတည်းက မချစ်နဲ့ပေါ့၊ သူများစိတ်ညစ်အောင် မလုပ်နဲ့၊ ငိုချလိုက်မှာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ့်ကိုပြောတာ...ကြားလေသွေးဆိုတာလို အမြဲကပ်နေလို့တော့ မရဘူး ပွင့်ဝေ"

မျက်နှာတည်ကြီးနှင့် ပြောလာတော့ ပန်းပွင့်ဝေ ရင်ထဲမှ ဒေါသက ဖျဉ်းခနဲဖြစ်လာပြီး ဖက်ထားသော ကိုကိုဦးကို ဆောင့်တွန်းပစ်လိုက်သည်။

ဆယ့်ခုနစ်နှစ်အရွယ် နုငယ်လွန်းသောနှလုံးလေးမှာ အင်အားကြီး အချစ်တွေဝင်တော့ ခံစားမှုက ပြင်းပြလှသည်။

"တကယ်ပြောတာ... အခုလို ခပ်ဝေးဝေး နေရတော့မယ်၊ နောင်ဆိုရင်..."

"နောင်မှ လုပ်မနေနဲ့၊ ခုကတည်းကနေ သွား"

"ဟား ဟား... တကယ်ပြောတာဗျ၊ ဟောဒီ ကိုကိုဦးတို့နှစ်ယောက်ကြားမှာရယ်၊ ကိုကိုဦးရဲ့ ပေါင်ပေါ်မှာရယ်၊ ပွင့်ဝေလေးရဲ့ ရင်ခွင်ထဲမှာ သားတွေ သမီးတွေ တစ်ထောကြီး ဝိုင်းနေကြတော့မှာကို ကြိုပြီး...

"ကြည့်... ကြည့်... ကဲ"

"အား"

တီရှပ်ပြာဝတ်ထားသော ကိုဦး၏ လက်မောင်းကျစ်ကျစ်ကို ပန်းပွင့်ဝေက ကုန်းကိုက်လိုက်တာ အကွင်းလိုက်ဒဏ်ရာ...။

"ငယ်ငယ်ကအတိုင်း ဆိုးတုန်းပဲ၊ ကြည့်စမ်း... သွားပေါက်တဲ့ အရွယ်ကတည်းက အကိုက်ခံခဲ့ရတာ အခုထိပဲ၊ ခွေးဝင်စားမလေး"





နှဖူးပြေလေးကို မနာအောင်ထုပြီး ချစ်စနိုးနှင့် ပြောရှာလေသော ကိုဦး...

သွားရာများ အကွင်းလိုက် ထင်လျက် နီမြန်းသွားသော ဒဏ်ရာကို ကြည့်ပြီး ပန်းပွင့်ဝေ သနားသွားမိသည်။

"သိပ်နာသွားလားဟင်... ကိုကိုဦး"

"ကိုကိုဦးရဲ့ ရင်ကိုခွဲပြီး နှလုံးသားကို ထုတ်ယူခဲ့ရင်တောင် မနာပါဘူးလို့ ဖြေမယ့် ကိုကိုဦးပါ အချစ်ရယ်၊ ပွင့်ဝေအတွက် အားလုံး ခွင့်လွှတ်နိုင်တယ်၊ အရာခပ်သိမ်း စွမ်းဆောင်ပေးနိုင်တယ်၊ ပွင့်ဝေကို ကိုကိုဦး မျိုချထားချင်လောက်အောင် ချစ်လှပါတယ်ဗျာ"

"ကိုကိုဦးရယ်..."

သူ့လက်ကိုင်အိတ်ထဲမှ လက်ကိုင်ပဝါလေးကို ထုတ်ပြီး ပန်းပွင့်ဝေက သူကိုက်ထားသော နေရာကို အာငွေ့နှင့် ငုံ၍ပေးပြီးမှ လက်ကိုင်ပဝါလေးနှင့် စည်းပေးလိုက်သည်။

"နေပါစေ... ပွင့်ဝေရယ်၊ ကိုကိုဦး မနာပါဘူးဗျာ၊ အဲဒါ ပွင့်ဝေ ကလေးလေး ဘဝကတည်းက အကျင့်ပဲ"

"ဟုတ်တယ်... မေမေက ပြောဖူးတယ်၊ သူငယ်နာ ကင်းအောင် ကျားရိုးတွေ သွေးတိုက်မိလို့လား မသိဘူး။ သိပ်ကိုက်တာပဲ၊ မောင်ရန်ပြေဆို သူ သိပ်နိုင်တာ၊ သူ့ခမျာ သမီးကိုက်ထားတဲ့ ဒဏ်ရာတွေ အကွင်းလိုက်တဲ့"

"ဟုတ်တယ်... ငယ်ငယ် ကလေးလေး ဘဝကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေးခဲ့တဲ့ ကိုကိုဦးပဲဗျာ၊ ခုလို ချစ်သူဘဝ ရောက်တော့ ပန်းပွင့်ဝေလေးရဲ့ အနိုင်ခံပေါ့"

"မနိုင်ရက်တော့ပါဘူး ကိုကိုဦးရယ်..."

ပခုံးစွန်းသို့ ပြန်လည်မှီကပ်လာသော ချစ်သူ၏ ကိုယ်လုံးလေးကို မြတ်နိုးမှုအပြည့်နှင့် နူးညံ့ ညင်သာစွာ ဖက်ပိုက်ထားလိုက်မိသည်။

သျှောင်ပင်ထက်ဆီမှ ငှက်ကလေး နှစ်ကောင် နားနေပြီး ကျည်ကျည်ကျာကျာ အော်မြည်နေကြသည်ကို မော့ကြည့်ပြီး ကြည်နူး သောရင်ဖြင့် ပြုံးပြုံးရွှင်ရွှင်ကြီး ဖြစ်နေကြဆဲမှာ...

ဒိုင်နှာကား၏ ဟိုဘက်ခြမ်းဆီမှ လူတစ်ယောက် သူတို့ရှိရာသို့ လာနေကြောင်း ခြေထောက်ပိုင်းကို မြင်ရသည်နှင့် လူချင်းခွာလိုက်ကြရသည်။

အသက် လေးဆယ့်ငါးနှစ်, ခြောက်နှစ်ခန့် ကိုယ်လုံးပြားပြားခပ်ဝဝ အမျိုးသမီးကြီးတစ်ဦးက ခြင်းတစ်လုံးကို လက်ကဆွဲလျက် သူတို့ရှိရာဘက်သို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်။

ပန်းပွင့်ဝေက ကြောက်ရွံ့စွာ မျက်နှာပျက်သွားသော်လည်း ကိုရန်ပြေက တည်ငြိမ်စွာ မတ်တတ်ရပ်လိုက်သည်။

အနီးကပ်လေမှ မျက်နှာပြားပြား အသားဖြူဖြူနှင့် ကရင်အမျိုးသမီး ဖြစ်ပုံရသော အမျိုးသမီးကြီးက ကြည်လဲ့ ပြုံးရွှင်စွာ...

"ဩရိသက ဆေးလာတင်တဲ့ ကားမြင်လို့ ဘယ်သူလာသလဲ သိချင်တာနဲ့ မေးကြည့်တော့ ဒီမှာရှိတယ်ဆိုလို့ လိုက်လာခဲ့တာပါ"





ဖော်ရွေသောအပြုံး၊ စိတ်နှလုံးကောင်းပုံရသော မျက်နှာထား၊ သစ္စာရှိပုံရသော မျက်ဝန်းနှင့် နှုတ်ခမ်းများကို ကြည့်ပြီး ပန်းပွင့်ဝေပင် လေးစားသွားသည်။

"ဦးကျော်စွာမင်းမောင်ရဲ့ သမီးလေးပါ ပါလာတယ်ဆိုလို့၊ သူလေးလားဟင်"

"ဟုတ်ပါတယ် ခင်ဗျ"

"လှလိုက်တဲ့ကလေးကွယ်... ဆရာနဲ့လည်း တူလိုက်တာနော်၊ ဒါနဲ့ သားက ဒေါက်တာစောပြည့်ရဲ့သား ဆိုတာလားဟင်"

"မဟုတ်ပါဘူးခင်ဗျ"

"ဩော်... ဒီကသစ်နီကို ဒေါက်တာစောပြည့်ရဲ့ သားလေး ရောက်နေတယ် ကြားလို့၊ ပြီးတော့ ဒီသမီးလေးကိုလည်း ကြည့်ချင်လို့ပါ"

အမျိုးသမီးကြီးက သူ့စကား အဓိပ္ပာယ်နှင့် သူ့ဟာသူ ပြည့်စုံစွာ ပြောပြီးပြုံးနေသော်လည်း ချစ်သူနှစ်ယောက်ကတော့ နားလည်၍ မရကြ။

အမျိုးသမီးကြီးသည် ပန်းပွင့်ဝေ၏ရှေ့မှာ ဆောင့်ကြောင့်ကလေးထိုင်ပြီး ပန်းပွင့်ဝေ၏ ပါးလေးကို ကိုင်လိုက်၊ လက်လေးကို ဆွဲလိုက်နှင့် ကွဲကွာနေသော ဆွေမျိုး သားသမီးလေးကို ပြန်တွေ့ရသည်သို့ သူ့အပြုံးက ဝင်းကြည် တောက်ပလွန်းလှသည်။

"သမီးလေး မေမေရော နေကောင်းရဲ့လား"

"ဟုတ်ကဲ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာသတင်းလည်း ကြားပါတယ်၊ စိတ်မကောင်းဘူးလေ၊ ခုလောက်ထိ ရှာမရရင်တော့ ဆုံးပြီထင်ပါရဲ့ကွယ်"

"အန် ... အန်တီက ဘယ်သူလဲဟင်"

ပန်းပွင့်ဝေ မေးရဲသည်ကို ကိုရန်ပြေ သဘောကျသွားသည်။ သူလည်း သိချင်လှပါပြီ။

"အန် ...အန်တီက အလျင်ဟုန်းက ဒေါက်တာစောပြည့်ရဲ့ ဆေးခန်းက သူနာပြုဆရာမပါ၊ နော်ဂလိုးရီယာလို့ ခေါ်ပါတယ်"

"ဟုတ်လား ...ဘဘပြည့်ကိုပဲ သမီး မှတ်မိတယ်၊ အန်တီ့ကို မမှတ်မိတာ ခွင့်လွှတ်ပါနော်"

"သမီး ဘယ်မှတ်မိပါ့မလဲကွယ်၊ အင်း ... ဘယ်မှတ်မိနိုင်ပါ့မလဲလေ၊ သမီးကို မွေးပြီးကတည်းက အန်တီ အလုပ်ထွက်ပြီး ဒီမြို့က ပြောင်းသွားခဲ့တာပါ"

"အခု ဘဘပြည့်ရဲ့သားလည်း ရောက်နေတယ်၊ မေမေ ဖေဖေတို့နဲ့ ခင်တယ်ဆိုရင်လည်း အန်တီအိမ်လာလည်ပါလားဟင်"

"မလုပ်ပါနဲ့ ... သမီးရယ်"

ဒေါ်နော်ဂလိုးရီယာက ကိုရန်ပြေကိုအကဲခတ်သလို တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ ...

"သမီးမေမေ မြနှင်းဖြူကိုတော့ အန်တီနဲ့ တွေ့ခဲ့ကြောင်း ပြောပြလိုက်ပါလေ ...၊ သူက အင်မတန်မှ သဘောကောင်းတဲ့ မိန်းကလေးပါ"

"ဟုတ်ကဲ့ရှင့်"





"အန်တီနဲ့ တွေ့ခဲ့ကြောင်း သမီးဖေဖေတော့ မသိပါစေနဲ့၊ အဲလေ ... တကယ်လို့ သိသွားလည်း ပြောပြလိုက်ပါ၊ မိုင်းခမြို့ထဲ မှာပဲ နေပါတယ်၊ အန်တီ့ကတတိအတိုင်း ကသစ်နီမြို့ထဲကို မဝင် ပါဘူးလို့"

"ရှင်"

"ပင်းတလဲတောင်ခြေ ကားဂိတ်ကိုပဲလာပြီး 'ကျေးနှစ်ပင် ရွာ'မှာ အမေ နေမကောင်းနေတာ သွားကြည့်မလို့ပါလို့သာ ပြော လိုက်ပေါ့နော် ..."

"ဟုတ်ကဲ့ရှင့်"

"သမီးလေး ဘယ်လိုပုံစံလဲဆိုတာ ကြည့်ချင်လွန်းလို့ သတင်း ကြားတာနဲ့ လာခဲ့တာ၊ အန်တီ သွားမယ်နော်"

"ဟုတ်ကဲ့ရှင့်"

အမျိုးသမီးကြီးကသာ အားလုံး ပြည့်စုံ နားလည်စွာ ပြော ကြား နှုတ်ဆက်ပြီး ပြန်အထွက်တွင် ...

"မင်းကရော ဩရိသကပဲလား"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဘယ်သူ့သားလဲ"

"ဦးစံလှထွန်း"

"အေး ...ထင်လို့မေးတာ၊ ကိုဦးရဲ့မျက်နှာက ငယ်ရုပ်ကလေး မပျောက်သေးဘူးဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးကျွမ်းဝင်စွာ နေထိုင်ခဲ့ဖူးသူ တစ်ဦး၏ သံယောဇဉ် စကားများပါလား။

"ဦးစံလှထွန်းကိုလည်း ပြောလိုက်ပါကွာ၊ အန်တီ ကသစ်နီ မြို့ထဲကို မဝင်ပါဘူးလို့၊ အဲ... သူတို့မမေးရင်လည်း ဘာမှမပြော ကြနဲ့ပေါ့လေ၊ ကဲ... သွားမယ်နော် သမီးလေး"

"ဟုတ်ကဲ့ရှင့်"

"ကိုဦးလည်း အန်တီ သွားပြီနော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဒေါ်နော်ဂလိုးရီယာ ဆိုသော အမျိုးသမီးကြီး၏ စကားများကို နားလည်နိုင်ခြင်း မရှိစွာဖြင့် ကျန်ရစ်ခဲ့ကြသော ချစ်သူနှစ်ဦးသည် သူ သွားရာသို့သာ မျက်စိတစ်ဆုံး လိုက်ကြည့်နေမိကြပါတော့သည်။

တကယ်ဆို ပန်းပွင့်ဝေက ကလေးမို့ မမေးဖြစ်တတ်သည် ထား...

ကိုရန်ပြေ အနေနှင့် ဤအမျိုးသမီးကြီးသည် မည်သူဖြစ် ကြောင်း မေးလိုက်သင့်ပါသော်လည်း...

အံ့ဩခြင်းက ပိတ်ဆို့ထားသည်။ ပြီးတော့ အလျှင်မပြတ် သော စကားများကို သူတစ်ဦးတည်း ပြောဆိုပြီး ဆောလျင်စွာ ပြန်ထွက်သွားလေသူမို့...

သူတို့နှစ်ဦး၏ ရင်ထဲသို့ နားမလည်နိုင်ခြင်းများစွာကိုသာ ထားရစ်ခဲ့ပါလေ၏။

○





## အခန်း (၁၅)

ခြံထဲတွင် မြင်ရခဲ့သော ဒေါ်မြနှင်းဖြူသည် ခြံတံခါးထိပ်နှင့် တိုက်ရှေ့ကို ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် မြို့ထဲဘက် ကားလမ်းဆီသို့ တမျှော်မျှော်နှင့် ဖြစ်နေရှာသည်။

"ဟော... ကားပြန်လာပြီ... တော်ပါသေးရဲ့" စိတ်အေး ဖွယ် အတွေးမဆုံးခင် ဝင်လာသော ကားက ကိုကို၏ အလုပ်ဌာနမှ ကိုရီးယားဂျစ်ကား...

သမီးနှင့် မောင်ရန်ပြေတို့ စီးသွားသော ဆေးတင်သည့် ဒေါ့ချ် ကားကြီး မဟုတ်။

"ဘာထွက်လုပ်နေတာလဲ"

"သမီး ဒေါ့ချ်ကားကြီးနဲ့ ပါသွားလို့၊ ကိုကိုရော ဘာပြန်လုပ် တာလဲ ဟင်"

"ကိစ္စ အရေးကြီးလို့"

ခင်ပွန်းသည်နှင့်အတူ အိမ်ပေါ်သို့ အပြေးတက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက် မဟုတ်၊ အလုပ်ကိစ္စဖြစ်နေ၍ တော်ပါသေးသည်။

ဆေးပုလင်းများက အဆင်သင့်ရှိနေပြီး ဆေးပုလင်းမှာ ပတ်စရာ တံဆိပ်စက္ကူက ရောက်မလာသေး၍ ကိုကို ဒေါပွနေသည်။

ပုံနှိပ်စက်ကလည်း အလွန်ရိုက်ချင်ပါလျက် မီးပျက်၍ ဘာမှ မတတ်နိုင်။ ဒါကို ကိုကိုက လုံးဝသည်းမခံနိုင်ဘဲ ကိုယ်ပိုင်မီးစက်နှင့် လည်ပေးမည့် ပုံနှိပ်စက်သို့ ပြောင်းရွှေ့ပစ်မည်။ ပထမ ပုံနှိပ်တိုက်ပိုင်ရှင်က သည်အလုပ်တစ်ခုကိုသာ အားထားရ၍ ခေတ္တသည်းခံစောင့်ပါရန် ဆိုသည်ကိုပင် မစောင့်နိုင်တော့ကြောင်း။

"ရုံးမှာလည်း အရေးကြီးတဲ့နေ့မှာမှ နှစ်ယောက်က ခွင့်ယူတယ်၊ နောက်ဘက်က အဆောက်အအုံအတွက် သစ်ပါမစ်ကျထားတဲ့ စာရွက် လာယူတာ"

"မြနှင်းဖြူကို ဖုန်းဆက်လိုက်ရောပေါ့၊ တစ်ယောက်ယောက် ယူခိုင်းလိုက်ရင်..."

"ဘယ်နေရာမှာ ထားမိမှန်းကို မသိလို့ ကိုယ်တိုင်လာရှာရတာ၊ ဒီနေ့မှ ဒီပါမစ်စာရွက် မတွေ့ရင် မရနိုင်တော့ဘူး၊ အလုပ်ကလည်း သိပ်များတယ်ကွာ... တောက်"

ဒေါသများနှင့်အတူ ဟိုဗီရိုဖွင့်၊ ဒီအံဆွဲရှာပြီးတော့ ဂျိန်းခနဲ ဒိုင်းခနဲနေအောင် ပြန်ပိတ်...

သူ့ကြည့်ရတာ ပျာယာကိုခတ်ပြီး ကြည့်ရသူ ဇနီးသည်ပင် မောလှပါပြီ...။





"မြနှင်းဖြူ ဝိုင်းရှာပေးရမလား ကိုကို"

"အေး... ရှာ"

မြနှင်းဖြူသည် သူ့စားပွဲ၊ အိပ်ခန်းထဲ၊ တယ်လီဗေးရှင်းနှင့် ဒက်(က်)စင်ပေါ်ပါမကျန် အနှံ့ရှာပြီးတော့...

ဦးကျော်စွာမင်းမောင် ကိုင်၍ ပြန်လာသော သူ့ ဘရိဖ်ကေ့စ် အိတ်၏ ဇစ်ကိုဖွင့်ပြီး စာရွက်များကို တစ်ခုချင်းရှာလိုက်တော့...

"ဒါလား ကိုကို"

"အာ... ဟုတ်တာပေါ့၊ ရုံးပါသွားလျက်နဲ့ သက်သက် ပင်ပန်းရတယ်"

"အဲဒီအိတ်ထဲ ရှာမကြည့်မိဘူးလား"

"ကြည့်တော့ ကြည့်သား မတွေ့ဘူး၊ အလုပ်ကလည်း သိပ်များတယ်ကွာ၊ စိတ်ညစ်ပါတယ်"

"နည်းနည်းလျှော့ပါ ကိုကိုရယ်၊ ကိုကို့ ကြည့်ရတာ ပင်ပန်းလွန်းလို့ပါ"

"အေးလေ... ကိုကို့ကိုယ်စားလည်း လုပ်နိုင်တဲ့လူမှ မရှိဘဲ"

"အင်းနော်... သားလေး နှစ်ယောက်လောက် ထပ်မွေးရင် အကောင်းသား၊ အဖေနဲ့ အဖော်ရမှာ၊ ကိုကိုက ကလေးယူရတာ ခက်တယ်ဆိုလို့"

"ဒါတွေ ထားစမ်းပါတော့ကွာ၊ ကဲ... ကိုကို အလုပ်တိုက်ကို ပြေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ကိုကို၊ သမီးနဲ့ မောင်ရန်ပြေလည်း ခုထိ မလာကြသေးပါလား"

"လာမှာပေါ့ကွာ"

"ပင်းတလဲတောင်ခြေ ကားဂိတ်အထိ ကိုကိုက ဘာလို့ သမီးကို ထည့်လိုက်ရတာလဲကွယ်"

"မောင်ရန်ပြေနဲ့ပဲ"

"သမီးဟာ သိပ်ငယ်ပါသေးတယ် ကိုကိုရယ်၊ မောင်ရန်ပြေနဲ့ ဆိုပေမယ့် လွှတ်ထားသင့်တဲ့အရွယ်မှ မဟုတ်တာ"

"ကားဂိတ်သွားတာ လွှတ်ထားတာလား၊ မောင်ရန်ပြေဟာ အရည်အချင်းသိပ်ရှိလို့ ကိုကိုက သမီးနဲ့ သဘောတူတယ်၊ မြနှင်းဖြူကဲ... ကိုကိုသွားမယ်"

* * *

စောင့်မျှော်ရသော အချိန်က ကြာညောင်း ရှည်လျားလွန်းလှချေသည်။

ဒေါ်ချိုကားကြီး ခြံတွင်းဝင်လာပြီး မောင်ရန်ပြေ ကိုယ်တိုင်မောင်းကာ သမီးက ဘေးမှပါလာသည်ကို မြင်ရလေမှ ရင်တွင်းသောကမီးသည် ငြိမ်းသေ၏။

"လာစမ်း... သမီး"

အိမ်ပေါ်သို့ မြူးပျော်စိတ်နှင့် ခုန်ပေါက် ပြေးတက်လာသောသမီးကို ဧည့်ခန်းမှာပင် ဝင်ထိုင်စေလိုက်ပြီး...





"သမီးတို့သွားတာက ထမင်းစားပြီး နေ့လယ် ဆယ့်တစ်နာရီက၊ အခု သုံးနာရီကျော်နေပြီ၊ မေမေ စိတ်ပူနေမယ်လို့ မထင်ဘူးလားဟင်"

"ဟင်... ဘယ်ထင့်ပါ့မလဲလို့၊ ဖေဖေကိုယ်တိုင်က သမီးကိုကိုဦး ကားဂိတ် ဆေးသွားပို့ရင် လိုက်သွားလို့ ပြောခဲ့တဲ့ဥစ္စာကို"

ဒေါ်မြနှင်းဖြူ သက်ပြင်းချမိသည်။

ရင်ထဲမှာအသိတွေ၊ အတွေးတွေ၊ ခံစားချက်တွေ များစွာရှိနေပါသော်လည်း နှုတ်မှထုတ်၍ ပြောလေ့မရှိသူ။ စကားနည်းလွန်းသူ ဒေါ်မြနှင်းဖြူသည်...

"သမီးနဲ့ ကိုဦးနဲ့ ချစ်နေကြပြီလား"

ဆိုသော စကားကို မေးလိုလှသော်လည်း မမေးရက်၊ မေးလို့မထွက်...

မောင်ရန်ပြေသည် အပြစ်မဲ့သူ တစ်ယောက်ဖြစ်သော်လည်း သမီးနှင့် ထိုက်တန်လောက်အောင်တော့ အရည်အချင်းရှိသူ မဟုတ်နိုင်ပါ။

"မေမေ သမီးကို ဘာပြောမလို့လဲ၊ ပြောလေ မေမေ"

အမျိုးသားငယ် တစ်ယောက်နှင့် အတူတွဲလာသဖြင့် ရှက်ရွံ့စွာ မိခင်နှင့် ရင်ဆိုင်ရခြင်းမျိုး အလျဉ်းမရှိသော ပန်းပွင့်ဝေ၏ အပြစ်မဲ့မျက်နှာ...

"ကိုဦးနဲ့ မြို့ပြင်အထိ အခုလို နှစ်ယောက်တည်း သွားတာ မေမေ မကြိုက်ဘူး သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦးနဲ့က တစ်သက်လုံး သွားနေကျပဲဟာကို မေမေ ကလည်း"

"ဒါပေမယ့် ဒီလောက်ဝေးဝေးနဲ့ ဒီလောက်ကြာကြာ မသွားဖူးဘူးလေ၊ တစ်သက်လုံး သွားနေကျဆိုတာက ကလေးဘဝကပါ၊ အခု သမီးလေးက အရွယ်ရောက်လာပြီ၊ ဆင်ခြင်ရတော့မယ်"

"အမြဲဆူနေတဲ့ ဖေဖေကတောင် ကိုကိုဦးနဲ့ သွားခွင့်ပြုတာကို မေမေက ပိုပြီး အဖြစ်သည်းနေတာယ်"

သမီးငယ်ကိုကြည့်ပြီး ဒေါ်မြနှင်းဖြူ ဒေါသထွက်သွားသည်။

နူးညံ့သော မိန်းမသားတို့၏ ထုံးစံအတိုင်း ရင်တွင်းမှ ဒေါသသည် ကြမ်းတမ်းသော စကားလုံးအဖြစ် အပြင်သို့ထွက်မလာ။

သမီးငယ်လေးကိုသာ ရင်နာစွာ၊ နမြောစွာ၊ စိုးရိမ်ပူပန်စွာ ကြည့်ပြီး မျက်ရည်များ ဝိုင်းတက်လာရင်းက...

"ပန်းပွင့်ဝေ... သမီးလေး၊ ကိုဦးနဲ့ အနေအထိုင် ဆင်ခြင်စမ်းပါ သမီးရယ်၊ မေမေ စိတ်ပူလွန်းလို့ပါ"

○





## အခန်း (၁၆)

ပြည့်ဖြိုးဝေသည် တာဝန် ပြီးဆုံးချိန်တိုင်းမှာ အချိန်မလပ် အခါမလပ် စုံစမ်း မေးမြန်းမှုများကို ပြုခဲ့သည်။

ညြရှိသသို့ ညှိသည်စိမ်းအဖြစ်နှင့် သုံးလေးခေါက် ထပ်၍ ရောက်သော်လည်း အလျှင်လို လိုက်လံမှု မရှိကြ။

ဒေါ်မြနှင်းဖြူက သူ့ကျေးဇူးရှင်၏သားလေးအဖြစ်နှင့် ကြိုဆို လက်ခံချင်ပုံ ရပါသော်လည်း ဦးကျော်စွာမင်းမောင် ကိုယ်တိုင်က သိပ်ပြီးလိုလားဟန်မပြ၍ ဒေါ်မြနှင်းဖြူလည်း လိုက်လံဟန် မပြရဲပါ။

ဘဘပြည့်၏သားဆိုပြီး တရင်းတနှီး ရှိခဲ့လေသော ပန်းပွင့်ဝေ ကိုယ်တိုင်ပင်လျှင် ပြည့်ဖြိုးဝေ ရောက်လာလေတိုင်း ခပ်ရှောင်ရှောင် ဖယ်ဖယ် လုပ်နေတတ်သည်။

"ဟို... ရဲအရာရှိက ပွင့်ဝေကို စိုက်စိုက်ကြည့်နေတဲ့ မျက်လုံးတွေ မြင်ရတိုင်း အဲဒီ သူ့အကြည့်တွေဟာ ဆူးချွန် သံချွန်အဖြစ်တွေနဲ့ ကိုကိုဦးရဲ့ နှလုံးသားမှာ လာပြီးစိုက်သလိုပဲ ချစ်ရယ်..."



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ကိုကိုဦး၏ စကားကြောင့် ကိုပြည့်ဖြိုးဝေနှင့် တမင်ကို ရှောင်ဖယ်ဖယ် လုပ်၍နေလိုက်ခြင်းပါ။

ချစ်သူ မကြိုက်သည်ကို ရှောင်ကြဉ်ခြင်းနှင့် ချစ်သူ ကြိုက်သည်ကို လိုက်နာခြင်းသည် ကြီးမားသော ချစ်ခြင်းမေတ္တာ၏ သရုပ်ပြမှုဟု ပန်းပွင့်ဆေ ခံယူတတ်လေပြီဖြစ်ကြောင်း ပြည့်ဖြိုးဝေ သိပါ၏။

သူသည် မည်သူနှင့်မှ မရင်းနှီးရလျှင် နေပါစေ။ ဖေဖေ့အချစ်ဆုံးကလေးလေး ဖြစ်ခဲ့သည်ဆိုသော ပန်းပွင့်ဆေနှင့်ဖြင့် အလျှင်တစ်ခါ ဆံတော်ရှင်ဘုရားကုန်းတော်ပေါ် သွားသလို လွတ်လပ်အေးငြိမ်းစွာ သွားချင်မိသည်။ ပန်းပွင့်ဝေနှင့် ထိုင်၍ စကားပြောနေရလျှင်ပင် မိသားစုအလွမ်းပြေ အဖြစ် ကြည်နူးမိမှာပါဟုလည်း ဖြူစင်စွာ တွေးခဲ့ပါ၏။

ယခုတော့ ဤအတွေး၊ ဤဆန္ဒများ ပျက်ရသည်ကိုပင်လက် မခံနိုင်။

ဘာပဲဖြစ်ဖြစ် ချစ်စရာကောင်းစွာ ပွင့်လင်းလှသော ပန်းပွင့်ဆေလေးနှင့် ပြန်လည် ခင်မင် ရင်းနှီးမှုရအောင် ကြိုးစားဦးမည်ဟု ပြည့်ဖြိုးဝေ အားမလျှော့စွာ ခံယူထားပါ၏။

"ကိုပြည့်ဖြိုးဝေ"

"ဟာ… ဟုတ်ကဲ့ ဆရာ"

သူ့ထက် တစ်ဆင့်ကြီးသော ရဲအရာရှိက ပြည့်ဖြိုးဝေ၏ စားပွဲရှေ့မှာ လာထိုင်၍ လေးစားမှုပြုလိုက်ပြီးမှ…

"ဆရာ… ဘာများခိုင်းစရာရှိလို့လဲ"





"မရှိပါဘူး… ဆွေးနွေးစရာလေး ရှိလို့ပါ"

"ဟုတ်ကဲ့… ပြောပါ ဆရာ"

"ကိုပြည့်ဖြိုးဝေ အနေနဲ့ ဩရိသအပေါ်မှာ သံသယရှိလို့ စုံစမ်းခွင့်ပေးပါ၊ စုံစမ်းစစ်ဆေးပေးပါလို့ တင်ပြထားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကျွန်တော်နဲ့ ဒေါက်တာစောပြည့်တော့ မဆုံလိုက်ဘူးလေ၊ ဒါပေမယ့် ကသစ်နီတစ်မြို့လုံးက လေးစား ချစ်ခင်ခဲ့တဲ့ ဒေါက်တာဦးစောပြည့် ပျောက်ဆုံးမှုကိစ္စကို ကျွန်တော်ကိုယ်တိုင်လည်း စိတ်ဝင်စားပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

"အဖြစ်မှန်လည်းပေါ်စေချင်တယ်လေ၊ဒါကြောင့် ကိုပြည့်ဖြိုးဝေ သံသယရှိကြောင်း တင်ပြချက်အရ ကျွန်တော်တို့ တစ်ဖွဲ့လုံး ထောက်လှမ်းနေတာ ကြာပါပြီ၊ မနေ့ကပဲ သူတို့ရဲ့ဆေးတွေကို ရှောင်တခင် ရှာဖွေစစ်ဆေးပြီး ချက်ချင်း ဓာတ်ခွဲကြည့်လိုက်တယ်"

"ဟုတ်လား… ဆရာ"

"ကိုပြည့်ဖြိုးဝေရေ… ဦးကျော်စွာမင်းမောင်ရဲ့ အဘိုးအဘွားလက်ထက်က ဆေးနည်းအတိုင်း တကယ့်အတိအကျ ဖော်စပ်ထားတဲ့ မြန်မာ့ဆေးစစ်တွေကလွဲလို့ ဘာမှ သံသယဖြစ်စရာ မတွေ့ရဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရဲ့လုပ်သားတွေ၊ ဆေးပင်စိုက်တဲ့ခြံတွေကို လေ့လာလိုက်တော့လည်း ဘာမှကို မထူးခြားဘဲ အားလုံး ရိုးရိုးသားသား ပဲဗျာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဦးကျော်စွာမင်းမောင်ဟာ လူသားတွေ အကျိုးပြုတဲ့ မြန်မာ့ဆေးစွမ်းကောင်း ထုတ်လုပ်သူတစ်ယောက် စစ်စစ်ပါ။ ပြီးတော့ သူဟာ ဒီမြို့ဇာတိ၊ သူတို့ဆွေစဉ် မျိုးဆက်တစ်ခုလုံး ဘာ့ရာဇဝတ်မှုမှ မရှိတဲ့ အပြစ်ကင်းစင်တဲ့ လူကြီးလူကောင်း တစ်ယောက်ဆိုတာ သေချာပါပြီ။ ဒါကြောင့် ဦးကျော်စွာမင်းမောင် အပေါ်မှာ တင်ရှိနေတဲ့ သံသယတွေ ချေဖျက်လိုက်ပါတော့လေ"

"ကောင်းပါပြီ... ဆရာ"

"ဒေါက်တာဦးစောပြည့်ဟာ ဆရာဝန်တစ်ယောက်မို့ ချစ်သူတစ်ရာရှိသလို မုန်းသူတစ်ယောက်လည်း ရှိချင် ရှိနိုင်မှာပေါ့လေ၊ အဲဒီ တစ်စုံတစ်ယောက်ရဲ့ လက်ချက်ဖြစ်စေ၊ သူ့ကိုယ်တိုင်ရဲ့ ကိုယ်ရေး ကိုယ်တာအရဖြစ်စေ ပျောက်ဆုံးသွားတာလို့ပဲ ယူဆလိုက်ပါတော့ ကိုပြည့်ဖြိုးဝေ"

"သဲလွန်စရဲ့ အစအနလေးတောင်မှ မရတာ အသည်းနာမိတာပါပဲ ဆရာရယ်"

"ကိုယ့်မိဘ ဆိုတော့လည်း ခံစားရမှာပေါ့လေ။ ဩရိသမိသားစုနဲ့မပတ်သက်တာ သေချာပေမယ့် တစ်နေရာရာက သတင်းစသတင်းနလေး ရချင်လည်း ရလာဦးမှာပေါ့၊ စိတ်အေးအေးထားပါ၊





ပျောက်သောသူ ရှာရင်တွေ့ ဆိုတဲ့ စကားလည်း ရှိသားပဲ မဟုတ်လား"

ဆရာဦးထွန်းဝေသည် ပြည့်ဖြိုးဝေ၏ ပခုံးလေးကို ပုတ်ကာ နှစ်သိမ့်မှုပေးပြီး သူ့အခန်းရှိရာသို့ ပြန်သွားလေတော့သည်။

ဦးထွန်းဝေ ပြောကြားသွားသကဲ့သို့ပင် တခြားသော စုံစမ်းမှု နေရာမှလည်း သတင်းဆိုး မကြားရ။

ပရဆေးပင် စိုက်ခင်းကြီးအတွင်းမှာ ဘိန်းခင်းများစိုက်ခြင်း၊ ထုတ်လုပ် ဖြန့်ဖြူးခြင်းများ လုပ်လေသလား ဟူသော သံသယများလည်း ရှင်းခဲ့ပြီ။

အချိန်မရွေး ခွင့်တောင်းပြီး မြန်မာ ပရဆေးပင်များကို ဝင်ကြည့်နိုင်ခွင့်ရှိ၍ ဘိန်းစိုက်ခင်းများလည်း မဖြစ်နိုင်တော့။ သက်ဆိုင်ရာကလည်း ရှာဖွေ စစ်ဆေးပြီးပါပြီ။

ဖေဖေနဲ့ အချစ်ဆုံး အရင်းနှီးဆုံး မိတ်ဆွေမိသားစု၊ ဖေဖေ့ကို ကျေးဇူးရှင်အဖြစ် တခမ်းတနားထား၍ စောင့်ရှောက်ပေးခဲ့သော ဩရိသမိသားစုကို ငါ အထင်မှားမိခဲ့ပြီ။

ငါ့သံသယတွေအားလုံး ချေဖျက်ပြီး သူတို့နဲ့ ပြန်လည်ခင်မင်ခွင့်ရအောင် ငါ ကြိုးစားဦးမှပါပဲလေ။

ပြည့်ဖြိုးဝေ၏ မျက်ဝန်းထဲမှာ အတွေးထဲမှာ ထာဝရ ရှင်သန်နေသူကတော့ အပြစ်မဲ့ အလှရှင်မလေး ပန်းပွင့်ဝေ...။

ဝ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ဒေါက်တာဦးစောပြည့် ကသစ်နီမြို့ကို ရောက်ပြီးချိန်မှ အပြီး ပြန်သွားချိန်အထိ ကိုးနှစ်ကျော် ကာလပတ်လုံးမှာ ထိတွေ့ ပတ်သက် အတူလုပ်ကိုင်သူများ အားလုံးနှင့် ပြည့်ဖြိုးဝေ တွေ့ရှိပြီးပါပြီ။

ကသစ်နီဆေးရုံမှ ဝန်ထမ်းများသည် ဆရာဝန်များနှင့် အချို့ သူနာပြုများသာ အပြောင်းအရွှေ့ ရှိကြပြီး သူနာပြုဆရာမများ၊ စာရေးကြီးများ၊ ဓာတ်ခွဲခန်းမှူးများနှင့် သန့်ရှင်းရေးသမားများမှာ ကသစ်နီမြို့သူ မြို့သားများဖြစ်၍ အားလုံး အပြောင်းအရွှေ့ မရှိကြ။

ဆေးရုံဝန်ထမ်းများ အားလုံးက သူတို့ချစ်သော၊ သူတို့နှင့် ရင်းနှီးကျွမ်းဝင်စွာ နေခဲ့သော ဒေါက်တာစောပြည့်၏ သားဖြစ်သူ သူ့အား လှိုက်လှဲခင်မင်စွာ ကြိုဆိုခဲ့ကြ၍...

ယခုအခါမှာ အားလုံးနှင့် ပြည့်ဖြိုးဝေ ရင်းနှီးနေခဲ့ပါပြီ။

ဩရိသကို လေ့လာစရာကိစ္စများ ပြီးဆုံးသလို ရှိနေ၍ အချိန်





အားရတိုင်း ဒေါက်တာစောပြည့် နှစ်ပေါင်းများစွာ အလုပ် လုပ်ကိုင်ခဲ့သော ကသစ်နီ၏ မြို့နယ်ဆေးရုံလေးသို့ လာဖြစ်၏။

ယခုအခါမှာ အားလုံးနှင့်လည်း ခင်မင်ရင်းနှီးနေပါပြီ။

ကသစ်နီဆေးရုံသည် မြို့၏ အရှေ့ဘက် ကသဲချောင်းမှ လှမ်းမြင်နေရသော နေရာတွင် သီးခြားလေး တည်ရှိနေပါ၏။

အားလုံး တစ်ထပ်တိုက် အဆောက်အအုံနီနီလေးများဖြစ်ပြီး အထွေထွေရောဂါ၊ အဆုတ်ရောဂါကုဆေးရုံ သီးသန့်နှင့် အမျိုးသမီး သားဖွားဆောင်ကိုလည်း တသီးတခြား တည်ဆောက်ထားပါ၏။

ဆေးရုံ၏ပိုင်မြေက ကျယ်ဝန်းပြီး ပန်းပင်များ၊ ဇာဒံပင်ရိပ်များ၊ ပင်လယ်ကဗွီး ဟုခေါ်သော ထင်းရှူးပင်နှင့်တူသော ရွက်မြွာပင် အုပ်အုပ်ကလေးများဖြင့် ရှင်းသန့်နေပါ၏။

ဒေါက်တာဦးစောပြည့် ရှိစဉ်က သားဖွားတော်သော ဆရာဝန် ဟူသည့် နာမည်တစ်လုံးဖြင့် ဆေးရုံ၌ မွေးလူနာတွေ တင်းကြမ်း...။

တစ်သက်လုံး အိမ်မှာ လက်သည်နှင့်မွေးခဲ့သော ကလေး လေးငါးယောက်မိခင်များပင် ဆေးရုံမှာ လာမွေးကြသည်။

တစ်ဦးတလေမှ အဖိတ်အစဉ် မရှိခဲ့...။

သည်အချိန်မှာ ကလေး မရနိုင်သေးသော ကိုကျော်ဇွာ မင်းမောင်နှင့် မမြနှင်းဖြူတို့ကို ဂရုတစိုက် ကုသ ဆောင်ရွက် ပေးခဲ့သဖြင့် သမီးရတနာကလေး ရရှိခဲ့ပြီး 'မိခင်ရော ကလေးပါ ဤဆေးရုံမှာပင် အသက်လု ကုသပေးခဲ့ပြီးသည့်နောက်ပိုင်းတွင်...

"ဆရာဝန်တွေနေဖို့ ဆောက်ထားတဲ့ အိမ်ကလည်း စစ်ကြို



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကတည်းကလေ၊ စေတနာရှင်တွေကလည်း ဆေးရုံသာ ပြင်ကြတာ၊ ဆရာဝန်နဲ့ ဆရာမတွေအိမ်တော့ ဘယ်သူမှ ပြင်မပေးကြဘူး သားရဲ့"

"ဒါပေါ့ စစ္စတာရယ်"

"ကြမ်းကကျိုး၊ မိုးကယိုနဲ့မို့ ဦးကျော်စွာက သူ့ဩရိသခြံကြီးမှာ တိုက်တစ်လုံးဆောက်ပြီးတော့ကို ခေါ်ထားတာ၊ ဆွေမျိုးမက ရင်းနှီးချစ်ခင်ရုံမက ဆရာ့ကို တလေးတစား တရိုတသေကိုထားကြတာပါ"

ကြားရလေသမျှ နေရာတိုင်းမှာ ဩရိသနှင့် ဖေဖေတို့၏ ချစ်ခင်ရင်းနှီးမှု အကြောင်းက ထပ်တူထပ်မျှချည်းသာပါ။

"ဖေဖေရှိစဉ်ကတည်းက စစ္စတာက ဒီပို့စ်ပဲလားဟင်"

ဦးထုပ်အဖြူအပြားကြီး၊ လုံချည်အစိမ်း၊ ကြိုးသိုင်းဖိနပ်အဖြူနှင့် ပြတ်သား ပြေလည်သော ဆေးရုံမှ ဒေါ်အုန်းရီ ဆိုသော ဆရာမ အကြီးဆုံးနှင့် ပြည့်ဖြိုးဝေက အပြေလည်ဆုံး။

"မဟုတ်သေးဘူး သားရဲ့၊ စတာပ်ဖ်ဘဝနဲ့ လုံချည်အပြာဝတ်ပဲ ရှိသေးတယ်၊ အဲဒါကလည်း နော်ဂလိုးရီတာ ဆိုတဲ့ ကရင်မ ဆရာမတစ်ယောက် အလုပ်ကထွက်သွားလို့ပါ"

"ဩော်..."

"သူက ဆီးချိုရောဂါ ရှိတော့ အပင်ပန်း 'မခံနိုင်တာတစ်ကြောင်း၊ ဆရာနဲ့လည်း သိပ်ခင်တာတစ်ကြောင်းမို့ အလုပ်ထွက်လိုက်လို့ သူ့နေရာကို အန်တီ ပြောင်းလာရာကနေပြီး အခုလို





စစ္စတာအဆင့် တိုးမြင့်လာတာ၊ ဒီဆေးရုံမှာပဲ ကြာပါပြီ သားရယ်"

စစ္စတာ ဟုခေါ်သော အစိမ်းဝတ် ဆရာမကြီး ဒေါ်အုန်းရီ ကပင်လျှင် သူ့ဓာတ်ဘူးထဲမှ ကော်ဖီကို ငှဲ့ပြီး ပြည့်ဖြိုးဝေကို သောက်စေ၍ ဧည့်ခံရှာသည်။

"ဩော်... အဲဒီ ကရင်ဆရာမ နော်ဂလိုးရီယာ ဆိုတာ သိပ်ပြီးသဘောကောင်းတယ်၊ သဗ္ဗာလည်း ရှိတယ်၊ အလုပ်လည်း ကြိုးစားတယ်၊ ဒါကြောင့် ဆရာ့ဆေးတိုက်မှာ ညနေပိုင်း သူ အမြဲဝင်လုပ်တာပေါ့"

"နော်ဂလိုးရီယာက ဖေဖေ မြို့ထဲမှာဖွင့်ထားတဲ့ ဆေးခန်းမှာ အလုပ်လုပ်တယ်လား"

"အေးလေ"

"သူ့အကြောင်းတော့ ကျွန်တော် သတိမထားမိဘူး၊ အခု သူရော ကသစ်နီမှာပဲလား"

"အင်း... အဲဒီ နော်ဂလိုးရီယာကလည်း ဆန်းသား"

"ခင်ဗျာ"

"ဆရာ့ဆေးခန်း ညနေပိုင်းမှာပဲ အလုပ်လုပ်ဖို့ အားကိုးနဲ့ အလုပ်က ထွက်လိုက်တာ၊ ဆရာကလည်း သူ့အတွက် အားကိုးရတဲ့ ဆရာမကြီးဆိုပြီး ဆေးရုံကရတဲ့ လခထက်တောင် ပိုပေးပါသေးတယ်"

"ဟုတ်ကဲ့... ဆန်းတယ်ဆိုတာ ဘာများပါလဲ ခင်ဗျာ"

"ဆရာနဲ့ ပြေပြေလည်လည် ဆေးခန်းမှာ အလုပ် လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြရင်းက ရုတ်တရက် အလုပ်ထွက်သွားတယ်၊ လျော်ကြေးတွေ အများကြီး ပေးလိုက်သလိုလိုလည်း ကြားတယ်"

"ဗျာ... ဘာကြောင့်လဲ"

"ဘာကြောင့်မှန်းကို မသိဘူး၊ အရပ်စကားတွေပေါ့လေ၊ ငွေတွေပေးလိုက်ရတယ် ဆိုတဲ့ သတင်းကလည်း ဘာကြောင့် ထွက်နေမှန်းကို မသိဘူး"

"အဲဒါ ဖေဖေနဲ့ သို့မဟုတ် ဩရိသနဲ့ ဘယ်လိုပတ်သက်ပါသလဲ ခင်ဗျာ"

"အန်တီတော့ လုံးဝမတွေးတတ်ပါဘူး သားရယ်၊ နော်ဂလိုးရီယာဟာ ကသစ်နီမြို့နဲ့ ဝေးလံလှတဲ့ 'မိုင်းခမြို့'လေးမှာ ခြံဝင်းနဲ့ တစ်ထပ်အိမ်လေးတစ်လုံးဝယ်ပြီး သွားနေသတဲ့ ကြားတာပဲ၊ အဲဒါကိုပဲ လူတွေက တွေးပြီး ငွေတွေရသွားတယ်လို့ ပြောဟန်ရှိပါတယ်"

"သူ စုဆောင်းထားတာလည်း ဖြစ်ကောင်း ဖြစ်မှာပေါ့နော်"

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ သူ့လခနဲ့ သူ ဆေးဖိုးကကာမိရုံပဲလို့ ခဏခဏညည်းနေတတ်တာ"

"ကျွန်တော်တော့ ဘာမှ မတွေးတတ်တော့ဘူး၊ ဒီကိစ္စကို အန်တီက ဘယ်လိုထင်ပါသလဲ၊ ဖေဖေကရော ဘာပြောဖူးသလဲ ဟင်"

"အန်တီက မေးဖူးတယ်၊ နော်ဂလိုးရီယာဟာ ဆရာ့ကို သိပ်လေးစားတာ၊ အလုပ်တွဲလုပ်လို့လည်း အဆင်ပြေနေကြတယ်၊ ဘာလို့ အလုပ်ထွက်သွားတာလဲလို့ မေးမိတယ်"





"ဒီတော့ ဖေဖေက ဘာပြောလဲဟင် အန်တီ"

"မျက်နှာမကောင်းလှဘူး၊ အန်တီမှတ်မိတယ်၊ သူ့အကြောင်းနဲ့ သူ ရှိလို့ပေါ့ဗျာ၊ ကျွန်တော့်ကို မမေးပါနဲ့လို့ ပြောဖူးတယ်"

"ဒီ နော်ဂလိုးရီယာဆိုတဲ့ ဆရာမနဲ့ ဖေဖေတို့ချင်းသာ သိကြတဲ့ အကြောင်းတော့ ရှိမယ်ထင်တယ်နော်"

"အေးကွယ်"

"အဲ့ဒီ ဆရာမကြီးပြောင်းသွားတာ မိုင်းခမြို့ကလေးနော်၊ အဲဒီမှာတော့ သူ ရှိနေဦးမယ်ထင်ပါရဲ့"

"မပြောတတ်ဘူး သားရယ်"

"အဲဒီဘက်လည်း တစ်ချိန်ချိန်တော့ ကျွန်တော် တာဝန်ကျမှာပါ၊ အဲဒီအခါမှာ ဖေဖေနဲ့ အရင်းနှီးဆုံးဖြစ်ခဲ့တဲ့ ဆရာမကြီး နော်ဂလိုးရီယာနဲ့ တွေ့ဖြစ်အောင် ကျွန်တော် သွားတွေ့ဦးမယ်"

○



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

"ဟင်... ကိုကိုဦးကလည်း ကျောင်းပိတ်လို့ ပြန်လာတဲ့ ရက်တွေမှာ အအားအနားမနေဘဲ ဘာတွေလုပ်ဦးမလို့လဲ"

"ယောကျ်ားပဲ ပွင့်ဝေရယ်၊ ဘာလို့ နားမလဲ၊ အားတဲ့ရက်မှာမှ လူသားတွေအတွက် အကျိုးရှိမယ့်လုပ်ငန်းတွေကို တစ်ထောင့်တစ်နေရာက ကူညီသင့်တာပေါ့၊ လူဆိုတာ အချိန်ပြည့် ကိုယ့်အတွက်၊ ကိုယ့်အတွက်ချည်းပဲလုပ်နေရင် လူမမည်နိုင်ပါဘူး ပွင့်ဝေ၊ ကိုယ့်အတွက်လည်း အကျိုးရှိစေ၊ လူသားကောင်းကျိုးပြု လုပ်ငန်းတွေလည်း ဆောင်ရွက်စေဆိုတဲ့ မျှတတဲ့စိတ်မျိုး ထားရမှာပေါ့"

"ပွင့်ဝေ နားမလည်ဘူး"

"နားလည်အောင် ကိုကိုဦး ပြောပြမယ်လေ၊ ကမ္ဘာပေါ်မှာ ဖလောရင့်စ်နိုက်တင်းဂေးလ်တို့၊ မဒမ်ကျူရီတို့၊ နောက်ဆုံးနိဘယ်ဆုရသွားတဲ့ မာသာထရီဇာတို့ဆိုတဲ့ အမျိုးသမီးတွေဆိုရင် ကိုယ်ကျိုးလုံးဝ စွန့်လွှတ်ပြီး လူသားတွေကောင်းကျိုးအတွက်ပဲ ဆောင်ရွက်ခဲ့ကြတယ်"





"ကဲပါ... ရှည်လိုက်တာ၊ ကိုကိုဦးက ဘာလုပ်မှာလဲ"

"သူတို့တွေနဲ့စာရင် အသေးအမွှားပါ၊ ဒါပေမယ့် တကယ်လိုအပ်နေတဲ့နေရာတွေကို သွားပြီး ကိုယ်ဖိရင်ဖိ လုပ်အားပေးလိုက်ရင် အများအတွက် အကျိုးပြုလုပ်ငန်း ဖြစ်ရမှာပေါ့၊ အခုလောလောဆယ်မှာတော့ ကိုကိုဦးပဲ ဦးဆောင်ပြီး ကသစ်နီမြို့နယ် ဆေးရုံသန့်ရှင်းရေးကို စတင်ဆောင်ရွက်မလို့"

"အမယ်လေး... သန့်ရှင်းရေးလုပ်တာများ ဆေးရုံသွားလုပ်ရတယ်လို့၊ ရွံစရာကြီး ကိုကိုဦးရယ်"

"ဆေးရုံရွံတယ်ဆိုရင် ဆရာဝန်တွေ၊ ဆရာမတွေ ဘယ့်နှယ်လုပ်မလဲ ပွင့်ဝေရဲ့၊ ဆေးရုံပေါ်မှာ နာမကျန်းစွာနဲ့ ဒုက္ခရောက်နေရှာတဲ့ ဝေဒနာသည်တွေအတွက် လိုအပ်တာ ကူညီမယ်၊ ဆေးရုံအတွင်း အပြင် သန့်ရှင်းရေးလုပ်ပေးမယ်"

"လုပ်ပေါ့"

"ဆေးရုံသန့်ရှင်းရေး လုပ်အားပေးပွဲကိုတော့ ကိုကိုဦးနဲ့အတူလိုက်ခဲ့ရမှာခင်ဗျ"

"သွားစမ်းပါ... မလိုက်သေးဘူး"

"ပွင့်ဝေ လိုက်ခဲ့ရမှာ သေချာတယ်၊ ဘာဖြစ်လို့လဲ သိလား"

"မသိဘူး"

"ဦးလေးက မင်းညီမပါ ခေါ်သွားတဲ့"

"ဟင်"

"လုပ်အားပေးပွဲမှာ သမီးလည်း ပါပစေတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဖေဖေက ဒီလိုပဲပြောလား... တကယ်လား"

"တကယ်ပေါ့... မယုံရင် ဒေါ်လေး မေးကြည့်ပါလား"

ဝရန်တာမှ ပက်လက် ကုလားထိုင်ပေါ်တွင် မှီလှဲထိုင်ရင်း စိပ်ပုတီးစိပ်နေသော ဒေါ်မြနှင်းဖြူကို လှမ်းကြည့်လိုက်ပြီး...

"ဟုတ်လား... မေမေ၊ ကိုကိုဦးပြောတာ ဟုတ်လားဟင်"

"ဟဲ့... ဘာလဲ"

တစ်ရာ့ရှစ်လုံးသော စိပ်ပုတီးကုံးမှ သူစိပ်ပြီးသည့် အလုံးရေ နေရာကို ခေါင်းမှ ဆံညှပ်ကလေးဖြုတ်၍ ပုတီးမှာမှတ်ပြီး ပန်းပွင့်ဝေတို့ရှိရာသို့ ထ,လာသည်နှင့်...

"ဟုတ်လား မေမေ... ဆေးရုံသန့်ရှင်းရေး လုပ်အားပေးပွဲကို သမီးလည်း လိုက်သွားရမယ်လို့ ဖေဖေက ပြောတယ်ဆို"

ဒေါ်မြနှင်းဖြူက ခေါင်းညိတ်သော်လည်း မျက်နှာက တည်ငြိမ်လွန်းလှသည်။

"ဟုတ်တယ် ကိုဦး၊ သူ့အဖေက သူ့သမီး လူ့လောက အကြောင်း နားလည်အောင်တဲ့လေ"

"ဟုတ်ကဲ့၊ ဦးလေးက ကျွန်တော့်ကိုလည်း ပြောပါတယ်၊ ဦးလေးက လူမှုရေးလုပ်ငန်း အင်မတန်ဝါသနာပါပေမယ့် အလုပ်ကပိ၊ အသက်ကကြီးလို့ လူကိုယ်တိုင်ရဲ့ စွမ်းအားနဲ့ မကူညီနိုင်လို့ ငွေတွေ အများကြီး ထည့်နေတာပါတဲ့၊ ဒါကြောင့် ဦးလေးရဲ့ကိုယ်စား ဦးလေးရဲ့ သမီးကိုတော့ လူမှုဝန်ထမ်းကိစ္စတွေမှာပါ ပါဝင်စေချင်တယ်၊ မင်းညီမကိုခေါ်သွား ကိုဦး... လို့ ပြောလိုက်ပါတယ်ခင်ဗျာ"





"အေးပေါ့ကွယ်... ခေါ်သွားပေါ့၊ ဒါပေမယ့် သမီးလေးဟာ မွေးကတည်းက ဘာအလုပ်မှ ပင်ပင်ပန်းပန်းမလုပ်ခဲ့ဘူးလို့ ကိုဦးပဲ ကြည့်ပြီး သက်သာတဲ့နေရာက ထားပေးပါနော်"

ကိုဦး ဆိုသော မောင်ရန်ပြေသည် အဓိပ္ပာယ်ဖြင့် ပြည့်ဝနေသော အပြုံးကို ပြုံးလျက် ဒေါ်မြနှင်းဖြူသို့ ရိုကျိုးစွာ ခေါင်းညိတ်ပြလိုက်ရပါ၏။

* * *

ကသစ်နီမြို့နယ် လမ်းစဉ်လူငယ်များ ဦးဆောင်သည့် လူမှုရေး ကူညီမှု လုပ်အားပေးပွဲကြီး၏ ရှုခင်းက အားတက်ဖွယ်ရာကောင်း လှသည်။

အားလုံး ကိုယ့်အသိ စိတ်ဓာတ်ဖြင့်ကိုယ် တပင်တပန်း ပါဝင် ဆင်နွှဲနေကြခြင်း ဖြစ်ပေသည်။

ကိုဦးသည် တက္ကသိုလ်မရောက်မီ ကသစ်နီမြို့၏ အ.ထ.က ကျောင်းသားဘဝကလည်း လမ်းစဉ်လူငယ်အဖွဲ့ဝင်။ သူ့ကို ရွေးချယ်ခံခဲ့ရ၍ လမ်းစဉ်လူငယ်ခေါင်းဆောင်ယင်တန်း တက်ပြီးသား။

"လာ... ပွင့်ဝေ... ဟောဒီ မှန်ပြတင်းတံခါးတွေပေါ်မှာ တင်နေတဲ့ ဖုန်တွေကို ဒီအဝတ်နဲ့စင်အောင် သုတ်နော်၊ ကိုဦး ဆေးရုံဝင်းထဲမှာ မြက်ရှင်း အမှိုက်ကျုံးနေတဲ့သူတွေဆီ သွားလိုက်ဦးမယ် နော်"

"နေကပူနဲ့ ကိုဦးရယ်"

"ပူပါစေဗျာ... ဆေးရုံဝန်ထမ်းတွေရယ်၊ လူနာတွေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



လူနာရှင်တွေရယ် အပြင်မှာ သန့်ရှင်း ကြည်လင်ပြီး အချိန်များစွာ ရှင်အေးနေစေဖို့အတွက် ကိုဦးတို့ လုပ်အားပေးပွဲအဖွဲ့ တစ်နေ့တာ နေပူခံရတာ ပူစမ်းပါစေ ပွင့်ဝေရယ်”

ကိုဦး ထွက်သွားတော့ ပန်းပွင့်ဝေမှာ စိတ်အားငယ်သလိုလို နှင့် ငိုချင်လာမိသည်။ လက်ထဲမှ အဝတ်စနှင့် မှန်တံခါးချပ်များကို တို့ရုံလေး သုတ်နေမိပါ၏။ သည်အလုပ်တွေက အိမ်မှာဆို အိမ်ဖော် တွေရဲ့ အလုပ်တွေပဲ။

“အမယ်လေး… ဟဲ့…ပန်းပွင့်ဝေ၊ နင်က လုပ်အားတွေ ဘာတွေ လာပေးလို့ပါလား”

တစ်တန်းတည်းမှ ‘အေးအေးနွယ်’နှင့် သူငယ်ချင်းများက တအံ့တသြ ပြောကြတော့ ပန်းပွင့်ဝေ၏မျက်နှာမှာ ပန်းနုရောင် ဖြစ်သွားအောင် အရှက်ဝေသွားမိ၏။

သူတို့သည် ပန်းပွင့်ဝေ၏အဖြစ်ကို ကြည့်၍ မနေအားပါ။ နှုတ်ဆက်စကားဆိုပြီး ဆေးရုံခန်းတွင်း ဝင်သွားကြတော့သည်။

ပန်းပွင့်ဝေမှာ မှန်ကို တစ်နေရာတည်းသာ အဝတ်ဖြင့် တို့နေ ရင်း အခန်းတွင်း လှမ်းကြည့်လိုက်တော့…

“ကျေးဇူးတင်လိုက်တာ သမီးလေးရယ်… ခြေတစ်ဖက် လက်တစ်ဖက်ကျိုးလို့ ပလာစတာ ကိုင်ထားရတာ၊ ခေါင်းမရှင်း နိုင်တာလည်း ကြာပါပြီ၊ ခုတော့ စိတ်ကို ပေါ့သွားတာပဲ၊ သာဓုပါ ကွယ် ရောဂါဘယ ကင်းကြပါစေ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြပါစေ”





ဆံပင်ကိုဖြီး၍ ဆံထုံးတင်းနေအောင် ထုံးပေးလိုက်သော အမျိုးသမီးငယ်သို့ ဝေဒနာရှင်၏ မေတ္တာပို့ ဆုတောင်းစကား…

“ကျေးဇူးတင်လိုက်တာ သားလေးရယ်… အမေ့ခုတင်က နံ့နေလို့ အမေမှာ ဆင်းရခက် တက်ရခက်နဲ့ ခုလို သားတို့ ဒေါက် တွေထောက်၊ မျဉ်တွေပိုးပေးလိုက်တော့ ခုတင်လေးကို တောင့်သွား ပြီ။ ချမ်းသာကြပါစေ… လိုရာဆန္ဒ ပြည့်ကြပါစေ… စာမေးပွဲ လည်း အထူးအောင်ကြပါစေ လူလေးတို့ရယ်”

သည်သို့သော မေတ္တာဝေသည့် စကားသံများ၊ ကြည်နူး ကျေနပ်နေကြသော အပြုံးမျက်နှာများကို လူနာတိုင်းထံမှ ကြားနေရ မြင်နေရပေသည်။

“ဟဲ့… ပွင့်ဝေပါလား၊ နှမ်းမတော်မယ်နု… နှမ်းမဆောင် ပေါ်က ဆင်းလာတာလား”

“ဟော့ကောင်… ‘ရဲစိုး’ မနောက်ပါနဲ့ကွ၊ သူ့အဖေက ဒီနေ့ တစ်နေ့လုံး ဆေးရုံကလူနာတွေအတွက် အစားအသောက်နဲ့ ဆေးဝါး ရယ်၊ တို့လုပ်အားပေးပွဲအဖွဲ့စားဖို့ ဒံပေါက်ထမင်းရယ် တာဝန်ယူ လှူတာ၊ ဒါကြောင့် ပွင့်ဝေပါ လုပ်အားလာပေးတာ ဖြစ်မှာပေါ့”

“ကျေးဇူးတင်ပါတယ် အောင်အောင်ရယ်”

ရဲစိုးကို တစ်ချက်မျက်စောင်းထိုးပြီး ‘အောင်အောင်’ကို ဖြေရ သည်။

တစ်တန်းတည်းနေ သူငယ်ချင်းများကိုမူ အားနည်းစွာ ပြုံးပြ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ပန်းပွင့်ဝေက ဒီဆေးရုံမှာ လုပ်အားပေးတာ တို့တွေထက် အမိပ္ပာယ်ရှိပါတယ်"

"အောင်အောင်ပြောတာ ပွင့်ဝေ နားမလည်ဘူး"

"ဒီလိုပါ... တို့တွေအားလုံးက တောသားတွေ၊ တချို့လည်း အိမ်မွေးပေါ့ကွာ၊ ပန်းပွင့်ဝေကျတော့ ဆေးရုံမှာ ခက်ခက်ခဲခဲမွေးခဲ့ရတာတဲ့ အမေက ပြောပြတယ်၊ ဒီဆေးရုံမှာမွေးလို့၊ ဆရာဝန်ကလည်း တော်လို့ သူ့အမေရော ပန်းပွင့်ဝေရော အသက်ရှင်တာတဲ့၊ ဒါကြောင့် ဒီဆေးရုံက နင့်အသက်ကိုကယ်ခဲ့တဲ့ နေရာပဲ ပွင့်ဝေ၊ နင်က ပိုပြီးတောင် လုပ်အားပေးထိုက်ပါသေးတယ်၊ ကဲ... တို့ အိမ်သာဆေးပြီး ဆေးဖျန်းဖို့ သွားလိုက်ဦးမယ်နော်"

အောင်အောင့်စကားကြောင့် ပန်းပွင့်ဝေ၏ ရင်ထဲမှာ တလှပ်လှပ် ခုန်လာသည်။

ဆံပင်ရှင်းပေးသော မိန်းကလေးများ၊ အိမ်သာဆေးသော ယောကျ်ားလေးများသည် ဤဆေးရုံကြီးနှင့် သူ့လို ပတ်သက်ခဲ့ဖူးသူများ မဟုတ်ကြပါလား။

အောင်အောင်၏ စကားက ပန်းပွင့်ဝေ၏ စေတနာနှင့် အင်အားကို ဖြစ်ထွန်းစေခဲ့ပြီ ...

လက်ထဲမှာ ကိုင်ထားသော အဝတ်စကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး မှန်ကွက်စေအောင် အားနှင့် ပွတ်တိုက်လိုက်တော့မှ မှန်သားပြင်က ကြည်လင်သွားသည်။

မှန်သားပြင်ကဲ့သို့ပင် ပန်းပွင့်ဝေ၏ ရင်မှာလည်း ကြည်လင်သွားခဲ့ပါပြီ။





ဝဒ်အတွင်းသို့ပါဝင်ပြီး သူငယ်ချင်းများနည်းတူ သန့်ရှင်းရေးကို ဝိုင်းကူလိုက်တော့ ရွှင်ရှာသောစိတ်များပြယ်လွင့်ကုန်ခဲ့ပြီ။ စေတနာသည် ရင်တွင်းသို့ အစားထိုး ဝင်ရောက်လာခဲ့လေပြီ။

သူ လူ့လောကသို့ ရောက်စ ကာလမှစ၍ လူသားတို့၏ အကူအညီဖြင့် အသက်ရှင်ခဲ့ရသည် မဟုတ်ပါလား။

လူ...ဟူသည်မှာ လူသားချင်းကူညီခြင်း၊ စေတနာထားခြင်း၊ တတ်အားသမျှ ကူညီခြင်း၊ ဒုက္ခရောက်သူကို ပြုစုခြင်းသည်သာ လူ့အမိပ္ပာယ်ဖြစ်ကြောင်း ပန်းပွင့်ဝေ သိနားလည်ခွင့်ရခဲ့ပါပြီ။

ထိုနေ့က ...

လုပ်အားပေးပွဲအပြီးမှာ လမ်းစဉ်လူငယ် ဥက္ကဋ္ဌ၏ အမှာစကားများက တန်ဖိုး ရှိလှသည်။ စကားပြောကလည်း ပိုင်ပြီးပြတ်သားလှသဖြင့် နားထဲသာမက ရင်ထဲမှာပါ စွဲသွားအောင် ပြောတတ်နိုင်ပါပေသည်။

ယနေ့ လူငယ်တို့သည် အကောင်းဘက်နှင့် အဆိုးဘက် နှစ်ခုကို အားပြိုင်နေကြပေသည်။

အဆိုးဘက်သို့ ယိုင်သွားရသည့် အကြောင်းအရာများစွာထဲတွင် 'အားလပ်နေခြင်း' သည်လည်း အကြောင်းအရာတစ်ခုအဖြစ် ပါဝင်နေပေသည်။

ရာတာဝန်ကို မထမ်းဆောင်ခြင်းနှင့် လူမှုရေးကိစ္စများကို စိတ်မဝင်စားကြသော လူငယ်တို့မှာ အချိန်ပြည့် ကိုယ်ပိုင်အားလပ်ချိန် ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အားလပ်နေချိန်မှာ လူငယ်သဘာဝအရ ပျော်ရွှင်မှုကို ဦးစားပေးတတ်ကြသည်။

ဤသို့ ဦးစားပေးရာမှာ သီဆို တီးခတ်ခြင်းဘက်သို့ လိုက်လျှင် တော်သေးသည်။ အနုပညာကို ဝါသနာမပါလျှင် လောင်းကစားဘက်သို့ ယိုင်သွားတတ်သည်။ ထို့ထက်ဆိုးသော မူးယစ်ဆေးများ သုံးစွဲသည့်ဘက်သို့ ရောက်သွားခဲ့လျှင် မိသားစု၏ ဆုံးရှုံးမှု၊ တိုင်းပြည်အတွက် လူငယ်တစ်ဦး၏ လုပ်အားဆုံးရှုံးမှုများကို ဖြစ်ပေါ်လာစေနိုင်သည်။

ထို့အတွက် လူငယ်မောင်မယ်များအဖို့ အားလပ်ခြင်း၊ ပျင်းရိခြင်းများအစား တာဝန်ယူခြင်း၊ လက်လှမ်းမီရာ အလုပ်တစ်ခုခုကို လုပ်ကိုင်ခြင်း၊ နောက်ဆုံး မိဘကို ကူညီခြင်း စသော အလုပ်တာဝန်တစ်ခုခုသည် မလွဲမသွေရှိနေအပ်ပေသည်။

ထို့ကြောင့် ယခုလို စုပေါင်း လုပ်အားပေးခြင်း၊ လူမှုရေးကူညီခြင်း၊ ကျောင်းပိတ်အားလပ်ရက်များမှာ အကျိုးရှိစေသော သက်ဆိုင်ရာသင်တန်းများ တက်ခြင်း စသည်ဖြင့် အားလပ်ရက်များကို အစားဖြည့်စေချင်သည်။

တာဝန်တစ်ခုခု၊ လုပ်ငန်းတစ်ခုခု ရှိနေခြင်းဖြင့် စိတ်လေခြင်း၊ မကောင်းသည့်ဘက်သို့ ယိုင်ပြီး အပျော်လိုက်ခြင်း စသော အဖျက်လုပ်ငန်းများ အလိုလို ပျက်ပြယ်သွားစေမည်ဖြစ်သည်။

သည့်အတွက် ယခုလို တက်ကြွစွာ လုပ်အားပေးကြသော လူငယ်မောင်မယ်များအနေဖြင့် ပထမ မိမိ၏ဘဝ မပျက်စီးခြင်း၊





ဒုတိယ မိမိကြောင့် တစ်ပါးသောသူများ အကူအညီရခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအတွက် မိမိ၏လုပ်အား၊ စေတနာအားတို့ဖြင့် တစ်တပ်တစ်အား ကူညီရာရောက်ခြင်း စသော အကျိုးထူးများ ဖြစ်ထွန်းစေနိုင်၍ နောင်ကိုလည်း ယခုကဲ့သို့ မွန်မြတ်သော မိတ်ထားများနှင့် လုပ်အားပေးနိုင်ပါစေဟု ဆန္ဒပြုကြောင်း...

စသည်ဖြင့် ပြောကြားသွားသောစကားသံများသည် လုပ်အားပေးပွဲမှ အပြန်လမ်းတွင် လူငယ်တိုင်း၏ အသိစိတ်ဓာတ်မှာ စွဲမြဲစွာ လိုက်ပါသွားကြလေပြီ။

"ဘယ့်နှယ်လဲဟင်...ပွင့်ဝေ"

"ဟာ... ပွင့်ဝေတော့ တကယ်ပျော်သွားပြီ၊ အများအကျိုးလည်း ပြုတယ်၊ ကုသိုလ်လည်းရတာပေါ့နော် ကိုကိုဦး"

"သိပ်ဟုတ်တာပေါ့ ပွင့်ဝေလေးရယ်"

"နောင်ကို ကိုကိုဦး လူမှုရေးကိစ္စတွေ ဆောင်ရွက်ရင် ပွင့်ဝေ စိတ်မကောက်တော့ဘူးနော်"

"ဒီနေ့တော့ ကိုကိုဦးအတွက် သူများတွေထက် တစ်ခုပိုပြီး အကျိုးရှိသွားရပါပြီဗျာ၊ စိတ်ကောက်ခံရတာ လိမ်ဆွဲခံရတာတွေက လွတ်ငြိမ်းချမ်းသာခွင့် ရသွားလို့လေ"

ရယ်သံ လွင်လွင်လေးများက သူတို့နှစ်ဦး၏ ချွေးပွင့်ချွေးပေါက်လေးများနှင့် အပြိုင်ပါတကား...။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

နှစ်ပေါင်းများစွာက သုတ်ထားသော သဘော်ဆေး အစိမ်းရောင်များ လွင့်ပြယ် ကွက်ဖြူနေသော ထင်းရှူးသေတ္တာကြီးနှစ်လုံး အနက် တစ်လုံးထဲသို့ ပိုလျှံသော စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ စသော အပိုသုံးပစ္စည်းများကို သေသပ်စွာထည့်၏။ ဒုတိယ သေတ္တာထဲသို့ မိခင်ကြီးလက်ထက်ကပင် သိမ်းဆည်းခဲ့သော ထမင်းချိုင့်၊ ဓာတ်ဘူး၊ ဒန်အိုးသစ်နှင့် ပန်းကန်များ စသော အိမ်အသုံးအဆောင် ပစ္စည်းများကို...

ဦးစံလှထွန်း သိမ်းဆည်းနေသည်မှာ သုံးရက်ရှိသွားပြီ။

အိမ်ရှင်မ မရှိသော သားအဖနှစ်ယောက်၏ အိမ်မို့ အဖေကိုယ်တိုင် သိမ်းဆည်းနေရရှာသည်ဟု မောင်ရန်ပြေ ထင်မိ၏။

ယနေ့တော့ သူ့သေတ္တာတွင်းသို့ပါ အဝတ်များထည့်ပြီး...

"သားလည်း အဝတ်အစားတွေ သိမ်းတော့"





"ဗျာ..."

"အဝတ်တွေ သေတ္တာထဲထည့်လို့ဆို"

"ဘာလုပ်ဖို့ ထည့်ရမှာလဲ အဖေ"

"သန်ဘက်ခါ တို့သားအဖ ဒီအိမ်က ပြောင်းကြတော့မယ်"

"ဗျာ... ဗျာ"

အံ့ဩစရာကောင်းလွန်းသော စကားမို့ ကြားလိုက်ရပါလျက် ယုံ၍မရ၊ နားကြားများ မှားမိလေသလား။

"ကဲ... ကိုဦး အဖေခိုင်းတာ လုပ်ကွယ်၊ အလုပ်ရုံမှာကလည်း အလုပ်တွေ ပြတ်အောင်လုပ်ရဦးမှာ"

"အဖေ"

"ဟင်"

"ဒီခြံက ပြောင်းတော့မယ်၊ ဟုတ်လား... ဒီသြရိသမှာ မနေတော့ဘူး၊ ဟုတ်လား အဖေ"

"အေး..."

"ဘာ... ဘာဖြစ်လို့လဲ"

"မနေချင်လို့"

"မနေချင်တဲ့ အကြောင်းက ဘာလဲဟင် အဖေ"

"မနေချင်တာ မနေချင်တော့လို့ပေါ့ကွာ"

"အဖေ့စကားက မဟုတ်သေးပါဘူး အဖေရယ်၊ သားအဖချင်းပဲ ဘာဖြစ်လို့လဲဆိုတာတော့ ပြောကိုပြောရမှာပေါ့"

"ဒီမှာ... ကိုဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ငါ ဒီဩရိသခြိမှာ မနေချင်တဲ့ အကြောင်းရယ်၊ အမြန်ဆုံး ပြောင်းမှဖြစ်တော့မယ့် အကြောင်းရယ်ကို အဖေဟာ ဟောဒီခြံ ဟောဒီ မြေပေါ်မှာ ပြောလို့မဖြစ်ဘူး၊ အဖေ့မှာ သစ္စာကတိ ရှိခဲ့တယ်၊ ဒါကြောင့် အဖေ့ကို ဘာမှထပ်မမေးပါနဲ့ ငါ့သားရယ်"

"အဖေရယ်ဗျာ... တကယ်ပဲ ဒီဩရိသက ထွက်ခွာရတော့မယ်လား"

"ဟုတ်တယ် ကိုဦး"

"ဒါနဲ့ အဖေနဲ့ ဦးလေးက သေမှခွဲကြရမယ့် သူတွေဆို၊ အမေ ခေါင်းချသွားတဲ့ ဒီဩရိသမှာပဲ အဖေ တစ်သက်လုံး နေသွားတော့မှာဆို"

"ဟိုတုန်းကတော့ ဟုတ်တယ်သား၊ အခုအခြေအနေဟာ ချက်ချင်းပြောင်းလဲသွားပြီ"

ကိုရန်ပြေသည် အဖေ၏ အိုမှိုင်းလွန်းသောမျက်နှာနှင့် စိုးရိမ်ကြောင့်ကြလွန်းသော မျက်ဝန်းများကို ကြည့်ပြီး အသိတစ်ခုဝင်လာခဲ့သည်။

"အဖေ"

"ဘာလဲ ကိုဦး"

"အဖေ ဘာကြောင့် ချက်ချင်းပြောင်းပြေးချင်တယ်ဆိုတာ ကျွန်တော် ရိပ်မိပါပြီဗျာ"

"ဟင်... မင်း... မင်းက ဘာရိပ်မိတာလဲ"





"ကျွန်တော်နဲ့ ပန်းပွင့်ဝေနဲ့ အခြေအနေကို အဖေ သိသွားလို့ မဟုတ်လားဟင်"

ဦးစံလှထွန်း ငြိမ်နေသည်။

ပန်းပွင့်ဝေမှလွဲ၍ ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိန်းကလေးတိုင်းကို ချစ်နိုင်ပါသည်။ ပန်းပွင့်ဝေကိုတော့ ရှောင်ပါဟု အဖေ လေးနက်စွာ အသေအချာ မှာထားပါလျက်...

ယခုတော့ ပန်းပွင့်ဝေကို သူ အချစ်ကြီးချစ်ပြီး အစွဲကြီးစွဲနေမိပါပြီ။ မခွဲနိုင်တော့... ပန်းပွင့်ဝေနှင့် ဝေးရာကို ထွက်ခွာသွားနိုင်သောသတ္တိ သူ့မှာမရှိ။

"အဖေရယ်..."

ကြေကွဲသံနှင့် ခေါ်ပြီး ဖခင်ကြီးကို တောင်းပန်တော့မည့် ကိုဦးသည် အဖေ့ကို ကြည့်လိုက်တော့...

"အို..."

အဖေ့မျက်ဝန်းအိုမှာ မျက်ရည်တွေ စို့လို့ပါလား...။

အဖေသည် စိတ်ပြင်းသူ၊ လုံ့လကြီးသူ၊ အတွေးအခေါ်ရင့်ကျက်သူ၊ တာဝန်ကျေလွန်းသူမို့ အရာရာမှာ သတိအနေအထားရှိ၏။ သည့်အတွက် သူ့မျက်ရည်ကို သူ့သား မောင်ရန်ပြေ မမြင်စေချင်၊ မမြင်စေရ။

"အဖေ... ကျွန်တော့်ကိုလည်း စကား ပြောခွင့်ပြုပါဦး အဖေရယ်"

"ငါ့သား ဘာပြောမယ်ဆိုတာ အဖေ သိပြီးသားမို့ မပြောပါနဲ့တော့ သား"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ဘာသိတာလဲ၊ အဖေ ဘာကိုသိတာလဲဗျာ"

"သား ပန်းပွင့်ဝေနဲ့ သိပ်ချစ်နေလို့ ဒီမြေက ခွဲခွာမသွားပါရစေနဲ့လို့ ပြောမလို့မဟုတ်လား"

မောင်ရန်ပြေသည် တက်ကြွ လှုပ်ရှားခြင်းမရှိဘဲ ငေးငိုင်ငြိမ်သက်စွာ ထိုင်ချလိုက်ပြီး...

"ဟုတ်တယ် အဖေ၊ အဖေ့စကားကို နားမထောင်မိတာတော့ ကျွန်တော် မှားပါတယ်၊ ဒါပေမယ့် ပန်းပွင့်ဝေကို ကျွန်တော့်ရင်ထဲမှာ နင့်နေအောင် ချစ်မိနေပြီးပြီ အဖေ၊ ပြီးတော့လေ... ဒီမှာ အဖေ ကျွန်တော့်ကို ကြည့်စမ်းပါဦး"

"အင်း"

"ကျွန်တော်နဲ့ ပန်းပွင့်ဝေကို ဦးလေးကိုယ်တိုင်က သဘောတူနေပါပြီ အဖေ"

"ဘာ"

"ဦးလေးကျော်စွာက ကျွန်တော်နဲ့ ပေးစားမှာတဲ့ဗျ"

"ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပဲ ငါ့သားရယ်"

"ကျွန်တော် ဘာလို့ လိမ်ပြောရမှာလဲ အဖေ၊ ဦးလေးကိုယ်တိုင်က အခုရောက်လာတဲ့ ကိုပြည့်ဖြိုးဝေကို သဘောမကျဘူးတဲ့၊ ဖြစ်ချင်းဖြစ်ရင် ကိုယ့်အတွင်းသိ ကိုဦးနဲ့ပဲ သူ သဘောတူတယ်လို့ ဒေါ်လေးမြနှင်းဖြူကို ပြောနေတာ ပန်းပွင့်ဝေ ကိုယ်တိုင်ကြားခဲ့တာပါ အဖေ"

"အဲဒီလို မင်းကို ပန်းပွင့်ဝေက ပြောသလား"





"ဟုတ်တယ်... ပန်းပွင့်ဝေကလည်း မညာတတ်ပါဘူး"

"သမုဒ္ဒရာထဲမှာ ရေတွေခန်းကုန်ပြီဆိုရင် ယုံချင်ယုံမယ်၊ ငါ့သား ကိုဦးကို သူ့သမီး ပန်းပွင့်ဝေနဲ့ ကိုကျော်စွာက သဘောတူတယ် ဆိုတာတော့ မဖြစ်နိုင်ပါဘူး သားရယ်"

"တကယ်ပါ အဖေ... ပွင့်ဝေကို သား သွားခေါ်လိုက်ရမလားဟင်"

"ဒီမှာ... ငါ့သား ကိုဦး"

"ဗျာ"

"ပန်းပွင့်ဝေနဲ့ သားနဲ့ ချစ်နေကြတာကို စိုးရိမ်မိတဲ့ကိစ္စက ဒုတိယပါ"

"ဗျာ"

"အဖေ ဩရိသမှာနေလို့ မဖြစ်တော့တဲ့ ပထမကိစ္စရှိနေပြီသားရယ်၊ အဖေ့ကို မမေးပါနဲ့၊ ကဲ... ပစ္စည်းတွေသာသိမ်း"

"ကျွန်တော် ပန်းပွင့်ဝေနဲ့ မခွဲနိုင်ဘူး အဖေရယ်၊ ဒီခြံမှာ ဆက်နေပါရစေဗျာ"

"မဖြစ်လွန်းလို့ပါ သား"

"အဲဒီ မဖြစ်လွန်းလို့ ဆိုတဲ့အကြောင်းကို ကျွန်တော် သိချင်တယ်၊ သိခွင့်ရမယ်ဆိုရင် ကျွန်တော် လိုက်သင့်ရင် လိုက်ပါ့မယ်"

ဦးစံလှထွန်းသည် သားဖြစ်သူကို လှမ်းကြည့်လာသည်။ သူ့ပုံစံက သူ့ရင်မှာ မထွေးနိုင် မအန်နိုင်ဖြစ်နေကြောင်း သိသာလှသည်။

အဖေ့စိတ်ဒုက္ခကိုလည်း မကြည့်ရက်၊ ပန်းပွင့်ဝေကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာ၍လည်း မသွားနိုင်၊ သိလိုလှသော အကြောင်းအရာကလည်း သိခွင့်မရ။

ရင်ထဲမှာ ဦးစံလှထွန်းထက်ပင် အခံရ ခက်နေရှာသော ကိုရန်ပြေ . . .

"အဖေ"

"ဟင်"

"အဖေ ဒီခြံက အပြီးပြောင်းမယ့်အကြောင်း ဦးလေးကို ပြောပြီးပြီလား"

"ဘယ်ပြောလို့ ဖြစ်မလဲ"

"ဟင် . . ."

"ပြောရင် သူ တားမှာပေါ့၊ သူကလည်း သူနဲ့ ခွဲထွက်သွားမှာကို ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူးလေ"

"ဒါဖြင့် တိတ်တိတ်ပြောင်းပြေးကြမှာလား၊ ဒီလိုလား အဖေ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ"

"ရှင်းရှင်းပြောပါတော့ဗျာ . . . ကျွန်တော်ရှုးတော့မယ် အဖေ"

"ဒီလို သား . . . အဖေ ဒီမှာနေလို့ မဖြစ်တော့တဲ့အကြောင်းကို ဒီသြရိသ ပရိဝုဏ်ကလွန်ပြီးမှ သားကို ပြောလို့ဖြစ်မယ်၊ ကိုကျော်စွာကိုတော့ သန်ဘက်ခါ မနက်စောစောမှာ ပြောလည်းပြော၊ ပြောင်းလည်းပြောင်းနဲ့ တစ်ခါတည်း အပြီးထွက်ကြမယ်"

"ခက်လှချည်လား အဖေရယ်"





"နက်ဖြန်တော့ တိုက်ကကိစ္စတွေ အပြီးအပြတ် လုပ်ပေးခဲ့မယ်၊ စာရင်းအင်းအားလုံး အပ်လိုက်မယ်"

"ဦးလေးက အဖေ အလုပ်ထွက်မှာကို ဘယ်နည်းနဲ့မှ ခွင့်ပြုမယ် မထင်ဘူး"

"ခွင့်မပြုလို့လည်း ဘယ်ရမလဲ၊ ဘာတားပိုင်ခွင့်ရှိမှာလဲ၊ အလုပ်သမားတစ်ယောက် အလုပ်ကထွက်တာ ဘယ်တရားဥပဒေနဲ့မှ တားလို့မရပါဘူးကွာ"

"အဖေကလည်းဗျာ"

"မိန်းကလေးနဲ့ ယောကျ်ားလေးဆိုတာ သစ္စာရှိကြရင် အနှစ်အစိတ်ကြာမှ ပေါင်းရတဲ့သူတွေတောင် ရှိကြတာပဲ သားရယ်"

"ဒါပေမယ့် ပန်းပွင့်ဝေဟာ . . ."

"တော်ပါတော့ သား၊ အဖေ့ကိုသနားရင် ဒီအကြောင်း ဘာမှ ထပ်မမေးပါနဲ့တော့ကွယ်"

"အဖေရယ်"

"သန်ဘက်ခါ မနက်စောစောကို ဒီသြရိသခြံကြီးက အပြီးထွက်သွားကြဖို့ တို့သားအဖ စီစဉ်ကြပါစို့နော် သား . . ."

"အဖေ ဘာကြောင့် ဒီလို လုပ်ရတယ်ဆိုတာ မကြာခင် သား သိလာမှာပါ၊ တို့သားအဖ အမြန်ဆုံးထွက်သွားမှ ဖြစ်တော့မှာမို့ပါ၊ အဖေ့ကို သနားပါသားရယ်"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဟဲ့...ကိုဦး... စောစောစီးစီးပါလား၊ ဘာကိစ္စလဲသား"

ယောဂီတဘက်ကို ပခုံးမှာတင်လျက် ဆွမ်းနှင့် သောက်တော်ရေခွက်များ ထည့်ထားသောဗန်းကို ကိုင်၍ အပေါ်ထပ်မှ ဆင်းလာသော ဒေါ်မြနှင်းဖြူက မေးလိုက်၍...

"ပွင့်ဝေနဲ့ ခဏ စကားပြောစရာရှိလို့ပါ ဒေါ်လေး"

"အမယ်လေးကွယ်... မင်းညီမ ဘယ်တုန်းကများ ဒီအချိန် အိပ်ရာက ထဖူးလို့လဲ၊ အခု ခြောက်နာရီတောင် မထိုးသေးဘူး"

"ဟုတ်သားပဲ... ဦးလေးရော"

"သူတော့ ဒီနေ့ အစောကြီး ထ,သွားတယ်၊ ပရဆေးစိုက်ခင်းတွေ ပိုးကျလို့တဲ့"

"ဩော်"

"အလုပ်သမားတစ်ယောက်က ညဦးက လာပြောတယ်လေ၊





အဲဒါကို တစ်ညလုံး အိပ်မပျော်ဘူး ထင်ပါရဲ့ကွယ်၊ မနက် အစောကြီးထပြီး စိုက်ခင်းဘက် သွားလေရဲ့"

"မြင်းနဲ့လား"

"ကားနဲ့ သွားတယ်ထင်တယ်၊ ကားသံကြားလိုက်မိတယ်၊ သား ဘာကိစ္စရှိလို့လဲ"

ကိုဦး ဘာမှမဖြေ။ ကုလားထိုင်ပေါ်မှာ နွမ်းလျစွာ ထိုင်မိသည်။ သူ ညက တစ်မှေးမှ အိပ်၍မရခဲ့။

"ထိုင်ပါဦးသား... ဒေါ်လေး ဆွမ်းတော် သွားစွန့်လိုက်ဦးမယ်၊ အရုဏ်ဆွမ်း ကပ်ထားတာလေ"

ဟုတ်ကဲ့ပင် ပြောနိုင်စွမ်း မရှိ။ ခေါင်းညိတ်လိုက်မိသည် ထင်ပါ၏။

ပွင့်ဝေဆိုသော အချစ်ဆုံးလေး အိပ်ပျော်နေမည့် အိပ်ရာထဲသို့သွားကာ မွေ့ယူလျက် ဤနေစကြဝဠာ၏ ပြင်ပဆီသို့ ခေါ်ဆောင်ထွက်ပြေးသွားနိုင်စွမ်းသော တန်ခိုးဣဒ္ဓိပါဒ်များ ရချင်စမ်းပါဘိ။

အဖေ ဦးစံလှထွန်း အစောကြီး မြို့ထဲသို့ ထွက်သွားပြီးသည်နှင့် သူလည်း သည်အိမ်ပေါ်သို့ တက်လာခဲ့မိခြင်းပါ။

ယောက်ယက်ခတ်နေသော စိတ်ကြောင့် ဆုံးဖြတ်နိုင်စွမ်းအား မရှိပါချေ။ သည်အိမ်သို့လာပြီး ဘာတွေလုပ်မည်၊ ပြောမည်ဟူ၍ပင် တိတိကျကျ စဉ်းစားပြီးမှ ရောက်ရှိလာခဲ့ခြင်း မဟုတ်ခဲ့ပါ။

"ကိုဦး... မျက်နှာလည်း မကောင်းပါလား သား၊ မနေ့က



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာ တစ်ခုခု အဆင်မပြေလို့လား သား၊ ဦးလေးက ဆူလို့လားဟင်"

နူးညံ့သူ ဒေါ်မြနှင်းဖြူသည် ကိုဦး ဆိုသော ကလေးလေးကို ငယ်စဉ်ကပင် တူလေး သားလေးလို ချစ်ခဲ့၍ အနားမှာထိုင်ပြီး ပခုံးကို ကိုင်၍ မေးရှာသော်လည်း သူ မဖြေနိုင်။

"သား... ဘာဖြစ်နေလဲ၊ မင်း ညီမလေးနဲ့ တွေ့ချင်စရာ အကြောင်းရှိလို့လား၊ နှိုးပေးရမလား"

"ဩော်... ဟို ဒီလောက်ကြီး အရေးမကြီးပါဘူး၊ အိပ်ပါစေ ဒေါ်လေးရယ်"

"ဒါဖြင့် မင်းဦးလေးကို ပြောစရာ တစ်ခုခုရှိပြီထင်တယ်၊ ဟုတ်လား... သား"

ကိုဦးမှာ မှိုင်းဝေသော အကြည့်များဖြင့် ငြိမ်တွေနေမိ၍...

"သူ့ကို မပြောရဲရင် ဒေါ်လေးကို ပြောလေ၊ ငွေလိုလို့လားဟင် ကိုဦး"

ဒေါ်လေး၏ ငဲ့ညှာစကား၊ ယုံကြည်စွာ ပေးအပ်လေမည့် စကားများကြောင့် ဒေါ်မြနှင်းဖြူကို အားကိုးရာတစ်ခုလို ကြည့်လိုက်မိသည်။

ရင်တွင်းမှ တင်းကျပ် ရှုပ်ထွေးနေသော ကြိုးတစ်စကို ခပ်ရဲရဲပင် ဆွဲနုတ်ပစ်လိုက်မိ၏။

"အဖေနဲ့ ဦးလေး ဘာဖြစ်ကြလို့လဲဟင် ဒေါ်လေး"

"ဟင်"





ဒေါ်မြနှင်းဖြူ မျက်လုံးဝိုင်းသွားကာ...

"ဘာဖြစ်ကြလို့လဲ... သူတို့ ဘာဖြစ်ကြလို့လဲဟင် ကိုဦး"

သူ၏ တန်ပြန်မေးခွန်းကို ပို၍မဖြေတတ်နိုင်။

"အလန့်တထိတ်ကွယ်... ဦးစံကို ကိုကိုက သိပ်အားကိုးရှာတာပါ၊ အခု ဘာဖြစ်လို့တဲ့လဲ ပြောစမ်းပါဦး သားရဲ့၊ ဒေါ်လေး ရင်တုန်လိုက်ပါဘိကွယ်"

ခက်ချေပြီ...

သူ၏ အဆင်ခြင်ကင်းမဲ့မှုဖြင့် ကူးစက်စေခဲ့သော သောကသည် ဒေါ်မြနှင်းဖြူ၌ လောင်ကျွမ်းခဲ့လေပြီ။

လန့်ထိတ် စိုးရိမ်လွန်းသော အမျိုးသမီးကြီး၏ မျက်နှာကို မြင်ရတော့မှ ယောကျ်ားတို့၏ အားမာန်နှင့် ဆင်ခြင် အသိဝင်မိ၏။

"ဒီလို ဒေါ်လေးရဲ့၊ အဖေ မနေ့က အလုပ်ကပြန်လာပြီး မျက်နှာ အတော်ပဲမကောင်းဘူး၊ ညကလည်း သိပ်အိပ်ပျော်ဟန်မတူဘူး၊ အခုမနက်လည်း လက်ဖက်ရည်သောက် သွားဦးမယ်ဆိုပြီး ထွက်သွားတယ်၊ အဲဒါကြောင့်ပါ... ဦးလေးနဲ့များ စကားများကြသလား၊ အလုပ်အကိုင် အဆင်မပြေကြသလားလို့ ဒေါ်လေးကို တိုးတိုးတိတ်တိတ် လာမေးတာပါ"

မောင်ရန်ပြေ၏ စကားကို ယုံကြည် စိတ်ချစွာဖြင့် ဒေါ်မြနှင်းဖြူက...

"ဒေါ်လေးကိုတော့ ဘာမှမပြောပါဘူး ကိုဦး၊ ဦးစံက တခြားကိစ္စ စိတ်ညစ်စရာတွေ့တာ ထင်ပါရဲ့၊ အိမ်က ကိုကိုနဲ့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမပြေလည်စရာ ရှိလဲကွယ်၊ တစ်သက်လုံး လက်တွဲလာခဲ့ကြတဲ့ လူတွေပဲလေ"

"အင်း... ဟုတ်ပါတယ်လေ၊ ကျွန်တော် အတွေးချော်ပြီး အဖေ့အတွက် စိတ်ပူမိတာ ဖြစ်မှာပါ"

"ဟုတ်မှာပါ သားရယ်... သူတို့ချင်း ဘာမှဖြစ်ကြမှာ မဟုတ်ပါဘူး၊ ကဲ... ခဏထိုင်ဦး ဒေါ်လေး ကော်ဖီသွားယူလိုက်ဦးမယ်၊ ဖျော်ပြီးသား ရှိတယ်"

နေပါစေ...ဒေါ်လေးဟု တမင် မတားဖြစ်လိုက်ပါ။ ဧည့်ခန်း၌ ကြက်မွေးဖြင့် ကြမ်းကိုလှည်းနေသော အိမ်ဖော် မမေနားသို့ ကပ်သွားပြီး...

"မမေ... ၇–နာရီထိုးရင် ပွင့်ဝေကို နှိုးပေးစမ်းပါ၊ ပြီးတော့ လေ..."

နှစ်ယောက်လုံး နောက်ဘက်ဆီသို့ မလှုံလဲ ကြည့်မိကြ ပြီးမှ...

"အစ်ကိုအိမ်ကို အမြန်ဆုံးလာခဲ့ပါ၊ သိပ်အရေးကြီးတယ်လို့ ပြောပေးစမ်းပါနော် မမေ"

"ဦးလေး သိရင်..."

"ဖြစ်တယ်...ဖြစ်တယ်၊ ဦးလေး နိုင်းထားတဲ့ကိစ္စပဲ၊ ဒေါ်လေး သိလို့သာ မဖြစ်တာ၊ ဒေါ်လေးကို ဘာမှမပြောဘဲ ပွင့်ဝေကို နှိုးပြီး အမြန်ဆုံးလွှတ်လိုက်နော်၊ ကြားလား.... ရော့"

အိတ်ထဲမှ ငွေငါးကျပ် ထုတ်ပေးလိုက်တော့ မမေက





အထက်ဆင်စ ကြားမှာ ကဗျာကယာ လိပ်သွင်းလိုက်ပြီး ကြက်မွေး နှင့် ဆက်လှည်းနေ၏။

မောင်ရန်ပြေကလည်း နေရာမှာ အမြန်ပြန်ထိုင်ပြီးချိန်မှာ ဒေါ်လေးမြနှင်းဖြူ ကိုယ်တိုင် ကော်ဖီတစ်ပန်းကန်၊ မုန့်တစ်ပန်းကန် နှင့် ထွက်လာတော့သည်။

မမေတို့ကလည်း ဒေါ်မြနှင်းဖြူထက် ဦးကျော်စွာမင်းမောင် ကို ပို၍ကြောက်ကြရသည်။

ယခု မောင်ရန်ပြေ၏ ဇာတ်အိမ်ဖွဲ့ပုံက အဆင်ပြေရသည့် အထဲ ငွေငါးကျပ်၏တန်ခိုးဖြင့် မမေ ဆောင်ရွက်ပေးမှာ အသေ အချာပါ။

"မုန့်ပါစားလေ သား"

"တော်ပြီဒေါ်လေး... အိပ်ရာထပြီး ကျွန်တော် ထမင်းကြော် စားလာသေးလို့၊ ကော်ဖီပဲ သောက်ပြီး ပြန်တော့မယ်"

"အေး အေး... ငါ့သားက စိုးရိမ်တတ်ရန်ကောကွယ်၊ လူကြီးတွေကိစ္စပဲ၊ ပြဿနာဖြစ်လည်း ပြေလည်သွားမှာပါပဲ"

"ဟုတ်ကဲ့ပါ ဒေါ်လေး... ကျွန်တော် ပြန်မယ်နော်"

"အေး အေး... မိပွင့်ဝေကတော့ စာမေးပွဲဖြေပြီးမှ အိပ်လိုက် တာ ဆိုတာ"

"အိပ်ပါစေ ဒေါ်လေးရယ်"

ကိုဦး တစ်ယောက် ဩရိသ စံအိမ်ကြီးပေါ်မှဆင်းပြီး ခြံတွင်း ကို အသေအချာကြည့်လိုက်တော့...



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး မိုးဖွားလေးများ ကျထားသော မြေစိုစိုမှာ ကားဘီးရာက အထင်းသား။

ဦးလေး ဦးကျော်စွာမင်းမောင်သည် ပရဆေးပင် စိုက်ခင်းများဆီသို့ သွားခြင်းမဟုတ်ပါလား။ မြို့ထဲဘက်သို့ စောစီးစွာ ထွက်သွားကြောင်း သူ့ကားဘီးရာများက သက်သေခံနေချေလေပြီ…။

○





## အခန်း (၂၁)

နေခြည်ဖြာစ နံနက်ဦးမို့ ဝေ့ဝေနေသော မိုးပွင့်တို့သည် နေရောင်ခြည်အောက်မှာ ဖြာဆင်းနေသည်။

နှင်းငွေ့မှုန်မှုန်အောက်မှ ကသစ်ပင်ကြီးများကြားမှာ ဆွယ်တာ အဝါရောင်လေးနှင့် အပြေးလာနေလေသော အချစ်ရဆုံး နှလုံးသည်းပွတ်မလေး… ပန်းပွင့်ဝေရယ်လေ။

ကိုဦးသည် အိမ်ပေါ်မှဆင်း၍ ပန်းပွင့်ဝေ ပြေးလာသော အလျင်နှုန်းထက်ပင် မြန်စွာပြေးပြီး ကသစ်ပင်စည်ကြီးအောက်မှာ နှစ်ယောက်သား ဆုံတော့ အားပါးတရ ဖက်ပိုက်ထားလိုက်မိကြသည်။

ကိုဦးသည် သူ့အချစ်ဆုံးလေး၏ အေးစိမ့်နေသော ပါးလေးကို ပွတ်၍ တစ်ကိုယ်လုံး ကြေသွားမတတ် အားရပါးရ ဖက်ထားစဉ်မှာပင်…



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦးက အရေးကြီးလို့ လာခဲ့ပါဆိုလို့ ပြေးလာခဲ့ရတာ၊ ဒီနေ့ ဘယ်သွားစရာရှိလို့လဲဟင်၊ ပွင့်ဝေ လိုက်ခဲ့ရမှာ မဟုတ်လား၊ ဟိုနေ့ကလည်း ဖေဖေက မဆူဘူး၊ သိလား... ကိုကိုဦးရဲ့"

ပါးချင်းအပ်ထားရာမှ ခွာပြီး ချစ်စဦးမို့ ရှင်မြူးနေသော မျက်နှာကြည်ကြည်လေးကို ဆွေးမြည့်ကြေကွဲစွာ ကြည့်လိုက်မိသည်။

အချစ်တို့ဖြင့် နစ်စိုနေသော နှလုံးသားနုနုလေးက အပျော်ရင် ဖြင့်သာ အားလုံးကို မြင်နေသည်။

သူ့ကိုကိုဦး၏ ကြေကွဲမှုကို သူ မရိပ်မိ။

"လာ... ပွင့်ဝေ၊ အိမ်ထဲသွားကြစို့၊ မိုးပွင့်လေးတွေ စိုလို့ ချမ်းနေတော့မှာပဲ ချစ်ရယ်"

ကိုဦးက ပန်းပွင့်ဝေ၏ပခုံးကို ဖက်လျက် ပန်းပွင့်ဝေက ကိုဦး ၏ ခါးကိုဖက်လျက် မိုးဦးမိုးစက်လေးများ စိုနစ်နေသော ရွက်ကြွေ လမ်းလေးအတိုင်း လျှောက်လာကြသော ချစ်သူနှစ်ဦး...

ပန်းပွင့်ဝေကတော့ အပျော်မြူးဆုံးသော နှလုံးသားနှင့်...

ကိုဦး ဆိုသော ကိုရန်ပြေကတော့ အကြေကွဲဆုံးသော ခံစားမှုများနှင့်...

* * *

"ခွဲရတော့မည်"

ဟူသော မိုးပွင့်သည် နှလုံးသားကို စတင်လောင်ကျွမ်းနေလေပြီ...။

"ပွင့်ဝေ ဖျော်ပေးမယ်လေ ကိုကိုဦး"





"အစပ်တည့်အောင်ဖြင့် မဖျော်တတ်ဘဲနဲ့၊ ငယ်ငယ်လေး ကတည်းက ကိုကိုဦး ကော်ဖီဖျော်တိုက်ရမယ်လို့ ဆိုးခဲ့တဲ့ ပွင့်ဝေလေး အတွက် ဖျော်နေတာ"

"နို့ဆီများများ၊ ကော်ဖီမှုန့်များများ၊ သကြားနည်းနည်း"

"ဟုတ်ကဲ့... ချိုပေါ့ကျပါခင်ဗျာ"

ပန်းပွင့်ဝေ လှိုက်လှိုက်လှဲလှဲ ရယ်မောနေသလောက် ကိုဦး ရင်ထဲမှာတော့ မီးမုန်တိုင်း ထန်နေပြီ...

"ချမ်းနေမယ် ရော့... ကော်ဖီသောက်၊ မုန့်လည်း စားဦး၊ ဘာမှ မစားခဲ့ရသေးဘူး မဟုတ်လား"

"အင်းပေါ့... ကိုကိုဦး ခေါ်တယ်ဆိုလို့ မျက်နှာသစ်ပြီး ပြေးလာခဲ့တာ၊ ဘယ်သွားစရာရှိလို့လဲဟင်၊ ဘယ်သွားကြမှာလဲ"

"စားပါဦးကွယ်... ပြီးတော့မှ အေးအေးဆေးဆေး ဆွေးနွေး ကြတာပေါ့"

"အမယ်လေး... ကိုကိုဦး စကားကလည်း ကြီးကျယ် လိုက်တာ၊ ကိုယ်ရည်းစားပဲ ဒါလုပ်မယ်၊ ဒါကိုင်မယ်ပေါ့၊ ဆွေးနွေး စရာများ လိုသေးလား၊ ပွင့်ဝေတော့ ကိုကိုဦး ပြောသမျှ နားထောင် မယ့် ချစ်သူပဲဟာကိုများ"

"အချစ်... ပွင့်ဝေလေးရယ်"

ဆာနေသော ကလေးလေးတစ်ယောက်လိုပင် ပန်းပွင့်ဝေက ကော်ဖီနှင့် မုန့်များကိုစားရင်း ရင်တွင်းမှာ ကြည်နူးစိတ်အပြည့်ကြောင့် မျက်နှာလေးတစ်ပြင်လုံး ပြုံးချိုကြည်လင်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဝေ"

"ရှင်... ကိုကိုဦး"

"ဦးလေးက ဘာပြောသေးလဲဟင်"

"ပွင့်ဝေနဲ့ ကိုကိုဦး ချစ်သွားတာကိုလား"

"ဆိုပါတော့လေ၊ အဲဒီအကြောင်းရော ကိုကိုဦးတို့ သားအဖနဲ့ ပတ်သက်တဲ့ အကြောင်းအရာရော အိမ်မှာ ဘာပြောသံ ကြားသေးလဲဟင်"

"ဟင့်အင်း... ဘာမှမပြောဘူး၊ ခါတိုင်းအတိုင်းပဲ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

"ကိုကိုဦးကလည်း အလကားနေရင်း လန့်နေတာပဲ၊ ဖေဖေက သဘောတူပါတယ် ဆိုနေမှ"

ချစ်စရာ ကောင်းလိုက်တဲ့ မျက်စောင်းလေးကိုပင် ရင်၌ ကြာရှည်စွာ ကြည်နူးမနေအားတော့။

နက်ဖြန် ညခြမ်း အပြီးတိုင် ပြောင်းရွှေ့ရတော့မည့် အကြောင်းကို ဘယ်လိုပြောရမလဲ...။

"အို... မပြောနိုင်ဘူး၊ ငါ ပွင့်ဝေကို မခွဲနိုင်ဘူး၊ ငါ မခွဲနိုင်တာထက်ကို ကျန်ရစ်ခဲ့ရမယ့် ပွင့်ဝေလေး လွမ်းဆွတ် ကြေကွဲစွာ ခံစားရမယ့်အဖြစ်ကို ငါ မလုပ်ရက်ဘူး၊ မထားခဲ့နိုင်ဘူး"

"အဖေ..."

"အဖေ့မှာလည်း ဒီခြံကနေ အမြန်ဆုံး ထွက်ပြေးရလောက်အောင် လုံလောက်တဲ့အကြောင်း ရှိနေပြီ"





"ဘာဖြစ်တာလဲ... အဖေ့မှာ ဘာတွေအရေးကြီးတဲ့ ပြဿနာနဲ့ ဒီခြံက ထွက်ပြေးရမှာလဲဗျာ..."

ကိုဦးသည် သူ့ရှေ့မှာ ဟင်းလင်းပြင် ဖြစ်သွားသလို ပွင့်ဝေကိုပင် မေ့လျက် လက်ရှိဖြစ်ရပ်ကို ကြေကွဲစွာ တွေးနေမိ၏...

"ကိုကိုဦး"

"အား..."

ပေါင်ကို တအားလှမ်းထုလိုက်ပြီး...

"ဘယ်လိုဖြစ်နေတာလဲ... ရုပ်ကိုက ရည်းစားပူမိနေတာ ကျနေတာပဲ၊ မန္တလေးတက္ကသိုလ်က ရည်းစားကို လွမ်းနေတာလား၊ ပြော... မှန်မှန်ပြော"

"မဟုတ်ရပါဘူးဗျာ"

"ဒါနဲ့များ မျက်နှာကြီးက အီးမှန်ထားတဲ့ အတိုင်းပဲ၊ ပုပ်သိုးလို့..."

ကိုဦး မပြုံးဘဲ မနေနိုင်တော့။

"ပွင့်ဝေ"

"ဟင်"

"တကယ်လို့ပေါ့...ဟို အကြောင်းကြောင်းကြောင့်ပေါ့ကွာ"

"အမယ်လေး... ဒါက ဘာဖြစ်နေတာလဲ"

"ကိုကိုဦး တကယ်ပါ... အကောင်းစကားပြောမလို့ပါ"

"ပြော"

"တကယ်လို့ ကိုကိုဦးနဲ့ ပွင့်ဝေနဲ့ နှစ်ယောက်ရဲ့ကြားမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဆိုတာ မရှိဘူးလေ၊ ဘေးက ပြဿနာတစ်ခုခုများ ဝင်လာခဲ့ရင် ပွင့်ဝေ ကိုကိုဦးဘက်မှာပဲ ရှိပါနော် အချစ်ရယ်"

"သူများကို စောစောစီးစီး ခေါ်ပြီးတော့ ဘာတွေပြောနေမှန်းလဲ မသိဘူး၊ ဘာပြဿနာရှိစရာလိုလဲ၊ စိတ်ချ... ပွင့်ဝေက ကိုကိုဦးဘက်မှာပါ၊ ဖေဖေက သဘောမတူဘူးဆိုရင်တောင် ကိုကိုဦးကို ပွင့်ဝေက ခိုးပြေးမှာ... သိလား၊ အဟား...ဟား..."

"ပွင့်ဝေလေးရယ်"

"ဟင်းနော်... ခုနပြောတဲ့ ပြဿနာဆိုတာထဲမှာ ကိုကိုဘက်က ပျက်ကွက်တာ၊ သစ္စာပျက်တာ၊ နောက်တစ်ယောက် ချစ်သွားတာမျိုး ဆိုရင်တော့ သေပြီသာမှတ်၊ ကိုကိုဦးရော ကိုကိုဦးချစ်မယ့် မိန်းမကိုရော ပွင့်ဝေက သတ်ပစ်မှာပဲ၊ သိလား"

ကိုဦးသည် ပွင့်ဝေကို ရင်ထဲနစ်ဝင်သွားအောင် ဖက်ပစ်လိုက်ချင်စိတ်ဖြင့် ပန်းပွင့်ဝေ ထိုင်နေသော နှစ်ယောက်ထိုင် ကုလားထိုင်ဘက်သို့ ကူးရွှေ့ထိုင်လိုက်ပြီး ပန်းပွင့်ဝေကို သိမ်းကျုံးဖက်ပစ်လိုက်သည်။

ပန်းပွင့်ဝေ၏ အေးစက်နေသော ပါးပြင်လေးကို မြတ်နိုးလွန်းစွာ နမ်းရှိုက်လိုက်ပြီးမှ ပါးချင်းအပ်ထားမိသည်။

လက်နှစ်ဖက်လုံးကလည်း ပန်းပွင့်ဝေ၏ ကိုယ်လုံးသွယ်သွယ်လေးကို သိုင်းဖက်လျက်ဖြင့်...

ထိုစဉ်...

ဒေါက် ဒေါက်... ဆိုသော တံခါးကို လက်သီးနှင့် နှစ်ချက်





ဆင့်၍ ထုလိုက်သံကို အံ့သြစွာကြားလိုက်ကြရသည်။

တံခါးခေါက်ပြီးမှ ဝင်ရသော အိမ်မျိုးမဟုတ်။ တံခါးကို ဖွင့်ထားပြီးသား...

ယင်းအသံများဖြင့် ဖက်တွယ်ထားရာမှ ဆတ်ခနဲ ဖယ်ခွာပြီး တံခါးပေါက်ကို ကြည့်လိုက်တော့...

"ဟိုက်"

နောက်ခိုင်း အနေအထားနှင့် ရပ်နေသော ဦးကျော်စွာမင်းမောင်...

သူတို့အဖြစ်ကို မြင်ပြီး၍ တမင်နောက်ခိုင်း ရပ်နေမှန်းသိသာ လှလေ၏။ ကိုဦး ရင်ပွင့်မတတ် လန့်ကြောက်သွားလေ၏။

ဖြစ်များ ဖြစ်နိုင်ပါလျှင် ပန်းပွင့်ဝေကို ပွေ့ချီလျက် အာကာယ်ထက်သို့ တက်သွားနိုင်သော စွမ်းပကားမျိုး ယခုပင် ရရှိချင်လှပါသည်။ ဘယ်လိုမှ မျက်နှာချင်းမဆိုင်ရဲ...။

"ဖေဖေ... လာလေ"

ကလေးစိတ်မှ အစွန်းထွက်လာရုံလေးရှိသေးသော ပန်းပွင့်ဝေသည် သူ့ဖခင်က သဘောတူပြီးသား ဟူသော ယုံကြည်စိတ်အပြည့်ဖြင့် ရဲတင်းစွာ ဖိတ်ခေါ်နေလေပြီ။

ဦးကျော်စွာမင်းမောင်ကလည်း အိမ်တွင်းသို့ ခပ်တည်တည်ပင် ဝင်လာသည်။ သူ မြင်းစီးဖိနပ်ကို စီးထားသော်လည်း ဖိနပ်ချွတ်မှာ ချွတ်၍မထားခဲ့။

"ကိုဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်... ဟုတ်ကဲ့... ဦးလေး"

"မင်းကို ဦးလေး ခိုင်းစရာရှိလို့"

"ပြောပါ ဦးလေး... ကျွန်တော် အခုပဲ လုပ်ပါ့မယ်ခင်ဗျာ"

"မိုင်းခမြို့ကို အခုပဲ သွားရလိမ့်မယ်"

"ဗျာ"

မိုင်းခ ဟူသည် ကသစ်နီမှ မိုင်တစ်ရာငါးဆယ်ကျော်ဝေးကွာ သော မြို့ဖြစ်၏။ ကားလမ်းမကောင်း၍ ဘယ်သောအခါမှ နေ့ချင်း ပြန်၍ မရနိုင်။ ယနေ့ည ဟိုမှာအိပ်ရမှာ သေချာသည်။

ဒါဆို နက်ဖြန် ဒီခြံမှ အဖေ အပြီးတိုင်ထွက်ခွာသွားတော့မည့် အစီအစဉ်များ ခက်ရပြီ။ ပျက်ရတော့မည်လား။

"သွားပေးနိုင်မလား ကိုဦး"

"ဟုတ်ကဲ့... ကျွန်တော်ကတော့ သွားပေးနိုင်ပါတယ် ဦးလေး၊ ဒါပေမယ့် အဖေ လာအောင်တော့ စောင့်..."

ကိုဦး စကား မဆုံးဖြစ်လိုက်... ဦးကျော်စွာမင်းမောင်က ခေါင်းယမ်းပစ်လိုက်၍ ဆက်မပြောဝံ့တော့။

"ဦးစံလှထွန်းတစ်ယောက် တော်တော်နှင့် ပြန်လာနိုင်ဦးမှာ မဟုတ်သေးပါဘူးကွာ၊ သူ သိပ်အလုပ်ရှုပ်နေရှာတယ်လေ"

အဓိပ္ပာယ်ဖော်ကျူးရန်ခက်ခဲလှသော ဦးကျော်စွာမင်းမောင်၏ မျက်နှာကို ကိုဦး ငေးစိုက်ကြည့်နေမိသည်။

"သမီးလေး..."

"ရှင်..."





"သွား... အဝတ်အစား နှစ်ရက်စာ သုံးရက်စာလောက်ထည့်၊ အနွေးထည်လေးလည်းယူသွား၊ ကြားလား... သမီးလက်ဝတ်လက်စားတွေတော့ အားလုံးထားခဲ့၊ လမ်းမှာ အန္တရာယ်တွေ့မှာစိုးရိမ်လို့"

"ရှင်... ဖေဖေ"

"သမီး ကိုကိုဦးနဲ့ အဖော်လိုက်သွားလေ"

ပြုံးနေသော ပန်းပွင့်ဝေပင်လျှင် မျက်နှာလေး တည်သွားပြီး ဖခင်ကို အံ့သြစွာ ငေးကြည့်နေ၍...

"သမီးက... သမီးကိုကိုဦးနဲ့ လိုက်မသွားချင်လို့လား"

"လိုက်... လိုက်ချင်ပါတယ် ဖေဖေ"

"အေး... ဒါဖြင့် ခုပဲသွားထည့်ပြီး ဒီအိမ်ကို အမြန်ဆုံးပြန်လာခဲ့... ကြားလား၊ သမီးမေမေကို ဈေးခဏလွှတ်ထားတယ်၊ သူ မလာခင် အမြန်ပြန်လာခဲ့နော်"

ပန်းပွင့်ဝေက သူ့ကိုကိုဦးကို တစ်ချက်လှမ်းကြည့်နေ၏။

"သွားလေ... သမီး၊ အချိန် သိပ်မရှိဘူး၊ ကား အဆင်သင့်လုပ်ထားပြီးပြီ ခုချက်ချင်းသွားရမှာ"

ကိုကိုဦးထံမှ ယုံကြည် အားတက်သောအမူအရာနှင့် ကြည်နူးပျော်ရွှင်ဖွယ် အပြုံးများကို မြင်တွေ့ရပြီးသည်နှင့် သြရိသ စံအိမ်ကြီးဆီသို့ ပန်းပွင့်ဝေ ပြန်ပြေးသွားတော့သည်။

"ကိုဦး"

"ခင်ဗျာ... ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း... ငါ့သမီးလေးကို တကယ်ချစ်ရဲ့လား"

"ခင်ဗျာ"

မဖြေရဲ၍ မဖြေဖြစ်ခြင်းပါ။

"ပန်းပွင့်ဝေကတော့ မင်းနဲ့ခွဲရရင် သူ့ကိုယ်သူ သတ်သေပစ်လိုက်မှာတောင် စိုးရိမ်ရတယ်၊ ဒီအထိ မင်းအပေါ် ချစ်နေတာ၊ မင်းကရောကွာ"

"ကျွန်တော်... ကျွန်တော်...ကလည်း ဒီအတိုင်းပါပဲ ဦးလေးရယ်"

"အေး... မင်းတို့နှစ်ယောက်ရဲ့ မေတ္တာတရားကို ဦးလေးသိလို့ ခုလိုစီစဉ်ပေးတာပဲ၊ ကိုဦး... ဦးလေးကို နားလည်ရဲ့လား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ရော့... ငွေတစ်သောင်းနဲ့ကားသော့၊ ဟိုမှာလည်း တရားရုံးတွေရှိတယ်၊ ဒီလောက်ပြောရင် သဘောပေါက်တော့"

စားပွဲပေါ်မှ ငွေတစ်သောင်းအုပ်နှင့် ကားသော့ကို တစ်လှည့် ဦးကျော်စွာမင်းမောင်ကို တစ်လှည့် ကြည့်ပြီး ကိုဦးမှာ အရာအားလုံးကို နားလည်သွားပါလျက်နှင့် နားမလည်ရဲသေးသလို အံ့သြစွာ ငေးကြည့်နေမိ၍...

"ကိုစံလှထွန်း ကြံနေတာတွေသာ ဖြစ်သွားရင် မင်းတို့နှစ်ယောက် ရင်ကွဲစရာတွေ ဖြစ်ကုန်ကြတော့မယ်၊ ဒါကြောင့် ကိုစံလှထွန်းနဲ့ မြနှင်းဖြူတို့ ပြန်မရောက်ခင် သြရိသက အပြီးထွက်သွားပြီး ဟိုမှာပဲ..."





ဦးကျော်စွာမင်းမောင်က စကားဆက်မပြောတော့ဘဲ ထိုင်ရာမှ ထရပ်ပြီး အိမ်ရှေ့ဘက်သို့ ပြန်ထွက်သွားနေသော ခြေလှမ်းများ မဆုံးမီ...

"ကျေး...ကျေးဇူးတင်လိုက်တာ ဦးလေးရယ်၊ ပွင့်ဝေနဲ့ ကျွန်တော်ကလည်း မခွဲနိုင်တော့ပါဘူး ခင်ဗျာ၊ ဟိုမှာပဲ တရားရုံးမှာ လက်ထပ်လိုက်မှာကို ဦးလေး ကျေနပ်ပါတယ်နော်"

"အေးပေါ့ကွာ... ဒါကြောင့်သာ ငါကိုယ်တိုင် စီစဉ်ပေးရတာပေါ့ ကိုဦးရယ်" ဧ

"ကျေးဇူးအနန္တပါပဲ ခင်ဗျာ၊ အဖေ့ကိုတော့..."

"ငါကပဲ ကလေးနှစ်ယောက် ထွက်ပြေးသွားကြပြီလို့ သူတို့ကို အသိပေးရတော့မှာပေါ့၊ ဒီလိုမှ လုပ်မပေးရင်လည်း... ကိုဦး"

"ခင်ဗျာ..."

"မင်း သိသလို ဦးလေးလည်း သိပြီးနေပါပြီ ကိုဦး"

"ဗျာ... အ...အဖေ ထွက်သွားမယ်ဆိုတာကိုလား"

"အေး"

"ဦးလေးရယ်... အဲဒါ ဘာကြောင့်တဲ့လဲ ခင်ဗျာ"

"အကြောင်း မကြီးလှပါဘူးကွာ၊ ပြည့်ဖြိုးဝေ ဆိုတဲ့ ကောင်လေး ဒီမြို့ကို ရောက်လာတာ သူ ကြည့်မရလို့တဲ့"

"ဟာင်"

"အဲဒီကိစ္စကို ကိုစံလှထွန်းနဲ့ ဦးလေးနဲ့ ညှိယူပါ့မယ်၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သာ အဆင်ပြေအောင် တရားဝင် လက်ထပ်လိုက်ကြပေါ့"

"ဦးလေးရဲ့ ကျေးဇူး ကြီးမားလှပါပေတယ် ခင်ဗျာ"

"သြော်... ကိုဦး"

"ဟုတ်ကဲ့"

"ဦးလေးက မင်းတို့ကို ငဲ့ညှာစွာ လွှတ်လိုက်တယ်လို့ မင်းအဖေနဲ့ မြနှင်းဖြူ မသိစေနဲ့နော်"

"ဒါ မှာစရာတောင် မလိုတဲ့ကိစ္စပါ ဦးလေးရယ်"

"ဘယ်တော့မှ မပြောပါဘူးလို့ ဦးလေးကို ကတိပေးနိုင်မလား"

"သစ္စာဆိုပြီး ကတိပေးရပါတယ် ခင်ဗျာ"

"ဒါကြောင့် ကိုဦးကို ဦးလေး သဘောကျတာ"

စာစာက မိမိဖြစ်ချင်ခဲ့သော တန်ခိုးရှင်မှာ ယခု ပန်းပွင့်ဝေ၏ ဖေဖေကိုယ်တိုင် ဖြစ်နေလေပြီ။

အဖေ ဒီခြံက ထွက်ခွာချင်သောအကြောင်းလည်း သိခွင့်ရပြီ။

အဖေ ဘာလို့များ ကိုပြည့်ဖြိုးဝေကို ရင်မဆိုင်ချင်ရပါလိမ့်။

"အို... ဒီကိစ္စဆိုရင်တော့ အဖေလည်း သူ့ဟာသူ ထွက်သွားမှာပါ"

ငါနဲ့ပန်းပွင့်ဝေကို တစ်သက်တာ လက်တွဲနိုင်အောင် သဘောတူ ကြည်ဖြူစွာ ခွင့်ပြုလိုက်တဲ့ ဦးလေးကို ထိုင်၍ကန်တော့ချင်ပါ၏။ ညစဉ် ကန်တော့ပါမည်။





"သြော်... ကိုဦး"

"ဟုတ်ကဲ့"

"မင်းတို့ တရားရုံးမှာ လက်ထပ်ပြီးတာနဲ့ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း ကြော်ငြာကို သတင်းစာ ကိုယ်စားလှယ်က တစ်ဆင့် အမြန်ဆုံးထည့်လိုက်နော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ပြီးတော့မှပဲ ညှော်ခံပွဲကိစ္စ ကြည့်စီစဉ်ကြတာပေါ့ကွယ်"

"ကောင်းပါပြီ ဦးလေးရယ်၊ လူငယ်တွေဘက်က ရပ်ပေးတဲ့ ဦးလေးရဲ့ကျေးဇူးကို ကျွန်တော် တစ်သက်လုံးဆပ်ပါ့မယ် ခင်ဗျာ"

"မလိုပါဘူးကွာ... မင်းတို့ စိတ်ချမ်းသာရင်ပြီးတာပဲ၊ ခုလို ဦးလေးက လွှတ်လိုက်ကြောင်းသာ ဘယ်သူမှ မသိဖို့ အရေးကြီးတာ"

"နားလည်ပေးတဲ့ ဦးလေးရဲ့သိက္ခာကို ကျွန်တော် ဘယ်တော့မှ မစော်ကားပါဘူးခင်ဗျာ"

"ကောင်းပြီ... ကိုဦး၊ ဟော... သမီးတောင် အိတ်တစ်လုံးနဲ့ ပြေးထွက်လာပြီ၊ ဝီလီဂျစ်ပဲ ယူသွားနော်၊ လမ်းဆိုးတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ကဲ ကဲ... သွားကြတော့၊ အစစ အရာရာ အဆင်ပြေကြပါစေကွာ"

၀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

မိုင်းခမြို့သို့ ဝင်လာသော ခရီးသည်တင်ကား သုံးစီးအနက် အလယ်ကား၏ရှေ့ခန်းမှ စီးနင်း လိုက်ပါလာသူက ပြည့်ဖြိုးဝေ။

ဒေါ်မူမူစိုးတို့နှင့် တွေ့ပြီးကတည်းက ဤမြို့ငယ်ကလေးသို့ လာချင်နေခဲ့သည်။

လာခွင့်က မကြုံခဲ့ . . .

ယခုမှသာ တာဝန်အရ ရောက်ရှိလာခဲ့ရခြင်းဖြစ်ပေသည်။

တာဝန်ကလည်း မသေးလှ။ လူသတ်တရားခံတစ်ဦး သူ့ဇာတိမြေ ဤမိုင်းခဘက်သို့ တိမ်းရှောင်သွားသည်ဟု သတင်းအရ လာရောက် ထောက်လှမ်း စုံစမ်းရခြင်း ဖြစ်ပေသည်။

ဤတာဝန်ကို ထက်မြက် ကျွမ်းကျင်စွာ ထမ်းဆောင်ပြီးသည့် အခါတွင် . . .

ဤမိုင်းခမြို့လေးသို့ အပြီးတိုင် ပြောင်းရွှေ့ကာ ပျဉ်ထောင် အိမ်နှင့် ခြံလေး တစ်ခြံ ဝယ်၍ လာရောက်နေထိုင်သည်ဆိုသော . . .



BURMESE CLASSIC .com



တစ်ချိန်က ဖေဖေ၏ စိတ်ချ ယုံကြည်ရဆုံး သူနာပြုဆရာမကြီး နော်ဂလိုးရီယာကို သွားရောက် တွေ့ဆုံပါမည်။

မိုင်းခသည် ကသစ်နီနှင့် မိုင်တစ်ရာငါးဆယ်ကျော်သာ ဝေးကွာသော်လည်း လမ်းပန်း အဆင်မပြေမှုကြောင့် နံနက် ထွက်သောကားနှင့် ညနေ ဝင်လာသော ကားသာ အသွားအလာရှိပါ၏။

ကိုယ်ပိုင်ကားများကတော့ ကိုယ်ပိုင်တာဝန်ယူကာ အချိန်မရွေး သွားနိုင် လာနိုင်ကြပါ၏။

"ဆရာက . . . ဦးပြည့်ဖြိုးဝေပါနော်"

"ဟုတ်တယ်"

"စခန်းက လာကြိုတာပါ ဆရာ၊ ကားကို စခန်းအထိ မောင်းနိုင်းလိုက်ရမလား"

"နေပါစေကွာ"

"စခန်းမှာက ရဲဂျစ်တစ်စင်းပဲရှိလို့ စခန်းမှူး ခရီးထွက်နေလို့ပါ၊ ပြီးတော့ ကားဝင်ချိန်ကလည်း မမှန်လို့ ကြိုဖို့ . . ."

"ရပါတယ်ကွာ . . . မြို့ထဲလည်း လေ့လာရင်း လျှောက်ရတာ ပိုကောင်းပါတယ်"

ကွန်မင်ဒိုလွယ်အိတ်ငယ် တစ်လုံးသာပါသော ပြည့်ဖြိုးဝေသည် လာကြိုသော အရစ်တစ်ရစ်နှင့် ရဲဝန်ထမ်းလေးနှင့်အတူ မြို့ထဲမှ ဖြတ်လျှောက်ရင်း မြင်မြင်သမျှ အကဲခတ် လေ့လာသော အကြည့် များနှင့် ကြည့်သွားမိသည်။

ယခု လာရောက်ရှာဖွေသော . . .



www.burmeseclassic.com

www.burmeseclassic.com



'ကိုစောထူး' ဆိုသောသူသည် ကသစ်နီမြို့မှ ပွဲရုံပိုင်ရှင် 'ဦးစိန်မောင်ဦး' ဆိုသောသူကို သတ်သွားသော တရားခံအဖြစ် သံသယရှိထိုက်သူဖြစ်၍ လာရောက်ရှာဖွေကာ အခြေအနေကို ကြည့်ပြီး ဆုံးဖြတ်ရမည့်တာဝန် ဖြစ်လေသည်။

"ဟာ... မြို့နဲ့ စခန်းကလည်း အနီးလေးပါလား"

"ကားစီးလာလို့ ညောင်းတာတောင် အညောင်းပြေဦးမှာ မဟုတ်သေးဘူးနော် ဆရာ"

ဘာမှပြန်မဖြေဖြစ်... ခေါင်းသာညိတ်ပြပြီး မကျယ်ဝန်းလှသော မြို့ငယ်လေး၏ အနေအထားကိုသာ လေ့လာ အကဲခတ်နိုင်သမျှ ခတ်နေရသည်။

စခန်းရောက်ပြီးမကြာမီ စခန်းမှူးရောက်လာသည်။ စခန်းမှူးဆိုသော်လည်း နှစ်ပွင့်သာ အဆင့်ရှိ၏။

စခန်းမှူး 'ဦးကျော်ဒင်'သည် မျက်နှာနီမြန်း ပွရောင်းနေသဖြင့် သေသောက်ကြူးတတ်ရုံမှလွဲ၍ သဘောကောင်းသူ၊ အမှန်တရားကို ရှုမြင်သုံးသပ်တတ်သူ ဖြစ်ကြောင်း ပြည့်ဖြိုးဝေ မှတ်ချက်ချနိုင်ပေသည်။

လာရင်းကိစ္စကို အတိုချုပ် ဆွေးနွေးပြီး...

"ကိုစောထွန်းနေတာ ကန်ဦးရပ်နော်"

"ဟုတ်တယ်...လွန်ခဲ့တဲ့သုံးရက်လောက်က သူနဲ့ ကျွန်တော် ဈေးထိပ်က 'စိန်ကမ္ဘာ' လက်ဖက်ရည်ဆိုင်မှာ ဆုံကြသေးတယ်။





ကသစ်နီမြို့က ပြန်လာတာတဲ့၊ ဒါပေမယ့် မန္တလေးသွား မလို့ဆိုပဲ၊ သူ့စကားအရ ဆိုရင်တော့ မနေ့က သွားပြီထင်တယ်"

"ဟင်..."

"ဒီလိုမှန်းသိ ဆွဲထားလိုက်တယ်ဗျာ"

"ဒီလိုလည်း မဟုတ်သေးဘူး ဦးကျော်ဒင်ရဲ့၊ အခုဟာက ခြေရာခံရုံလေ၊ တရားခံတစ်ယောက်ကို ဘာ့သက်သေမှ မရှိဘဲ ဘယ်လိုလုပ် ဖမ်းမလဲဗျာ၊ ကျွန်တော် အခုလာတာ သူ့အကြောင်း ထောက်လှမ်းဖို့ပါ"

"သူက ခရီးထွက်သွားပြီ... ဒုက္ခပဲ"

"သူ့အကြောင်း စုံစမ်းတဲ့နေရာမှာ သူ မရှိလည်း ဖြစ်ပါတယ်လေ၊ ကျွန်တော်တို့တွေကို သင်တန်းပေးတုန်းက သုံးရမယ့် နည်းပရိယာယ်တွေ၊ စိတ်ဓာတ်စစ်ဆင်ရေးတွေပါ သင်ပေးလိုက်တာပဲ"

မိုင်းခမြို့လေးမှာ တည်းခိုခန်း ရှိသော်လည်း ပြည့်ဖြိုးဝေမှာ တာဝန်အရ စခန်းမှာပင် တည်းရတော့သည်။

ထိုနေ့ညဦးက မိုင်းခမြို့မှာ တစ်ရုံတည်းသော ရုပ်ရှင်ရုံ ဖြစ်သည့် 'သီရိမွန်' ရုပ်ရှင်ရုံရှေ့သို့ ရောက်ဖြစ်သေးသည်။ အအေးလည်း သောက်၊ လက်ဖက်ရည်ဆိုင်လည်း ထိုင်၊ ကွမ်းယာလည်း ဝယ်စား...။

အရပ်ဝတ် အရပ်စားနှင့်မို့ ထိုညကပင် ဈေးရောင်းသူများနှင့် အတော်လေး စကားပြော အဆင်ပြေခဲ့ပါ၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မိုင်းခမြို့သို့ မရောက်ဘူးသော ညော့်သည်သစ် အဖြစ်နှင့် မိတ်ဆွေ နှစ်ယောက်လည်း တိုးခဲ့ပါ၏။

သူတို့၏အမည်များကတော့ 'ကိုကျော်လွင်'နှင့် 'ဖိုးတာ' ဆိုသော လူငယ်နှစ်ယောက်။

○



BURMESE CLASSIC .com



## အခန်း (၂၃)

မိုင်းခသည် တောင်ပေါ်မြို့ မဟုတ်။ မြေပြန့်မြို့ ဖြစ်၏။ ကတ္တရာလမ်းကလည်း လမ်းမကြီးတစ်လမ်းသာရှိ၍ မြို့လယ်လမ်းများမှာ မညီညာ၊ မိုးတွင်းဆိုလျှင် ဗွက်များရန်းရမည့် လမ်းများချည်း ဖြစ်လေမည်။

ရေဝပ်သောမြို့၏ ထုံးစံအတိုင်း ခြင်ကလည်း ပေါသည်။ မြို့ကွက်ချပုံ ရှင်းပြန့်သော်လည်း သန့်ရှင်းမှုက နည်း၏။ အမှိုက်ကို စနစ်တကျ စွန့်မပစ်ကြ။ ရဲလောင်းအိမ်သာ သုံးသည့်အိမ်ကလည်း အလွန်နည်းသေးသည်။

"ဒါ မင်္ဂလာဦးရပ်လား ခင်ဗျ"

"ဟုတ်တယ်... ဘယ်သွားချင်လို့လဲ"

"သူနာပြုဆရာမကြီး နော်ဂလိုးရီယာအိမ်ကို"

ဆိုက်ကားဂိတ်မှ ထိပ်ဆုံးက ဆိုက်ကားဆရာကို မေးတော့ သူက ဝေဝေဝါးဝါး ဖြစ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး..., ကုက္ကိုကြန်နားက အစွန်ဆုံး ခြံလေဗျာ၊ ကရင် ဆရာမ ဝဝကြီးနေတာ"

"သြော်... သိပြီ...သိပြီ၊ သွားမလို့လား၊ တက်လေ"

ဆိုက်ကားက အလှည့်ကျထွက်ရဟန်ရှိသည်။ တန်းစီထားသူများကလည်း ကျေကျေနပ်နပ် တစ်စင်းထွက်သွားသည်ကိုပင် တစ်ပူ အေးရပြီ ဟူသော မျက်နှာများနှင့် နောက်ထပ်စီးမည့်သူများကို မျှော်နေကြရာသည်။

"ဘယ်လောက်ပေးရမလဲ"

"ထုံးစံအတိုင်း နှစ်ကျပ်ပါပဲ ဆရာ"

ပြည့်ဖြိုးဝေ တက်ထိုင်လိုက်၏။ အုတ်ခဲကျိုးများကို တစ်ချိန်က မညီမညာ ချခင်းထားသဖြင့် ချိုင့်ခွက်နှင့် အနိမ့်အမြင့်များသာ တစ်လျှောက်လုံး ဖြစ်နေသောလမ်းကို ဆိုက်ကားဆရာက ခက်ခဲစွာ နင်းနေရသည်။

"ဒါ... ဘာလမ်းလဲဟင်"

"လမ်းနာမည်တော့ မရှိပါဘူး၊ ဒီတစ်ကွက်လုံးကို မင်္ဂလာဦး ရပ်လို့ ခေါ်တာပဲ"

"ဒီမြို့မှာ ရပ်ကွက်လေးခုပဲ ရှိတယ်နော်"

"ဟုတ်ကဲ့"

"မြို့အဝင်မှာ ကျောင်းအိုကျောင်းပျက်ကြီးဘေးက စေတီလေးနာမည်က ဘာတဲ့လဲဗျ"

"ကျွန်တော်လည်း မသိပါဘူးဆရာရယ်၊ ကျွန်တော်က





တောကပါ၊ မိုင်းခကိုတက်လာတာ တစ်လကျော်ကျော်လေးပဲ ရှိပါသေးတယ်"

သူ့စကားသံသည် မောဟိုက်သံတို့ဖြင့် ဖွဲ့စည်းထား၍ သနားပြီး နောက်ထပ် သူ့ကို စကားမပြောစေတော့ပါ။

မေးနေ၍လည်း အကြောင်းမထူးသဖြင့် ဘာမှမပြောတော့ဘဲ ဆက်စီးလာခဲ့သည်။

လမ်းထိပ်တွင် ကုက္ကိုကြန် ဟူသော ကန့်လန့်ဆိုင်းဘုတ်ကြီးက ပိတ်ဆီးထားလေသည်။ ရှေ့ဆက်၍ သွားမရတော့ကြောင်း အဝေးကပင် လှမ်းမြင်နေရသည့်အတွက်...

"ရောက်ခါနီးပြီ"

ဆိုသောအသိဖြင့် ဆရာမကြီးနှင့် ဆိုက်ဆိုက် မြိုက်မြိုက် တွေ့ပါစေဟု ဆုတောင်းပြီး အိမ်ရှေ့ရောက်တော့ ဆိုက်ကားဆရာကို ငွေနှစ်ကျပ် ထုတ်ပေးလိုက်သည်။

"ကျွန်တော် စောင့်နေရဦးမလား ဆရာ"

"မစောင့်နဲ့တော့... ကျွန်တော်က ကြာဦးမှာ"

ပိန်လှီအားဖျော့နေသော ဆိုက်ကားဆရာသည် မျှော်လင့်ချက်ထက်ဝက်မဲ့သွားသော မျက်နှာဖြင့် ခပ်ယဲ့ယဲ့လေးပြုံးပြပြီး ပြန်နင်းထွက်သွားတော့သည်။

လမ်းမြင့်မြင့်ပေါ်မှ အောက်ဘက်သို့ ခပ်လျှောလျှောလေးဆင်းလိုက်တော့မှ ခြံတံခါးထိပ်သို့ ဦးတိုက် ရောက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဖိနပ်ခံ တစ်ထပ် ပျဉ်ထောင်အိမ်ကလေးက သပ်သပ်ရပ်ရပ် ဆေးသစ်များ သုတ်ထားသည်မှာ ကြာပုံမရသေး။

ခြံတစ်ခုလုံးလည်း ရှင်းပြန့်နေပါ၏။

မြင်လာခဲ့ရသော မြို့တွင်းမှ ရှုခင်းများနှင့် တခြားစီ။

ရေနံ့ဝ,နေသော သစ်သားခြံတံခါးကြီးနှင့် တစ်ထပ်အိမ်ကလေးက အတော်ကလေး လှမ်းနေသည်။ ခြံတံခါးကိုလည်း သော့ခတ်ထား၍...

“ဆရာမကြီး”

“ဆရာမကြီးခင်ဗျာ”

တံခါးကို ကိုင်လှုပ်၍ ခေါ်သော်လည်း ဘာသံမှမကြားရ။

အိမ်၏ခြေရင်းဘက် တံခါးတော့ဖွင့်ထား၍ ပြည့်ဖြိုးဝေက အားတက်စွာဖြင့် အသံကျယ်ကျယ်နှင့် အော်ခေါ်နေဆဲမှာ တံခါး၏ဘေး မရမ်းပင်ကြီး၏နောက်မှ လူတစ်ယောက် ဘွားခနဲ ပေါ်လာ၍ ပြည့်ဖြိုးဝေပင် လန့်ဖျပ်စွာ နောက်သို့ ခြေတစ်လှမ်းဆုတ်မိသည်။

“ဘာကိစ္စ ဒီလောက် အော်နေတာလဲ”

သူ့လက်မှာ ပေါက်တူးတစ်လက်ဖြင့် အသက်ငါးဆယ်ကျော်ခန့် သန်သန်မာမာ အဘိုးကြီးတစ်ယောက် မျက်နှာထားတင်းတင်းကြီးဖြင့် မေးလာ၍...

“ကျွန်တော် ဆရာမကြီးနော်ဂလိုးရီယာနဲ့ တွေ့ချင်လို့ပါခင်ဗျာ”

“မင်းမိန်းမ ဗိုက်နာနေပြီလား”

“ဟာ...”





“ဒါဆို... မင်းတို့ ကံဆိုးပြီ”

“ဘာ... ဘာဖြစ်လို့လဲခင်ဗျ”

“ဆရာမ မရှိဘူးလေကွယ်၊ အရပ်လက်သည်နဲ့ မမွေးနဲ့၊ ဆေးရုံခေါ်သွား”

နော်ဂလိုးရီယာသည် ဤမြို့ငယ်လေးမှာ ဝမ်းဆွဲဆရာမ ဆက်လက်လုပ်ကိုင်နေဟန် ရှိပါ၏။

“မဟုတ်ပါဘူး အဘရဲ့၊ ကျွန်တော့်မှာ မိန်းမ မရှိပါဘူး၊ ဆရာမကြီးနဲ့ တွေ့ချင်လို့ပါ”

“ဟော...”

“ခဏလောက် တွေ့ပါရစေ၊ တံခါးဖွင့်ပေးပါ ခင်ဗျာ”

“ဒါဆို မင်းကံဆိုးပြီ”

“ဗျာ”

“ငါ့ညီမ မရှိဘူးလေ၊ ခရီးသွားနေတာ ကြာပါကြာပြီကော”

“ဟင်”

ပြည့်ဖြိုးဝေ စိတ်ပျက်သွားရပါပြီ။ ကြီးမားသော မျှော်လင့်ချက်ကြီးတစ်ခု ဆုံးရှုံးသွားရသလို ရှေ့ဆက်စရာ လမ်းစ ပျောက်သွားသည်သို့ ဖြစ်ချေပြီ။

“ဖေဖေနဲ့ ပတ်သက်လို့ ဘာတစ်ခုမှကို အဆင်မပြေသေးပါလား”

စိတ်မှ အားလျော့စွာတွေးရင်း...

“ဆရာမကြီးက ကြာဦးမှာလား ခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေ နေမကောင်းလို့ သွားတာ၊ နေကောင်းတာနဲ့ ပြန်လာမယ်ပြောတာပဲ၊ မင်းက ဘာကိစ္စရှိလို့လဲ"

"ဪ...ကျွန်တော်က ဆရာမကြီးနဲ့ခင်ပါတယ်၊ ဒါကြောင့် တွေ့ချင်လို့ပါ"

"အေး... လူမမာ သွားပြုစုတာဆိုတော့ တစ်လကြာချင်လည်း ကြာမယ်၊ နက်ဖြန်ပြန်ရောက်ချင်လည်း ရောက်မယ်ကွယ့်"

"ဘကြီးပြောသလို နက်ဖြန်ပဲ ပြန်ရောက်နိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ကျွန်တော် ထပ်လာခဲ့ပါဦးမယ်"

"အေး...အေး... ဪ... ဒါနဲ့ မင်းနာမည် ဘယ်သူလဲ၊ ဘယ်ကလာတာလဲ"

"ကျွန်တော့်နာမည် ပြည့်ဖြိုးဝေပါခင်ဗျာ၊ ကသစ်နီမြို့က လာတာပါ"

"ငါ့ညီမနဲ့ ကသစ်နီနဲ့ ဘာမှ အဆက်အသွယ် မရှိဘူးကွ၊ သူလည်း ဘယ်တော့မှမသွားဘူးလို့ သစ္စာပြုထားတာ၊ သူ့ဆီလည်း ကသစ်နီကဆိုရင် ဘယ်သူမှ လာစရာမလိုဘူး ပြောထားတာ မင်းပြန်တော့၊ နောက်လည်း ဘယ်တော့မှမလာခဲ့နဲ့၊ ကြားလား"

သူ့ပေါက်တူးကြီးကို ဆွဲကိုင်၍ မရမ်းပင်ကြီး နောက်သို့ ပြန်လည် ဝင်ရောက်သွားတော့သည်။ ဆလပ်ခင်းကို မြေဆွနေသည်။ ပြည့်ဖြိုးဝေဆိုသော လူတစ်ယောက် ရပ်လျက် ရှိနေသေးသည်ဟု





သူ လုံးဝအသိအမှတ်မပြုတော့။ သူ့အလုပ်၌ ပြန်လည်၍ အာရုံစိုက်စွာ ရှိနေလေပြီ...

"ခက်တော့တာပဲ... ငါ ရန်ကုန်ကပါလို့ ပြောလိုက်မိရင် အကောင်းသား"

"အဘိုးကြီးက ပေါင်းရ သင်းရ ခက်မယ့်ပုံစံပဲ၊ ဒါပေမယ့် ဒီလိုလူမျိုးတွေဟာ စိတ်ထားကောင်းတတ်ကြပါတယ်လေ"

"ဘာပဲဖြစ်ဖြစ် ဒေါ်နော်ဂလိုးရီးယားနဲ့သာ ငါ တွေ့ခွင့်ရရင်တော့ အစစအရာရာ ပြေလည်မယ်ထင်ပါရဲ့"

"သူ သိပ်ပြီး ခင်မင်လေးစားတဲ့ ဖေဖေရဲ့သားအဖြစ်နဲ့ ငါ့ကို လက်ခံကြိုဆိုရင် ကောင်းမှာပဲ၊ အခု သူ့အစ်ကို အဘိုးကြီးလို အပြတ်ပြောလိုက်ရင်တော့ အခက်ပဲ"

"ဪ... ဖေဖေရယ်၊ ဖေဖေ ပျောက်ဆုံးနေတဲ့ ကိစ္စဟာ ခုအချိန်ထိ ခြေရာပျောက်ဆဲ၊ ရေနောက်ဆဲပါလား ခင်ဗျာ"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ရန်ကုန်ဆိုသည်က ကိစ္စအမျိုးမျိုးနှင့် ရောက်လာကြတတ်သော နယ်မှ ဧည့်သည်များစွာတို့ကို တွေ့ရတတ်သည်။

လူနေမှုစရိတ် မြင့်မားမှုကို လိုက်မီအောင် ရုန်းကန် ရှာကြံနေရသဖြင့် ရန်ကုန်မှ လူများသည် နယ်သူ နယ်သားများထက် အလုပ်ပို၍များကြသည်ဟု ထင်မိသည်။

ပြီးတော့... ရန်ကုန်တစ်မြို့တည်းမှာပင် လူဦးရေက သန်းချီနေထိုင်ကြသဖြင့် သာမန်လူတန်းစားတို့အဖို့ နေအိမ်ဟူသည် စားသာရုံ၊ အိပ်သာရုံ အခန်းကျဉ်းကျဉ်း၊ အိမ်ကျဉ်းကျဉ်းကလေးနှင့် နေရတတ်ကြသဖြင့်...

စေတနာ နည်းသည်မဟုတ်စေကာမူ အချိန်မရ၊ အိမ်ကကျဉ်းကြပ်၊ ဝင်ငွေက မလုံလောက်၍ ဧည့်သည်ကို မမြတ်နိုးနိုင်အားကြတော့ပါ။

နယ်သူ နယ်သားတို့သည်မူ...

ချမ်းသာမှု ဆင်းရဲမှုကတစ်ပိုင်း ရုန်းကန်ရမှုက ရန်ကုန်မှာလောက် မဆိုးရွားသဖြင့် အချိန်ပိုများ ထွက်လေ့ရှိတတ်ပါ၏။





ပြီး... ဧည့်သည်ဟူသည်ကလည်း အရောက်အပေါက် နည်းတတ်သည့်အတွက်...

ဧည့်သည်ကို မြတ်နိုးတတ်သော မြန်မာ့ဓလေ့ကို နယ်၌သာ ထိန်းသိမ်းနိုင်တော့သည်။

သည်အတိုင်းပင်...

မနေ့ တစ်နေ့ကမှ တွေ့ရသော ကိုကျော်လွင်နှင့် ဖိုးတာ ဝို့သည် ပြည့်ဖြိုးဝေကို ငယ်ပေါင်း ရောင်းရင်း သူငယ်ချင်းသဖွယ် ချက်ချင်းပင် ရင်းနှီး ခင်မင်သွားခဲ့ကြလေပြီ။

"သေချာတယ် အစ်ကို... ကိုစောထွန်း လူမသတ်ရဲဘူး၊ ဒါပေမယ့် သူ့မှာ တပည့်ရှိတယ်၊ 'ဖိုက်ကြီး'တဲ့"

"ဘယ်သူ..."

"ဖိုက်ကြီး... အစ်ကိုရ၊ ဖိုက်ကြီး မဟုတ်ဘူး၊ ဘယ်သူနဲ့မဆို ဖိုက်တတ်လွန်းလို့ သူ့ကို ဒီမြို့မှာ နာမည်ပေးထားတာ၊ သူ့ နာမည်ရင်းက အောင်ကိုပါ"

"အဲဒီ ဖိုက်ကြီး ဒီမြို့မှာရှိသလား"

"မရှိဘူး ဆရာ... ဟိုတလောက သူတို့ ဆရာတပည့် နှစ်ယောက် ပျောက်သွားပြီး ဒီကို ခဏပြန်လာတယ်၊ ပြီးတော့... ကိုစောထွန်းက မန္တလေးတက်သွားတယ်၊ ဖိုက်ကြီးနဲ့တော့ မဟုတ်ဘူး၊ ဒါပေမယ့် အခု ဖိုက်ကြီးလည်း မတွေ့ပြန်ဘူး"

ဖိုးတာ ဆိုသော လူငယ်က အားပါးတရပြောနေစဉ် ကိုကျော်လွင်က...



www.burmeseclassic.com

www.burmeseclassic.com



"ဖိုက်ကြီးအကြောင်း သိချင်ရင် 'မင်းခေတ်ဆန်း' အပ်ချုပ်ဆိုင်ကို သွားမေးလိုက်ပါလား၊ အဲဒီ အပ်ချုပ်ဆိုင်က သူ့အစ်ကိုဆိုင်လေ၊ သူ အမြဲရှိနေတာပဲ"

"မေးပေးရမလား အစ်ကို"

"ကောင်းတယ်... ညီလေး ဖိုးတာ၊ သူတို့သတင်းကို ရသလောက် စုချင်တယ်၊ အစ်ကိုလည်း တစ်ဖက်ကတော့ စုံစမ်းနေဆဲပါပဲ"

သူတို့သုံးဦး ထိုင်နေကြသည်က မြို့အဝင် ကားဂိတ်အနီးမှ 'စိန်ကမ္ဘာ' လက်ဖက်ရည်ဆိုင်မှာ။

နွားနို့ပေါပြီး နို့ဆီရှားသဖြင့် ကော်ဖီ၊ လက်ဖက်ရည်များကို နွားနို့နှင့်သာ ဖျော်သဖြင့် သောက်ရတာ အရသာမရှိလှ။ အချိုကလည်း လွန်ကဲလှသည်။

"ဒီနေ့ဝင်မယ့်ကားတွေ မဆိုက်သေးပါဘူးနော်"

"လိုသေးတယ် အစ်ကို...၊ အစောဆုံး သုံးနာရီလောက်မှ ဆိုက်မှာ"

လက်မှ နာရီကိုကြည့်လိုက်တော့ နှစ်နာရီ မိနစ်နှစ်ဆယ်ရှိနေပြီ။

"ဖိုးတာတို့ အချိန်ရကြလား"

"အားပါတယ် အစ်ကိုရ... အစ်ကိုနဲ့ စကားပြောရတာ ရန်ကုန်အကြောင်းတွေ၊ ရန်ကုန်က အနုပညာသည်တွေ၊ အထူးသဖြင့် စတီရီယို တေးသံရှင်အကြောင်းတွေ ကြားရ၊ သိရတာ တကယ်မိတယ်ဗျာ"





ဖိုးတာထက် အသက် အနည်းငယ်ကြီးသော ကိုကျော်လွင်က...

"မင်း မေးချင်တာတွေပဲ စွပ်မေးနေတာပဲ၊ ကိုပြည့်ဖြိုးဝေ ဘာသိချင်လဲ မေးစမ်းပါစေဦး။ ဒါနဲ့ ဒီနေ့ဝင်မယ့်ကားမှာ အသိလိုက်လာမှာမို့လို့လား"

"အသိပဲ ဆိုပါတော့ဗျာ၊ ကျွန်တော့်ဖေဖေ လက်ထက်က ရင်းနှီးခဲ့တဲ့ ဆရာမကြီးများ ပြန်လာမလားလို့"

"အ–ထ–က(၁)က ဆရာမကြီး ဒေါ်လှကြည်လား"

"မဟုတ်ဘူးဗျ... မင်္ဂလာဦးရပ် အဆုံးကခြံမှာနေတဲ့ သားဖွား ဆရာမကြီး နော်ဂလိုးရီယာ"

"သြော်... သိတယ် ဆရာမဖက်တီးကြီး"

"ဟုတ်တယ်... မနေ့ကတောင် သူ့ခြံရောက်သေးတယ်၊ အဘိုးကြီးတစ်ယောက် တွေ့တယ်၊ အဲဒါ ဆရာမကြီးနဲ့ဘာတော်လဲ"

"သူ့အစ်ကို... အဲဒါလည်း လူပျိုကြီးပဲ၊ အားနေရင် သူ့ခြံပဲ သူရှင်းနေတာ၊ ကျွန်တော်တို့ငယ်ငယ်က ခြံထဲဝင်ပြီး သရက်သီး၊ မာလကာသီး ခိုးရင် တုတ်ကြီးနဲ့လိုက်တာဗျ"

ဖိုးတာက ရယ်ရင်း ဆက်ပြောသည်။

"အဘိုးကြီးက သဘောကောင်းပါတယ်၊ တောင်းရင် ပေးတယ်၊ အဲဒါကို သက်သက်စ,ချင်လို့ သွား သွားခိုးကြတာ"

"သူတို့က မောင်နှမ နှစ်ယောက်တည်း နေကြတာလား"

"ဟုတ်တယ်... ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆရာမကြီး



www.burmeseclassic.com

www.burmeseclassic.com



နိဂလိုးရီယာ ကသစ်နီမြို့ကနေ ပြန်လာတယ်၊ အမေတို့ ပြောတာ ရှိတယ်ဗျ"

"ဆိုစမ်းပါဦးကွာ"

"ကသစ်နီက သူဌေးကြီးက သူ့ကို ဆုပေးလိုက်တာလား၊ နှုတ်ပိတ် နှင်ထုတ်လိုက်တာလား မသိဘူး၊ တစ်ခုခုတော့ တစ်ခုခု ပဲတဲ့..."

"ဟင်..."

"ငွေသုံးသောင်းတောင် ပါလာတယ်တဲ့ဗျ၊ ပြီးတော့... ကသစ်နီကိုလည်း ဘယ်တော့မှ ပြန်မသွားရတော့ဘူးတဲ့"

"အဲဒါ ဘာဖြစ်လို့တဲ့လဲဟင် ဖိုးတာ"

"ကျွန်တော်ငယ်ငယ်က ကြားဖူးတာ၊ ကိုကျော်လွင်တို့တော့ သိမလားဘဲ၊ သိတာ ပြောပြလိုက်လေဗျာ"

"ဒီလို ကိုပြည့်ဖြိုးဝေရေ... မြို့ကလေးက ကျဉ်းတော့ အသစ်တစ်ယောက် ရောက်လာပြီဆို ဝေဖန်ကြရောဗျာ၊ နော်ဂလိုးရီယာတို့ကတော့ တောမပြန်ဘဲ ဒီမှာ ခြံဝယ်ပြီး သူ့အစ်ကိုအရင်းနဲ့ နေတယ်၊ ဗိုက်ကြီးသည်တွေ အပ်ရင် လိုက်မွေးပေးတယ်ဗျာ၊ ကျွန်တော်တို့ ခပ်ငယ်ငယ်တုန်းက ပြောနေကြတာကတော့..."

"ဘယ်လိုတဲ့လဲဟင်"

"ဩရီသခြံကြီးက နှင်လွှတ်လိုက်တာတဲ့၊ တချို့က ပြောတော့လည်း ကလေးလေး မွေးလာလို့ ဆုချလိုက်တာတဲ့၊ ဘာတွေမှန်းလဲ မသိပါဘူးဗျာ၊ အဲ... တစ်ခုသေချာတာက အဲဒီဆရာမကြီးက ကသစ်နီကို ဘယ်တော့မှ ပြန်မသွားတော့တာဘဲ"





"အင်း..."

ပြည့်ဖြိုးဝေသည် တွေဝေစွာ ရှိနေရာမှ ကားတစ်စီးဝင်လာသံ ကြားလိုက်ရသဖြင့် စိတ်စောစွာ လှမ်းမျှော်ကြည့်မိ၏။

"ဟော့... ဖိုးတာ ပြေးကြည့်စမ်းကွာ၊ ဆရာမကြီးများ ပါလာသလားလို့"

ဖိုးတာက ပေါ့ပါးစွာဆင်းပြေးပြီး ကားပေါ်မှ စတင်ဆင်းလာနေကြသော လူများကို ခပ်တည်တည် ရပ်စောင့်ကြည့်နေတော့သည်။ ခဏကြာတော့...

လက်ခါပြလျက် သူ ပြန်လာသည်။

"အေးလေ...မတတ်နိုင်ဘူး၊ ငါ မပြန်ရခင် နှစ်ရက် သုံးရက် အတွင်းမှာသာ ပြန်လာဖြစ်ပါစေ၊ ငါနှင့်ဆုံဖြစ်ပြီး မေမေ့ရဲ့အကြောင်းကို စုံစမ်းနိုင်ခွင့် ရပါစေလို့ ဆုတောင်းရမှာပဲ"

ယင်းအတွေးများဖြင့်အတူ ရေနွေးကြမ်း တစ်ငုံသောက်ပြီး လက်ဖက်ရည်ဖိုး သွားရှင်းလိုက်တော့ ကိုကျော်လွင်က ရှင်းပြီးပြီတဲ့။

"ဘယ်အချိန်က ပေးလိုက်လဲဗျာ၊ ကျွန်တော် ပေးပါရစေ"

ဖိုးတာက ကြားဝင်၍...

"အစ်ကိုက ဧည့်သည်ပဲဗျာ၊ ကျွန်တော်တို့က ဧည့်ခံရမှာပေါ့"

ပြည့်ဖြိုးဝေ ဘာမှ ငြင်းချက်ထုတ်မနေတော့။ ယောကျ်ားလေးချင်းမို့လည်း အားနာစကား မိန်းကလေးများလောက် မပြောဖြစ်ကြ။

သူတို့သုံးဦး လက်ဖက်ရည်ဆိုင်မှ ထွက်လာချိန်မှာ သူတို့ဘေးမှ ဝီလီဂျစ်ကားသစ်တစ်စီး ဖြတ်မောင်းသွား၍...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ… ဘယ်သူ့ကားလဲဗျ"

"ဒီမြို့က ကားမဟုတ်ဘူး အစ်ကို၊ မနေ့ကပဲ ကသစ်နီက ဝင်လာတဲ့ကား"

ဖိုးတာ အဖြေအဆုံးတွင် ပြည့်ဖြိုးဝေက ခြေစုံရပ်လိုက်ပြီး…

"အစ်ကို သိပြီ၊ ဒါ…ဩရိုသက ကားပဲ၊ ဒီမြို့ကို ဦးကျော်စွာ မင်းမောင် ရောက်နေသလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဦးစံလှထွန်းလား"

"အစ်ကိုပြောတဲ့ သူဌေးတွေ မဟုတ်ဘူးဗျ၊ သူဌေးသမီးလေး ပန်းပွင့်ဝေ ဆိုတာ ရောက်နေတာ"

"ဟာ… ပန်းပွင့်ဝေ ရောက်နေတယ် ဟုတ်လား၊ ဘာကိစ္စလဲ၊ ဘယ်သူနဲ့ လာတွေ့တာလဲဟင်"

ထိန်းသိမ်းပြီးမှ မေးရမည့် မေးခွန်းများကို ဆန္ဒစောလွန်းစွာ ဆက်တိုက်မေးလိုက်မိရုံမက လူ၏ အမူအရာကပါ ပြူးတူးပျာတာ ဖြစ်သွား၍…

"အစ်ကိုနဲ့ ပန်းပွင့်ဝေကတော့ မရိုးဘူးထင်တယ်ဗျ၊ အဟဲ"

"ဖိုးတာ… အခု သူ ဘယ်မှာလဲဟင်၊ အစ်ကို ပန်းပွင့်ဝေနဲ့ တွေ့ချင်တယ်"

"အခုလောက်ဆိုရင်တော့ တရားရုံးက ပြန်ကြလောက်ရောပေါ့"

"ဘာ… ဘယ်လို…"





"ကောင်မလေးက ခိုးရာလိုက်ပြေးလာတာတဲ့ အစ်ကိုရ"

"ဟာ… ဘယ်…ဘယ်သူနဲ့လဲ"

"သူတို့ခြံက အလုပ်သမား ကိုဦး ဆိုတာနဲ့ဗျ"

"ဟိုက်"

"အစ်ကို့ကြည့်ရတာ…"

"အေး… ပန်းပွင့်ဝေကို အစ်ကို သိပ်တွေ့ချင်တယ်၊ အို… အမြန်ဆုံးတွေ့ချင်တယ်၊ သူ…သူတို့ ဘယ်မှာရှိမလဲဟင်"

"ဆယ်နာရီလောက်တုန်းကတော့ တရားရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ကြမယ်လို့ ပြောနေကြတာပဲ၊ ခုတော့ ဘယ်မှာရှိမလဲ မသိဘူး"

"ဖိုးတာ… ကိုကျော်လွင်… ကျွန်တော့်ကို ကူညီကြပါဗျာ"

"ပြော… ဘာလုပ်ပေးရမလဲ"

"ပန်းပွင့်ဝေနဲ့ ကျွန်တော် အမြန်ဆုံးတွေ့ချင်တယ်ဗျာ"

သူ့အသံက အက်ကွဲ ဆို့နင့်နေ၏။ သူ့မျက်နှာပြင်သည် မငိုရုံသာ အိုနေရှာ၍ ဖိုးတာရော ကိုကျော်လွင်ပါ အံ့ဩလွန်းစွာ ကြည့်နေပြီးမှ သူတို့ ချက်ချင်းသဘောပေါက်သွားကြကာ…

"လွန်သွားပြီးပဲ အစ်ကိုရယ်…၊ လက်လျှော့လိုက်ပါတော့၊ ဒီမြို့မှာလည်း အချောအလှလေးတွေ ပေါပါတယ်ဗျ"

"မဟုတ်ဘူး… မဟုတ်ဘူး၊ ခင်ဗျားတို့ မသိပါဘူးဗျာ…

"ကျွန်တော် ပန်းပွင့်ဝေကို အမြန်ဆုံးတွေ့ချင်တယ်…

"သူ့ကို ချက်ချင်းတွေ့မှကို ဖြစ်မယ်ဗျ"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

လက်ထပ်စာချုပ်ပေါ်တွင် လက်မှတ်ထိုးစဉ်က လက်ကလေးများ ဆတ်ဆတ်တုန်နေခဲ့သည်။

လက်မှတ်ထိုးအပြီးမှာ အေးစက်နေသော လက်ဖျားလေးများကို ကိုကိုဦးက ဆုပ်ကိုင်ပေး၍ နွေးထွေးခဲ့ရသော်လည်း မြန်လွန်းနေသော ရင်ခုန်နှုန်းကိုတော့ ငြိမ်သက်သွားအောင် လုပ်မပေးနိုင်ရှာ။

ကိုဦး ကိုယ်တိုင်လည်း ပန်းပွင့်ဝေထက် အချက်မလျော့နည်းသော ရင်ခုန်နှုန်းများဖြင့် တဆတ်ဆတ်တုန်နေသော နှလုံးသားရင်ဖြင့်ပင် . . .

"ပွင့်ဝေ . . . ညီမလေး ပျော်ရဲ့လားဟင်"

"မသိဘူး ကိုကိုဦးရယ် . . . ရင်တွေ သိပ်ခုန်နေတော့ ကြောက် နေသလိုပဲ"

"ကိုကိုဦး ရှိနေသားပဲ၊ ဘာကြောက်စရာ လိုလဲကွယ်"

"ဟင် . . . ကိုကိုဦးကို ကြောက်တာ"





"ဟောဗျာ . . ."

"တကယ်ပဲ ခုလို ယူရလိမ့်မယ်လို့လည်း မထင်ပါဘူး။ ပွင့်ဝေက ကိုကိုဦးနဲ့အတူ သွားလာ၊ မြင်းစီး၊ စုံပတာတ်ကုန်းက ဘိုတဲကို သွား၊ အဲလိုနေချင်တာ၊ ခုလိုမျိုးကြီး မဟုတ်ဘူး"

"ကိုကိုဦးကလည်း စိတ်တောင် မကူးရဲခဲ့ပါဘူးဗျာ၊ သိတဲ့အတိုင်း ဦးလေးရဲ့အစီအစဉ်နဲ့ ရောက်ခဲ့ရတာပဲ"

"ဟင့်အင်း . . . ပွင့်ဝေတော့ လက်မှတ်ထိုးလိုက်ရတာကို ကြောက်သလိုကြီးပဲ၊ အိပ်ပြန်ချင်တယ် ကိုကိုဦးရယ်၊ မေမေတော့ ငိုနေမှာပဲ"

"ချစ်ရယ် . . . အရာအားလုံးကို အခြေအနေက ရုတ်တရက်ကြီး ဖန်တီးပေးလိုက်ပြီပဲလေ၊ ပွင့်ဝေ ကိုကိုဦးကို ချစ်တယ်ဆို"

"ချစ်တော့ ချစ်တာပေါ့ . . . ဒါပေမယ့် . . . ဟိုလို . . . အို . . . ပွင့်ဝေ မပြောတတ်တော့ဘူး"

ကိုဦး၏ ရင်ခွင်ပေါ်သို့ မျက်နှာကို တအားကြီးဖိကပ်ပြီး အကြောင်းမဲ့ ကိုဦး၏လက်မောင်းကို ထုရိုက်နေတော့သည်။

ကလေးဆန်နေဆဲ ချစ်သူ၏ အပြုအမူများကို ငြိမ်သက်စွာ ခံယူရာမှ . . .

"အထုခံရတဲ့ ကိုကိုဦးက မနာပါဘူး၊ ထုနေတဲ့ ပွင့်ဝေရဲ့ လက်ကလေး နာသွားပါဦးမယ် အချစ်ရယ်"

ရိုက်ခတ်လာသော ရင်တွင်းစေတနာမွန်ဖြင့်ပင် ပြောမိပြီး ပန်းပွင့်ဝေ ဆိုသော အချစ်ဆုံးလေးကို ပိုင်ဆိုင်ခွင့်ရပြီ ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



အသိဖြင့် မြတ်မြတ်နိုးနိုး ယုယုယယလေး ထွေးပွေ့ရင်းက ပါးပြင်နှသို့ အနမ်းဦးလေး ကြာမြင့်စွာ တင်ဆက်ထားမိတော့သည်။

"ကိုကိုဦး"

"ဗျာ"

"ဖေဖေက ဘာဖြစ်လို့ ခုလိုချက်ချင်းကြီး ပေးစားလိုက်တာလဲ၊ ကိုကိုဦး သိလားဟင်"

"သိတာပေါ့ဗျ..."

"ပြောလေ... သိရင်"

"ဒီဘက်ပါးလေး မွှေးပြီးမှ ပြောမယ်"

"ကဲ... ကဲချင်ဦး"

ပေါင်ကို တစ်ချက်ထုလိုက်ပြီးသော်လည်း ပန်းပွင့်ဝေ ကိုယ်တိုင်ပင် ရှိုက်မက် ကြည်နူးစွာ အချစ်ဆုံး၏ အနမ်းဦးကို ခံယူခဲ့ရှာလေသည်။

"ကဲကွာ... ပြောတော့"

"ကိုကိုဦး ဖေဖေက ဩရိုသခြံက အမြန်ဆုံးပြောင်းဖို့ ကြံစည်နေတယ်၊ အဲဒါကို ဦးလေး သိသွားလို့ပဲ ဖြစ်ရမယ်"

"အဘစံက ဘာဖြစ်လို့ ပွင့်ဝေတို့ခြံက ပြောင်းမှာတဲ့လဲဟင်"

"အဲဒါ ဒီထွက်လာတဲ့အထိ ကိုကိုဦးနဲ့ ဖေဖေနဲ့ မတွေ့ရတော့ဘူးလေ၊ ဖေဖေ မြို့ထဲထွက်နေတုန်း ကိုကိုဦးတို့လည်း အမြန်ပြေးခဲ့ကြရတာ"

"အင်း... မေမေလည်း မရှိဘူး"





"ဒီလို ညီမလေးရဲ့၊ အဖေနဲ့ ဦးလေးတို့မှာ အလုပ်ကိစ္စ အဆင်မပြေကြတာတွေ ရှိကြလိမ့်မယ်၊ အဲဒီတော့ အဖေက ပြောင်းတော့မယ်လို့ ဆုံးဖြတ်ပြီး ကိုကိုဦးကိုပါ အမြန်ဆုံး ပစ္စည်းသိမ်းခိုင်းနေတာ"

"ကိုကိုဦးကရော ပွင့်ဝေကို ထားခဲ့ပြီး သွားမှာပဲလား"

"မထားနိုင်လို့ မနက်အစောကြီး အိပ်ကြီးမလေးဆီ ပြေးလာခဲ့တာပေါ့"

"အင်းနော်၊ ဟုတ်တယ် ဒါကြောင့်ပဲ"

"ဦးလေးကလေ ငါ့သမက်ကလေးတော့ ရင်ကွဲရှာချည်ရဲ့ ဆိုပြီး သမီးကို တစ်ခါတည်း ထည့်ပေးလိုက်တာ၊ ကမ္ဘာပေါ်မှာ အတော်ဆုံးယောက္ခမကြီး ပွင့်ဝေရဲ့"

"အေးလေ၊ ဖေဖေကများ ခုလိုသဘောတူမပေးဘဲ ကိုကိုဦး ပြောင်းသွားရင်တော့ ပွင့်ဝေလေ ရင်ကွဲပြီး သေမှာပဲ ကိုကိုရဲ့ သိလား"

"ချစ်ရယ်"

တိုးလို့ ဖက်ဖြစ်သည်။

"ဖေဖေက တကယ်လိမ္မာတယ်နော်"

"ကိုကိုဦးအတွက် အခက်အခဲဆုံးအချိန်မှာ သိကြားမင်းကြီး ဆင်းလာပြီး ဖန်ဆင်းပေးလိုက်တဲ့ အတိုင်းပါပဲ၊ ဦးလေးကို ညကလဲ ကန်တော့ အိပ်မိပါတယ်၊ အဖေလည်း ခွင့်လွှတ်ပါလို့ ဆုတောင်းမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦး ညက အိပ်လို့ပျော်လား"

"ဘယ်ပျော်မလဲဗျာ၊ ကားပေါ်မှာ အိပ်ရတော့ ကိုက်လိုက်တဲ့ ခြင်တွေ"

"ပွင့်ဝေလဲ ကိုကိုဦးရဲ့ သူငယ်ချင်း အိမ်ပေါ်မှာ အိပ်ရပေမဲ့ အိပ်မပျော်ပါဘူး ကိုကိုဦးရာ"

"ကိုကိုဦးအကြောင်း စဉ်းစားနေလို့ မဟုတ်လား"

"ဟုတ်ပါဘူး"

"ဟာကွာ ပြုံးနေပုံလေးက ညာတာကိုလည်း လုံအောင်မဖုံး နိုင်ဘဲနဲ့"

"ကိုကိုဦးနော်"

"ကဲပါ ဒီညတော့ စဉ်းစားစရာ မလိုတော့ပါဘူး၊ ရုံးမှာ တရားဝင် လက်ထပ်ပြီးပြီမို့ ကိုကိုဦးရဲ့ ရင်ခွင်မှာ"

"သွား မပြောနဲ့၊ သူများ မကြားချင်ဘူး သိလား"

"အဟား... ဟား"

"ဘာလျှောင်တာလဲ"

"ရှက်သွားတဲ့ မျက်နှာလေးကို ချစ်လွန်းလို့ပါဗျာ ပွင့်ဝေ၊ ကိုကိုဦး သိပ်ချစ်ရတဲ့ ပွင့်ဝေလေးရယ်"

သည်တစ်ခါ ဖက်ပွေ့မှုက မညင်သာတော့၊ ကိုဦး၏ ရင်ခွင် ထဲကို ဖောက်ဝင်သွားမလောက် ကိုဦးက အားရှိပါးရှိ ဖက်ပစ်လိုက် တော့သည်။

အနမ်းဦးပြီးတော့ မရေမတွက်နိုင်သော အနမ်းပေါင်း များစွာ က နေရာအနှံ့ ...။





"ကိုကိုဦးရယ်ကွယ်"

မျက်နှာလေး ရင်ခွင်မှာ ကပ်လာတော့ မြတ်နိုးမှုလွန်ကဲစွာ ဖက်တွယ်ထားမိပြန်သည်။

"ပွင့်ဝေ"

"အင်"

"ကိုကိုဦးကို ချစ်လား...ဟင်"

"မေးနေစရာ လိုသေးလားလို့"

"ကြားချင်လို့ပေါ့"

ပန်းပွင့်ဝေက ရှိုးရှိုးမဖြေ...။ ရင်ခွင်မှ မျက်နှာကို ခွာပြီး နား နားမှာ နှုတ်ခမ်းလေးကို ကပ်လိုက်ပြီး အသံကျယ်ကြီးဖြင့်...

"ချစ်တယ်ဗျို့"

"အဟား... နားကို အူသွားတာပဲကွာ၊ ကြည့်စမ်း... ခုထိ ဆိုးတုန်း၊ ကလေးဆန်တုန်း၊ ယောက်ျားတောင် ရနေပြီ သိရဲ့လား မိန်းမရဲ့"

"ကဲ...ကဲ...ကဲ"

လက်သီးနှဖြင့် အကြောင်းမဲ့ ထုပြန်သည်။

ကိုဦးကလည်း ရုန်းနေသော ပန်းပွင့်ဝေကို အတင်းဖက်၊ အတင်းချုပ်၊ အတင်းနမ်းဖြင့် ကြမ်းတမ်းသော အချစ်ပွဲလေးတစ်ပွဲက ကြည်နူးစရာ ကောင်းလှချေပြီ။

"ကိုကိုဦးကတော့ သိပ်ပျော်တာပဲ အချစ်ရယ်၊ ဦးလေးကို လည်း ကျေးဇူးတင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ဖေဖေ့ကြောင့်၊ အဘစံ သဘောအတိုင်းသာ ဆိုလျှင် ကိုကိုဦးနဲ့ ပွင့်ဝေ ဝေးရမှာနော်"

"ဘယ်အဝေးခံပါ့မလဲ အချစ်ရယ်... ခါလည်း ခဏလိုက်သွားပြီး ပွင့်ဝေနဲ့ ပြန်ဆုံအောင် ကြိုးစားမှာပေါ့၊ ဒီမှာ..."

"ဟင်"

"အချစ်ကြီးတတ်သူတိုင်းဟာ သူ့ချစ်သူတွေကို ဘယ်တော့မှ ပစ်မထားတတ်ကြဘူး၊ တောင်တွေ အထပ်ထပ်ခြားလည်း ကျော်လာခဲ့မယ်၊ ရှုးတွေ အဆင့်ဆင့်ကာထားလည်း ဆွေးတွေ့ရပါစေ၊ အသားတွေ ပွဲ့ပါစေ အချစ်ဆုံးလေးရှိရာကို တိုးဖြတ် ကျော်လွှားလာခဲ့မှာပဲ၊ သိလား"

"ဟင်... ပွင့်ဝေကတော့ ကိုကိုဦးလို မပြောတတ်ဘူး၊ ချစ်တယ်... အများကြီးချစ်တယ်၊ သေမတတ်ချစ်တယ် သိလား၊ အဲလိုပဲ အမြဲနေချင်တယ် ကိုကိုဦးရဲ့"

"ဦးလေး ကျေးဇူးကြောင့် နေရပြီလေ"

"အဘစံတော့ စိတ်ဆိုးနေမှာပဲနော်"

"ဝမ်းသာလွန်းလို့ အဘိုးကြီး ဦးရွှေရိုးအကတောင် ကနေလောက်ပြီ"

"အဟား... ဟား"

"တကယ်ပြောတာ... သူက ပွင့်ဝေကို မချစ်နဲ့ဆိုတာက မတန်လို့တဲ့လေ၊ ဦးလေးက သိပ်စိတ်ဆိုးလိမ့်မယ်၊ ကျေးဇူးရှင်ရဲ့ သမီး၊ သိပ်ချမ်းသာတဲ့ သူဌေးသမီးမို့ မထိုက်တန်လို့ မကြံပါနဲ့





ဆိုပြီး သဘောမတူတာပါ၊ အဖြစ်မှန်သိသွားရင် ခုံလောက်ဆိုကွေးနေအောင် ကနေရောပေါ့"

"ကြည့်... အဘစံနဲ့ တိုင်ပြောချင်လိုက်တာ"

"အဖေလည်း ဩရိသက ထွက်ချင် ထွက်သွားမယ်၊ ဒါမှမဟုတ်လည်း ဦးလေးကိုယ်တိုင်က သူ ဒီလိုစီစဉ်ပေးလိုက်ပြီ ဆိုပြီး အဖေနဲ့ ခမည်းခမက်ချင်း ပြေလည်ချင်လည်း ပြေလည်နေလောက်ရောပေါ့"

"ကိုကိုဦး... ဒီနေ့ ကားနဲ့ အိမ်က ဘာမှာလိုက်တာလဲဟင်၊ မေမေတော့ ငိုနေမလား မသိဘူး၊ သနားပါတယ်"

"အဲဒါ ဘာမှမပြောဘူး၊ ဩရိသက အကြောင်းလည်း ဘာမှမကြားဘူး၊ ဒါပေမယ့် ကိုကိုဦးတို့ အခုနေတဲ့ ကိုကိုဦးရဲ့ သူငယ်ချင်းအဖေက ဒီညနေမှာ စီစဉ်ပေးစရာရှိတယ်လို့ ပြောတာပဲ"

"ဟင်... ဘာကိုစီစဉ်မှာလဲ"

"နေဖို့ ထိုင်ဖို့ ဖြစ်မှာပါ"

ကံဖျားရပ်မှ နှစ်ထပ်အိမ်ကြီး၏ အပေါ်ထပ်မှာ လက်ထပ်ပြီးစ အချစ်ဆုံးနှစ်ယောက်တို့၏ အပျော်ဆုံး အချိန်ကာလလေးကို ကူးဖြတ်နေကြစဉ်မှာပင်... လှေကားထိပ်မှ ချောင်းဟန့်သံပေးပြီး တက်လာသံကြောင့်...

လေမတိုးသာသော ချစ်သူနှစ်ဦးမှာ တစ်တောင်စာ အကွာလောက် ခွာထိုင်လိုက်ရသည်။

ကိုဦး၏သူငယ်ချင်း သက်ဆွေနှင့် သူ့ဖခင် ဦးသက်ဝင်းတို့ ရောက်ရှိလာကြပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာလည်း တို့သားအဖနှစ်ယောက်တည်း ရှိလို့ မင်းတို့ကို အပေါ်ထပ်တစ်ထပ်လုံးပေးပြီး ကြိုက်သလောက်နေကြပါစေဆိုပြီး ထားမလို့ပဲကွ"

ကိုသက်ဆွေ၏ စကားကြောင့် ပန်းပွင့်ဝေက အားငယ်သော မျက်နှာလေးနှင့် သူ့ကိုကိုဦးကို လှမ်းကြည့်လာ၍... ကိုဦးက အိမ်ရှင် သားအဖရှေ့မှာ ပန်းပွင့်ဝေ၏ လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။ ချစ်သူ အားမငယ်စေရန်ပါ။

"နေ့လယ်က တယ်လီဖုန်း လာတယ်ဆိုလို့ ဦးလေးတို့ တစ်အိမ်ကျော်ကို ပြေးသွားရတယ်၊ ကသစ်နီက ပြောတာပါ၊ ပန်းပွင့်ဝေတို့ကို မင်္ဂလာဦးရပ်က ဆရာမကြီး နော်ဂလိုးရီယာအိမ်ကို သွားပို့ထားပါ၊ ဟိုမှာနေပါစေတဲ့၊ ပြီးတော့ ကားကိုလည်း ဦးသက်ဝင်းက စီစဉ်ပြီး ဩရီသကို ပြန်ပို့ပေးပါလို့ ပြောပြီးတာနဲ့ ဖုန်းချသွားတယ်"

"ဦးလေး ဆက်တာလား...၊ အဖေ ဆက်တာလားဟင် သက်ဆွေ"

"ငါလည်းမသိဘူးကွ"

"ဟုတ်တယ် ဦးလေးလည်း ဘာမှမေးချိန်တောင် မရလိုက်ဘူး၊ ဦးလေးအိမ်မှာ သားတို့ သမီးတို့ ရောက်နေပြီဆိုတာလည်း သူ သိပုံရတယ်၊ ဦးလေးနဲ့ နော်ဂလိုးရီယာတို့ မောင်နှမနဲ့ ရင်းနှီးတယ်ဆိုတာလည်း စကားပြောသူက သိပုံရတယ်"

"ဖုန်းဆက်တဲ့သူဟာ ဦးလေး ဦးကျော်စွာကိုယ်တိုင်ပဲ ဖြစ်မှာပါပဲ ပွင့်ဝေလေး"





"ပွင့်ဝေ မတွေးတတ်ဘူး"

"ဒါကြောင့်သာ ဟိုက အားလုံးစီစဉ်ပေးတာ ဖြစ်မှာပေါ့"

"သော်... ပြောသေးတယ်၊ ဟိုအိမ်ပြောင်းနေတာ ဘယ်သူမှ မသိပါစေနဲ့တဲ့၊ သူတို့လည်း အပြင် သိပ်ထွက်မလည်ကြနဲ့လို့ မှာပါတဲ့"

"အဖေ... ဒါတော့ စိတ်ချ၊ ဒီကောင် ပန်းပွင့်ဝေနားက ခွာမယ့်ကောင် မဟုတ်ဘူး"

"ကဲ... ဒီတော့ ဟိုကစီစဉ်တဲ့အတိုင်း မင်္ဂလာဦးရပ်ကို သွားကြရအောင်လေ၊ ကားကိုတော့ မနက်ဖြန်မနက် စောစောမှပဲ ခရီးသည်တွေထွက်တဲ့ ကားနဲ့အတူ ဦးလေးရဲ့ဝပ်ရှော့က ကောင်လေး တစ်ယောက်နဲ့ ပို့ခိုင်းလိုက်တော့မယ်"

"ကောင်းပါတယ် ခင်ဗျာ"

"ဟောကောင်... ကိုဦး၊ မင်းတို့ ဟိုအိမ်ပြောင်းနေ ဆိုပေမယ့် စားဖို့ သောက်ဖို့ ငါတာဝန်ထားကွာ၊ ငါ ထမင်းဟင်း အချိန်မှန် လာပို့မယ်၊ ဟိုအိမ်က အဘိုးကြီးက အရစ်ကြီးကွ၊ ဆရာမကြီးလည်း ပြန်မရောက်လာသေးဘူး"

"ရပါတယ်ကွာ... ငါ ထမင်းဟင်း ကောင်းကောင်းချက်တတ်တာ မင်းလည်းအသိ၊ ပွင့်ဝေကတော့ ဘဲဥတောင် နူးအောင် မပြုတ်တတ်ဘူးကွ၊ အဟား ဟား..."

"ကြည့်... သူများကိုပဲ သိက္ခာချနေ"

ချစ်မျက်စောင်းနှင့် ကိုဦး၏ ရယ်သံတို့သည် သူတို့ရှေ့၌ လဟာပြင်သာ ရှိနေသည့်အလားပမာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သြော်... ဟော့ကောင်၊ မင်း ငါခိုင်းထားတာလေး လုပ်ပြီးပြီလား"

"လက်ထပ်ပြီးစီးခြင်း သတင်းစာကြော်ငြာလား...

"အေး... ကိုယ်စားလှယ်က ပြောတယ်၊ ကြော်ငြာက သိပ်ခက်ပေမယ့် အမြန်ဆုံးကိုပါအောင် သူ လုပ်ပေးပါ့မယ်တဲ့၊ နက်ဖြန် သဘက်ခါ ပါမယ်ကွာ"

"အေး အေး... ပြီးရော"

"ကဲ ကဲ... ဒါဖြင့် ထမင်းစားကြစို့၊ စားပြီးမှပဲ ဟိုအိမ်မှာ မင်းတို့ကို အခန်းအပ်မယ်"

ကိုဦးက ဦးသက်ဝင်း မမြင်အောင် သက်ဆွေကို ဟန်အမူအရာနဲ့ ဆဲလိုက်သည်။

အဘိုးကြီး ဆင်းသွားသော်လည်း သက်ဆွေက ဆေးလိပ်ကလေး တဖွာဖွာနဲ့ ခပ်ပြုံးပြုံး ထိုင်နေ၍...

"ဟော့ကောင်... မင်း ငါ့ကို ဘာပြောစရာရှိသေးလဲ"

"ဘာမှမရှိပါဘူးကွာ၊ ဒါပေမယ့်... မန်းတက္ကသိုလ်မှာ တစ်ဆောင်တည်းနေကြတဲ့ သူငယ်ချင်းတွေဆိုတော့ စောင့်ရှောက်ရမယ့်ဝတ္တရား ငါ့မှာရှိတယ်လေ၊ ငါ့အိမ်မှာ လာနေတုန်း ငါက ထိုင်စောင့်ရှောက်မလို့ပါ"

မျက်လုံးလေးမှေး၍ ဆေးပေါ့လိပ်ကို ဖွာရင်း ကုလားထိုင်မှာ ခပ်လျော့လျော့လေး ထိုင်နေသော ကိုသက်ဆွေ။





သူ့ပုံစံက သဘော်တစ်စင်း ကျောက်ချထားသလို ခိုင်ခိုင်မြဲမြဲ နေတော့မည့်ပုံစံမျိုး။

"ဟော့ကောင်..."

ကိုဦး ခေါ်သည်ကို လှည့်၍ပင်မကြည့်။

"ဟော့ကောင်... ငါ ခေါ်နေတယ်ကွ"

"ငါ ကြားပါတယ်ကွ၊ အားမငယ်ပါနဲ့၊ ငါ ထိုင်စောင့်နေပါ့မယ်ဆို"

"သွားစမ်းကွာ... လာနှောက်မနေနဲ့"

"သြော်... ငါဘာနှောက်လို့လဲ၊ ငါ့ဟာငါ ထိုင်စောင့်ရှောက်နေတာပါ ဆိုမှ"

"ခွေးသူတောင်းစား... မင်း ဆင်းမလား မဆင်းဘူးလား ပြော"

"အို... ကိုကိုဦးကလဲ"

ပန်းပွင့်ဝေက ယောကျ်ားလေး သူငယ်ချင်းတို့၏ သဘာဝကို နားမလည်ရှာ၍ အိမ်ရှင် ကိုသက်ဆွေကို အားနာစိတ်ဖြင့် ဝင်ပြောမိ၏။

"အလကား... ပွင့်ဝေ၊ ဒီကောင့် အကျင့်ကိုက ဒီလိုပဲ၊ မင်း မဆင်းရင် ငါ ထိုးမှာနော်"

ကိုဦးက ပြောပြောဆိုဆိုနှင့် သူ့လက်မောင်းကို ဆောင့်ဆွဲထူပြီး လက်သီးနှင့်ရွယ်တော့မှ...

ကိုသက်ဆွေက တဟားဟားရယ်မောလျက်... ဆေးလိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်၊ ကျွတ်နေသော ပုဆိုးခါးပုံစကို ကိုင်ရင်း ပြေးဆင်းသွားတော့သည်။

"ကိုကိုဦး သူငယ်ချင်းက တကယ် ရယ်ရတယ်နော်"

"တမင် လာနှောင့်နေတာလေ"

"ကိုကိုဦးတို့ နှစ်ယောက်က သိပ်ချစ်ကြတာပဲနော်"

"ဒါကြောင့်သာ... သူ့အိမ်ကို မိန်းမ ခိုးပြေးလာရဲတာပေါ့ မိန်းမရဲ့"

"သွား... သူများကြားရတာ နားရှက်တယ်၊ သိလား"

"မနေ့က လက်မှတ် မထိုးရသေးလို့၊ ဘာအစီအစဉ်မှလည်း မရှိလို့၊ ယောက္ခမကြီးကားလည်း အခိုးခံရမှာစိုးလို့ ကားထဲမှာ အိပ်ခဲ့ရပြီလေ။

အခုတော့ ဒီနေ့ဆယ့်တစ်နာရီကစပြီး တရားရုံးမှာ လက်မှတ်ထိုးပြီးလို့ ပွင့်ဝေလေးကို ကိုကိုဦး ပိုင်ပြီဗျ...

ပွင့်ဝေဆိုတဲ့ ကောင်မလေးကို မွေးကတည်းက မြင်တွေ့ရပြီး ငယ်ငယ်လေးကတည်းက ချစ်ခဲ့ရတဲ့ ကိုကိုဦးပါဗျာ...

ခုတော့လေ ဦးလေး ကျေးဇူးကြောင့် ပွင့်ဝေကို ကိုကိုဦး ပိုင်ဆိုင်ခွင့်ရပြီ၊ ကိုကိုဦးရဲ့အချစ်ဆုံး... ကိုကိုဦးရဲ့မိန်းမ... ကိုကိုဦးရဲ့ ချစ်ဇနီးလေးရယ်"

တိတ်ဆိတ် ကျယ်ဝန်း လွတ်လပ်သော အပေါ်ထပ်တွင် အချစ်ဆုံးနှစ်ယောက်တို့ ပြန်လည်ထွေးပွေ့ ရှိုက်နမ်းဖြစ်ကြပြန်သည်။





"ကိုကိုဦး"

"ဗျား"

"အခု ပွင့်ဝေတို့ သွားနေရမယ့်အိမ် ဆိုတာ ဟိုးတစ်ခါက ပင်းတလဲတောင်ခြေကားဂိတ်မှာ ပွင့်ဝေတို့နှစ်ယောက်ကို လာနှုတ်ဆက်ဖူးတဲ့ ဆရာမ ဝဝကြီးလားဟင်"

"အစစ်ပေါ့"

"သဘောကောင်းပုံ ရတယ်နော်"

"ဒါကြောင့်သာ ဦးလေးက သွားနေခိုင်းမှာပေါ့"

"သူ့ကျတော့ ကသစ်နီကို ဘယ်တော့မှ မလာပါဘူးလို့ မှာလိုက်ပြီး..."

"ဒါ... လူကြီးတွေကိစ္စ၊ ဘာမှ တွေးမနေနဲ့၊ ကိုယ့်ကိစ္စ ကိုယ်လုပ်"

"သွား... ဘာမှန်းလဲ မသိဘူး"

"ကိုကိုဦးရဲ့ အနမ်းတွေချည်းများနေပြီ၊ ကိုကိုဦးကိုလည်း တလဲ"

ထိုးပေးလာသော ပါးပြင်ကြီးကို တွန်းပစ်လိုက်သည်။

"သွား"

"အချစ်ရဲ့အနမ်းဦးကို ခံယူချင်လွန်းလို့ပါ ပွင့်ဝေလေးရယ်"

"နမ်းချင်ပါဘူး ဆိုမှ"

"မနမ်းချင်နေပေါ့၊ တို့က ကိုယ့်ဘာသာကိုယ် နမ်းမှာပေါ့"

"အား... သေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဦးက ခပ်တည်တည်ပြော၏။ ပန်းပွင့်ဝေသော ပန်းပွင့်လေး ဆိုရင် ပွင့်ဖတ်တွေ တစ်စစီ ကြွေလောက်ပြီ။ တစ်အားဖက် တစ်အား နမ်း...။

"ကြောက်ပြီ... ကြောက်ပြီ... ပန်းပေးပြီ"

"ပန်းပေးပြီဆိုတာ နိုင်သူခိုင်းသမျှ လုပ်ကြေးနော်"

"အင်းပါ... သိပါတယ်၊ ကဲ..."

နုဖတ်နေသော လက်ကကလေးနှစ်ဖက်ဖြင့် သူ့အချစ်ဆုံး အချစ်ဦး ကိုကိုဦး၏မျက်နှာကို ရှုရှုလေး ကိုင်လိုက်ပြီးမှ ရှိုက်နမ်း လိုက်သော အနမ်းဦးကြောင့်...

ကိုဦးနှင့် ပန်းပွင့်ဝေတို့၏ နှလုံးသားသစ် ကိုယ်ခန္ဓာသစ်လေး နှစ်ခုလုံး သွက်သွက်သိမ့်သိမ့်ခါလျက်...

ရင်ထဲ နှလုံးသားထဲအထိ အေးစိမ့် ကြည်မြသွားအောင် လှုပ နူးညံ့လိုက်တဲ့ ခံစားမှုသစ်ကလေးရယ်...။

○





## အခန်း (၂၆)

ဒေါ်မြနှင်းဖြူသည် ပန်းပွင့်ဝေ အိမ်နေရင်းပင် ထာဝရ ဝတ် ဆင်ထားသော စိန်နားကပ်၊ စိန်လော့ကတ်နှင့် ရွှေဆွဲကြိုး၊ နီလာ တစ်ရစ် စိန်တစ်ရစ်ဖြင့် စိန်သုံးတန်းကြားမှ နီလာနှစ်တန်း ခြားထား သော လက်စွပ်လေးများကို ခေါင်းအုံးအောက်မှ ထပ်မံထုတ်ကြည့်ပြီး မျက်ရည်များ ပေါက်ပေါက်ကျလာပြန်သည်။

"သမီးရယ်... အမိုက်မလေးရဲ့...

"အပျိုလေးမှ ဖြစ်မယ်မကြံသေးဘူး လိုက်ပြေးရတယ်လို့ ကွယ်"

"မေမေ... နမြောလိုက်တာ"

"သမီးလေးကို မေမေ နမြောလိုက်တာဟာ"

ဒေါ်မြနှင်းဖြူမှာ သေဆုံးသူအတွက် ကျန်ရစ်သူ၏ ပူဆွေး တမ်းတပုံမျိုးလို ရင်ဖွင့်စွာ အော်ငိုရှာသည်။

ကိုယ့်သမီးကို ကလေးလေးဟုပင် စိတ်မှာ ထင်နေဆဲအချိန်။ ဖူးပွင့်စ နှင်းဆီပန်းလေးလို နီနီထွေးထွေး နုနုနယ်နယ် အလှသွေး များ အကြွဆုံးအချိန်မို့ သမီးလေးကို ဟိုဟာလေး ဆင်ချင်၊ ဒီဟာလေး ဝတ်စေချင်ဖြင့် အလှဖြည့်ကာ ကြည့်မဝနိုင်အောင် ဖြစ်နေသော မိခင်တစ်ယောက်၏ ကြည်နူးချိန်...



www.burmeseclassic.com

www.burmeseclassic.com



သမီးသည် မိခင်ရင်ခွင်မှ စွန့်ခွာကာ ချစ်သူနောက်သို့ လိုက်ပြေးမည့် အချိန်အရွယ်မျိုး ဖြစ်လောက်ပြီဟု နည်းနည်းကလေးမှ မတွေးမိခဲ့သေးပါ။

ဤကာလမျိုးမှာမှ သမီးငယ်သည် ဒေါ်မြနှင်းဖြူ သဘောတူခြင်း မရှိလှသော ကိုယ့်ခြံမှ အလုပ်သမား၏သား ကိုဦးနောက် လိုက်ပြေးကာ တရားရုံးမှာ လက်ထပ်လိုက်ပြီတဲ့လေ...

"သမီးရယ်... သမီးလေးရဲ့....

"သမီးလေး ခုလိုလုပ်သွားတာ မေမေ့ရင်ကို ဓားထက်ထက်နဲ့ ခွဲပြီး အသည်းတွေ၊ အူတွေ နှုတ်ယူသွားသလိုပါပဲကွယ်"

"သမီး... သမီးကလေး ပန်းပွင့်ဝေကလေးရယ်..."

"ဖြစ်မှဖြစ်ရလေကွယ်..."

"မေမေ ရင်ကွဲပြီ သမီးရဲ့..."

"သမီး ဒီလိုလုပ်သွားမယ်လို့ မေမေ ဘယ်တုန်းကမှ မထင်ခဲ့ဘူး..."

"ဒီအရွယ်လေးနဲ့ မေမေ့ရင်ကို စုန်ကန်ပြီး ထွက်သွားရက်တဲ့ သမီးရေ..."

ဒေါ်မြနှင်းဖြူသည် အိပ်ရာထက်မှာ ကစဉ့်ကလျားလဲလျောင်းရင်း လူးလိမ့်ကာ ငိုကြွေးနေရှာသည်မှာ ရင်ကွဲမတတ်ပါ။

ပြတင်းမှဝင်လာသော လေပြည်ကြောင့် စားပွဲပေါ်မှ သတင်းစာ၏ တဖျပ်ဖျပ်ခါသံကို ကြားလိုက်ရသည်။

မနေ့ကထုတ်ဝေသော ထိုသတင်းစာတွင်...





**နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း**

ဆိုသော ကြော်ငြာ၌ သူတို့၏ မှတ်ပုံတင်အမှတ်များနှင့်အတူ...

ကျွန်တော် ကိုဦး ခေါ် မောင်ရန်ပြေနှင့် ကျွန်မ ပန်းပွင့်ဝေ တို့သည် မိုင်းခမြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ တရားဝင် လက်ထပ်ပြီးစီးပါကြောင်း။

ကိုဦး (ခေါ်) မောင်ရန်ပြေ
ပန်းပွင့်ဝေ

ကြော်ငြာက သည်မျှသာ... မိဘအမည်များပင် မပါပါ။

ဤသတင်းသည်... ကသစ်နီတစ်မြို့လုံး ပျံ့နှံ့ကာ ရပ်ကွက်တိုင်း၊ ဈေးပိုင်းနှင့် အိမ်တိုင်းမှာ ပြောနေကြမည့် သတင်းစကားထူး တစ်ခု ဖြစ်မည်မှာ သေချာပါ၏။

အရေးထဲ သမီးတို့ ထွက်ပြေးသွားသည့် နေ့လယ်ကပင် ဦးစံလှထွန်းသည်လည်း သူ၏ပစ္စည်းသေတ္တာ နှစ်လုံးကိုသာ သယ်ဆောင်ကာ ဤခြံရှိသမှ အပြီးတိုင် ထွက်ခွာသွားပြီဖြစ်ကြောင်း ကြားသိခဲ့ရပါပြီ။

**အမေ**

အမေခေါ်ရာကို မလိုက်နိုင်ဘဲ ချစ်သော ပန်းပွင့်ဝေနှင့် ထွက်ပြေးသွားမိတဲ့အတွက် ခွင့်လွှတ်ပါလို့ အမေ့ကို ကန်တော့ပြီး တောင်းပန်ခဲ့ပါတယ် ခင်ဗျာ။

သား
ကိုဦး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောစာကို ပန်းပွင့်ဝေတို့ ထွက်သွားပြီးသည့် နေ့လယ်ပိုင်းမှာပင် ဦးကျော်စွာမင်းမောင်က ဒေါ်မြနှင်းဖြူသို့ လာပြသည်။

"အရေးထဲ ဒီလူကြီးက ဘယ်ထွက်သွားရတာတဲ့လဲဟင်… ကိုကို"

"ဘယ်သိမလဲ… သူ့အိမ်မှာ ဒီစာ တွေ့လာတာပဲ၊ သူ သြရိသက အပြီးထွက်သွားပြီ မြနှင်းဖြူ"

"ဟင်…"

"သူ ဘယ်ကိုထွက်သွားတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ သိခွင့် မရလိုက်ကြဘူး၊ ကိုကို ထင်ပါတယ်… ဦးစံလှထွန်း ဘယ်ကို ထွက်သွားတယ်၊ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကို နောင်လည်း ဘယ်သောအခါမှ ဘယ်သူမှ သိခွင့်ရကြမယ် မထင်ပါဘူးလေ"

နက်ရှိုင်းကျယ်ဝန်းသော အဓိပ္ပာယ်ကို ဆောင်သည့် စကားရပ်ဖြစ်ကြောင်းကိုလည်း အပူသည် မိခင် ဒေါ်မြနှင်းဖြူက သတိမထားမိခဲ့နိုင်ပါ။

"သမီးတို့ကိစ္စ ဘယ်လိုလုပ်ကြမလဲ ကိုကိုရဲ့၊ အချိန်မီ ကိုကို မရှာနိုင်တော့ဘူးလားဟင်"

ဦးကျော်စွာမင်းမောင်သည် သူ့မျက်နှာမှာ အပြုံးရိပ် မစွန်းစေရအောင် မနည်းထိန်းချုပ်ထားရင်းက…

"ဘယ်လိုလုပ်ရတော့မလဲ… ဖြစ်ပြီးသွားပြီပဲ စိတ်ဖြေပေါ့ကွာ၊ ကိုဦးကလည်း မဆိုးရှာပါဘူး"





"ဟင့်အင်း… ဟင့်အင်း… ဘာပဲဖြစ်ဖြစ် မြနှင်းဖြူ သဘောမတူနိုင်ဘူး၊ သမီးက သိပ်ငယ်သေးတယ် ကိုကိုရယ်"

"သူ့အသက် ပြည့်ပါပြီလေ၊ ဘာလုပ်လို့ ရတော့မှာလဲကွယ်"

"ကိုကိုက အေးလိုက်တာနော်၊ မအေ့ရင်ထဲမှာတော့ မီးတောက်နေပြီ ကိုကိုရဲ့"

"ဘာမှ မတတ်နိုင်တော့တဲ့ ကိစ္စကို ငိုနေလို့လည်း အပိုပဲပေါ့"

ဖခင်နှင့် မိခင်တို့၏ ခြားနားခြင်းသည် သားသမီးအတွက် သောက ကြုံလာသည့်အခါတိုင်း သရုပ်ခွဲပြတတ်ကြမြဲ။

"ကိုကိုကတော့ ဘယ်ပူမလဲ၊ ကိုကိုက နဂိုကတည်းက သမီးကို ကိုဦးနဲ့ သဘောတူနေတာကိုး ကိုကိုရဲ့"

မြနှင်းဖြူ ရန်တွေ့သော်လည်း အေးဆေး ငြိမ်သက်စွာ ထိုင်နေ နိုင်ရက်လေသော ဖခင်။

ထိုအဖြစ်အပျက်က တနင်္လာနေ့က… ဒီနေ့ပါနှင့်ဆိုလျှင် လေးရက်ရှိချေပြီ။

ဒေါ်မြနှင်းဖြူမှာ တစ်နေ့မှ ငိုပွဲမစဲနိုင်သေး။

တွေးလိုက်တိုင်း မျက်ရည်က ပေါက်ပေါက်ကျလာသည်။

ယခုလို သမီး၏ လက်ဝတ်လက်စားလေးများကို ထုတ်ကြည့်မိချိန်မှာတော့ သေကွဲ ခွဲလိုက်ရသလိုပင် ရင်၌ နာကျင် ပင်ပန်းလွန်းစွာ လူးလိမ့် ငိုကြွေးမိပြန်သည်။

"ထပါဦး ဒေါ်လေးရယ်… ဒီလောက် ငိုမနေပါနဲ့၊ လိမ္မော်ရည်လေး သောက်လိုက်ပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မလေး ဆိုသော်လည်း သဘောကောင်းသော အိမ်ရှင်မ၏အဖြစ်ကို မကြည့်ရက်စွာဖြင့် မမေက မျက်ရည် အဝိုင်းသားဖြင့် လိမ္မော်ရည်ဖန်ခွက်လေးကို ကိုင်ပြီး ပြောလာရှာသည်။

"သမီးကိုအောက်မေ့လိုက်တာ... ဒေါ်လေး ရင်တွေ့ကွဲတော့မယ် မမေရယ်"

မမေကပါ ငိုင်း၍ငိုပြီးမှ လိမ္မော်ရည်တစ်ခွက်ကို အတင်းတိုက်ကျွေး၏။

ပူလောင်သော ပရိဒေဝရင်သည် လိမ္မော်ရည်ကြောင့် မအေးမြနိုင်သော်လည်း ရင်ထဲမှာ သက်သောင့်သက်သာလေးတော့ ရှိသွားပါ၏။

"ဒေါ်လေး... စိတ်လျှော့လိုက်ပါနော်"

"ဘာကို စိတ်လျှော့ရမှာလဲ မမေ"

"ဒေါ်လေးက ကိုဦးနဲ့ သဘောတူတယ်လို့ ပြောလိုက်ရင် ဦးလေးက ပြန်ခေါ်မှာပါ"

"ဟင်..."

"မန်းပွင့်ဝေနဲ့ ကိုဦးကို ဦးလေးက အကြီးအကျယ် မင်္ဂလာဆောင်ပေးမှာပေါ့"

"အေးလေ... သူက အစကတည်းက သဘောတူသူဆိုတော့ လုပ်ချင်လည်း လုပ်မှာပေါ့"

"လုပ်ပါစေ ဒေါ်လေးရယ်... မင်္ဂလာအကြီးအကျယ်ဆောင်ပြီး ဒီမှာပဲ သူတို့နေကြမှာပေါ့၊ ဦးလေးက သူ့သမက်ကိုလည်း အလုပ်ခွဲပေးမှာပါ၊ ကိုဦးက အလုပ် သိပ်လုပ်တယ်မဟုတ်လား"





ဒေါ်မြနှင်းဖြူထံမှ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း အသံများ မကြားရ၍ မမေကလည်း ဘာမှ ဆက်မပြောရဲရှာတော့ဘဲ ဖန်ခွက်ကလေးကို ကိုင်ကာ အခန်းထဲမှ ပြန်ထွက်သွားရှာတော့သည်။

"သမီးလေးတို့ နှစ်ယောက်လုံးကို ပြန်ခေါ်..."

"မင်္ဂလာအကြီးအကျယ်ဆောင်..."

"ကိုဦး ဒီမှာပဲနေပြီး အလုပ် အတူလုပ်..."

မမေထားခဲ့သော စကားလုံးလေးများတို့သည်ဒေါ်မြနှင်းဖြူ၏ ပရိဒေဝ မီးတောက်များကို တစ်ဆင့်ပြီးတစ်ဆင့် ငြိမ်းချွေပေးသွားသည်သို့ပါလား...။

"အေးလေ... ဖြစ်ကြီးမှတော့ သူ့အဖေစီစဉ်သလိုပဲ ရှိပါစေတော့..."

"ငါ့သမီးလေး ငါ့အနားမှာ ပြန်နေခွင့်ရရင်ပဲ တော်ပါပြီ"

"အင်း... ဒီလိုပဲ တဖြည်းဖြည်း ဖြေရတော့မှာပဲ"

"ဟုတ်ပါတယ်... ငါပဲ လျှော့လိုက်မှပါ၊ ငါ့သမီးလေး ငါ့ဆီပြန်ရောက်လာနိုင်မှာ"

"မထူးပါဘူး... မထူးတော့ပါဘူးလေ"

"သူ့သမက်ကို သူသိပ်သဘောကျနေတဲ့ ကိုကို့သဘောအတိုင်းပဲ လုပ်ပါစေတော့"

ဒီဩရိုသစ်အိမ်နဲ့ ခြံဝင်းကြီးထဲမှာပဲ တခမ်းတနား မင်္ဂလာပွဲကျင်းပပါစေတော့ကွယ်...။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ဆုံးရှုံးရပြီ"

ဆိုသောအသိ ရင်၌ရှိနေစဉ်က အိပ်ရာထဲ ဗုန်းဗုန်းလဲပြီး ရင်ကွဲနာကျကာ ယခုပင် ဆုံးသွားတော့မလို ခံစားခဲ့ရသည်။

ထွတ်ထွတ်မြတ်မြတ်နှင့် မွေးခဲ့ရသော သမီးရှင်တိုင်း ယခုလို အဖြစ်မျိုးနှင့် ကြုံဆုံရသည့်အခါမျိုးမှာ ခံစားမှုချင်း ထပ်တူဖြစ်ကြပါလေမည်။ ကိုယ့်သမီးက ကိုယ် သဘောမတူသူနှင့် အပျိုလေးမှ မလုပ်လိုက်ရမီမှာ လင့်နောက်လိုက်သွားကြသော သမီးရှင်တို့ချင်းဖြင့် ကိုယ်ချင်းစာနာတတ်ကြပါလိမ့်မည်။

ယခုတော့...

စိတ်လျှော့လိုက်ပြီ။ သူ့သမက် သူပြန်ခေါ်ချင်လည်း ခေါ်ပါစေတော့လေ ဟူသော လိုက်လျောချက်ကြောင့် စိတ်မှာ သက်သာရာရခဲ့ပါပြီ။

မွေးဖွားသည့်နေ့မှစ၍ နောက်ဆုံးထွက်သွားသည့် နေ့အထိ တစ်ကြိမ်တစ်ခါမျှ သားအမိနှစ်ယောက် ခွဲ၍မအိပ်ဘူးခဲ့။

အလုပ်များလွန်းသော ဦးကျော်စွာမင်းမောင်က အိမ်မှာ နေချိန် နည်းလေ... သားအမိချင်းက ပို၍တွဲရလေ ဖြစ်နေပါ၏။





"မထူးတော့ပါဘူးလေ... သူတို့ထွက်သွားတာပဲ ငါးရက်တောင် ရှိသွားပြီ၊ ဒီနေ့လည်း ကိုကို ပြန်လာရင်တော့ ဒီအကြောင်း ဆွေးနွေးလိုက်တော့မယ်"

"ကိုကိုလည်း ဝမ်းသာသွားမယ် ထင်ပါရဲ့..."

"ငါလည်း သမီးလေးကို အောက်မေ့လှပါပြီလေ..."

"ကိုဦးကလည်း ဆင်းရဲတာကလွဲလို့ ငါ့ကိုလည်း ရိုသေရှာပါတယ်"

"အတူနေလိုက်ရင်လည်း ကိုယ့်ဩဇာခံပြီး အဆင်ပြေသွားမှာပါ"

"ကိုကိုဟာ အလုပ်သိပ်လုပ်လွန်းတော့ ငါ့ကို ပစ် ပစ်ထားတာ၊ ငါကလည်း ဘယ်မှမလည်တတ်"

"အင်း... သင်းတို့လေးတွေ ရောက်လာပြီး တစ်နှစ် နှစ်နှစ် အတွင်းမှာ ကလေး ရတော့မှာ၊ ငါ့မှာ မြေးလေးတွေ ထိန်းရ ကျောင်းရနဲ့ အားရတော့မှာ မဟုတ်ပါဘူး"

"တို့မှာက ငွေကြေး ပြည့်စုံပြီးသား၊ မိသားစုများများရလာပြီး ကလေးတွေက တွတ်တီးတွတ်တာလေးတွေ လျှောက်ပြောနေကြမှာ"

"အို... တိတ်ဆိတ်ခဲ့သမျှ ဩရိုသတော့ မြေးလေးတွေ အသံနဲ့ စီစီဝေ ဖြစ်ဦးတော့မှာပေါ့လေ"

ပရိဒေဝ ငြိမ်းသေပြီးစအချိန်မှာ မျှော်လင့်ချက် နှင်းပွင့် နှင်းစက်ကလေးများ ဒေါ်မြနှင်းဖြူ၏ရင်သို့ ဝင်ရောက်လာတော့ တစ်ယောက်တည်းပင် ကိုယ့်အတွေးကို ကိုယ် ပြုံးချင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော… ကိုကို့ကား လာပြီ"

ကားဟွန်းသံ တစ်ချက်ကြားလိုက်ရုံဖြင့် အိမ်မှ စပရင်တာ ကားဖြစ်ကြောင်း ဒေါ်မြနှင်းဖြူ အတပ်သိနေသည်။

အပေါ်ထပ်မှ လှမ်းကြည့်လိုက်တော့ ခြံစောင့်သည်လည်း ကားတံခါးကို ဖွင့်ကာ အသင့်ကြိုနေလေပြီ။

"ကားကို ကိုကို ကိုယ်တိုင် မောင်းလာပါလား"

ဟိုရက်များကလို အိပ်ရာထဲမှာ ခွေမနေတော့ဘဲ လှေကားထိပ်မှပင် ကိုကို့ကို ခါတိုင်းလို စောင့်ကြိုနေမိသည်။

ကိုကိုလည်း ပရိဖ်ကေ့ကို ထောင့်စွန်းမှကိုင်လျက် တစ်ဖက်သော ချိုင်းကြားမှာ ယနေ့ထုတ်သတင်းစာကို ညှပ်ကာ လှေကားမှ တက်လာသည်။

ထုံးစံအတိုင်း ဒေါ်မြနှင်းဖြူက အိတ်ကိုလှမ်းယူပြီး ယခင်က အတိုင်း ကြိုဆိုလိုက်ပါ၏။

"အမောဖြေဦးမလား ကိုကို၊ တစ်ခါတည်းပဲ ထမင်းစားတော့မလား"

"မစားတော့ဘူး"

"ဟင်… ဘာဖြစ်လို့လဲ"

"စားခဲ့ပြီးပြီ"

"အို… ဒီမှာ ကိုကိုစားဖို့ အစုံလုပ်ထားပါတယ်"

"နေပါစေတော့… မြနှင်းဖြူ သွားစားလိုက်လေ၊ မစားရသေးဘူး မဟုတ်လား"





"ဘယ်စားရဦးမလဲ၊ ဒါပေမယ့်… စားချင်စိတ်လည်း မရှိလှပါဘူး ကိုကိုရာ၊ ကိုကို့ကို ဒီနေ့ မြနှင်းဖြူ ပြောစရာတွေ ရှိနေတယ်"

"ဟုတ်လား… ကိုကိုကလည်း ပြောစရာရှိလို့ အလုပ်က တောင် အပြီးပြန်လာခဲ့တာ"

"ဟုတ်လား… ဘာများလဲ… ပြောလေ ကိုကို"

"ဖြည်းဖြည်းပေါ့ကွာ…"

ဦးကျော်စွာမင်းမောင်၏ မျက်နှာသည် တစ်ခါမျှ မမြင်ဘူးသော အသွင်မျိုးဖြင့် ထူးခြားနေကြောင်း အံ့သြစွာ တွေ့လိုက်ရ၍…

"ကိုကို"

"ဟင်"

"ဒီနေ့ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး… မင်းပြောစရာရှိတယ်ဆိုတာ ဘာလဲ၊ ပြောစမ်းပါဦး"

"သြော်…တခြားအကြောင်း ရှိဦးမလား ကိုကိုရယ်၊ သမီးတို့ကိစ္စပဲပေါ့"

"အေး… ကိုကိုကလည်း သူတို့အကြောင်း ပြောမလို့၊ ကဲ…မင်းပြောချင်တာ ဘာလဲ၊ အရင်ပြောပြစမ်းပါဦး"

"သြော်… မြနှင်းဖြူ စိတ်လျှော့လိုက်ပါပြီလို့၊ ကိုကို သူတို့ကို ပြန်ခေါ်ချင်လည်း ခေါ်ပါတော့လို့ ပြောမလို့ပါ၊ မင်္ဂလာတော့ ကျကျနန ဆောင်ပေးရအောင်ပါလေ၊ နော်… ကိုကို၊ ကိုဦးလေးကလည်း ကိုယ်နိုင်းသမျှ ရမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်စွာမင်းမောင်သည် တက်ကြွ မျှော်လင့်စွာ ပြောကြားနေသော သူ့ဇနီးကို တည်တည်ကြီး ကြည့်နေသည်။

သူ့အကြည့်က ထူးဆန်းစွာ စိမ်းလွန်းလှချေသည်တကား။

* * *

"ရော့... ဒီသတင်းစာထဲက ကြော်ငြာ ဖတ်ကြည့်"

လှမ်းပေးသော သတင်းစာ၏ နောက်ဆုံးမျက်နှာကို လှန်ပြီး ကြော်ငြာမျက်နှာများကို တစ်ကော်လံချင်း လိုက်ရှာနေသည်။

"ဟာ... ဒီမှာ..."

ထိတ်လန့်၊ အံ့သြမှု လွန်ကဲစွာဖြင့် ကြော်ငြာကို ဖတ်ကြည့်မိလိုက်တော့...

**သမီးအဖြစ်မှ စွန့်လွှတ်ခြင်း**

ကျွန်တော်၏သမီး ပန်းပွင့်ဝေသည် သူ့သဘော သူ့ဆန္ဒအရ နေအိမ်မှ ဆင်းသွားပြီ ဖြစ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပြီ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စွာမင်းမောင်
ဩရိသဆေးတိုက်
ကသစ်နီမြို့

သတင်းစာမှ စာလုံးများကို မြင်ပါလျက် အဓိပ္ပာယ်ကို နားလည်ပြီဖြစ်ပါလျက်နှင့် နားမလည်နိုင်လွန်းစွာ၊ အံ့သြလွန်းစွာ၊ မယုံကြည်နိုင်လွန်းစွာဖြင့် ဒေါ်မြနှင်းဖြူသည် ကျောက်ရုပ် ဖြစ်သွားသလို ငြိမ်သက် တောင့်မတ်သွားပါ၏။





ဘာစကားမှ မပြောဖြစ်၊ ဘာအသံမှ မထွက်နိုင်။

ဦးကျော်စွာမင်းမောင် ကိုယ်တိုင် ဒေါ်မြနှင်းဖြူ လက်မှ အပြန့်သားရှိနေသော သတင်းစာကို ဆွဲယူပြီး စားပွဲပေါ် ပစ်တင်လိုက်သည်။

"ကဲ... ရှင်းတယ်မဟုတ်လား မြနှင်းဖြူ"

"ဟင်...ဟင်..."

"မင်း ဘာကြောင်နေတာလဲ၊ မင်းရဲ့သမီးကို ငါ စွန့်လွှတ်လိုက်ပြီလေ"

"အို... ကိုကို..."

"အေး... ပန်းပွင့်ဝေ ဆိုတာ ဩရိသနဲ့ရော ငါနဲ့ရော ငါ ပိုင်ဆိုင်ကြွယ်ဝသမျှ စည်းစိမ် ဥစ္စာတွေနဲ့ရော ဘာဆိုဘာမှ မဆိုင်တော့ဘူး၊ ဟုတ်ပြီလား"

"ကိုကို... ကိုကို ဘာတွေလုပ်လိုက်တာလဲ၊ ဘာတွေပြောနေတာလဲဟင်၊ မြနှင်းဖြူ ဘာမှနားမလည်တော့ဘူး"

"ဟ... ဘာနားမလည်စရာ ရှိလဲ၊ သူ လင်နောက်လိုက်လို့ ငါ စွန့်လွှတ်လိုက်တာလေ"

"ဟင်...ဟင်... ဒါနဲ့ ကိုဦးနဲ့ သမီးကို ကိုကိုပဲ သဘောတူတယ်ဆို၊ သူတို့ချင်းပေးစားမှ ဒီအုပ်စုလေး မပြိုကွဲမှာဆို"

"အေး... အဲဒါက မင်းကြားကောင်းအောင် ငါ ကြေညာခဲ့တဲ့ စကားပဲ"

"ဘာ"

"ငါ ပန်းပွင့်ဝေကို စွန့်ပစ်ချင်နေတာ ကြာပြီ၊ ခုမှပဲ အကွက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်တော့တယ်"

"ကိုကို... ကိုကို စိတ်မမှန်သေးရဲ့လား၊ ကြည့်ပါဦး... ကြည့်ပုံကြီးကလည်း အစိမ်းလိုက် ဝါးစားတော့မယ့် အတိုင်းပဲ"

"အေး... ငါ တစ်လောကလုံးကို အစိမ်းလိုက် ဝါးစားချင်အောင် စိတ်နာနေတယ်"

"တစ်လောကလုံး စားချင်စားပေါ့၊ ကိုယ့်သမီးလေး ဒီတစ်ယောက်တည်းရှိတာ ကိုကိုမို့ ပြောရက်လိုက်တာ၊ ဘာ...ပန်းပွင့်ဝေကို စွန့်ပစ်ချင်နေတာ ကြာပြီ... ဟုတ်လား"

"အေး... ဟုတ်တယ်"

"ကိုယ့်သားသမီးကို စွန့်ပစ်ချင်တယ်ဆိုတာ ကိုကို ရူးသွားလို့ ပြောတာပဲ ဖြစ်ရမယ်"

"ဟုတ်တယ်... ငါရူးတယ်၊ ငါရူးတာ ခုမှမဟုတ်ဘူး၊ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်လောက်ကတည်းက ငါ သွေးရူးသွေးတန်းဖြစ်ခဲ့ရတာ"

"ဘာ... ဘာတွေပြောနေတာလဲ"

"ငါ့ရင်သွေးအတွက် ငါ ရူးတယ်၊ ငါ တမ်းတတယ်၊ ငါ ထင်တာတွေ ဖြစ်မလာချိန်ကစပြီး ငါ ရူးခဲ့တာပဲ မြနှင်းဖြူ"

"ကိုကို နေရောကောင်းရဲ့လားဟင်"

ဦးကျော်စွာမင်းမောင်က ကြေကွဲ နာကြည်းစွာ ပြုံးလိုက်သည်။ ပြီးတော့... တစ်ချက် အော်ရယ်လိုက်ပြီးမှ...

"ပန်းပွင့်ဝေကို ငါ ဘာလို့ စွန့်ပစ်ချင်လဲ မင်း သိလားဟင်"





ဒေါ်မြနှင်းဖြူက အကြောင်သား ကြည့်နေဆဲမှာပင်...

"ပန်းပွင့်ဝေ ဆိုတာ ငါ့သမီး မဟုတ်ဘူး...

"ပန်းပွင့်ဝေ ဆိုတဲ့ မင်းရဲ့သမီးဟာ ငါနဲ့ရတဲ့သမီး မဟုတ်ဘူး မြနှင်းဖြူရဲ့"

"အမယ်လေး... ဘုရား ဘုရား...

"ဘုရား... ကယ်တော်မူပါ"

ဒေါ်မြနှင်းဖြူသည် ဆိုဖာပေါ်မှ မူးမေ့ လဲကျမသွားဖြစ်အောင် မနည်း ကိုယ်ကို ထိန်းမတ်ထားရသည်။

သူ့မြင်ကွင်း၌ အရာအားလုံးသည် ယိမ်းထိုး လှုပ်ရှားနေရာမှ သူ့အားတင်းမှုကြောင့် တဖြည်းဖြည်းချင်း ပြန်လည်တည်ငြိမ်လာသည်။

သူပဲ ရူးသလား... ကိုကိုပဲ ရူးသွားပြီလား ဆိုသော အတွေးဖြင့် ချိန်ဆကြည့်သော်လည်း အမှန်တကယ် ဘယ်သူမှမရူးပါ။

ကိုကိုသည် တင်းမာသော မျက်နှာထားနှင့် မြနှင်းဖြူကို မကြည့်ဘဲ အံကိုခဲထား၏။

မြနှင်းဖြူ ဟူသော အေးဆေးတည်ငြိမ်လှသည့် မိန်းမသည် သူ၏သိက္ခာနှင့် သူ၏သစ္စာတရားကို ထိပါး စော်ကားလာသည့်အခါတွင်မူ ခံပြင်းစိတ်သည် အဟုန်ပြင်းစွာ ကိုယ်ခန္ဓာကိုပါ နိုးကြွလာစေသည်။

ထိုင်ရာမှဆတ်ခနဲထပြီး ဦးကျော်စွာမင်းမောင်၏ လက်မောင်းကို ကြမ်းတမ်းစွာ ဆွဲကိုင် လှုပ်ခါ၍...

"ဘာ... ဘာ... ပြန်ပြောစမ်းပါ၊ ကိုကို့သမီး မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား… ဟုတ်လားဟင်…"

"အေး… ဟုတ်…"

"ခုနကပြောလိုက်တာ ပန်းပွင့်ဝေ ဆိုတဲ့ မင်းရဲ့သမီးဟာ ငါနဲ့ရတဲ့သမီးမှ မဟုတ်ဘဲတဲ့၊ ဟုတ်လား… အဲဒါရော ဟုတ်လား"

"ဟုတ်တယ်… အားလုံးဟုတ်တယ်"

"ဒီမှာ… ကိုကို"

ဒေါ်မြနှင်းဖြူက သူ့ခင်ပွန်း၏ ပခုံးနှစ်ဖက်ကို ကိုင်ဆောင်လိုက်ပြီး…

"ဒီ မြနှင်းဖြူ ဆိုတဲ့ ကောင်မဟာ ဘယ်သူနဲ့ ဖောက်ပြန်သလဲ ပြော… ဘယ်သူနဲ့ရတဲ့ ကလေးလို့ စွပ်စွဲတာလဲ၊ ဖောက်ပြန်တာကို အတိအကျ ပြောပြစမ်းပါ၊ ဟုတ်ခဲ့ရင် ကိုကို သတ်စရာမလိုဘူး၊ အခုပဲ ကိုကို့ရှေ့မှာ ကိုယ့်ကိုယ်ကို သတ်သေပြမယ်၊ နားလည်လား"

"ထိုင်စမ်းပါကွာ…"

"မထိုင်နိုင်ဘူး… မြနှင်းဖြူဟာ မျိုးကောင်း ရိုးကောင်း မိကောင်းဖခင် သားသမီးပါ ကိုကိုရဲ့… တစ်သက်လုံး ရည်းစားလည်း မထားခဲ့ဖူးဘူး၊ လူကြီးတွေက ကိုကိုနဲ့ ပေးစားပြီးတဲ့ နောက်ပိုင်းမှာလည်း ဘယ်ယောကျ်ားတစ်ယောက်ကိုမှ စိတ်ဝင်စားတဲ့ စိတ်နဲ့တောင် မကြည့်ဘူးခဲ့တဲ့မိန်းမ… သိရဲ့လား…သိရဲ့လား၊ ဟင်း…"

ဒေါသဖြင့် တုန်ယင်ပြီး သူ့ပခုံးကို ကြိမ်ဖန်များစွာ ဆွဲကိုင်လှုပ်ယမ်းပြီး ဒေါသကြီးလွန်းစွာ အော်ဟစ်နေမိသည်။

"စ,ရပြီးကတည်းက ကိုယ့်ယောကျ်ားမပါတဲ့ခရီးကို တစ်ခါမှ





မသွားဖူးဘူး၊ ဒီအိမ်မှာလည်း ဘယ်ယောကျ်ားမှ တစ်ည လာမအိပ်ဖူးဘူး၊ အဲဒါကို ဒီကောင်မက ဘယ်လိုကောင်နဲ့ ညားရမှာလဲဟင်၊ ပြောစမ်း… ကိုကို၊ ပြောစမ်း"

"ထိုင်စမ်းကွာ…"

"မထိုင်နိုင်ဘူး… ဒီကိစ္စကိုတော့ လုံးဝ သည်းမခံနိုင်ဘူး"

ဦးကျော်စွာမင်းမောင် ခေါင်းငိုက်စိုက် ချထားသည်။

"ကိုကို… ပြောပါ၊ မြနှင်းဖြူနဲ့ စွပ်စွဲတဲ့လူကို အခု ပြောစမ်းပါ"

"တိုးတိုးပြောစမ်း"

"မပြောဘူး ကိုကို၊ မြနှင်းဖြူရဲ့ သစ္စာတရားကို ဘုရားသိတယ်၊ ဒါကြောင့် တစ်လောကလုံးကြားအောင် အော်ရဲတယ်၊ သိလား"

"ခက်ကြပြီကွယ်…"

"ဘာမှ မခက်ပါဘူး၊ ကိုကို စွပ်စွဲတဲ့လူကို ပြောပါ၊ မြနှင်းဖြူလည်း ဘုရားမှာ သစ္စာဆိုပြမယ်၊ အေး… ကိုကို့ဘက်ကမှန်ရင် တစ်ခါတည်း သတ်ပစ်စမ်းပါ ကိုကိုရဲ့…

"လောကမှာ သိက္ခာပျက်၊ အကျင့်ပျက် မိန်းမအဖြစ်တော့ မြနှင်းဖြူတို့က မရပ်တည်ဘူး၊ တစ်ခါတည်း သေပစ်လိုက်မယ်၊ သိရဲ့လား"

မြနှင်းဖြူက ကြုံးအော်ရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"ဒီမှာ မြနှင်းဖြူ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မင်း ဘယ်သူနဲ့မှ မဖောက်ပြန်ဘူးဆိုတာ ကိုကို သိတယ်၊ ယုံတယ်"

"ကြည့်စမ်း... သမီးဟာ ငါ့သမီး မဟုတ်ဘူးလေး... ဘာလေးနဲ့..."

"အေး... အဲဒီစကားကလည်း အမှန်ပဲ"

"ဘာ..."

"မင်းလည်းဘယ်သူနဲ့မှ မဖောက်ပြန်တာ အမှန်ပဲ၊ ပန်းပွင့်ဝေဟာလည်း ငါ့သမီး မဟုတ်တာ အမှန်ပဲ"

ဒေါ်မြနှင်းဖြူသည် သူ့ခင်ပွန်းကို ကြောက်စရာ သတ္တဝါတစ်ကောင်လို ကိုင်ထားရာမှ ဆတ်ခနဲလွှတ်လိုက်ပြီး ရှေ့မှ မားမား ရပ်လျက်ပင်...

"ကိုကို ရူးပြီ... ကိုကို ရူးနေပြီ"

"အေး... အခုရူးတာ မဟုတ်ဘူး၊ ဟိုတုန်းက ရူးခဲ့တာပေါ့၊ သွေးရူးသွေးတန်း ဖြစ်ခဲ့တာ"

"ကိုကို့စကားတွေကို ဘယ်လိုလှသားမှ ဘာသာပြန်လို့ ရမှာ မဟုတ်ဘူး"

"မှန်တယ်... ဘယ်သူမှ နားလည်မှာ မဟုတ်ဘူး"

"ဟင်..."

"အေး... ဒါပေမယ့် ဒီလောကမှာ ဒီစကားကို နားလည်ခဲ့တဲ့သူဟာ နှစ်ယောက်ပဲ ရှိခဲ့တယ်"

"ဘယ်သူလဲ"





"အဲဒီနှစ်ယောက်အပြင် နောက်တစ်ယောက်ပါ ထပ်သိခဲ့တယ်"

"ဘယ်သူတွေလဲ...လို့"

"ငါ့ရဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကာလက လျှို့ဝှက်မှုကြီးကို သိခဲ့ကြတာဆိုလို့ ဒီလောကမှာ လူသုံးယောက်ပဲ ရှိကြတယ်၊ အဲဒီအထဲမှာ မင်း မပါဘူး"

"ဟင်... ဘာ... ဘယ်လို..."

"ကာယကံရှင်ဖြစ်တဲ့ မင်းကိုယ်တိုင်ကတောင် ဘာမှမသိခဲ့ဘူး..."

"ဘာကို မသိခဲ့တာလဲ"

"ပန်းပွင့်ဝေ ဆိုတာ ငါ့ရဲ့သမီးမဟုတ်ဘူး ဆိုတာကိုပေါ့"

"အမယ်လေးနော်... ဘာတွေပြောနေတာလဲ၊ ကိုကိုရူးတာ မဟုတ်ရင်တော့ မြနှင်းဖြူ ရူးတော့မယ်"

"အေး အေး... ထိုင်စမ်း မြနှင်းဖြူ"

မြနှင်းဖြူ မထိုင်ဖြစ်သေး။

"ဒီကိစ္စကြီးရဲ့ ဖြစ်ရပ်မှန်ကို ဒီနေ့ မင်းကို အကြောင်းစုံဖွင့်ပြောတော့မယ်၊ ဒါမှ ငါ ပန်းပွင့်ဝေကို စွန့်ပစ်ချင်တယ်ဆိုတာ မင်း သိလာနိုင်လိမ့်မယ်"

"ထိုင်စမ်း... မြနှင်းဖြူ၊ အရှည်ကြီး ရှင်းပြမှ ဓာတ်ရှည်လည်မယ့် ကိစ္စပဲ"

"အဖြစ်ကတော့ ဒီလို..."

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

“သားအသက်လည်း သုံးဆယ် ပြည့်ခါနီးပြီ၊ အိမ်ထောင်ပြုဖို့ စိတ်ကူးတော့”

ကိုကျော်စွာ၏ဖခင် ‘ဦးမင်းမောင်’က စကားစပြီး နားချ တော့သည်။ သူ့မိခင် ‘ဒေါ်ပွင့်ဖြူ’ မသေမီကလည်း သားကို မိန်းမ ပေးစားချင်သည်။ ကိုကျော်စွာက ငြင်းပယ်ခဲ့သည်ချည်းပါ။

ကိုကျော်စွာသည် တစ်ဦးတည်းသော သားဖြစ်သော်လည်း တခြား သူဌေးသားများလို ငွေကြေးသုံးဖြုန်းပြီး မပျက်စီးရုံမက အစစ အရာရာ၌ ကြိုးစားလွန်းသော လူငယ်တစ်ယောက် ဖြစ်လေ သည်။

နီးရာ မန္တလေးတက္ကသိုလ်သို့ မတက်၊ ပို၍ခေတ်မီချင်သည် ဆိုကာ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကို ယူခဲ့သူဖြစ်လေသည်။

ကသစ်နီမှ မောင်ကျော်စွာ အဖြစ်နှင့် ကျောင်းသွားတက်သော သူ၏ အပြန်ခရီးမှာ တက္ကသိုလ်၌ သူများလို အမည်ပြောင်းခြင်း မဟုတ်ဘဲ အမည်တိုးလာခဲ့ပြီ။ သိပ္ပံဘွဲ့နှင့်အတူ . . .





**“ကိုကျော်စွာမင်းမောင်”**

အဖြစ်နှင့် ကသစ်နီမြို့သို့ ပြန်ရောက်ပြီးကတည်းက လုပ်ငန်း ခွင်ကို တက်ကြွ ကြိုးစားစွာ ပါဝင်ဆောင်ရွက်လေတော့သည်။

ကိုကျော်စွာမင်းမောင် ပြန်လာပြီး မကြာမီမှာ မိခင် ဆုံးသည်။ ဖခင်ကလည်း ကျန်းမာရေး ချို့ယွင်းလာသဖြင့် သူတို့၏ မြန်မာ့ ဆေးစွမ်းကောင်းထုတ်လုပ်ရေး လုပ်ငန်းကြီးတစ်ခုလုံးကို ကိုကျော်စွာ မင်းမောင်ပင်လျှင် ဦးစီးလေတော့သည်။

ကသစ်နီ တစ်မြို့လုံးမှ ချမ်းသာ၍ မှန်းနိုင်လောက်သော မိဘများသာမက . . .

လုပ်ငန်းနှင့် ဆက်သွယ်ရသော မြို့များနှင့် ရန်ကုန်၊ မန္တလေး အပါအဝင် မြို့များမှ သမီးရှင်တိုင်းက မျက်စိကျရလေသော ကိုကျော်စွာမင်းမောင် . . .

တချို့က မိတ်ဆွေများမှ တစ်ဆင့် ပြောခိုင်းပြီး၊ တချို့ကျ တော့ ဦးမင်းမောင်သို့ ပြောင်ပင်ဖွင့်ပြောပြီး သူတို့ဘက်က အိမ်၊ စိန်စသည်တို့အဘယ်မျှပါရှိပါမည်ဟုပြောခဲ့ရသည်အထိ ကိုကျော်စွာ မင်းမောင်၏ လူပျိုတန်ဖိုးက တက်ခဲ့လေသည်။

“သား . . . မောင်ကျော်စွာ”

“ဟုတ်ကဲ့ ဖေဖေ”

“မင်း ဒီတစ်သက်မှာ အိမ်ထောင် မပြုတော့ဘူးလို့ စိတ်ကူး သလား”

“ဟာ . . . ဖေဖေကလည်း မဟုတ်တာ၊ လူပျိုကြီး လုပ်တယ် ဆိုတာ ယောကျာ်းရည် မပြည့်တဲ့လူတွေလို့ ကျွန်တော်က ထင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေနဲ့ အကြိုက်ဆုံး မိန်းကလေးတွေကို ရွေးချယ်နိုင်ခွင့် ရှိပြီပဲ၊ အဲဒီအထဲက ရွေးမှာပေါ့"

"ဒါဖြင့်လဲ ရွေးတော့လေ"

"စိတ်ချ... အဖေ၊ သည်နွေမှာတော့ ကျွန်တော် မိန်းမယူဖြစ်တော့မှာပါ၊ မိန်းမယူပြီးရင်လေ ကျွန်တော့်လို တစ်ယောက်တည်းသား မဖြစ်စေရဘူး"

"မင်းအမေလည်း သုံးယောက်တောင် မွေးပါတယ်ကွာ၊ ဆုံးကုန်လို့ပါ"

"ဟုတ်ပါတယ်... ကျွန်တော့်လို တစ်ယောက်တည်း မဖြစ်စေဘဲ သားတွေ၊ သမီးတွေ တစ်ပြုံကြီးကိုယူပြီး တပျော်တပါးကြီး နေပစ်လိုက်မှာ ဖေဖေရ"

"ငါ့မြေး ဘယ်နှစ်ယောက်တုန်းကွာ"

"ဆယ်ယောက် ဖေဖေအို...တစ်ဒါဇင်ပြည့်ပစေ၊ ကျွန်တော်က သားသမီးတွေ တစ်ပြုံတစ်မကြီး လိုချင်တာ။ အထူးသဖြင့် သားယောကျ်ားလေးတွေ အများကြီး မွေးချင်တာ"

"အင်း..."

"ဒါမှ ကျွန်တော် ဖေဖေ့အရွယ် ရောက်တဲ့အခါ သားတွေက ဝိုင်းလုပ်ရင် လုပ်ငန်းတွေ ပိုတိုးချဲ့လို့ ရတာပေါ့ ဖေဖေရဲ့၊ အခုတော့ တစ်ယောက်တည်း ဆိုတော့ လုပ်ချင်တာတွေကများ၊ လူက မနိုင်"

"အေးပေါ့ကွာ... ငါ့မြေး အလိမ္မာလေးတွေ အများကြီး ရပါစေ"





"ရမှာပါ... သားက လိမ္မာတဲ့သားပဲ"

"ဟုတ်ပါတယ်ဗျာ... ဟုတ်ပါတယ်၊ ဖေဖေ သားကို တစ်ခု မေးချင်တယ်"

"မေးဂါ ဖေဖေ"

"ငါ့သား မိန်းမယူရင် ထက်ထက်မြက်မြက်နဲ့ ယောကျ်ားအလုပ်ကို ရင်ပေါင်တန်းပြီး လိုက်လုပ်နိုင်တဲ့ မိန်းမမျိုးကို လိုချင်သလား"

"ဒါမှမဟုတ်"

"အလုပ်ကို ဘာမှမပါဝင်တတ်ဘဲ အိမ်ထောင်ရေး ထိန်းသိမ်းမှုကိုသာ စိတ်ဝင်စားပြီး အေးဆေးတည်ငြိမ် သဘောကောင်းတဲ့ မိန်းမမျိုးကို လိုချင်သလား"

"ယောကျ်ားအလုပ်ထဲ ဝင့်,ဝင်ပါတဲ့ မိန်းမမျိုးကို လုံးဝ မကြိုက်ဘူး"

"ဟော..."

"မိန်းမ ပီသပြီး ယောကျ်ား စိစဉ်သမျှ နာခံ၊ ကျွန်တော့်ကို ပြုစု၊ သားတွေ သမီးတွေ တစ်ပြုံကြီးမွေးပြီး မိခင်စိတ်ရှိသူ အိမ်ရှင်မကောင်း ပီသသူကိုမှ ကျွန်တော် လိုချင်တယ်"

ဦးမင်းမောင်က တွေးတွေးဆဆ ပြုံးလိုက်ပြီး...

"ဒါဆိုရင် မြိုင်တန်းသာမြို့က အတော်ကလေး ချမ်းသာတဲ့ ဦးလှနီ ဆိုသူမှာ တစ်ဦးတည်းသော သမီးကလေးရှိတယ်၊ ဆယ်တန်း မအောင်တာနဲ့ ကျောင်းထွက်ပြီး အိမ်မှာပဲနေတယ်၊ အိမ်အလုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော်တဲ့မိန်းကလေးပဲ၊ စကားလည်း နည်းတယ်၊ သဘောလည်း ကောင်းတယ်၊ ငါ့သားပြောတဲ့ အရည်အချင်းတွေနဲ့ ပြည့်ဝမယ့် မိန်းကလေးမျိုးဖြစ်မှာ ကျိန်းသေတယ်"

"ဒါဖြင့်လဲ ဖေဖေနဲ့ ကျွန်တော် သွားကြည့်ကြရအောင်လား"

"ငါ့သား မြင်ရင် ချက်ချင်းလက်ထပ်ပေးပါလို့ ပြောမှာ သေချာတယ်"

"ဗျာ..."

"မြနှင်းဖြူ ဆိုတဲ့ မိန်းကလေးက သိပ်လှတယ် သား"

○





## အခန်း (၂၈) က

ကွယ်လွန်သွားရှာပြီဖြစ်သော ဖေဖေ ရည်ညွှန်းပြောဆိုခဲ့သည့် အတိုင်းထက်ပင် မလျော့နည်းသော အရည်အချင်းများနှင့် သဘောကောင်း၊ မနောကောင်း၊ စကားနည်း၍ အေးဆေးတည်ငြိမ်သော အိမ်ရှင်မကောင်းဖြစ်လေသူ မြနှင်းဖြူ။

"တချို့ဆို အိမ်ထောင်ကျပြီးတာနဲ့ သားသမီးရရော၊ မြနှင်းဖြူ ကျမှ ဘာလို့ ကြာနေတာပါလိမ့်"

"မသိဘူးလေ ကိုကိုရယ်... သူများတွေလို တားဆေးတွေ ဘာတွေလည်း ဘာမှမစားပါဘူး"

"အေးလေ... ဟောဒီမိုက်ထဲက ကိုကို့အတွက် ကလေးတွေ ဟောတစ်ယောက် ဟောတစ်ယောက် မွေးပေးစမ်းပါ မိန်းမရယ် နော်"

"မြနှင်းဖြူလည်း သားသမီးလိုချင်ပါတယ် ကိုကိုရယ်"

"အေးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုဆို မြနှင်းဖြူမိဘတွေရော ကိုကိုမိဘတွေပါ ဆုံးကုန်ကြပြီ၊ မြနှင်းဖြူ တို့နှစ်ယောက်လုံးကလည်း တစ်ဦးတည်းသော သားသမီးတွေမို့ ကိုယ့်ရင်သွေးလေးတွေကိုပဲ ကိုယ့်ဆွေမျိုးလုပ်ပြီး နေရမှာ"

"ဟုတ်တယ်နော်"

"မွေး...မိန်းမရာ၊ တစ်နှစ် တစ်ယောက်နဲ့ ဆယ်နှစ်လောက် ဆက်မွေးစမ်းပါဆိုမှ"

"မြနှင်းဖြူလည်း မွေးချင်ပါတယ် ဆိုမှ"

"ကိုကိုကလည်း ကြိုးစားတာပဲ"

"ကိုကိုနော်"

ကြည်နူးဖွယ် ရယ်သံလေးများက အိပ်ခန်းကျယ်ကြီး၏အပြင်ဘက်သို့တိုင် ပျံ့လွင့်လာသည်။

မြနှင်းဖြူကို ကြီးကျယ်ခမ်းနားစွာလက်ထပ်ယူပြီး ဤသြရိသစံအိမ်ကြီးသို့ ခေါ်လာခဲ့ပြီးသည်မှ ယနေ့ တစ်နှစ်ကျော် ကြာသည့်တိုင်အောင် မြနှင်းဖြူအပေါ်တွင် ခင်ပွန်းတစ်ယောက်အနေနှင့် စိတ်ငြိုငြင်စရာ တစ်စုံတစ်ရာမျှ မတွေ့ခဲ့ဖူးပါ။

ကိုကျော်စွာမင်းမောင် အနှစ်သက်ဆုံးက ဣန္ဒြေသိက္ခာကြီးရင့်စွာဖြင့် နေထိုင်တတ်ပြီး အကြောင်းမရှိပါဘဲနှင့် ဘယ်ယောကျ်ားနှင့်မှ မရောနှော၊ စကားပြောလေ့မရှိသော အကျင့်သိက္ခာကိုပါပင်။

လင်ယောကျ်ား စားစချင့်စဖွယ် ဟင်းလျာ မျိုးစုံကိုလည်း ကိုယ်တိုင်စီမံကာ တစ်နေ့ တစ်မျိုး မထပ် မရိုးရအောင် ကိုယ်တိုင်





ဖန်တီး စီစဉ်နိုင်သော အချက်အပြုတ်ကောင်းလှသည့် မိန်းမ။

ပျင်းရိငြီးငွေ့စွာ ထိုင်းထိုင်းမှိုင်းမှိုင်း နေတတ်သော အကျင့်မျိုးမရှိ။ အမြဲ သန့်ပြန့် သန့်ရှင်းစွာ နေထိုင်တတ်ပြီး မျက်နှာမှာ သနပ်ခါးပြတ်သည် မရှိ၍ ထာဝရ ကျက်သရေရှိလှသော မိန်းမ။

ဘုရား တရား ကြည်ညိုသည့်နေရာမှာလည်း စံတင်လောက်ပါပေသည်။

အရုဏ်ဆွမ်း မတင်ဖြစ်သည့်နေ့ မရှိစေရ။

နေ့ဆွမ်း၊ သောက်တော်ရေနှင့် ဝေဆာလန်းဆန်းသော ဘုရားပန်းများကြောင့်လည်း ဘုရားစင်ကို မြင်ရသူတို့ပင် ကြည်ညိုချင်စရာပါ။

အိမ်ရှင်မသည် အိမ်ထောင်ကို ပိုင်နိုင်စွာ ဦးစီးလျက်ရှိနေချိန်မှာ...

ကိုကျော်စွာမင်းမောင်သည်လည်း အလုပ်ကို တိုးတက်သည်ထက် တိုးတက်အောင် သူကိုယ်တိုင် ရေတို၊ ရေရှည် စီမံကိန်းများကို ချမှတ်လျက် မနားမနေ ဆောင်ရွက်နေပေသည်။

ပရဆေးများ ဝယ်ရသည့် ဒုက္ခကို ရေရှည် စီမံကိန်းဖြင့်ဖြေရှင်း၏။

မြေကေပေါင်း ငါးဆယ်ကျော်မျှ ဝယ်ပြီး ပရဆေးပင်များကို သြရိသ ခြံကြီးအတွင်းမှာပင် စိုက်ပျိုးခဲ့သည်။

ထုတ်လုပ်သော ဘူးများကအစ ဒီဇိုင်းသစ်များ ထွင်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဆေးကိုလည်း အာနိသင်အပြည့်အဝရှိစေရန် အထူးဂရုစိုက်၍ မူလဆေးနည်းအတိုင်း ဖော်စပ် ထုတ်လုပ်ခဲ့သည်။

ကြော်ငြာကိုလည်း မြန်မာပြည်အနှံ့ ကြားသိနိုင်အောင် ပိုစတာ၊ လက်ကမ်းကြော်ငြာ၊ သတင်းစာ၊ မဂ္ဂဇင်း စသည်တို့မှာ မပြတ်အောင် ထည့်ခဲ့သဖြင့်...

ရောင်းအားက ငါးဆမျှ တိုးခဲ့သည်။ ဆေးကလည်း ဦးမင်းမောင်၏ အဘိုးလက်ထက်ကတည်းက ရထားသော နန်းတွင်းသုံး ရှေးဆေးနည်းဖြစ်သဖြင့် တကယ့်မြန်မာ့ဆေးစွမ်းကောင်းများ အဖြစ်နှင့် သုံးစွဲသူတို့မှာ အကျိုးရှိခဲ့ကြပါသည်။

လေနာရောဂါ၊ ရင်ကျပ်ရောဂါ၊ ဒူလာ–မီးယပ် စသော ယောကျ်ား မိန်းမတို့၏ ရောဂါများ လက်တွေ့ ပျောက်ကင်းခဲ့ကြသော ဆေးလည်းဖြစ်ပါ၏။

လုပ်ငန်း တွင်ကျယ်လေ အားတက်စိတ်ဖြင့် လုပ်ငန်းအပေါ်မှာ အားကြိုးမာန်တက် ဆောင်ရွက်လေ ဖြစ်နေသော ကိုကျော်စွာမင်းမောင်သည် တစ်နေ့သောအခါမှာ ဆေးခန်းသို့ ရောက်ဖြစ်သွားရသည်။

"ရိုးရိုးအအေးမိပြီး ပင်ပန်းလို့ဖျားတာပါ၊ အဲဒါက ကိစ္စမရှိပါဘူး ကောင်းသွားမှာပါ၊ ည ည အိပ်မပျော်ဘူး ဆိုတာကတော့ ခင်ဗျား အတဲန်ရှင် Attention သိပ်များလို့ ဖြစ်ပါလိမ့်မယ်"

**'ဒေါက်တာစောပြည့်'** သည် အဖျားကျစေရန် ဆေးထိုးပြီးချိန်မှာ စတင်ဆွေးနွေးသော စကား...





"ဟုတ်တယ် ဆရာ၊ အလုပ်ကလည်းသိပ်များတယ်၊ တာဝန်ကလည်း သိပ်ကြီးတော့ ညအိပ်ခါနီး အလုပ်အကြောင်းတွေးလိုက်ရင် အိပ်မပျော်တော့ဘူး၊ အိပ်ဆေးသောက်ရတာ ညတိုင်းလိုပဲ"

"အင်း... အဲဒါလည်း ဘယ်ကောင်းမလဲ"

သောက်ဆေးများကို ဘယ်အလုံးက ဘယ်အချိန်မှာသောက်ပါဟု ညွှန်ကြားပြီး...

"အတဲန်ရှင် သိပ်မများနဲ့ဗျ၊ ယောကျ်ားတွေ သိပ်အလုပ်လုပ်ပြီး အလုပ်ထဲမှာပဲ အာရုံစူးစိုက်မှုတွေ တအားများနေရင်လည်း ကလေးမရတတ်ဘူး"

"ဗျာ..."

"အတဲန်ရှင်ဆိုတာ အာရုံကြီးစွာစူးစိုက်မှုလေဗျာ၊ ခင်ဗျားတို့ အိမ်ထောင်သက် တစ်နှစ်ခွဲရှိပြီဆို..."

"ဟုတ်တယ်ဆရာ...ကျွန်တော် သိပ်အလုပ်လုပ်လို့ ကလေးမရတာလား၊ ဟုတ်လား ဆရာ"

"ဒီလို တရားသေတွက်လို့တော့ မရဘူးလေ၊ ကလေးမရနိုင်တဲ့ ယောကျ်ားတွေရဲ့ အကြောင်းများစွာထဲမှာ အဲဒါလည်း တစ်ခုပါတယ်လို့ ပြောတာပါ"

"ဆရာ"

"ပြောပါ... ကိုကျော်စွာမင်းမောင်"

"ကျွန်တော် ကလေးသိပ်လိုချင်တယ်ဗျာ၊ ခုထိ မရတာ ကျွန်တော့်မိန်းမကြောင့် မရတာလို့ပဲ ကျွန်တော် ထင်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်… ဆေးပညာနဲ့ မနီးစပ်သူတွေ၊ ရှေးလူကြီးတွေဟာ ကလေးမရကြတဲ့ အိမ်ထောင်ရှင်မှန်သမျှကို မိန်းမကိုပဲ အပြစ်ဖို့ကြတယ်၊ 'အမြုံမ' ဘာညာပေါ့ဗျာ"

"ဟုတ်ကဲ့… ကြားဖူးတယ်"

"မိန်းမကြောင့်ချည်း ကလေးမရတာမဟုတ်ဘဲ ယောကျ်ားတို့ ချို့ယွင်းချက်ကြောင့်လည်း ကလေးမရနိုင်တာတွေ အများကြီးပဲ"

"ဒါဆို အလုပ်ထဲမှာပဲ အာရုံရောက်နေတဲ့ ကျွန်တော့်ကြောင့်များလားဗျာ"

"အဲဒါတွေကတော့ သိပ္ပံနည်းကျတဲ့ ဆေးပညာနဲ့ နှစ်ယောက်လုံးကို စမ်းသပ်မှပဲ ပြောနိုင်မယ်"

"ဆရာ… ကျွန်တော်တို့ကို ကူညီပါလားဗျာ"

"ဘာကိုလဲ"

"စမ်းသပ်ပေးဖို့နဲ့ ကလေးရအောင် လုပ်ပေးဖို့ပါ၊ ငွေ ဘယ်လောက်ကုန်ကုန် ကျွန်တော် တတ်နိုင်ပါတယ်"

"ဒီမြို့မှာ အချမ်းသာဆုံးဆိုတာ ဒီကို ပြောင်းလာကတည်းက ကျွန်တော် သိပါတယ်၊ ကျွန်တော် အသပြာဆရာ မဟုတ်ပါဘူးဗျာ"

"ကျွန်တော် ဆန္ဒစောလို့ အပြောမှားသွားရင်လဲ ခွင့်လွှတ်ပါဆရာ။ ကျွန်တော့်ကိုတော့ ကူညီပါဗျာ"

"ကူညီပါ့မယ်… ကျွန်တော့်မိန်းမကလည်း အိုဂျီ(O.G) ပါပဲ၊ မီးယပ်နဲ့ သားဖွား ပါရဂူပါ၊ သူ့ကိုပါ တိုင်ပင်ကြတာပေါ့၊





မိန်းမရဲ့ ချို့ယွင်းချက်ရှိသလားလို့ စမ်းသပ်ရတာတော့ နည်းနည်းခဲယဉ်းတယ်"

"ဟုတ်ကဲ့"

"ယောကျ်ားက မြန်တယ်၊ ခင်ဗျားရဲ့ သုက်ပိုး အောင်မအောင် အရင်ဆုံး မိုက်ကရိုစကုပ်နဲ့ ကြည့်ပေးမယ်လေ၊ ကဲ… နောက်ထပ် တွေ့ကြသေးတာပေါ့ဗျာနော်၊ တခြားလူနာတွေ စောင့်နေသေးလို့"

"ဟုတ်ကဲ့ဆရာ… ကျွန်တော် ဘယ်နေ့ လာခဲ့ရမလဲ"

"ရပါတယ်… လာပါ၊ ဆေးရုံပဲလာလာ… ဆေးခန်းပဲလာလာပါ၊ နည်းနည်း ထပ်ဆွေးနွေးပြီး လုပ်ငန်းစကြတာပေါ့"

သားသမီး လိုချင်လွန်းရှာသော ကိုကျော်စွာမင်းမောင်သည်…

ကသစ်နီဆေးရုံသို့ မြို့နယ်ဆရာဝန်အဖြစ် ပြောင်းရွှေ့လာခဲ့သည်မှာ မကြာသေးသော ဒေါက်တာစောပြည့်နှင့် ဆုံလိုက်ရခြင်းအတွက်…

ကြီးစွာသော အားတက် မျှော်လင့်ချက်များဖြင့်…။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈) ၁

"အို… ကိုကိုရယ် မိန်းမကိစ္စ မိန်းမဆရာဝန်နဲ့ပဲ စမ်းသပ်ကုသပါရစေ၊ မြနှင်းဖြူတော့ ရှက်တာနဲ့ပဲ သေမှာပဲ"

"ဒီလိုပဲပေါ့ကွယ်… ဒီဆရာက ကလေးမွေးကျွမ်းကျင်တာလည်း တစ်မြို့လုံးအသိပဲ၊ ဟိုတလောက အချင်းကပ်နေတဲ့ မိန်းမတစ်ယောက်ကို သူကယ်လိုက်တာ၊ အချင်းကိုရအောင်ထုတ်၊ လူချင်းဆက်ပြီး သွေးသွင်းတဲ့နည်းနဲ့ကုပြီး အသက်ကယ်လိုက်တာ လူနာရဲ့မိခင် အဘွားကြီးဆိုတာ ဒေါက်တာစောပြည့်ကို ထိုင် ထိုင် ကန်တော့လိုက်တာလေ…"

ဒေါက်တာစောပြည့်၏ ကလေးမွေးဖွားပေးမှု ဂုဏ်သတင်းကကောင်းခြင်းများစွာနှင့် ပြည့်စုံစွာ ကျော်ကြားနေကြောင်း မြနှင်းဖြူသိသော်လည်း ဤဒေါက်တာကို ရင်မဆိုင်ရဲ…

"ကိုကိုတို့ လိုချင်တဲ့ သားသမီးရဖို့ပဲကွယ်၊ မွေးရင်ဖွားရင်လည်း ဒီလိုပဲ ရင်ဆိုင်ရမှာပဲ၊ ပြီးတော့ ဆေးရုံက ဆရာမ တစ်ယောက်လည်း ပါလာမှာပါ"





"ဒါဆိုလည်း ကိုကို့ သဘောပဲလေ"

ရှက်မျက်ရည် အဝိုင်းသားနှင့် သဘောတူရှာသော ချစ်ဇနီးလေးကို သနား ကြင်နာစိတ် အပြည့်ဖြင့် ကိုကျော်စွာမင်းမောင်ငုံ့၍နမ်းလိုက်မိပါသတည်း။

* * *

"အမျိုးသမီးကို စမ်းသပ်ရတယ်ဆိုတာတော့ မလွယ်လှဘူး၊ သူ့သားဥ ကြွေချိန်၊ သားဥ အောင်မြင်မှု ရှိ,မရှိ၊ သားစုပြွန်လမ်းကြောင်းတွေပါ အသေးစိတ် စစ်ဆေး စမ်းသပ်ရပါတယ် ကိုကျော်စွာ"

"ဟုတ်ကဲ့… ဆရာ"

"ဟိုနေ့က စမ်းရတာက သူ့သားအိမ် အနေအထားမှန်,မမှန်၊ သားအိမ်ခေါင်း ကောက်နေသလား၊ မွေးလမ်းကြောင်း ဖြောင့်ရဲ့လားဆိုတဲ့ အနေအထားလောက်ပဲ စမ်းလို့ရခဲ့တာလေ"

"ဆရာတောင် အားနာတယ်ဗျာ၊ ကျွန်တော့်မိန်းမကလည်း ငိုလို့"

"သားသမီးမှ မမွေးဘူးသေးတော့ အရှက် အကြောက်ကြီးတဲ့ မိန်းမတိုင်း ဒီလိုပါပဲ၊ ဆရာဝန်ဆိုတာ ဒါမျိုး ရိုးနေပါပြီ"

"အခြေအနေကရော ဆရာ"

"ကျွန်တော် လေ့လာပြီးသလောက်တော့ ခင်ဗျားမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



သားအိမ် (Uterus) မှာ အပြစ်မရှိဘူးလို့ ထင်တာပဲ"

"ဒါဖြင့်... ကျွန်တော်လား"

"ခင်ဗျားပဲ ဖြစ်နိုင်ဖို့များတယ်"

"ဟာဗျာ"

"ဒါပေမယ့် ခင်ဗျားရဲ့ စပန်း (Spurm) ကိုယူပြီး မိုက်ကရိုစကုတ်နဲ့ ထပ်ကြည့်ဦးမယ်လေ၊ အရင်ကြည့်တဲ့ ဒီကမှန်ပြောင်းက အားမကောင်းဘူး၊ နောက်ထပ် ဆေးရုံအတွက် အကြီးတစ်ခုလည်း ရောက်တော့မယ်တဲ့"

"ကျွန်တော် ဝယ်လိုက်မယ်လေ ဆရာ"

"စိတ်မစောပါနဲ့ဗျာ... ဒါလေးတစ်ခုအတွက်နဲ့ ဘာလို့ ငွေကုန်ခံမှာလဲ၊ ဈေးကကြီးနဲ့၊ ဆေးရုံအတွက်လည်း ရောက်ဖို့အစီအစဉ်က ပင်ကိုကတည်းက ရှိတာပါ"

"လိုသမျှ ကျွန်တော်ဝယ်မယ်၊ ပြီးတော့ ဆေးရုံကို လှူမှာပေါ့၊ ဒီမှာ ဆရာ..."

"ပြောပါ ကိုကျော်စွာ"

"ကျွန်တော့် ချို့ယွင်းချက်ကြောင့်ဆိုရင် တစ်သက်လုံး ကျွန်တော်တို့ ကလေးမရနိုင်တော့ဘူးလားဟင်"

"ဒီလောက်ထိအောင်လည်း စိတ်မပူပါနဲ့ဗျာ၊ ခေတ်မီတိုးတက်နေတဲ့ ဆေးပညာတွေ ပြည့်လို့ပါ"

"မျှော်လင့်ချက် ရှိနိုင်သေးတယ်လား ဆရာ၊ ကျွန်တော် ကလေးရနိုင်ဦးမှာပါနော်"





"ကြိုးစားကြတာပေါ့ ကိုကျော်စွာ"

"အမြန်လုပ်စမ်းပါ ဆရာရယ်"

"ခင်ဗျားရဲ့သုက်ပိုး အောင်, မအောင် အရင်ဆုံးစမ်းကြမယ်လေ၊ ခင်ဗျားဘက်က မချို့ယွင်းဘူးဆိုရင်တော့ မြန်နှင်းဖြူကို ရန်ကုန်ခေါ်ပြီး ခွဲစိတ်တန် ခွဲစိတ်ဖို့ စမ်းသပ်ရမှာပဲ"

"ဟုတ်ကဲ့..."

"ယောကျ်ားကိုစမ်းသပ်တာက ပိုပြီးလွယ်ပါတယ်၊ ခဏလေးသည်းခံ စောင့်လိုက်ပါနော်"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈) ဂ

"ကိုကျော်စွာရေ... ကျွန်တော် အခုပြောမယ့် စကားတွေကို ဆေးပညာအမြင်နဲ့ပဲ နားထောင်ပါနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"မြနှင်းဖြူကို အသေးစိတ် လေ့လာလိုက်တဲ့အခါမှာ သူ့သားအိမ်ဟာ ဘာချို့ယွင်းချက်မှမရှိဘဲ ကလေးရဖို့ အသင့်မှာရှိနေတယ်"

"ဒီပုံမှာကြည့်..."

ဒေါက်တာစောပြည့်သည်...

John M Shane MD ရေးသားသော...

The Infertile Couple Evaluation and Treatment-

ဆိုတဲ့ Clinical Symposia စာအုပ်ကို ကျွန်တော် ပြမယ်၊ ဒီမှာကြည့်...

"ဒီအလယ်ကဟာ မွေးလမ်းကြောင်း၊ အပေါ်မှာက သားအိမ်ခေါင်းနဲ့ သားအိမ်၊ အဲဒီသားအိမ်ရဲ့ ဘယ်နဲ့ ညာမှာက သား





Ovum လို့ခေါ်တဲ့ သားဥပြွန်လမ်းကြောင်းနဲ့ Ovary လို့ခေါ်တဲ့ သားဥအိမ်အိတ်ကလေးတွေ ရှိတယ်"

"လေးပတ် ၂၈ ရက်တစ်ကြိမ်၊ ရာသီမှန်မှန်လာတဲ့ မိန်းမတွေဟာ ရာသီမလာမီ တစ်ပတ် လာပြီး တစ်ပတ် သာမန်အားဖြင့် သားဥတွေမဆင်းကြဘဲ ရာသီလာပြီး တစ်ပတ်ကျော်မှ သားဥအိမ်ကနေပြီး သားဥပြွန်ထဲကို သားဥပိုးလေးတွေ ထွက်လာတယ်"

"တစ်ဖက်တည်းလည်း ထွက်တယ်။ ဘယ်ညာနှစ်ဖက်လုံးကလည်း ထွက်လာတတ်တယ်"

"အဲဒီလို အမျိုးသမီးရဲ့သားဥတွေ ကျဆင်း ထွက်ပြူလာတဲ့အချိန်မှာ ယောကျ်ားရဲ့ အောင်မြင်တဲ့ သုက်ပိုးကောင်နဲ့ ပေါင်းဆုံပြီး သားသမီးရဖို့ ပထမဆုံး အလုံးလေးအဖြစ် ရှင်သန်လာတယ်"

"အဲဒါဟာ သားဥပြွန်ရဲ့ သုံးပုံတစ်ပုံ နေရာမှာဖြစ်တယ်။ အဲဒီကနေပြီး ဒီသန္ဓေဥလေးဟာ သားအိမ်ထဲ ဆင်းလာရာကနေ တဖြည်းဖြည်း ကြီးထွားလာပြီး ကလေးဖြစ်လာတာပါပဲ"

"ကြုံတုန်း ဗဟုသုတကလေးတစ်ခု ပြောပါရစေ။ ခုနပြောသလို ယောကျ်ားရဲ့ သုက်ပိုးကောင်နဲ့ မိန်းမရဲ့သားဥ ပေါင်းဆုံပြီး သားအိမ်ထဲဆင်းလာတဲ့အခါ တချို့က အောင်မြင်ကြီးထွားလွန်းလို့ နှစ်မြွာကွဲသွားပြီး သီးခြားစီ ကြီးထွားလာရာက အမြွာဆိုတာ ဖြစ်လာပါတယ်"

"အဲဒီလို သန္ဓေသားတစ်စက နှစ်မြွာကွဲပြီး ကြီးထွား မွေးဖွားလာတဲ့ အမြွာတွေဟာ အချင်းကလည်း တစ်ခွက်တည်း၊ ရုပ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွေးမရအောင် တူတတ်ကြတယ်"

"နောက်တစ်ခုက သားအိမ်ရဲ့နှစ်ဖက်လုံးမှာ သားဥအိတ်တွေ ရှိကြတော့ အမျိုးသားရဲ့သုက်ပိုးဟာ နှစ်ဖက်လုံးကို ရောက်သွားပြီး ပေါင်းဆုံတယ်"

"ဒီအခါမှာ သန္ဓေအစ အလုံးလေး နှစ်လုံးအဖြစ်နဲ့ သားအိမ် ထဲကို သီးခြားစီဆင်းလာပြီး ကလေးနှစ်ယောက်အဖြစ် ကြီးထွား ရှင်သန်လာကြပါတယ်"

"အဲဒီလို ကလေးမျိုးကတော့ အချင်းကလည်း တစ်ခုစီ၊ ရုပ်ချင်းလည်း လုံးဝမတူတတ်ဘဲ စိတ်သဘောပါ ကွဲပြားတတ် ပါတယ်"

"ဒါကတော့ ဗဟုသုတပေါ့ဗျာ"

"ကဲ... ကျွန်တော်တို့အကြောင်း ဆက်ပြောရမယ်ဆိုရင်...

ကိုကျော်စွာဟာ မိန်းမနဲ့ ဆက်ဆံတဲ့အခါမှာ အောင်မြင် တယ်၊ Sewen ဆိုတဲ့ သုက်ရည်ကြည်လည်း ထွက်ဟယ်၊ ဒါပေ မယ့် Spurm လို့ခေါ်တဲ့ သန္ဓေသားကို ဖြစ်ထွန်းစေတဲ့ အောင်မြင်တဲ့ သုက်ပိုးလေးတွေကို မထုတ်လုပ်နိုင်ဘူး"

"သုက်ပိုးကောင် ဆိုတာကလည်း တစ်ခါ ထုတ်လုပ်ရင် သုံးသန်းက ငါးသန်းလောက်ထိ ထွက်တာဗျ၊ မိုက်ကရိုစကုတ် အောက်မှာ ကြည့်ရင် ခေါင်းကြီးကြီး ကိုယ်ရှည်ရှည်လေးတွေနဲ့ မွစိ တက်အောင် လှုပ်ရှားနေတာပဲ"

"ဒီထဲက တစ်ကောင်ပဲ... အဲ...အချင်းနှစ်ခုနဲ့ ဖြစ်လာမယ့်





အမြွှာဆိုရင်တော့ နှစ်ကောင်ပေါ့လေ၊ အဲဒါပဲ မိန်းမသားဥနဲ့ ပေါင်း ဆုံတာ၊ ကျန်တာတွေက နာရီပိုင်းလေးအတွင်းမှာ အားလုံး သေကြ ပျက်စီးကုန်ကြရော"

"ကိုကျော်စွာရဲ့ သုက်ပိုးတွေကြတော့ အားလုံးမအောင်မြင်ဘဲ ပျက်စီးသွားတယ်လေ၊ ဒါကြောင့် Sewen ဆိုတဲ့ သုက်ရည်ထွက် ပေမယ့် Spurm ဆိုတဲ့ သုက်ပိုးပါမလာတဲ့အတွက် ကိုကျော်စွာ အနေနဲ့ ဒီဘဝမှာတော့ ဘယ်နည်းနဲ့မှ ကလေး မရနိုင်တော့ဘူးဗျာ၊ ကျွန်တော် ဝမ်းနည်းပါတယ်"

ရှည်လျားစွာ ရှင်းပြခဲ့သော ဒေါက်တာမောပြည့်၏ စကား အဆုံးတွင် ကိုကျော်စွာသည် စားပွဲကို လက်သီးနှင့်ထုပြီးမှ ခေါင်းကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ငုံ့ချလိုက်ပြီး သွက်သွက်ခါအောင် ခေါင်းကို ယမ်းလျက်...

"မယုံဘူး... မယုံပါရစေနဲ့၊ ကျွန်တော့်မျှော်လင့်ချက်တွေ မပျက်ပါရစေနဲ့၊ သားသမီးရဖို့ ကျွန်တော် သိပ်မျှော်လင့်တယ်၊ အို... အကြီးမားဆုံး မျှော်လင့်ခဲ့တဲ့ ကျွန်တော့်မှာမှ ဖြစ်ရတယ်လို့ ဗျာ..."

"အဲဒါ ဘာဖြစ်လို့လဲ"

"ဘာကြောင့်လဲဟင်"

"ဘာအတွက်လဲဗျာ"

"ဒီလိုရှိပါတယ်ဗျာ... ကျွန်တော် လက်လှမ်းမီသလောက် ရှင်းပြပါမယ်၊ ခင်ဗျားရဲ့ ငယ်ငယ်ကရောဂါရာဇဝင်ကိုလည်း စစ်မေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးပါပြီ”

“တချို့ကျတော့လည်း မွေးရာပါချို့ယွင်းမှု ရောဂါပါ”

“တချို့ကျတော့လည်း အပျော်အပါး လိုက်စားလွန်းရာက နေပြီး သားဥဆင်းလမ်းပိတ်သွားပြီး ကလေးမရနိုင်တော့တာလည်း ရှိပါတယ်”

“နောက်တစ်ခုက ကျွန်တော် ပြောခဲ့ဖူးသလို အလုပ်မှအလုပ် သိပ်ပြီးသောကများတဲ့ ယောက်ျား၊ အလုပ်ပေါ်မှာ အာရုံစူးစိုက်လွန်းပြီး အလိုမကျတာတွေဖြစ်လာတတ်တာမျိုးတွေပေါ့၊ အိမ်ထောင်ရေးထက် မိမိရဲ့လုပ်ငန်းအပေါ်မှာ သောကနဲ့ လောဘ များပြီး Attention များလွန်းတဲ့ ယောက်ျားတွေလည်း ကလေး မရတတ်ဘူး”

“နောက်ဆုံးအနေနဲ့ . . .”

“ကိုကျော်စွာကို ကျွန်တော် လေ့လာရသလောက်ဆိုရင်တော့ ခင်ဗျားယော်ယော်က Mupm လို့ ခေါ်တဲ့ ပါးချိတ်ရောင် မော်နာရောဂါ ဖြစ်ဖူးတယ်ဆို”

“အဲဒီလို နားရင်းနားက ပါးနှစ်ဖက် ရောင်ပြီး မြန်မာ့ဆေးနည်း မဲနယ်တွေ လိမ်းထားတတ်ကြတဲ့ မော်နာရောဂါ ယော်ယော်ကဖြစ်ခဲ့ရင် ပါးချိတ်မှာဖြစ်တဲ့ ပိုးအတိုင်း ယောက်ျားရဲ့ ကပ်ပယ်အိတ် နှစ်လုံးလုံးမှာလည်း အဲဒီပိုးဝင်တတ်တယ်၊ ဝင်လေ့ရှိတယ်”

“အဲဒီလို မော်နာရောဂါ ပြင်းပြင်းဖြစ်ခဲ့တဲ့လူ အတော်များများ





ဟာ ကပ်ပယ်အိတ်ထဲ ဝင်လာတဲ့ မော်နာရောဂါပိုးကြောင့် သုက်ပိုးဥတွေ ပျက်စီးသွားစေပါတယ်”

“ကိုကျော်စွာက ယော်ယော်ကလည်း မော်နာပေါက်ဖူးတယ်၊ အလုပ်အပေါ်မှာလည်း သိပ်ဇောကြီးတယ်၊ ဒီအချက်တွေကြောင့်လို့ပဲ ယူဆရတာပါပဲလေ”

ကိုကျော်စွာမင်းမောင်၏ အကြီးမားဆုံးသော မျှော်လင့်ချက်ကြီးမှာ ဒီတစ်သက်တွင် ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ ဟူသော အသိကြောင့် . . .

တစ်သက်တာလုံးမှာ ဝမ်းအနည်းဆုံးသော မျက်ရည်များနှင့်အတူ ကိုကျော်စွာမင်းမောင်မှာ . . .

ဒေါက်တာစောပြည့်၏ ရှေ့မှောက်၌ပင် ရှိုက်ကြီးတငင် ငိုကြွေးမိပါလေတော့သည်။

နှုတ်မှလည်း . . .

“ဆေးပညာတွေ တိုးတက်နေပါတယ်ဆို”

“ဖန်ပြွန်လူသားတွေတောင် ဖြစ်ထွန်းနေပါပြီဆို”

“ကူညီပါဦး ဆရာ”

“တစ်နည်းနည်းနဲ့ ကူညီပါ”

“ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျွန်တော့်ကို ကူညီပါဦး ဆရာရယ်”

ဝ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈) ယ

နောက်တစ်နှစ်လောက် ကြာပြီးအချိန်မှာ ဒေါက်တာစောပြည့် ရန်ကုန်မှ ပြန်ရောက်လာသည်။

အလုပ်ကိစ္စလည်းရှိ၊ တာဝန်အရ ရန်ကုန်သွားရချိန်မှာ သူ၏ ချစ်လှစွာသော မိသားစုနှင့်လည်း ခေတ္တ အတူနေခွင့်လေး ရရှိလာခဲ့သည်။

ဒေါက်တာစောပြည့်သည် သူ၏ မွန်မြတ်သော စေတနာကြောင့် ဆေးလိုက်သည်။

သူ၏ မေတ္တာဆေးခန်းမှာ လူတွေ ကြိတ်ကြိတ်တိုးသည်မှာ နေ့စဉ်နှင့်အမျှ။

အပြင်ဆေးခန်း၌သာ လူနာကို ဂရုစိုက်သည်မဟုတ်၊ ဆေးရုံ လူနာများကိုလည်း အချိန်ပြည့် တာဝန်ယူခဲ့သည့် ဆရာဝန်။

သူ၏မေတ္တာဆေးခန်းမှာ လူသိပ်များလာသဖြင့် ဆေးထိုး ဆေးပေးတာကအစ သူ မနိုင်တော့၊ အကူသူနာပြုဆရာမ ရှာမည် ဟူသော အသံကြားရုံဖြင့်...





"ဆရာ... ကျွန်မမှာ ဆီးချိုရောဂါလည်းရှိတော့ သိပ် အပင်ပန်း မခံနိုင်တော့ဘူး၊ အစားကိုလည်း ထိန်းနေရတယ်၊ ဒါ့ ကြောင့် ညနေတစ်ပိုင်းလောက်ဆိုရင်တော့ လုပ်နိုင်ပါတယ်၊ ဆရာ့ ဆေးတိုက်မှာ ကျွန်မကိုပဲ ခန့်ပါလား ဆရာ၊ ဆရာခန့်မယ်ဆိုရင် ကျွန်မ အလုပ်က ထွက်စာတင်လိုက်ချင်ပြီ"

"ဆရာမကြီး နော်ဂလိုးရီယာသာ ကျွန်တော့်ဆေးခန်းမှာ လာလုပ်မယ်ဆိုရင်တော့ ကျွန်တော်က ဘာငြင်းစရာလိုသေးလဲဗျာ"

သည်သို့ဖြင့် စေတနာကောင်းပြီး တတ်ကျွမ်းသော ကုသမှု ဆရာဝန်နှင့် ကျွမ်းကျင်သော သူနာပြုဆရာမကြီးတို့၏ မေတ္တာ ဆေးကုခန်း ပိတ်ရချိန်မှာ ည ကိုးနာရီထက် ဘယ်သောအခါမှ မစော။

တနင်္ဂနွေ တစ်နေ့မှာတော့ အရေးကြီးသည့် ဆေးရုံမှလူနာ များ အရေးပေါ်ဖြစ်လာသည့် အခါမျိုး၌သာ သွားကြည့်ရုံမှလွဲ၍ လုံးဝအနားယူခဲ့သည်။

မနက်ပိုင်း ဂေါက်ဖ်ရိုက်၊ နေ့လယ်နှင့် ညနေတော့ အနားယူ၊ သည်တနင်္ဂနွေနေ့မှာတော့ ဒေါက်တာစောပြည့်သည် ကြိုတင်ချိန်းဆို ထားသော ဧည့်သည်ကို စောင့်မျှော်နေသည်။

ကြာရှည် ဆွေးနွေးရမည့် ကိစ္စ...

လာမည့်ဧည့်သည်က ဤကသစ်နီတစ်မြို့လုံးမှ အချမ်းသာ ဆုံးသောသူ...



www.burmeseclassic.com

www.burmeseclassic.com



သားသမီး လိုချင်လွန်း၍ ရင်သွေးရှား ရှားနေသော ကိုကျော်စွာ မင်းမောင် ဆိုသောသူ...

ဒေါက်တာစောပြည့် ချိန်းဆိုထားသော နေ့လယ်ဆယ့်နှစ်နာရီ တိတိမှာပင်... သူ့ကားက အိမ်ရှေ့သို့ ထိုးဆိုက်လာသည်။

ထိုအချိန်က ဈေးအမြင့်ဆုံးသို့ ထိုးတက်သွားဖူးသော ဖောက်ခံ ဝက်ဝွန်း အစိမ်းလွင်လွင် အသစ်စက်စက်ကလေးနှင့်။

"လာဗျာ... ကိုကျော်စွာ၊ ဟာ... ဘာတွေလဲ"

"ဪ... ဆရာနဲ့ စကားပြောရင်း စားရ သောက်ရအောင် စိန်နီဟိုတယ်က ဝင်ဝယ်လာတာပါ"

အိမ်မှာ လူရှင်းထား၍ သူတို့နှစ်ယောက်တည်းပင်။ ဖက်ထုပ်ကြော်၊ ခေါက်ဆွဲကြော်၊ ဂဏန်းလက်မကြော်နှင့် ကြက်သားနှင့် ပျားရည် ဟင်းလျာတို့ကို ပန်းကန်ထဲထည့်ကြသည်။ ဒေါက်တာစောပြည့်က အရက်သောက်သူ မဟုတ်၍ ရေခဲစိမ် စပိုက်ပုလင်းနှင့် ကိုကာကိုလာ သံဘူးရည်များပါ ပါလာသည်။

"စားစရာတွေကလည်း များလိုက်တာဗျာ"

"ဆရာ... ကြိုက်တာရွေးပြီး စားရအောင်လို့ပါ၊ ဒါနဲ့... ကျွန်တော့်ကို မှာတဲ့အကြောင်း သိချင်လှပြီ ဆရာ"

"ဟုတ်တယ်... ဒီအကြောင်းပြောချင်လို့ အိမ်က တပည့်ကိုတောင် ရုပ်ရှင် သွားကြည့်ခိုင်းထားတယ်"

"ဘာအကြောင်းကိစ္စများပါလိမ့်"





"ခင်ဗျား ကလေးရနိုင်ဖို့ နည်းလမ်းကိစ္စပဲ"

"ဟာ... လုပ်စမ်းပါဦး ဆရာရယ်"

"ကလေးရနိုင်ဖို့နည်းကို ကျွန်တော့်မိန်းမနဲ့လည်း တိုင်ပင်ခဲ့တယ်"

"ပြောပါဦး ဆရာရယ်"

"ခင်ဗျားမှာ အရင်းနီးဆုံးဆွေမျိုး၊ သို့မဟုတ် အချစ်ဆုံး မိတ်ဆွေထဲက တစ်ယောက်ယောက် မရှိဘူးလား"

"မိတ်ဆွေတွေတော့ ရှိပါတယ်၊ ဆွေမျိုးတော့ မရှိဘူးဆရာ၊ ဘာအတွက်လဲဟင်"

"ဒီလိုဗျ...ခင်ဗျားအနေနဲ့ ဒီတစ်သက်မှာ ဘယ်လိုမှ ကလေး မရနိုင်တော့ဘူးဆိုတာ ပြောပြီးပြီလေ၊ ခင်ဗျားမိန်းမက ရနိုင်တယ်၊ ဒါကြောင့် သံဝါသနည်းနဲ့ စပ်ယှက်မှုမရှိဘဲ ခင်ဗျား အကြိုက်ဆုံး လူတစ်ယောက်ရဲ့ သုက်ပိုးကိုယူပြီး ဖန်ပြွန်ကတစ်ဆင့် ခင်ဗျား မိန်းမ သားအိမ်ထဲကို ထည့်ပေးမယ်ဆိုရင်တော့ ခင်ဗျား မိန်းမမှာ ကိုယ်ဝန်ရှိလာမှာပဲ"

"ဒီလိုဆို ဒီကလေးဟာ ကျွန်တော့်သုက်ပိုး မျိုးစေ့နဲ့ ပေါက်ဖွားလာတာမဟုတ်လို့ ကျွန်တော့်ရင်သွေးလို့ မခေါ်နိုင်ဘူးပေါ့နော်"

"မှန်တယ်... ခင်ဗျားရင်သွေးတော့ မဟုတ်ဘူး၊ ဒါပေမယ့် ခင်ဗျားမိန်းမ မွေးပြီးကတည်းက ယုယပိုက်ထွေးပြီး ခင်ဗျားလက်ပေါ်မှာ ကြီးလာမယ့်ကလေး ဖြစ်လာမယ်လေ၊ သူတစ်ပါး မွေးပြီးသား ကလေးတွေတောင် ယူမွေးစားထားကြတာ အများကြီးပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စွာမင်းမောင် ငြိမ်တွေသွားတော့သည်။

သူ့အနေနှင့် ဒီတစ်သက်မှာ ကလေးမရနိုင်တော့၊ တခြားက မွေးစားမယ့်အစား သူ့ချစ်ဇနီးက မွေးဖွားလာမယ့် ကလေးဆို သူလည်း ချစ်သွားမှာပဲ ထင်ပါရဲ့။ ဒါပေမယ့်...

"ဒီမှာဆရာ..."

"ပြောပါ ကိုကျော်စွာ"

"ကျွန်တော့်ဇနီးနဲ့ မွေးလာမယ့် ကလေးတို့သားအမိ နှစ်ယောက်က ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူးဆိုပြီး..."

"နိုး...နိုး... ကိုကျော်စွာ၊ ဒီကိစ္စ ခင်ဗျားရဲ့ဇနီးကို အသိမပေးနဲ့လေ"

"ဟင်..."

"ကလေးရအောင် ဆေးဝါး ကုသရမယ်ဆိုပြီး ခင်ဗျား လိုချင်တဲ့ လူတစ်ယောက်ရဲ့ သုက်ပိုးကို သူ့သားအိမ်ထဲ ကျွန်တော်ကိုယ်တိုင် ထည့်ပေးလိုက်မှာပေါ့"

"ဟင်း..."

"ခင်ဗျားဇနီးက သိပ်ရိုးတာ၊ သူ ဘာမှသိမှာမဟုတ်ဘူး၊ ပြီးတော့ ခုလို နက်နဲတဲ့ ဆေးပညာအကြောင်းကလည်း တော်ရုံလူ သိဖို့မလွယ်ဘူးလေ"

"ဟုတ်ပါတယ်ဆရာ"

"ဒါကြောင့် ခင်ဗျား ဒီနည်းကို သဘောကျရင် ကျွန်တော် ကူညီပေးမယ်၊ ခင်ဗျားကြိုက်တဲ့ လူတစ်ယောက်ရှာ၊ အဲဒီလူရယ်





ကျွန်တော်ရယ် ခင်ဗျားရယ် ဒီလောကမှာ ဒီသုံးယောက်ပဲ သိမယ်လေ၊ မြနှင်းဖြူ မသိစေနဲ့ပေါ့ဗျ၊ ဆေးကုတယ်ပဲပြောပြော ခင်ဗျားရဲ့ သုက်ပိုးကို ဖန်ပြွန်ကတစ်ဆင့် ထည့်ပေးရမှာလို့ပဲ ပြောပြော သူယုံမှာပါ"

"အင်း..."

"မွေးလာမယ့်ကလေးကလည်း ခင်ဗျားကိုပဲ အဖေထင်မယ်၊ သူ့အမေ ကိုယ်တိုင်ကလည်း ခင်ဗျားနဲ့ရတဲ့ ကလေးလို့ပဲ သိလိမ့်မယ်လေ၊ ဒီအတွက်တော့ ပြဿနာမရှိနိုင်ဘူး၊ သုက်ပိုးထုတ်ပေးရမယ့် လူကိုသာ ခင်ဗျား ပိုင်ဖို့အရေးကြီးတယ်"

ကိုကျော်စွာမင်းမောင်သည် ရေခဲစိမ်သံဘူးကို သောက်နေပါလျက် နဖူးမှာ ချွေးများ စို့ပျံလာသည်။

သူ ကြီးကျယ်စွာ စဉ်းစားနေ၏၊ တွေးနေ၏။

"ဆရာပြောတဲ့နည်းကတော့ မဆိုးပါဘူး၊ ငါ့အနေနဲ့ ဘယ်လိုမှ ကလေး မရနိုင်မယ့်အတူတူ မြနှင်းဖြူကို မွေးခိုင်းပြီး ငါ့ကလေး လုပ်လိုက်ရင်လည်း ငါ ချစ်သွားမှာပါ"

"ဟုတ်တယ်... သူများတွေဆို သူများမွေးတဲ့ကလေးတောင် မွေးစားကြရသေးတာပဲ၊ ငါက ငါ့မိန်းမက မွေးမယ့်ကလေးပဲ"

"ပြီးတော့ ဆရာ့စကားထဲမှာ ငါအကြိုက်ဆုံးက မြနှင်းဖြူကိုယ်တိုင် မသိစေဘူး ဆိုတာပဲ။ ဟုတ်တယ်... သူယုံမှာပဲ၊ သူလည်း ငါနဲ့ရတဲ့ ကလေးလို့ပဲ ထင်မှာပဲ၊ ငါနဲ့ သူနဲ့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်း ဆက်ဆံနေတာပဲ၊ မြနှင်းဖြူတောင်မှ ယုံကြည်နေရင် တစ်လောကလုံးကလည်း အဲဒါ ငါ့ကလေးလို့ပဲ ထင်ကြမှာပဲ"

"သားလေး မွေးပါစေဗျာ"

"သားလေး လိုချင်လိုက်တာ"

ကိုကျော်စွာ၏ မျက်ဝန်းမှာ မျှော်လင့်ချက်ဖြင့် ရွှန်းလက်နေသော မျက်ဝန်းများ ပြန်လည် မှေးမှိန်သွားရပြန်သည်။

"ငါ ဘယ်သူ့ကို ရှာရမလဲ၊ သုက်ပိုး ထုတ်ပေးမယ့်လူဟာ မျိုးကောင်းရိုးကောင်းလည်း ဖြစ်မှ၊ သန့်ရှင်းမှ၊ သစ္စာလည်းရှိမှ၊ ဒါမှ ငါတို့ရဲ့လျှို့ဝှက်မှုကြီး မပေါ်မှာ"

"ငါနဲ့အနီးဆုံး ဘယ်သူရှိသလဲ"

"စိတ်အချရဆုံးလူအဖြစ် ဘယ်သူ့ကို ရွေးမလဲ"

ဩရိုသစ်အိမ်သာမက ကသစ်နီတစ်မြို့လုံးအနှံ့ အရင်းနှီးဆုံးလူများကို ရွေးချယ် စဉ်းစားနေဆဲ။

"ကဲ... ကျွန်တော်ကတော့ စားနေပြီဗျို့"

"စားပါ ဆရာ၊ စားစေချင်လို့ ဝယ်လာတာပဲ"

"ကိုကျော်စွာ"

"ပြောပါ... ဆရာ"

"ခင်ဗျားစိတ်သန့်မှ လုပ်နော်၊ ကျွန်တော်ကလည်း ကျွန်တော့်ရဲ့ ဇနီး 'ဒေါက်တာရွှေစင်' ဟာ သားဖွားမီးယပ် ပါရဂူမို့ တိုင်ပင်ခဲ့ပြီးပြီ ဖြစ်နိုင်တာကို ကူညီပေးမယ်လို့ ပြောရတာပါ၊ အလုပ်ကလည်း သိပ်တော့ လွယ်လှတာမဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော်





ကူညီလို့ ရပါတယ်၊ ခင်ဗျားပဲ စဉ်းစားလေ၊ တစ်ပတ် နှစ်ပတ် စဉ်းစားလိုက်ပါဦးလား"

"အင်း..."

"ခင်ဗျားတို့မှာ သားသမီး မရှိလည်း ဘာဖြစ်လဲဗျာ၊ သိပ်ချမ်းသာနေပြီပဲ"

ကိုကျော်စွာမင်းမောင် ခေါင်းကို ခါယမ်းလျက်...

"ကျွန်တော်က တစ်ယောက်တည်းသား တစ်ကောင်ကြွက်မို့ ကျွန်တော့်မျိုးဆက်ကို အများကြီးလိုချင်ခဲ့တာ ကျွန်တော်ရဲ့အကြီးမားဆုံး ဆန္ဒပါပဲ ဆရာရယ်"

ဝိုင်းလာသော မျက်ရည်ကို ပြန်ထိန်းပြီး ကိုကျော်စွာမင်းမောင်က ဆက်ပြော၏။

"ဆရာပြောတဲ့နည်းကို ကျွန်တော် သဘောတူပါပြီ၊ ကလေး မရနိုင်တဲ့ ကျွန်တော့်အတွက် တခြားကလေး မွေးစားတာထက် အများကြီးကောင်းမှာပါ"

"ဟုတ်ပါတယ်... ကာယကံရှင်တွေကလွဲလို့ ဒီတစ်မြို့လုံး တစ်ကမ္ဘာလုံးက ခင်ဗျားသားသမီးပဲပေါ့ဗျာ"

"ဟုတ်ပါပြီ၊ မြနှင်းဖြူကိုယ်တိုင်တောင် ယုံကြည်နေမှတော့ ဘယ်သူကမှ မယုံဘဲနေမှာမဟုတ်ဘူး၊ ကျွန်တော့်ရဲ့မျိုးဆက်သွေးလို့ပဲ အားလုံးကထင်ကြမှာပဲ"

"မှန်တယ် ကိုကျော်စွာ"

"ကျွန်တော် အခုစဉ်းစားနေတာ၊ သုက်ပိုးပေးမယ့်လူကိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင်အချိန်နည်းနည်းယူပြီး လူတွေကို စဉ်းစားလေဗျာ၊ အခု ခင်ဗျား သွေးပူနေတုန်းမို့ပါ"

"မဟုတ်ဘူးဆရာ... ဒီနည်းပဲလုပ်မယ်၊ အခုချက်ချင်းပဲ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ၊ လူလည်း စဉ်းစားပြီးပြီ"

"ဟုတ်လား... ဝမ်းသာပါတယ်ဗျာ"

"အဲဒီလူဆိုတာ... ဆရာကိုယ်တိုင်ပဲ"

"ဗျာ"

"ဟုတ်တယ်ဗျာ၊ တခြားလူရှာနေမယ့်အစား ဆရာ့ပိုးပဲ ပေးပြီး မွေးပါရစေ"

"ဟာဗျာ... မဟုတ်တာ"

"ကူညီလက်စနဲ့ ဆရာပဲ ဆက်ကူညီပါတော့နော်၊ တခြား လူတစ်ယောက်ဆိုရင် တစ်ဖာတ်လမ်းက ရှုပ်လာဦးမယ်"

"ဟုတ်တော့ ဟုတ်တယ်"

"ဆရာဆိုရင် ဘယ်သူမှလဲသိစရာမလိုဘူး၊ ဆရာနဲ့ကျွန်တော် ကလွဲပြီး ဘယ်သူမှ မသိနိုင်ကြတော့ဘူး"

"ပြီးတော့ ဆရာ့သွေးဆိုရင် မျိုးရိုးကောင်း၊ ပညာတတ်၊ အထက်တန်းလွှာ ဖြစ်လာမယ်လေ၊ မွေးလာမယ့် ကျွန်တော့် သား လေးကို ကျွန်တော် သိပ်အားကိုးချင်တယ်၊ ထက်မြက်တဲ့၊ ပညာ တတ်တဲ့၊ လူတော်တစ်ယောက် ဖြစ်လာစေချင်တယ်"

"ဒါကြောင့် ဆရာပဲကူညီပါ၊ ဆရာ့သုက်ပိုးကိုပဲ မြနှင်းဖြူရဲ့





သားအိမ်ထဲ ထည့်ပေးပါ ဆရာ၊ ဒီနည်းဟာ အားလုံးအတွက် အကောင်းဆုံးနည်း ဖြစ်မှာပါ"

"ခက်တော့ဓာပဲဗျာ... ဒီကိစ္စ ကျွန်တော့်ဘက် လှည့်လာ လိမ့်မယ်လို့ ကျွန်တော် နည်းနည်းလေးမှ မတွေးမိခဲ့ဘူးဗျာ"

"ဆရာလည်း ပြန်စဉ်းစားပေးပါ၊ ဆရာ ကူညီတာဟာ အကောင်းဆုံး ဖြစ်မှာပါ"

ဒေါက်တာ စောပြည့်သည် ခက်ခဲ ပင်ပန်းစွာဖြင့် ခေါင်း တဆတ်ဆတ်ညိတ်ရင်း...

"ကျွန်တော်ခင်းတဲ့ဓာတ်မှာ မင်းသား ရှာမရလို့ ကိုယ်တိုင် ဝင်ကရတဲ့ ကိန်းတော့ ဆိုက်နေပြီ ကိုကျော်စွာရေ"

"ဆရာ ကူညီမယ်လို့ ယုံကြည်လိုက်ပြီနော်"

"သြော်... တစ်ခုတော့ ရှိသေးတယ်နော်"

"ဘာများလဲ... ဆရာ"

"အကူနပ်စ် တစ်ယောက်တော့ မလွှဲမသွေ လိုလိမ့်မယ်၊ နော်ဂလိုးရီယာကိုပဲ ခေါ်ရမှာပဲ"

"သူက စိတ်ချရပါ့မလား ဆရာ"

"စိတ်ချပါ... သူက သစ္စာလည်းရှိပါတယ်၊ နှုတ်လုံဖို့လည်း ကတိတောင်းရမှာပေါ့လေ"

"ဒါဖြင့် အမြန်ဆုံး လုပ်ငန်းစကြရအောင်ပါနော်"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈) ငါ

အမြန်ဆုံး လုပ်ငန်းစကြရအောင် ဆိုသော်လည်း အချိန်က သုံးလမျှ ယူရသည်။

မြနှင်းဖြူ၏ ရာသီလာချိန်ကိုမှတ်သားပြီး နေ့စဉ် သာမိုမီတာဖြင့် အပူချိန်ကို တိုင်းနေရသည်။ အပူချိန်မှတ်သားသည့် ဂရပ်(ဖ်)ကိုလည်း မျဉ်းကြောင်းများဖြင့် ဇယားဆွဲထားရပါ၏။

ရာသီလာပြီး နောက်တစ်ပတ် လွန်မြောက်ပြီးချိန်မှာ နေ့စဉ် အပူချိန်၏ ဒသမဂ္ဂမျှ ကျဆင်းသွားခဲ့သည်။ ဥပမာ နေ့စဉ် အပူချိန် ပုံမှန်က 98.4.f ဆိုလျှင် ယနေ့ 97.9.f လောက်အထိ အပူချိန် ကျဆင်းလာပြီဆိုလျှင် ထိုအချိန်မှာ မြနှင်းဖြူ၏ သားဥ ဆင်းချိန် ဖြစ်လေသည်။

ဆရာမကြီး နော်ဂလိုးရီယာက အသေအချာ ဂရပ်(ဖ်)ဆွဲ၍ မှတ်သားခဲ့ရာ ယခု သုံးလ မြောက်ချိန်ရောက်ခဲ့ပြီ။ မြနှင်းဖြူ၏ အပူချိန်လည်း ဒီဂရီကျဆင်းလာ၍ သားဥ ဆင်းပြီဖြစ်ကြောင်း သေချာခဲ့လေပြီ။





"ကဲ... မြနှင်းဖြူ ကိုကိုတို့လင်မယားဟာ သဘာဝနည်းနဲ့ ကလေးမရနိုင်လို့ ကိုကိုရဲ့သုက်ပိုးကို မြနှင်းဖြူ သားအိမ်ထဲကို ထည့်မယ်ဆိုတာလေ ဒီနေ့လုပ်လို့ ရပြီတဲ့၊ မကြောက်နဲ့နော်..."

"ကြောက်လည်း ကြောက်တယ်၊ ရှက်လည်း ရှက်တယ် ကိုကိုရယ်၊ ဆရာ့မျက်နှာလည်း မကြည့်ရဲဘူး"

"အို... အနားမှာ ဆရာမကြီးလည်း ရှိမယ်၊ ကိုကိုလည်း အခန်းဝ,က စောင့်နေမှာပဲ၊ ကိုကိုတို့ရင်သွေးလေး ရဖို့ပဲ၊ အားတင်းစမ်းပါ မိန်းမရာ... နော်"

"ကောင်းပါပြီ ကိုကို... ကိုကို့စကားကို အားလုံးနားထောင်ပါ့မယ်၊ ကိုကို့အတွက် သားလေး ရပါစေလို့လည်း မြနှင်းဖြူ ဆုတောင်းပါတယ် ကိုကို"

ကိုကျော်စွာမင်းမောင် ခေါင်းညိတ်၍ မိန်းမကို အားပေး အနမ်းလေး နဖူးပြင်သို့နမ်းပြီး ထွက်လာခဲ့ရသည်။

တစ်ဖက်ခန်းမှ ကြာမြင့်စွာရှိနေရာမှ ဒေါက်တာစောပြည့်သည် အရည်ဖြူများကို ယူဆောင်လာနိုင်ခဲ့သည်။

**A-I-D ခေါ် Artificial nisemiration with Donor** ဟူသော တခြားသော သုက်ပိုးဥဖြင့် သန္ဓေတည်စေမည့် အတုနည်း ဟူသော လုပ်ငန်းကို စပါတော့မည်။

တချို့ဇနီးမောင်နှံများကျပြန်တော့လည်း နှစ်ယောက်လုံး သားဥမျိုးစေ့များ အောင်ပါလျက် ခင်ပွန်းဘက်ကလည်းကောင်း၊ ဇနီးဘက်မှ သားအိမ်ခေါင်း ကောက်ခြင်း၊ တိုခြင်း စသော ချို့ယွင်း



www.burmeseclassic.com

www.burmeseclassic.com



မှုများရှိသည့်အခါ ကိုယ့်ခင်ပွန်း၏ သုက်ပိုးကို ကိုယ့်ဇနီး၏သားအိမ်အတွင်းသို့ ဖန်ပြွန်မှသွင်း၍ ကလေးရစေသောနည်းဖြင့် ကုသခြင်းကို A-I-H Arificial Nisemiration with Husband ဟု ဆေးပညာအရ ခေါ်ပါ၏။

"ကဲ…ဆရာမရေ… ဆလင်းနဲ့ ပိုက်ရပြီလား"

"အဆင်သင့်ပါပဲ ဆရာ"

နော်ဂလိုးရီယာ ပေးလာသော ပြွန်ထဲသို့ သုက်ပိုးရေကိုထည့်ပြီး ထိပ်မှ Camula ဆိုသော ပလတ်စတစ်ပိုက်သေးသေးလေးမှာ အပ်ကဲ့သို့ဖြစ်ပြီး အပ်သာသာလေးသာကြီးသည်။

၎င်းပိုက်မှတစ်ဆင့် မြနှင်းဖြူ၏ သားအိမ်တွင်းသို့ ရောက်အောင် ထိုးသွင်းပြီးနောက် ခုတင်ကို ခြေရင်းမှမြှင့်လျက် ထောင်ထားပေးလိုက်သည်။

ဖြစ်မိမှတော့ ပို၍သေချာအောင် ၎င်းနည်းအတိုင်းပင် သုံးရက်တိတိ ဆက်၍ဆက်၍ ဆောင်ရွက်ဖြစ်ပါ၏။

"ကဲ… နော်ဂလိုးရီယာ… ဆရာ ဘာမှမပြောခဲ့ပေမယ့် ရန်ကုန်က ဒပ်ဖရင်ဆေးရုံကြီးမှာ သင်တန်းတက်ခဲ့တဲ့ နော်ဂလိုးရီယာကတော့ အားလုံးသိလောက်နေပါပြီနော်"

"ဟိုမှာတော့ ဆန်းတဲ့ကိစ္စ မဟုတ်တော့ပါဘူး ဆရာရယ်၊ ကိုယ့်လင်ကိုယ့်မယား သဘောတူ တိုင်ပင်ကြပြီး မိန်းမက ကုသမှုခံယူတာပဲ၊ တစ်ခါတလေ ဆေးကျောင်းသားတွေ ဆီကတောင် တောင်းခံ ထုတ်ယူပြီး ထည့်သွင်းပေးနေကျ ကိစ္စတွေပါ"





"အေး… ဟိုမှာက ကာယကံရှင်နှစ်ဦးလုံး ဘယ်သူ့ကို ပေးလို့ ဘယ်ကရမှန်း မသိတဲ့ ဓာတ်လမ်းတွေ များတယ်လေ၊ ဒီမှာက…"

"ကျွန်မ နားလည်ပါတယ် ဆရာ"

"ဒါကြောင့် ကိုကျော်စွာကိုရော ဆရာ့ကိုရော ငဲ့ညှာတဲ့အနေနဲ့ ဒီကိစ္စကို တစ်သက်တာ နှုတ်လုံပါ့မယ်လို့ ဆရာ့ကို ကတိပေးပါနော်"

"စိတ်ချပါ ဆရာ၊ ကျွန်မရဲ့ အသက်နဲ့အမျှ မည်သူ တစ်ယောက်ကိုမျှ မပြောပါဘူးလို့ ကျွန်မ သစ္စာပြုပါတယ်"

"ယုံကြည် စိတ်ချပါတယ်ကွယ်"

"သူတို့ အောင်မြင်ပါစေ"

"ဦးကျော်စွာ သိပ်လိုချင်နေတဲ့ သားယောက်ျားလေးလည်း ရပါစေလို့ ဆုတောင်းပါတယ်၊ သူတို့ကို ဘုရားသခင် ကောင်းချီးပေးပါစေ…"

"ကျေးဇူးတင်ပါတယ် နော်ဂလိုးရီယာ"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈) စ

နေ့စေ့ လစေ့ ကိုယ်ဝန်နဲ့ ခြံတွင်းမှာလမ်းလျှောက်နေသော မြနှင်းဖြူ၏သားမှာ အားတက် ရွှင်လန်းသောအပြုံးဖြင့် ကိုကျော်စွာမင်းမောင်ကိုပါ တွဲလျက် တွေ့နေရသည်။

ဒေါက်တာစောပြည့် ဆေးထိုး ကုသပေးလို့ မြနှင်းဖြူ ကလေး ရသွားပြီ...

ဆိုသော စကားက မြို့လုံးအနှံ့ မင်္ဂလာစကားအဖြစ် ပျံ့နှံ့ပါ၏။

သူတို့၏လျှို့ဝှက်ချက်များကို သံသယဖြစ်မည့်သူ မပြောနှင့်၊ တွေးရကောင်းမှန်းပင် မသိကြသော ဆေးပညာ၏ လျှို့ဝှက်နက်နဲသော အောင်မြင်မှုမို့ ယင်းကိစ္စက အားလုံး ပိတ်ဖုံး ပျောက်ဆုံးသွားတော့သည်။

"အင်း... မြနှင်းဖြူလည်း မွေးခါနီးပြီထင်တယ် ကိုကိုရယ်၊ သူချိန်းတဲ့ရက်နဲ့ဆို တစ်ပတ်အတိပဲ လိုတော့တယ်၊ နေရတာလည်း ဆီးခုံထဲက သိပ်တင်းတာပဲ"

"တစ်ပတ်ကျော်မှ မွေးပါစေဗျာ"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့"

"ရက်လွန်မှယောကျ်ားလေးတဲ့၊ ရက်စောမွေးရင် မိန်းကလေးတဲ့ဗျ၊ ကိုကိုက သားလေးလိုချင်တာ"

"မြနှင်းဖြူလည်း သား ရပါစေလို့ ဆုတောင်းတာပဲ၊





သမီးလေးဖြစ်လည်း ချစ်ပါနော် ကိုကို"

"ဒါပေါ့ကွာ... ကိုယ့်ရင်သွေးပဲ"

ယင်းစကားကိုပြောပြီးမှ ကိုကျော်စွာမင်းမောင်သည် ရင်ထဲက တစ်မျိုးကြီး ခံစားလိုက်ရသည်။ မလုံမလဲသလိုလို ခံပြင်းသလိုလို။

"အို... ဒါတွေ မေ့ပစ်လိုက်မှပါ"

သည်သို့ဖြင့် တစ်ပတ်တိတိ စေ့သောနေ့မှာပင် မြနှင်းဖြူ ဗိုက်နာလာသည်။ တယ်လီဖုန်းဆက်သည်နှင့် ဒေါက်တာစောပြည့်ရော နော်ဂလိုးရီယာပါ ပြေးလာကြပြီး စမ်းသပ် စစ်ဆေးပြီးသည့်အခါ...

"ဆေးရုံခေါ်သွားမှ ဖြစ်မယ် ကိုကျော်စွာ၊ ကလေး အနေအထားက မမှန်ချင်ဘူး၊ ဟိုမှာဆိုတော့ လိုအပ်သလို ဖွားယူနိုင်တာပေါ့၊ ခွဲတန်ခွဲ... ညှပ်ဆွဲတန် ဆွဲ"

"စိုးရိမ်ရသလား ဆရာ"

"ပြောလို့တော့ မရဘူး၊ ကောင်းအောင်တော့ အစွမ်းကုန် ကြိုးစားရမှာပဲ"

"အစွမ်းကုန် ကြိုးစားပေးပါ ဆရာရယ်၊ ကျွန်တော့်မိန်းမကို ကျွန်တော် သိပ်သနားတာပဲ၊ သူ့ခမျာ..."

"ကဲ... ကားအဆင်သင့်နော်၊ ဆေးရုံ အမြန်ခေါ်သွားမှ ဖြစ်တော့မယ်"

* * *

ကလေး၏ချက်ကြိုးနှင့် သွယ်တန်းနေသော အချင်းအိတ် ဒုက္ခပေးမှုကြောင့် မြနှင်းဖြူ သွေးများ မတရားဆင်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွေး အမြန်သွင်းမှ ဖြစ်တော့မယ်၊ တခြားလူရှာနေရင် သွေးအုပ်စု ရှာဦး၊ မာတ်ခွဲဦးနဲ့ ကြာဦးမှာ၊ အချိန်မီဖို့က အရေးကြီးတယ်၊ ကျွန်တော်နဲ့ မြနှင်းဖြူက သွေးအုပ်စုတူကြောင်း အရင်ကတည်းက စစ်ဆေးထားပြီးသား၊ ကဲ...ကျွန်တော့်သွေးပဲ အမြန်ဆုံး သွင်းပေးလိုက်တော့မယ်"

လက်ထောက်ဆရာဝန်နှင့် ဆရာမများက ကလေးကိစ္စ၊ ချုပ်ရိုး ကိစ္စများနှင့် အလုပ်ရှုပ်နေဆဲ... လူနှစ်ဦး သွေးဆက်သွင်းခြင်းကို ဒေါက်တာစောပြည့် ပေးဝေနေရှာသည်။

ကသစ်နီဆေးရုံမှာက သွေးဘဏ်မရှိ၊ သွေးလိုချင်လျှင် အုပ်စုတူရှာပြီး လူချင်းဆက် သွင်းသောနည်းကိုသာ သုံးကြရပါသည်။

"မွေးလာတာက မိန်းကလေးတဲ့ဗျာ၊ ကျွန်တော်တော့ စိတ်ကို ပျက်သွားတာပဲ"

"ယောကျ်ားလေး မိန်းကလေးဆိုတဲ့ ကိစ္စထက် ဒီမှာ ပိုအရေးကြီးတယ်ဗျ၊ သွေးအချိန်မီမသွင်းနိုင်ရင် ခင်ဗျားမိန်းမ အသက်ရှင်ဖို့ မလွယ်ဘူး"

သိပ်အရေးကြီးနေချိန်မို့ စိတ်တိုတိုနှင့် ဒေါက်တာစောပြည့် အော်ထုတ်လိုက်တော့လည်း ကိုကျော်စွာမင်းမောင် ဘာမှပြန်မပြောဘဲ အခန်းထဲမှ ထွက်သွားပါ၏။

သူ့မျက်နှာပြင်မှာတော့ ဝမ်းနည်းခြင်း၊ အလိုမကျခြင်းများ အပြည့် ဖုံးအုပ်လျက်ဖြင့်...။

○





## အခန်း (၂၈) ဆ

"ကိုဦးက ညီမလေးအနားကကို မခွာဘူး၊ ချစ်လား သား"

"သိပ်ချစ်တယ်... ကျွန်တော် ညီမလေးကို ချီပါရစေနော် ဒေါ်လေး"

"အေး...အေး...သား ထိုင်လိုက် သား၊ ပေါင်ပေါ်တင်ပေးမယ်၊ မတ်တတ်ချီလို့ သား နိုင်မှာမဟုတ်ဘူး"

ထိုစဉ်က ပန်းပွင့်ဝေက လေးလသမီးလေး၊ ကိုဦးက ငါးနှစ်သား။ ကိုဦးက ကျောင်းတက်စ ကျောင်းသားလေးမို့ ကျောင်းမှ ပြန်လာခါစ၊ တက်ထရွန် ပုဆိုးစိမ်းလေးမှာ ဖုန်တွေ ပေတူးလို့၊ ကျောင်းအင်္ကျီဖြူမှာ ချွေးတွေ ချေးတွေနှင့်။

"ညီမလေး... မြန်မြန်ကြီးနော်၊ ကိုကိုဦးနဲ့ ကစားရအောင်နော်"

ပေါင်ပေါ်မှ ပန်းပွင့်ဝေကို ဘေးတိုက် ခေါင်းလေးစောင်းပြီး ကိုဦးက ပြောလိုက်တော့...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ရယ်တယ်၊ ညီမလေး ရယ်နေတယ် ဒေါ်လေးရဲ့"

ကိုဦးသည် ဖြူဖွေးပြီး ပါးစုန့်လေးအစ်နေသော ပန်းပွင့်ဝေက သူ့ကိုရယ်ပြသဖြင့် သဘောအကျကြီးကျကာ ဖက်ဖက်ပြီး နမ်းမိ၏။

ထိုစဉ်ကပင် ညီမလေးဆိုသော ပန်းပွင့်ဝေကို ညီမရင်းလေးအဖြစ်နှင့် ကိုဦးမှာ ကြီးမားသော သံယောဇဉ်စိတ်ဖြင့် ချစ်မိပါသတည်း။

ကျောင်းနာမည် မောင်ရန်ပြေ ဆိုသော အမိမဲ့သားလေးကိုဦးမှာ ငါးနှစ်တာလုံး အထီးကျန် ကလေးဘဝဖြင့် နေခဲ့ရရာမှ အခုဤသြရိသစ်အိမ်ကြီးသို့ ရောက်ရှိလာသော ညှော့သည်သစ်ကလေးပန်းပွင့်ဝေကို သူ သိပ်စိတ်ဝင်စားသည်။ ဤကလေးလေးကိုပဲ ထိန်းနေ ချီနေချင်ပါ၏။

"ညီမလေး... မြန်မြန်ကြီးနော်၊ ဒါမှ ကိုကိုနဲ့ ကစားရမှာ"

ဆိုသောစကားကို ခေါင်းလေးညိတ်ညိတ်ပြီး ထပ်ထပ်ပြောလေလေ ပန်းပွင့်ဝေက ရယ်လေလေ...

ကိုဦးက ပေတူးနေသော သူ့ချွေးမျက်နှာနှင့် အားပါးတရနမ်းနေစဉ်...

"ဟင်...ကြည့်စမ်း..."

တံခါးဝမှ ရုတ်တရက်ပေါ်လာသော ဒေါသသံကြောင့် မော့ကြည့်မိကြချိန်မှာ...

ကိုကျော်စွာမင်းမောင်သည် ကလေးကို ကိုဦးပေါင်ပေါ်မှ ဆတ်ခနဲ ဆွဲယူချီလိုက်ပြီး...





"ကိုဦး..."

"ခင်ဗျာ... ဦးလေး"

"မင်း ကျောင်းကပြန်ရင် မင်းအိမ် မင်းပြန်၊ ကြားလား၊ မင်းကိုယ်က ချွေးတွေ ဖုန်တွေနဲ့ ငါ့သမီးကို ရောဂါတွေကူးကုန်မယ်၊ နားလည်လား"

"ခင်ဗျာ"

"ငါ့စကားလည်း မင်း နားလည်မှာ မဟုတ်ဘူး၊ နောက် ငါ့သမီးလေးကို လာမချီနဲ့၊ သွား... ပြန်တော့"

ကိုဦးသည် သူချစ်သော ဒေါ်လေးသို့သာ တစ်ချက် လှမ်းကြည့်မိ၏။

ချထားသော လွယ်အိတ်ဟောင်းလေးကို ကောက်လွယ်ကာ ခေါင်းလေးငုံ့၍ ဆင်းသွားရှာသည်။ ကလေး၏ မျက်ဝန်းမှာ မျက်ရည်စများ ပါသွားသည်ကိုဖြင့် မည်သူမျှ မမြင်လိုက်ကြ။

"နာနီ... နာနီ"

သံရုံးကလေးများပင် ထိန်းခဲ့ဖူးသော ကပြားမလေး ကလေးထိန်းသည့် နာနီ ရောက်လာတော့...

"ရော့... ကလေးကို ရေပတ်တိုက်၊ ပေါင်ဒါလိမ်း အဝတ်လဲပြီး ငါ့အခန်းထဲ ခေါ်ခဲ့"

"ဟုတ်ကဲ့ ဆရာ"

နာနီ ထွက်သွားတော့မှ...



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီကိုကိုဟာလေ သူ့သမီးဆို အဖြစ်ကိုသည်းတယ်"

"မြနှင်းဖြူ... မင်းလည်း နည်းနည်း စဉ်းစားတတ်ဖို့တော့ ကောင်းတယ်၊ သမီးလေးက နုနုလေးရယ်၊ ဟိုကောင်လေးက ပေတူး လို့၊ နမ်းနေလိုက်တာ တအား"

ခင်ပွန်း ဒေါပွနေသည်ကို မြနှင်းဖြူက အပြုံးနှင့် ခံယူမိပါ၏။ သမီးလေးကို ချစ်ရှာလွန်းလို့၊ ဖျားနာမှာစိုးလွန်းလို့ ဟူသော အတွေးမှန်ဖြင့် သမီးချစ် အဖေအတွက် ကြည်နူးစွာ ပြုံးရင်း...

"ဒီလောက်လည်း စိတ်ပူမနေစမ်းပါနဲ့ ကိုကိုရာ၊ ဆရာဝန် တစ်ယောက်လုံး ဒီခြံထဲမှာ လာနေတာပဲ၊ သမီးကလည်း ကျန်းမာ ပါတယ်"

"အေးလေ... ဘာပဲဖြစ်ဖြစ် သမီးကလေးကိုတော့ အထူး ဂရုစိုက်ရမှာပဲ၊ တို့မှာ ရှားရှားပါးပါး ရထားတာ"

မြနှင်းဖြူက ကြည်နူးစွာ ပြုံး၍ ကျန်ရစ်ချိန်မှာ...

ကိုကျော်စွာမင်းမောင်သည် နာနီ အခန်းဝမှ စောင့်ကြိုပြီး ပေါင်ဒါအဖွေးသား အကျီဝါလွင်လွင် အသစ်ကလေးနှင့် ချစ်စရာ ကောင်းလှသော သမီးလေးကို လှမ်းချီလိုက်ပြီး အိပ်ခန်းခုတင်ပေါ် တက်လိုက်ကြသည်။

သမီးလေးကို ခေါင်းအုံးတွေခံပြီး ထိုင်ထားစေ၍ သူက ခုတင်မှာ ကန့်လန့်ဖြတ် လဲလျောင်းကာ သမီးလေးကို အမျိုးမျိုး မြူလေ မျက်နှာချိုသော ပန်းပွင့်လေးက အားပါးတရ အသံလေး များထွက်အောင် ရယ်မောလေ...





"သမီးလေးရယ်"

"ဖေဖေ့သမီးလေးပဲ ဖြစ်လိုက်ပါတော့ကွယ်"

"အို... ခုလည်း မထူးပါဘူးလေ၊ ငါ့သမီးလေးက ငါ့နောက် ကို ငိုပြီးတော့တောင် လိုက်တတ်နေပြီပဲ"

"သမီးလေးက ဘာသိမှာလဲ၊ ငါ့ကို အဖေအဖြစ်နဲ့ပဲ ချစ်မှာ ပေါ့၊ သူ့အမေ ကိုယ်တိုင်တောင် မသိမှတော့ တစ်လောကလုံး ဘယ်သူကရော သိဦးမှာလဲ"

"နော်ဂလိုးရီယာကိုတောင် သစ္စာကတိပြုနိုင်းပြီး ငွေသုံး သောင်းအတိ ပေးလိုက်ပြီ၊ သူ ထွက်သွားပြီ။ သူလည်းနှုတ်လုံမှာပါ"

"သိသူက ငါနဲ့ ဆရာ ကိုစောပြည့်"

"ကိုစောပြည့်ကလည်း သူ့အရှက် သူအကွဲခံပြီး ဘယ်ပြောပါ့ မလဲ၊ ပြီးတော့ သိပ်ပြီး တည်ကြည် သစ္စာရှိတဲ့သူ၊ သမာဓိရှိတဲ့ သူတော်ကောင်းတစ်ယောက်ပါ"

"သူဟာ ငါ့ရဲ့ကျေးဇူးရှင်စစ်စစ်ပဲ"

"ဘာဖြစ်လို့လည်းဆိုရင် ယောကျ်ားစစ်စစ်ဖြစ်ပြီး ငါ့အပြစ် ကြောင့် ကလေးမရနိုင်တာ လောကမှာ ရှက်စရာ၊ လူတောင် ဆက်မလုပ်ချင်တော့ဘူး၊ ခုတော့အသိုင်းအဝိုင်းအားလုံးမှာ ဒေါက်တာ စောပြည့် မြနှင်းဖြူကို ကုသပေးလို့၊ တချို့ကလည်း သားအိမ် အားဆေးတွေ ထိုးပေးလို့၊ ကလေးရသွားပြီဆိုပြီး တစ်မြို့လုံးက ပြောနေကြတာ မင်္ဂလာကိုရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ ယောက်ျားလေး မဟုတ်လို့ ငါ အတော် စိတ်ပျက်သွားတယ်၊ ခုတော့လည်း ငါ့သမီးလေးက သိပ်ချစ်စရာ ကောင်းနေပြီ"

ကိုကျော်စွာမင်းမောင်သည် လှဲနေရာမှထပြီး ကလေးကို ပွေ့ချီလိုက်သည်။ စည်းချက်ညီညီလေး ပွေ့ရင်း လှုပ်ပြီး သိပ်လိုက်တော့ လက်မလေး စုပ်ပြီး သမီးလေး ငိုက်မျဉ်းစပြုပြီ။

"ငါ့မှာ ချစ်စရာသမီးကလေးလည်းရ၊ သွေးလွန်လို့ သေတော့မယ့် ငါ့ရဲ့ချစ်ဇနီးကိုလည်း သူ့ကိုယ်ထဲက သွေးတွေထုတ်ပေးခဲ့တဲ့ ဆရာ ကိုစောပြည့်ဟာ ငါ့ရဲ့ကျေးဇူးရှင် အစစ်ပဲ"

"သူ့အတွက် လိုအပ်လာရင်လည်း ငါ ဘာပဲဖြစ်ဖြစ် ကူညီပေးမယ်၊ ငါ့ကျေးဇူးရှင်အတွက် ငါ အားလုံး လုပ်ပေးနိုင်ပါတယ်လေ"

ယင်းအတွေးကြောင့် ကလေးကို မလှုပ်မိတော့ အိပ်ချင်နေသော ကလေးက လူးလွန့်ပြီး အဲ့ခနဲ တစ်ချက်အော်ငိုက်သဖြင့်...

"အေး...အေး... သမီးလေး... အိပ်...အိပ်နော်၊ အိုး... အို...အကျည်းတန်ချစ်သူ... အကျည်းချစ်သူ... မောင်သာ ဖြစ်လိုချင်...ဟင်"

အမြီးအမောက် အဆီအငေါ် မတည့်သော သီချင်းပေါင်းစုံဖြင့် သမီးကို ပွေ့သိပ်နေရှာသော ခင်ပွန်းသည်ကို အခန်းဝမှ ချောင်းကြည့်ပြီး မြနှင်းဖြူ ရယ်လိုက်ရတာလေ။





မိခင်တို့မည်သည်မှာ ကိုယ့်ရင်သွေးကိုကိုယ်ချစ်ရုံဖြင့် အားမရနိုင်သေး။ ဖခင်ဖြစ်သူကပါ ဂရုစိုက်စေချင်သည်၊ ချစ်စေချင်သည်။

ယခုတော့ မိမိ၏ ချစ်လှစွာသော သမီးလေးကို သူ့အဖေကလည်း အချစ်ကြီး ချစ်ရှာသည်ဟူသော ပီတိရင်ဖြင့် ကြည်နူးမှုများက တစ်ကိုယ်လုံး ဖုံးလွှမ်း၏။

ထိုအချိန်က...

သမီးလေး ပန်းပွင့်ဝေကလည်း ရွှင်လန်း ကျန်းမာစွာ ပြုံးလို့ ပျော်လို့...

မြနှင်းဖြူကလည်း အမြတ်နိုးဆုံး ရတနာလေးရ၍ အပျော်ဆုံးသောကာလ...

ကိုကျော်စွာမင်းမောင်မှာလည်း စောစောကလို ဖြေသိမ့်စိတ်များဖြင့် သမီးလေးကို အချစ်ကြီး ချစ်နေချိန်မို့...

ဩရိသစ်အိမ်ကြီးတွင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသော အခါသမယ...။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈) ၉

ဒေါက်တာ စောပြည့်သည်သာ ပြောင်းရွှေ့ နှစ်စေ့ချိန်မှာ ကသစ်နီမှ ပြောင်းရွှေ့ခွင့် ရသွားခဲ့လျှင်...

ဤအဖြစ်ဆိုးမျာ[illegible] ကြုံပေတော့မည်။

အားလုံး ပြီးဆုံး အေးငြိမ်းစွာ ဩရိသမှာ နေသားကျကာ ကျန်ရစ်ကြလိမ့်မည် ထင်သည်။

ယခုတော့...

တစ်မြို့လုံးက ချစ်သော၊ အားကိုးသော ဒေါက်တာစောပြည့်ကို ဤမြို့မှ အပြောင်းရွှေ့ မခံနိုင်ပါ၊ မြို့လူထုနှင့် ပတ်ဝန်းကျင် ကျေးရွာလူထု၏ ကျန်းမာရေးကို ထောက်ရှု ငဲ့ညှာသောအားဖြင့်...

ဒေါက်တာစောပြည့်ကို ကသစ်နီမြို့မှာ ဆက်လက်ထား ပေးပါ ဟူ၍ ရပ်ရွာလူကြီးများ ဦးဆောင်လျက် သက်ဆိုင်ရာကို စာတင် လိုက်သဖြင့်...

ဒေါက်တာစောပြည့်သည် ကသစ်နီ၌ နောက်ထပ် နှစ်များစွာ ကြာအောင် နေထိုင်ခွင့် ရရှိသွားရာမှ စ၍...

* * *





"သမီးလေး... ဖေဖေ ပြန်လာပြီလေ၊ သွားကြို့လိုက်ပါဦး"

"မေမေ ကြို့ပါလား၊ သမီးက ဘဘပြည့်နဲ့ပဲ နေချင်တာ"

အလုပ်မှပြန်လာသောကိုကျော်စွာမင်းမောင်သည် သူ့ရှူးဖိနပ်ကို ချွတ်ရင်း ဒေါက်တာစောပြည့်၏ ရင်ခွင်သွင်းမှ သူ့ချစ်သမီးလေးကို လှမ်းကြည့်လိုက်သည်။

"သမီးလေးက အပြစ်မဲ့ရှာပါတယ်လေ"

ဟူသော ဖခင်တို့၏ ခွင့်လွှတဲစိတ်ဖြင့် မြနှင်းဖြူ၏ ဘေးမှ ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။ မျက်နှာချင်းဆိုင်မှာကတော့ ဒေါက်တာစောပြည့်သည် 'ပန်းပွင့်ဝေ' ဟု ဒေါက်တာစောပြည့် ကိုယ်တိုင် အမည်ပေးထားသော သမီးလေးကို ရင်ခွင်မှာ ပွေ့ပိုက်လျက်။

"ရောက်နေတာ ကြာပြီလား ဆရာ"

"အတော်တောင် ကြာသွားပြီ၊ ဒီနေ့ အော်ပရေးရှင်းနေ့မို့ လူနာသုံးယောက် ခွဲပြီးတာနဲ့ ပြန်လာတာ"

"ဩော်..."

"မြနှင်းဖြူက ထမင်း လာစားပါလို့ ခေါ်တာနဲ့ လာစားရင်း သမီးက ကပ်နေလို့ဗျာ၊ ပြန်လို့ကို မရဘူး"

သမီးက ကပ်နေလို့ ဆိုသောစကားလုံးလေးသည် သေးသွယ် ချွန်ထက်သော ဆူးကလေး တစ်ဆူးအဖြစ်နှင့် ကိုကျော်စွာမင်းမောင်၏ နှလုံးသားအတွင်းမှာ စိုက်ဝင်၏။

"လာလေ... သမီး၊ ဖေဖေ့ဆီကို၊ ဘဘပြည့် ဆေးရုံက ပြန်လာပြီး နားပါစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... လာချင်ဘူး"

သူတို့၏ ကျေးဇူးရှင် ဆရာဝန်ကြီးကို သူတို့သမီးလေးက ချစ်ရှာသည်ဟု ဂုဏ်ယူလေ့ရှိတတ်သော မြနှင်းဖြူသည်ပင်လျှင် ဖခင်က...

"သမီးကို ချီပါစေ"

အလုပ်မှအပြန် မောလာသော ခင်ပွန်းသည်၏ ဆန္ဒကို ပြည့်ပါစေဟူသော စိတ်ထားမြတ်များဖြင့် ဒေါက်တာစောပြည့်ရင်ခွင်မှ သမီးကို အတင်းသွားဆွဲယူ၍ ကိုကျော်စွာမင်းမောင် ပေါင်ပေါ်မှာ ထိုင်စေသည်။

"ကဲ... ကျွန်တော်လည်း ပြန်နားလိုက်ဦးမယ် ကိုကျော်စွာ"

"ဟုတ်ကဲ့... ဆရာ"

သူတို့ခြံတွင်းမှ တစ်ထပ်တိုက်ကလေးသို့ ဒေါက်တာစောပြည့်က ပြန်နား။

ဩရိသ စံအိမ်ကြီးပေါ်မှာလည်း မိသားစုသုံးယောက် ကြည်ကြည် နူးနူး နေရမည့်အစား...

"ဘဘပြည့်နဲ့ လိုက်မယ်"

"ဘဘပြည့်နဲ့ လိုက်မယ်"

ပန်းပွင့်ဝေက အော်ငိုတော့သည်။

"အို... သမီးကလည်းကွာ... ဒီမှာ ဖေဖေ ပြန်လာပြီလေ"

"ဟင့်အင်း... ဖေဖေနဲ့ နေချင်ဘူး၊ ဘဘပြည့်နဲ့ပဲ နေချင်တယ်"

"ဘဘပြည့်နဲ့ လိုက်မယ်"





"ဘဘပြည့် သမီးကို ခေါ်သွားပါ"

"သမီး လိုက်ခဲ့မယ်"

"သမီးကို ခေါ်သွားပါ"

ဦးကျော်စွာမင်းမောင် ရင်ခွင်မှ ရုန်းထွက်လျက် လှေကားထိပ်မှ အသံကုန် ကြုံးအော် ငိုနေလေသော ပန်းပွင့်ဝေ...။

လှေကားမှ ပြန်တက်လာသံကို ကြားရသည်။

မြနှင်းဖြူကလည်း သမီးကို အတင်းဆွဲထား။ ပန်းပွင့်ဝေကလည်း အတင်းရုန်းပြီး ထွန့်ထွန့်လူး အော်ငိုနေ၍...

"ကဲ... သမီးစိတ်ကျေနပ်အောင် ခဏတော့ထည့်လိုက်ပါ မြနှင်းဖြူ ကလေး ငိုနေတော့ ကျွန်တော်လည်း ဘယ်စိတ်ကောင်းပါ့မလဲ၊ ကျွန်တော်ကိုယ်တိုင်လည်း ဒီသမီးလေးကို သိပ်ချစ်နေမိပြီဗျာ"

ယင်းအသံများကို နောက်ကျောဘက်ဆီမှာ ကိုကျော်စွာမင်းမောင် ကြားနေရသည်။

သူတို့သုံးဦးကို သူ ကျောခိုင်းလျက် ပြတင်းဝမှာ သူ ရပ်နေသည်။

ခဏအကြာတွင်...

ခြံတွင်းလမ်းကလေးအတိုင်း ဒေါက်တာစောပြည့်သည် သမီးလေး ပန်းပွင့်ဝေကို ချီပိုးရင်း နမ်းရှိုက်ကာ ဆက်လျှောက်သွားနေသည်။

သမီးလေးကလည်း ဒေါက်တာစောပြည့်၏ လည်ပင်းကို သိုင်းဖက်ရင်း ပြုံးပျော် ရွှင်မြူးစွာ လိုက်ပါသွားတော့လေပြီ။

သူတို့နှစ်ဦး ဖက်တွယ် နမ်းရှုံ့ကာ ချစ်အကြင်နာတွေ ပြသွား



www.burmeseclassic.com

www.burmeseclassic.com



သော မြင်ကွင်းကို အပေါ်စီးမှနေ၍ အသေးစိတ် မြင်တွေ့နေရသော ကိုကျော်စွာမင်းမောင်၏ ရင်ထဲ၊ နှလုံးသားထဲတွင်...

စောစောက သေးငယ် ချွန်မြသော စူးလေးတစ်ခုအဖြစ် နှလုံးသားမှာ နစ်နေခဲ့သော ဤစူးသည်...

တဖြည်းဖြည်း ကြီးထွား ပြန့်ကားလာပြီး သူ၏နှလုံးအိမ်ကို ပွင့်ခွဲ ပိုင်းဖြတ်ကာ တစ်စစီ ခြွေခဲ့လေပြီ...။

"သမီးလေးကို ငါ ဒီလောက်ချစ်ပါလျက်နဲ့ ငါ့သမီးက ငါ့ကို မချစ်ဘူး"

"သမီးရယ်..."

"သမီးလေး ဖေဖေ့ကို ဘာလို့မချစ်တာလဲ"

"ဘာဖြစ်လို့ မချစ်နိုင်ရတာလဲကွယ်..."

ကိုကျော်စွာမင်းမောင်၏ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ လျှံပြည့်လာသည်။

သူ့ဘဝတွင် ငိုရလောက်အောင် ကြေကွဲစရာ အဖြစ်ဆို၍ မိဘနှစ်ပါး ဆုံးဖူးသည်။ သားသမီး မရနိုင်သည်ဟု သိရသည်။ ဤနှစ်ကြိမ်မှလွဲ၍ တစ်ခါမှ မျက်ရည်မကျခဲ့ဘူးသော ကိုကျော်စွာမင်းမောင်...

သူ၏ ကြံ့စည်လေသမျှ... စွမ်းဆောင်လေသမျှ အောင်မြင်မှုများကိုသာ ထာဝရပိုင်ဆိုင်ခွင့် ရခဲ့လေသော ကိုကျော်စွာမင်းမောင်။

ယခုတစ်ချီမှာတော့...

ဆုံးရှုံးမှု...

ငွေကြေးမဟုတ်... အလုပ်အကိုင်မဟုတ်... သိက္ခာတရား





မဟုတ်။ သူ ဆုံးရှုံးရသည်က...

နှလုံးသားဆုံးရှုံးမှုကြီး...

ဘယ်သောအခါမှ ပြန်မရနိုင်...

ဘယ်လိုရတနာမျိုးနှင့်မှ အစားထိုး၍ မရနိုင်သော...

သူ့ဘဝ၏ ဆုံးရှုံးမှု...

မျက်ရည်နှင့် သူ့ဘဝသည် လားလားမျှမအပ်စပ်၊ မသက်ဆိုင်ခဲ့ပါဘဲလျက် ယခုတော့ နှလုံးသား၏ နက်ရှိုင်းသော အတွင်းပိုင်းတစ်နေရာမှ နာကျင် ကြေကွဲလှစွာဖြင့် ကျလာသောမျက်ရည်...

"သမီးလေး... ပန်းပွင့်ဝေရေ..."

မျက်ဝန်းအိမ်နှင့် မဆန့်သော မျက်ရည်ပူတို့သည် သူ့ပါးပြင်ပေါ်သို့ သွယ်ဆင်းလာ၏။

"သွေး..."

သွေးက စကားပြောတယ်ဆိုသည်မှာ လူသားနှစ်ဦး၏ နှလုံးသား နှစ်ခု ကူးဆက်မှု မေတ္တာတရားပင်...

ယခုတော့...

ဒေါက်တာစောပြည့်၏ သွေးမျိုးဆက်သည် စကား ပြောလေပြီ...။

သမီးက လုံးဝ သူ့ကိုမချစ်...

ကြီးလာလေ 'သူ့ဖခင်ရင်း' ဒေါက်တာစောပြည့်ကို ချစ်လာလေ ဖြစ်နေလေပြီ။

ဤအသိသည် သူ့ရင်၌ မီးကဲ့သို့ လောင်မြိုက်၏...

မှန်တိုင်းကဲ့သို့ တုန်ခါ၏...



www.burmeseclassic.com

www.burmeseclassic.com



"တောက်... ငါဘဝရယ်"

"တစ်သက်လုံး အောင်မြင်ခဲ့တဲ့ ငါဘဝရယ်..."

"ငါ့ရဲ့ အမျှော်လင့်ဆုံး၊ အဖြစ်ချင်ဆုံး အရာကျကာမှ ဘာလို့ ဆုံးရှုံးရတာလဲ"

"ငါ့ရင်သွေး... ငါ့မျိုးဆက်သွေး ဒီလောကမှာ မကျန်ရစ်တော့ဘူးတဲ့လား..."

"ကျော်စွာ ဆိုတဲ့ကောင်ရဲ့ များပြားလှတဲ့ လုပ်ငန်းတွေ၊ အမွေတွေကို ဆက်ခံမယ့်သူ မရှိတော့ဘူးတဲ့လား"

"အို... မလိုချင်ဘူး... မလိုချင်ဘူး"

"ဘာမှ မလိုချင်ဘူး"

"အားလုံး သွားကြ... သွားကြ"

ကိုကျော်စွာမင်းမောင်၏ မျက်ရည်... မျက်နှာမှာ ဒေါသဖြင့် နီမြန်းလာကာ..."သွားကြ"ဆိုသောစကားလုံးများကို ကြုံးအော်လိုက်ပြီး...

သူ့ရှေ့မှ မှန်ပြတင်းကို လက်ဝါးစောင်းနှစ်ဖက်ဖြင့် ရိုက်ခွဲပစ်လိုက်တော့ မှန်လည်း ကွဲ... သူ့လက်နှစ်ဖက်လုံးမှာလည်း သွေးတွေ ရဲရဲနီအောင် ဖြာလျက်...

"သွေး...သွေး"

"ဟုတ်တယ်... အဲဒီသွေးတွေကြောင့် ငါရှုံးရတာ၊ ငါ့ရင်သွေးကို ငါ တမ်းတရလွန်းလို့ ရှုံးရတဲ့သွေး"

"သွေးရှူးသွေးတန်း... သွေး"

"သွေးရှူးသွေးတန်း သွေးတွေကွ"





ဤအတွေးများအဆုံးမှာ လက်ဝါးနှစ်ဖက်ပေါ်သို့ မျက်နှာကို အုပ်ပြီး ငိုချလိုက်တော့ သူ၏မျက်ရည်နှင့် သူ၏သွေးတို့ ပေါင်းဆုံအန်ကျလာသည်။

အမှန်တော့...

ကိုကျော်စွာမင်းမောင်သည် သားသမီး လိုချင်လွန်းသောဆန္ဒမှလွဲ၍ ဘာအမှားကိုမှ မကျူးလွန်ခဲ့သူပါ။ မည်သူ့ကိုမှလည်း မထိခိုက်စေခဲ့ပါလျက်...

ယခုတော့...

သူ့ ရင်နှင့်အမျှ... သူ့အသက်နှင့်အမျှ... သူ့နှလုံးအိမ်နှင့်အပြည့်... ကြေကွဲရသော ခံစားမှုများဖြင့်...

အဆုံးရှုံးကြီး ဆုံးရှုံးခဲ့ရရှာလေသူ တစ်ဦးသာ ဖြစ်ပါသတည်း။

ထိုနေ့က...

ကိုကျော်စွာမင်းမောင်၏ ကြေကွဲရမှုသည် သူ၏ တင်းမာပြတ်သားသော နှလုံးသားအိမ်ကို မွမွကြေစေလျက်...

အရုပ်ပျောက်ဆုံးသွားသော ကလေးငယ် တစ်ယောက်၏ ငိုရှိုက်ပုံမျိုးလို...

အပြစ်မဲ့စွာ လှိုက်လှိုက်လှဲလှဲ ရင်ပွင့်ကွဲတော့မတတ် ငိုရှိုက်နေပါသတည်း...။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"အဲဒီနေ့ကို မြနှင်းဖြူ ကောင်းကောင်းကြီး မှတ်မိပါတယ်၊ ဘာဖြစ်လို့လဲ မေးတော့လည်း 'သွား' ဆိုပြီး အော်ထုတ်ခဲ့တယ်လေ၊ ဒီလောက်ကြီး မကြံ့အပ် မကြံ့စည်ရာ ပြဿနာရယ်လို့လည်း ဘယ်တွေးမိပါ့မလဲ"

"ဒီမှာ... ကိုကို..."

"ဒီကိစ္စကို မြနှင်းဖြူနဲ့ တိုင်ပင်ပြီးမှ လုပ်သင့်တယ်၊ ကလေးမရတော့ရော ဘာဖြစ်သလဲ"

"ဒီလိုပဲ ကလေးမရဘဲ သက်ဆုံးတိုင်ပေါင်းနေတဲ့ အိမ်ထောင်တွေ ပြည့်လို့"

"ကိုကိုမို့ လုပ်ရက်တယ်..."

"အခုတော့ ဆက်ပြီး ရက်စက်စိတ်နဲ့ ကိုကို အကြံပက်စက်စွာနဲ့ သမီးကို စွန့်ပစ်လိုက်ပြီလေ..."

"ပြီးတော့...ပြီးတော့..."





ဒေါ်မြနှင်းဖြူသည် စကားမဆက်နိုင်အောင် အားပါးတရ ငိုရှိုက်ရင်းမှ...

"ဒီမှာ ကိုကို..."

"ဟင်..."

"ဒီအတိုင်းဆို ဒေါက်တာစောပြည့် ပျောက်ဆုံးသွားတာလည်း ကိုကို့လက်ချက်ပဲ ဖြစ်ရမယ်"

"ဘာ..."

"ဟုတ်တယ် ကိုကို၊ သူ့ကိုရော သတ်ပစ်လိုက်ပြီလားဟင်"

ဦးကျော်စွာမင်းမောင်သည် မြနှင်းဖြူကို ရွံရှာစက်ဆုပ်လွန်းသောအကြည့်... ဝမ်းနည်း အားငယ်လွန်းသောအကြည့်... အံ့သြစိုးရိမ်လွန်းသော အကြည့်များ ပေါင်းစပ်လျက် စူးစူးစိမ်းစိမ်းကြီး ကြည့်နေပြီး အကြာကြီးနေမှ...

"မြနှင်းဖြူ... မင်း ငါ့ကို ကလဲ့စားချေချင်နေပြီလားဟင်"

"မြနှင်းဖြူ ဘယ်သူ့အပေါ်မှ အာဃာတမရှိဘူး၊ ဘယ်သူ့ကိုမှလည်း ကလဲ့စားမချေလိုဘူး၊ ဒေါက်တာစောပြည့် ပျောက်ဆုံးတာ ကိုကို့လက်ချက်ပဲလို့ပဲ စွပ်စွဲချင်တယ်"

"မြနှင်းဖြူရယ်..."

ဦးကျော်စွာမင်းမောင်၏ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လာသော်လည်း ကျဆင်းမလာအောင် သူ ထိန်းထားရင်းက...

"ကိုကိုနဲ့ သူဟာ နောက်ဆုံး ခွဲခွာချိန်အထိ ရင်းနှီးချစ်ခင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ မင်းအသိပါ၊ သူ့ကိုသတ်ချင်ရင် ဒီခြံထဲမှာနေကတည်းက တစ်နည်းနည်းနဲ့ သတ်ပစ်ပြီးတာ ကြာခဲ့ပြီပေါ့"

"ခုတော့ နှစ်ပေါင်းများစွာကြာမှ သူ့တာဝန်နဲ့ သူ ပြောင်းသွားတာ အားလုံးအရှေ့မှာ ရထားထွက်သွားတဲ့အကြောင်းကို မင်းလည်း အသိပါ မြနှင်းဖြူ၊ ငါမိန်းမပါးစပ်က ဒီစကားပြောရက်တယ်၊ ပြောထွက်တယ်နော်"

ခင်ပွန်းသည်၏ နွမ်းလျလွန်းသော မျက်နှာကိုကြည့်ပြီး မြနှင်းဖြူ၏ ရင်မှာ ဒေါသစိတ်များ ပြေလျော့စ ပြုလာပြီ။

"ဒီကိစ္စကို ကသစ်နီ ရဲတပ်ဖွဲ့သာမက ရန်ကုန်က အထူးစုံစမ်းရေးအဖွဲ့ကပါလိုက်လာပြီး တို့ရဲ့ဩရိသကို အသေးစိတ် ရှာဖွေတယ်၊ တို့ကို အသေးစိတ် မေးမြန်းသွားခဲ့တာ မင်း မမှတ်မိတော့ဘူးလားဟင်"

"ဟုတ်ပါတယ်လေ..."

"စုံထောက်တွေ ရဲတွေဆိုတာ သဲလွန်စလေးတစ်ခု တွေ့တာနဲ့ ကိုကို့ကို ဖမ်းသွားကြမှာပေါ့ကွယ်"

"အင်း..."

"ခုတော့... ဒေါက်တာစောပြည့်ရဲ့ သက်ရှိခန္ဓာကိုဖြစ်စေ၊ သက်မဲ့ခန္ဓာကိုဖြစ်စေ ဘယ်သူမှအစရှာမရကြလို့ ဒီအမှုကို စုံထောက်ကတောင် လက်လျှော့လိုက်ကြပြီပဲ မြနှင်းဖြူ"

"ကိုကို့ကို ဒီလိုထင်ရက်တာ ကိုကို အံ့ဩလို့မဆုံးဘူးကွာ"





"ဒီလိုပါ ကိုကို..."

မြနှင်းဖြူသည် ပါးပြင်ပေါ်မှ မျက်ရည်တန်း နှစ်သွယ်ကို လက်ကိုင်ပဝါနှင့် သုတ်လိုက်ပြီးမှ...

"ကိုကိုက သမီးကို သိပ်မုန်းနေပြီမဟုတ်လား"

"ဟုတ်တယ်... ငါ သိပ်ချစ်သလို သူက နည်းနည်းမှ ပြန်မချစ်လို့မုန်းတာ"

"ပန်းပွင့်ဝေရဲ့အဖေ ဒေါက်တာစောပြည့်ကိုလည်း ကိုကို မုန်းမှာပဲ"

"ဒါတော့ မင်းမှားပြီ မြနှင်းဖြူ၊ ငါ သူ့ကို လုံးလုံးမမုန်းဘူး၊ မုန်းစရာလည်း အကြောင်းမရှိဘူး၊ ဒီကိစ္စက ငါ ဆတ်ဆော့လို့ ဖြစ်ရတာ၊ ကူညီပါဆိုလို့ သူ နည်းလမ်းရှာလာခဲ့တာ..."

ပြီးတော့...

"တို့ဆွေမျိုးထဲက စာရိတ္တအကောင်းဆုံးလူရဲ့ သွေးကိုယူပါလို့ ပြောရှာတာ၊ တို့နှစ်ယောက်လုံးဘက်မှာ စဉ်းစားကြည့်၊ ဘယ်သူမှ မရှိဘူး"

"ဒါကြောင့် ငါကိုယ်တိုင်က ဆရာ့ကိုတောင်းတောင်းပန်ပန်နဲ့ မျိုးဆက်သွေးပေးဖို့ ပြောခဲ့ရတာ၊ သူက သိပ်လုပ်ချင်ရှာပုံမရဘူး၊ ဒီတော့ စဉ်းစားကြည့်စမ်း၊ သူ့မှာ ဘာအပြစ်ရှိလဲ၊ ကိုကို့အနေနဲ့ရော ဘာမုန်းစရာရှိလဲ"

"အင်း... ဒါတော့ ဒါပေါ့၊ သူတို့ချင်း ချစ်နေကြတာကို ကိုကို မနာလို ဖြစ်နေခဲ့တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး... ဖြစ်တာတော့ အမှန်ပဲ၊ ဒါပေမယ့် သူ ပြောင်းသွားပြီလေ၊ ကသစ်နီက အပြီးတိုင် ပြောင်းရွှေ့သွားပြီပဲ၊ ငါ ဘာမနာလို စရာ ရှိတော့လဲ၊ သူတို့ချင်း တွေ့ခွင့်မရအောင် ငါ ပိုင်းခြားထားလိုက်ရင် ကိစ္စက ပြတ်ပြီပဲ"

"ကိုကို ပြောတာတွေက မှန်ပါတယ်၊ ဒါဖြင့် ဒေါက်တာ စောပြည့်က ဘယ်ရောက်သွားတာလဲ"

"ဒါ... ငါ ဘယ်သိမလဲ၊ သူ့ကိစ္စနဲ့သူ၊ သူ့အကြောင်းနဲ့သူ ဖြစ်မှာပေါ့"

"ဟုတ်ပါတယ်လေ... ပျောက်ဆုံးခဲ့တာကလည်း ကိုးနှစ်တောင် ရှိပြီပဲ၊ ကဲ... ဒါက ထားလိုက်ပါတော့၊ ထားလို့မရတဲ့ ကိစ္စပဲ ဆက်ပြောကြရအောင်"

"ပန်းပွင့်ဝေကိစ္စ မဟုတ်လား"

"ဟုတ်တယ်"

"ဒါက ရှင်းနေပြီလေ"

"ဘာရှင်းတာလဲ"

"ငါ့သမီးမဟုတ်လို့ ငါ စွန့်ပစ်ချင်နေတာ ကြာပြီလို့ ဝန်ခံခဲ့တာပဲ"

"ကိုကို စွန့်ပစ်ချင်တိုင်း စွန့်ပစ်လို့ရမလား"

"ဒီမှာ မိခင်ရင်းတစ်ယောက်လုံး ရှိနေတာပဲ"

"အေး... ဒါကြောင့် ငါ ဆယ်...ဆယ့်ရှစ်နှစ်လောက်





သည်းခံနေခဲ့ရတာပေါ့၊ အခုမှ အကွက်ဆိုက်တယ်လေ၊ သူ လင့်နောက် လိုက်သွားလို့ စွန့်ပစ်တယ်ဆိုတော့ လူသူလေးပါးလည်း ကြားလို့ ကောင်းတာပေါ့"

"ကိုကို့မှာ လူ့စိတ်မရှိတော့ဘူး"

"အဟား ဟား... ငါ တိရစ္ဆာန်တစ်ကောင် ဖြစ်လောက်အောင်လည်း မရိုင်းစိုင်းသေးပါဘူး မြနှင်းဖြူရဲ့"

"ဒါပေမယ့်... ကိုကို သွေးရှူးသွေးတန်းဖြစ်တိုင်း ထင်ရာတွေ စွပ်လုပ်နေတာဟာ လူသားတစ်ယောက် မဟုတ်တော့သလိုပဲ"

"ငါလုပ်တာတော့ ငါမှန်တယ်ပဲထင်တယ်၊ မင်းကရော ဘာလုပ်ချင်သလဲ မြနှင်းဖြူ"

"ပန်းပွင့်ဝေကို လုံးဝ မစွန့်လွှတ်နိုင်ဘူး"

"အေးလေ... ဒါကြောင့် ဘာလုပ်ချင်သလဲလို့"

"သမီးဆီ လိုက်သွားမယ်"

"သွားလေ..."

"မြနှင်းဖြူတို့ သားအမိ ပြန်မလာလေ ကြိုက်လေ မဟုတ်လားဟင်"

"ဒါတော့ မင်းသဘောပဲ၊ ငါက ပန်းပွင့်ဝေကိုသာ စွန့်ပစ်တာနော်"

"အဲဒါဟာ ဒီက မြနှင်းဖြူကိုပါ စွန့်ပစ်တာနဲ့ အတူတူပဲရှင့်"

"မင်းနဲ့ ပတ်သက်လို့ ငါ့ရင်ထဲမှာ ဘာမှဆုံးဖြတ်ထားတာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကိုကို့အပိုင်းလေ"

မြနှင်းဖြူသည် မျက်ရည်များနှင့် တုန်ယင်လှုပ်ရှားနေသော်လည်း သားသမီးဇာနေနှင့်မို့ ထက်မြက်စွာ စွမ်းဆောင်ရဲသောသတ္တိများ ဝင်လာခဲ့လေသည်။

မြနှင်းဖြူ မတ်တတ်ထရပ်လိုက်ပြီး...

"ကိုကို စွန့်နိုင်ပေမယ့် မစွန့်နိုင်တဲ့ မြနှင်းဖြူက သမီးဆီကို လိုက်သွားတော့မယ်"

"ဟင်..."

"ဒါပေမယ့် တစ်ခုတော့ မှာခဲ့မယ်နော်၊ ပန်းပွင့်ဝေကို အမွေဖြတ်တယ်ဆိုတာ ကိုကို့ပစ္စည်းတွေသာ မပေးချင်လို့ရမှာ၊ ဒီလောက်လောဘသက္ကာယကြီးစွာနဲ့ ရှာထားတဲ့ငွေတွေကိုလည်း မြနှင်းဖြူတို့သားအမိက မလိုချင်ဘူး၊ ရွံတယ်"

ဦးကျော်စွာမင်းမောင် မျက်နှာငုံ့ထားသည်။ ဘာမှပြန်မပြောရှာ။

"ဒါပေမယ့် တစ်ဦးတည်း သမီးအဖြစ်နဲ့ အမွေရထားတဲ့ မြနှင်းဖြူရဲ့ပစ္စည်းအားလုံးတော့ သမီးအတွက်ပဲ ပေးရလိမ့်မယ်၊ ဒါကိုရော ကျေနပ်ရဲ့လား"

"ငါ့ကို ဘာမှမမေးနဲ့"

"ဟုတ်တယ်... မေးနေစရာလည်း မလိုပါဘူး၊ ကိုယ့်သမီးအရင်းကို ကိုယ့်ပစ္စည်းပေးတာပဲ၊ မြနှင်းဖြူ ဒီနေ့ပဲ မိုင်းခကို လိုက်သွားပါရစေ"





"သွားပေါ့"

"ကား ခဏပေးလိုက်ပါ၊ ဦးစံလှထွန်း မောင်းခိုင်းပြီး နက်ဖြန် သူနဲ့ ကားနဲ့ ပြန်လွှတ်လိုက်မယ်"

"မင်းက ဘယ်တော့ပြန်လာမှာလဲ"

"မသိသေးဘူး ကိုကို၊ အခြေအနေအရပဲ၊ ပြန်ချင်မှလည်း ပြန်လာတော့မယ်"

ဦးကျော်စွာမင်းမောင်သည် မြနှင်းဖြူကို နောင်တမျက်နှာ၊ တောင်းပန်လိုသော မျက်နှာနှင့် ကြည့်နေသော်လည်း ဘာစကား တစ်ခွန်းမှ မပြောဖြစ်။

ဤဇနီးသည်သည် သူ့အသက်နဲ့အမျှ တစ်ကြိမ်တစ်ခါမျှ စိတ်အနှောင့်အယှက်ပင် မပေးခဲ့ဘူးသော ဇနီးကောင်း မယားမြတ်။

"ဦးစံလှထွန်း အလုပ်တိုက်မှာလား"

"သူမှ မရှိတော့ဘဲ"

"ဟင်... ဘယ်သွားလဲ"

"မပြောတတ်ဘူး"

"ကိုကို သိရမှာပေါ့"

"လုံးဝ မသိဘူး၊ သူတို့သားအဖနှစ်ယောက် ဒီသြရိသက တိတ်တဆိတ် ထွက်သွားကြဖို့ စီစဉ်တုန်းမှာ ကိုဦးက မင်းရဲ့သမီးကို ခိုးပြေးသွားတာ"

"အို... သူ့သားက သူ့အဖေဆီ ရေးခဲ့တဲ့စာ သူတွေ့သွားပြီး ထားခဲ့တာလား၊ မတွေ့ဘဲ ကျန်ခဲ့တာလား မသိဘူး၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကိုစံလှထွန်းကို သွားခေါ်တော့ ဒီစာကို စားပွဲပေါ်မှာ တွေ့ရတာ"

"သူ့အဖေခေါ်ရာကို သူ မလိုက်နိုင်ဘဲ ထွက်သွားနှင့်ရတဲ့ အကြောင်း တောင်းပန်စာ"

ဒေါ်မြနှင်းဖြူက စာကို အမြန်ထပ်ဖတ်ပြီး သူ့လက်ကိုင် အိတ်ထဲ ထည့်လိုက်သည်။

"ကဲ... ကိုကို မစီစဉ်ပေးနိုင်ရင်တော့ မြနှင်းဖြူ သွားပါရစေတော့၊ အချိန်မမီဘဲ နေတော့မယ်"

"အလုပ်ရုံ ဖုန်းဆက်ပေးပါ့မယ်၊ ကိုရီးယားဂျိ(ပ်)ကို သောင်းထိုက် မောင်းနိုင်းပြီး လိုက်ပို့ဖို့ ကိုကို စီစဉ်ပေးပါ့မယ်၊ မြနှင်းဖြူသာ အဆင်သင့်လုပ်ထားလေ"

"ကောင်းပါပြီ ကိုကို"

ခင်ပွန်းသည်သို့ နာကြည်းခြင်းက တစ်ပိုင်း၊ လေးစားဆဲက တစ်ပိုင်း ဖြစ်နေမိသော မြနှင်းဖြူပါ။

"ဪ... အရေးထဲမှာ ဦးစံလှထွန်းကြီး တစ်ယောက်က လည်း ဘယ်များ ထွက်သွားရတာပါလိမ့်..."

○





## အခန်း (၃၀)

ငရုတ်သီးခြောက် အတောင့်လိုက်ကို ရေနွေးနှင့်စိမ်ပြီး နူး တော့ ရေညှစ်၍ ပလတ်စတစ်အိတ်မှာထည့်၍ သားရေကွင်းနှင့် စည်းလိုက်သည်။

အိတ်ကြီးဖောင်းနေ၍ သားရေကွင်း ပြန်ဖြေ၊ လေတွေညှစ် ထုတ်ပြီးမှ တစ်ခါပြန်စည်းနေသဖြင့်...

"ကိုကိုဦး... ဒါ ဘာလုပ်တာလဲ"

"ငရုတ်သီးထောင်းမလို့ဗျ"

"ဟင်... ဘာတွေမှန်းလဲ မသိဘူး"

"ဒီမှာကြည့်လေ..."

စဉ်းတီတုံးပေါ်တင်၍ ထိုပလတ်စတစ်အိတ်ကို ထင်းချောင်း နှင့် ခပ်ဆဆလေး အချက်မှန်မှန်ထုတော့သည်။

ငရုတ်သီးက အဖတ်လည်းပဲ့၊ အစေ့လည်းကွဲသော်လည်း ဟင်းချက်၍ ဖြစ်လောက်အောင် မညက်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ကြက်သားနဲ့ ငရုတ်သီး ဖတ်သလပ်ဟင်း ချက်ကျွေးမလို့ မိန်းမရဲ့"

"ဟင်… တစ်ခါမှလည်း မကြားဖူးဘူး"

ကိုဦးသည် အနီးမှထိုင်နေသော ချစ်ဇနီးအသစ်စက်စက်လေးကို အပူကူးမှာစိုး၍ ငရုတ်သီးကိုင်ထားသော လက်နှင့်မထိအောင် ကိုယ်တိုင်ကိုင်းပြီး ပါးအိအိလေးကို နမ်းရှိုက်လိုက်သည်။

"ရင်ထဲကို အေးသွားတာပဲဗျာ"

"ပွင့်ဝေကလည်း ကိုကိုဦးကို သိပ်ချစ်တာပဲ၊ သိလား"

မီးဖိုခန်းမှာ ပုဆိုးတိုတိုဝတ်ပြီး အလုပ်ရှုပ်နေသော သူ့ငယ်ချစ်ဦး ကိုကိုဦး၏ ကျောပြင်ကို သိုင်းဖက်ပြီး…

"ပွင့်ဝေက ဘာမှမချက်တတ်တော့ ကိုကိုဦး လုပ်နေရတာကို သနားတာပေါ့"

"သားကျွေးမှု မယားကျွေးမှုဆိုတာ ဒါပေါ့ ချစ်ရဲ့၊ မိန်းမကို ကျွေးဖို့ ငရုတ်သီးအဖတ်လိုက်နှင့် ကြက်သားဟင်း ချက်နေတာလေ"

ခုတ်ပြီး ဆားနယ်ပြီးသား ကြက်သားတုံးများထဲသို့ စောစောက ငရုတ်သီး မညက်တညက်များနှင့် ဆီကိုထည့်ပြီး ကိုဦးက အားရပါးရနယ်၏။ မီးဖိုပြီးသား မီးသွေးမီးဖိုပေါ်မှာ ဟင်းအိုးကို တင်လိုက်ပြီး အိုးပေါ်မှာ သူ့လက်ကိုထားပြီး ရေနည်းနည်း လောင်းချ၏။ ပြီးတော့မှ သူ အဖုံးပိတ်၏။

"ဒီအိမ်က နော်ဂလိုးရီယာ ဆိုတဲ့ အဘွားကြီးကလည်း ဥစ္စာခြောက်တယ်နော်"





"သြော်… သူ့အစ်ကိုက ပြောသားပဲ၊ ကြွက် သောင်းကျန်းလို့ ငရုတ်၊ ကြက်သွန်၊ အိုးခွက်၊ ဓား၊ ငရုတ်ဆုံကအစ အဲဒီ ထင်းရှူးသေတ္တာကြီးထဲမှာထည့်ပြီး သော့ခတ်သွားပါတယ်လို့…"

နောက်ဖေးချောင်မှ ဆေးစိမ်းပြယ်နေသော ထင်းရှူးသေတ္တာကြီးမှာ သော့ခတ်လျက်။

အိမ်ရှင်အဘကတော့ နေ့စဉ်ပင် နှစ်ခြိကျော်မှ သူ့တူမအိမ်မှာ ထမင်းသွားစား၍ မီးဖိုချောင်မှာ တာဝန်မဲ့နေ၏။

ယခုတော့…

ချစ်စဦး ကြင်စဦး မြတ်နိုးဦးတို့ဖြင့် ဖွံ့စည်းအပ်ကြသော ဇနီးမောင်နှံ အသစ်စက်စက်လေးနှစ်ယောက် ရောက်လာမှ နော်ဂလိုးရီယာ၏ မီးဖိုချောင်မှာ စီဝေနေ၏။

ပန်းပွင့်ဝေ မထမီ ကိုဦး ဈေးသို့သွားပြီး မုန့်ဟင်းခါးတစ်ပွဲနှင့် ပန်းပွင့်ဝေကြိုက်တတ်သော ကောက်ညှင်းငချိတ်ပေါင်း တစ်ထုပ်နှင့် ကော်ဖီတို့ကို ကျွေးထားပြီးပြီ၊ ယခု သူတို့နှစ်ဦးစားဖို့ ကြက်သားကာလသားဟင်း ချက်နေခြင်းပါ။

"ပွင့်ဝေလေး"

"ကိုကို"

ကိုဦးက လက်ဆေး လက်သုတ်ပြီး ပန်းပွင့်ဝေ၏ မျက်နှာ၊ လက်မောင်းနှင့် လည်ပင်းလေးများကို အသေအချာ ကြည့်နေရာက–

"ညကတုန်းကလေ…"

"သွား…"



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား... ငါ့မိန်းမလေး ဘာတွေ ပြန်တွေးနေတာလဲ"

"ကိုကိုဦးနော်"

"ညက ခြင်တွေ ပေါလိုက်တာ၊ ခြင်ထောင်ထဲမှာတောင် တဝီဝီနဲ့၊ မီးဖွင့်ပြီး ခြင်တွေ လိုက်ရိုက်ရသေးတယ်ဗျ"

ပန်းပွင့်ဝေက အရှက်ဝေမျက်နှာလေးနှင့် ကိုဦးကို လှမ်းဖက်လိုက်သည်။

"ခြင်လည်းမတွေ့၊ ခြင်တဝီဝီမြည်သံလည်းမကြားမှ ပြန်အိပ်ပေမယ့် ကိုကိုဦးရဲ့ ညီမလေးကိုများ ခြင်တွေ အကိုက်ခံလိုက်ရသလားလို့ ဒဏ်ရာရှာရတာဗျ"

"ကိုကိုဦး သိပ်ချစ်ရတဲ့ ကိုကိုဦးရဲ့ အသည်းနှလုံးလေးရယ်၊ ကိုကိုဦး သိပ်သနားရပါတယ်ဗျာ၊ ခြင်ကိုက်မှာတောင် စိုးရိမ်တာ၊ အန္တရာယ်များ ရှိလာခဲ့ရင်တော့ ကိုကိုဦးပဲ အရင် အသေခံလိုက်မှာသိလား၊ သူများတွေက အသက်လောက်ချစ်တယ် ဆိုတာထက်ပိုရပါတယ် ပွင့်ဝေရယ်၊ ကိုကိုဦး ပွင့်ဝေလေးကိုချစ်တာ ကိုကိုဦးရဲ့ အသက်ထက်၊ ခန္ဓာထက်၊ ဘဝထက်ပိုပြီးချစ်တဲ့ အချစ်တွေနဲ့ ချစ်တာပါ ပွင့်ဝေလေးရယ်"

မီးဖိုဘေးမှ ချွေးစိုနေသော ကိုယ်ခန္ဓာဖြင့်ပင် ကိုဦးသည် ပန်းပွင့်ဝေကို ပွေ့ယူပြီး သူ့ရင်ခွင်ထဲမှာ ထည့်ထားလိုက်သည်။

"ပွင့်ဝေလေး"

"ဟင်"





"ကိုကိုဦးကိုရော ချစ်ရဲ့လားဟင်"

"ဟင်... သိပ်သနားတာပဲ"

"ဟောဗျာ... ဒီဗလကြီးကိုများ သနားစရာလား၊ အားနွဲ့သူမဟုတ်ပါဘူး ခင်ဗျ"

ကိုဦးက သူ့လက်မောင်းမှ ကြွက်သားများကို ထောင်ပြပြီး ရယ်ရယ်မောမော ပြောတော့ ပန်းပွင့်ဝေ မျက်ရည်တွေ ကျလာသည်။

"ဟောဗျာ ဘာဖြစ်လို့ ငိုရတာလဲ အချစ်ရယ်"

"ကိုကိုဦးကို သနားလို့"

"ပြောင်းပြန်ဗျာ၊ ဒီကတော့ ငါ့ကြောင့် ငါ့ချစ်သူလေး အနေအထိုင် ဆင်းရဲရှာတယ်ဆိုပြီး သနားနေတာ"

"ပွင့်ဝေက ကိုကိုဦးကို ဒုက္ခပေးနေတာ၊ ပွင့်ဝေ မထခင် စားဖို့တွေ အဆင်သင့်၊ အခုလည်း ထမင်းချက်ကျွေးနေရသေးတယ်"

"ဩော်... ညီမလေးမှ ဘာမှမလုပ်တတ်တာ၊ ကိုကိုဦး အသိပဲဟာ၊ သူဌေးသမီးလေးကို..."

"တော်ပါတော့ ကိုကိုဦးရယ်၊ ပန်းပွင့်ဝေ အဲဒါကြောင့် ငိုချင်တာ၊ ဖေဖေဟာ ဘာသဘောလဲ၊ သူပဲထည့်လိုက်ပြီး ခုတော့ အမွေပြတ်တဲ့၊ ပွင့်ဝေရဲ့ စိန်နားကပ်ကအစ ချွတ်ထားခဲ့တာ၊ ရှေ့မှာ ဘယ်လိုနေကြမလဲ၊ အို... ကိုကိုဦးပဲ ပွင့်ဝေ သနားတယ်"

ရင်ခွင်ထဲမှာ ပိုက်ပွေ့ပြီး မျက်ရည်စလေးများကို သုတ်ပေးရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လေး..."

"အင်း"

"သူများချစ်သူတွေလို ခုကြိုက် ခုလိုက် အသာထားလိုက်ပါဦး၊ သုံးနှစ် သုံးမိုး ချစ်ကြတယ် ဆိုသူတွေထက် ဆယ်ဆလောက်သာရတဲ့ ကိုကိုဦးပါ ပွင့်ဝေရယ်... ညီမလေး မွေးတဲ့နေ့ကလေ နီနီထွေးထွေးလေးကို ကိုကိုဦးကို ဒေါ်စန်းကြည်က ခေါ်ပြခဲ့တာ၊ အဲဒီနေ့ကတည်းက... ညီမလေး လူ့ပြည် ရောက်လာတဲ့နေ့ကတည်းက စပြီး ချစ်ခဲ့ရတဲ့ ကိုကိုဦးပါဗျာ"

"ဟုတ်ပါတယ်... ပွင့်ဝေ ငယ်ငယ်က ဆိုးခဲ့သမျှလည်း ကိုကိုဦးပဲ ခံရတာပဲ"

ပန်းပွင့်ဝေစကားကို နားထောင်ရင်း... ပန်းပွင့်ဝေကို ပိုက်ဖက်ထားရင်းက ကြက်သားဟင်းအိုးကိုလည်း ဇွန်းကြီးနှင့် မွှေနှောက်ပေးရသေးသည်။

"ဒီမှာ ကိုကိုဦးပြောမယ် နားထောင်နော်"

မျက်တောင်ကော့မှာ စွန်းနေဆဲ မျက်ရည်စက်ကလေးများနှင့် မော့ကြည့်ပြီး ခေါင်းညိတ်လာသည်။

"ဒါကြောင့် ကိုကိုဦးတို့ရဲ့အချစ်ဟာ ဘယ်သူနဲ့မှမတူလို့ ဘာနဲ့မှ နှိုင်းမရအောင် သူများတွေထက်သာတဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့ကြတဲ့ ချစ်သူနှစ်ဦးပါ ပွင့်ဝေရယ်"

"ဟိုတုန်းက ကိုကိုဦး မဝံ့မရဲ ဖြစ်နေရတာက သိပ်ချမ်းသာတဲ့





သူဌေးသမီးမို့ ကိုကိုဦးလို အလုပ်သမားသားက အပိုင်ကြံတယ်လို့ အဖြစ်မခံချင်ဘူး ချစ်ရယ်၊ ခုတော့ ရှင်းပြီလေ"

"ဘာကိုလဲ"

"ဦးလေးက အမွေဖြတ်လိုက်တော့ ကိုကိုဦးအနေနဲ့ အဲဒီကိစ္စ ရှင်းသွားပြီး ပွင့်ဝေကို တာဝန်ယူရမယ်၊ ဟိုအိမ်မှာလို ချမ်းချမ်းသာသာ မထားနိုင်ပေမယ့် ခုလို ယုယုယယ တစ်သက်လုံး မြှူစုသွားပါ့မယ် အချစ်ရယ်၊ ပြီးတော့လေ ရွာအလုပ်ကိုလုပ်ပြီး ပွင့်ဝေကို ကိုကိုဦး ရှာကျွေးမယ်နော်၊ အားမငယ်နဲ့"

"ကိုကိုဦးရယ် ဖေဖေပေးလိုက်တဲ့ ငွေတစ်သောင်းကို သုံးတော့လေ"

"ပွင့်ဝေပဲ သိမ်းထားပါဦး၊ ကိုကိုဦးရတဲ့ လခတွေစုထားတာ ပါ,ပါသေးတယ်၊ ဝင်ငွေတို့ အလုပ်တို့ မစဉ်းစားခင် ကိုကိုဦးငွေနဲ့ပဲ အခုလို ဝယ်စားကြတာပေါ့"

"ဒါတွေ ပွင့်ဝေ မစဉ်းစားချင်ဘူး၊ နားလည်း မလည်ဘူး"

"ကိုကို့မိန်းမ စဉ်းစားစရာလည်း မလိုပါဘူးဗျာ၊ ခုလို နေရတာ မပျော်ဘူးလားဟင် အချစ်..."

"သိပ်ပျော်"

"ဟား..."

"ပြီးတော့ သိပ်ချစ်..."

"အို..."

"ပြီးတော့ သိပ်ပျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

"ပြီးတော့ သိပ်ချစ်"

"ကြည့်စမ်း...ဒါတွေပဲ ထပ်ခါထပ်ခါ ဟောဒီပါးစပ်လေးက ပြောဦးကွာ... ပြောဦးကွာ"

"အား... ဟား ဟား... ကိုကိုဦး"

ကြမ်းတမ်းသော အနမ်းနယ်မြေမှ ကြည်နူးစွာ လွန့်လူးပြီး ထွက်ပြေးသွားသော ပန်းပွင့်ဝေ နောက်သို့ ကိုဦးလည်း ပြေးလိုက်ဖမ်းသည်။

လူသူရှင်း၍ ကျယ်ဝန်းသော အိမ်ကြီးအတွင်းမှာ ကိုဦးက ပန်းပွင့်ဝေကို တော်တော်နှင့် မမိနိုင်...။

ချစ်သူချင်း ဇနီးမောင်နှံ ဖြစ်စဦးကာလမှာ လွတ်လပ်စွာ နေရခြင်း၏ အရသာက ဤလောကရှိ ပျော်ရွှင်မှုအပေါင်းတို့၏ ကေရာဇ်နှင့် ကေရီနေရာ၌သာ ထားဝရ ရှိပါလေမည်။

ဧည့်ခန်းမှာ လှည့်ပတ် ပြေးနေစဉ် စားပွဲဝိုင်းတစ်ခုကို ကိုဦးက လွှားခနဲခုန်ကျော်ပြီး ဖမ်းလိုက်တော့...

"အား... အဟား ဟား..."

ပန်းပွင့်ဝေ၏ ကြည်နူးဆွတ်ပျံ့ဖွယ် ရယ်သံလေးက ချစ်မက်စွဲလမ်းစရာ ကောင်းလှချေသည်။

"အား... ကြောက်ပြီ"

"သေပါပြီ... ကိုကိုဦးရဲ့"

စိတ်မထိန်းတော့ဘဲ ကြမ်းကြမ်း ရမ်းရမ်းကြီး ဖက်ပစ်လိုက်





မိ၍ ပန်းပွင့်ဝေ အော်တော့မှ ယုက်ထားသောလက်ကို လျှော့ပြီး ပွေ့ယူလိုက်သည်။

"ကိုကိုဦးရယ်... သိပ်ချစ်တယ်ကွယ်"

"ဒီကလည်း ချစ်မလို့ဗျ"

အိပ်ခန်းတွင်းမှ ခုတင်ပေါ်တွင် နှစ်ဦးသား ဖက်ပိုက်လူးလွန့်ရင်း အနမ်းကြမ်းတွေ ဆင့်ကာဆင့်ကာ ဝေနေချိန်မှာ...

နောက်ဖေးဆီမှ ကြက်သားအိုးကြီး၏ တူးနံ့ကိုလည်း သူတို့နှစ်ဦး မရကြတော့...။

လောကကြီးမှာ သက်ရှိ သက်မဲ့ အရာအားလုံးပျောက်ဆုံးကာ မဟုရာရောင် လွင်ပြင်ကျယ်ကြီးအလယ်မှာ သူတို့နှစ်ဦးတည်း ဟူသော အသိများဖြင့်သာ...။

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

ပြည့်ဖြိုးဝေကို မြင်လိုက်ရသည်နှင့်ပင် ပန်းပွင့်ဝေမှာ ဆတ်ခနဲ တုန်သွားကာ သူ့ကိုကိုဦး၏ လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားမိလိုက်သည်။

"ဘာကိစ္စလဲဗျ"

ကိုဦးက မျက်နှာထား တင်းတင်းနှင့်ပင် မေးပစ်လိုက်သည်။

တစ်ချိန်က သူ့ချစ်ဇနီးလေးကို လာရစ်သူ… လာချစ်သူအဖြစ် ဟိုစဉ်ကတည်းက စိတ်အမြင်မှာ မကြည်လင်ခဲ့။

ယခု သူတို့နှစ်ဦး မိုင်းခမြို့၏ မင်္ဂလာဦးရပ်မှာ မင်္ဂလာဦးဇနီးမောင်နှံအဖြစ် အေးငြိမ်းချမ်းမြေ့စွာ နေထိုင်နေချိန်မှာ ဆိုက်မြိုက်စွာ လိုက်လာသော ကိုပြည့်ဖြိုးဝေကို ကိုဦးက မဖိတ်ခေါ်နိုင်။

လာရင်းကိစ္စကို ပြတ်သားစွာမေး၊ ပြတ်သားစွာဖြေပြီး သူ့ကို ပြန်စေမည်။





သူ့အချစ်ဆုံးလေးကလည်း ကြောက်နေရှာလေပြီ။

"သက်သက်လာလည်တာပါဗျာ"

ပြည့်ဖြိုးဝေက နူးညံ့ညင်သာစွာ ပြုံးပြီး မဖိတ်ခေါ်ပါဘဲလျက် အတင်းဝင်၍ ထိုင်ပြီး ပန်းပွင့်ဝေကို သေသေချာချာကြည့်သည်။

သူ့အကြည့်မှာ သာယာချမ်းမြေ့မှု အပေါင်းတို့ကို ဆောင်ကြဉ်းလျက် သူ့မျက်နှာမှာ အေးငြိမ်းနေသည်။ အကြင်နာ ပြည့်လျှမ်းသော မျက်ဝန်းများဖြင့် ပန်းပွင့်ဝေကို စိုက်ကြည့်လိုက်ပြီးမှ…

"ထိုင်ပါဦး… ညီမလေးရယ်"

"ကိုရန်ပြေလည်း ထိုင်ပါဦးဗျာ၊ ကျွန်တော် ဒုက္ခပေးရအောင် လာတာ မဟုတ်ပါဘူး၊ မိတ်ဆွေအဖြစ်နဲ့ လာတာပါ"

ပန်းပွင့်ဝေက ကိုဦးမျက်နှာကို မော့ကြည့်၏။

အဖြေကိုစောင့်သည့် သဘော…

နူးညံ့လွန်းစွာ ပြုံးနေရှာသော ကိုပြည့်ဖြိုးဝေကို ကိုဦး အားနာလာမိ၍ သူ့ရှေ့မှကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်နှင့် ကိုပြည့်ဖြိုးဝေက လက်ကမ်းပေးသည်။

အင်္ဂလိပ်လို နှုတ်ဆက်လေ့မရှိသော်လည်း ကိုဦးက ပြန်လက်ကမ်းကာ လက်ချင်းချိတ်ဆက် လှုပ်ခါနေချိန်မှာ…

"ကွန်ဂရက်ကျူလေးရှင်းပါ… ကိုရန်ပြေ၊ ခင်ဗျားတို့နှစ်ယောက် ငယ်ငယ်လေးကတည်းက သံယောဇဉ်ကြီးခဲ့ကြ၊ ချစ်ခဲ့ကြတဲ့ သူနှစ်ယောက် ပေါင်းဆုံခွင့်ရတာ အင်မတန်မှ ရှားသားဗျာ၊ ခုလိုမြင်ရတော့ ကျွန်တော့်ရင် ချမ်းမြေ့ပါတယ်၊ ဝမ်းလည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လို့ ပြောပါရစေ၊ အဲဒီစကားကိုလည်း ယုံစေချင်ပါတယ်”

ပြည့်ဖြိုးဝေကသာ စကားတွေ ဝေနေအောင် ပြောနေသော်လည်း ပန်းပွင့်ဝေတို့ နှစ်ယောက်ကတော့ ဘာစကားမှ မတုံ့ပြန်မိသေး...။

လာခြင်းကောင်းသော ကိုပြည့်ဖြိုးဝေမှ ဟုတ်ရဲ့လား ဆိုသော အတွေးများဖြင့်သာ သူ့ကို အကဲခတ်နေမိကြသည်။

“ကျွန်တော် ဒီမိုင်းခကို တာဝန်နဲ့ ရောက်လာတာ အတော်လေးတောင် ရက်ကြာသွားပြီ၊ တစ်နေ့ကတော့ ညောင်ပင်သာရွာကို ကျွန်တော် ရောက်သွားတယ် ကိုရန်ပြေ...”

‘ညောင်ပင်သာ’ ဆိုသည်မှာ အဖေ အမေတို့၏ ဇာတိရွာ၊ ကသစ်နီမှ ရေလမ်းနှင့် သွားရပြီး ဤမိုင်းခမှဆိုလျှင် ကားလမ်းက မြစ်သာအထိသာပေါက်ပြီး ညောင်ပင်သာရောက်အောင် လှည်းနှင့် တစ်ဆင့် သွားရပါသေးသည်။

ကိုဦး ငယ်စဉ်က အဖေ၏ မိခင်ရှိနေ၍ မကြာခဏ ရောက်ဖူးခဲ့ကြသည်။

“ဒါနဲ့ ဦးစံလှထွန်းဟာ ညောင်ပင်သာရွာကို အပြီးပြောင်းလာတော့မယ်ဆိုတဲ့ အစီအစဉ် ရှိနေတယ်နော်”

“ကျွန်တော်တောင် မသိပါလား ကိုပြည့်ဖြိုးဝေ”

“သူ စီစဉ်နေတာတော့ ကြာပြီဗျ၊ အဲ... ကျွန်တော် ရောက်လာတာနဲ့ပဲ ဩရိသက အပြီးထွက်ပြေးဖို့ သူ ဆုံးဖြတ်လိုက်တာ ဖြစ်မယ်”





“နေပါဦးဗျ... ကျွန်တော့်အဖေက ခင်ဗျားကို ကြောက်ပြီး ထွက်ပြေးရလောက်အောင် ဘာတွေများ မကောင်းတာ လုပ်ထားလို့လဲ”

ကိုဦး ဒေါသကြောင့် အသံက ကျယ်လာသည်။

“ကျွန်တော့်ကို သူ မကြောက်ပါဘူး၊ ရင်မဆိုင်ချင်တာ၊ မဖြေရှင်းချင်တာ တစ်ခုတည်းကြောင့် ဩရိသမှာ မနေဖို့ ဆုံးဖြတ်လိုက်တာပဲ”

“သူ့သားဖြစ်တဲ့ ကျွန်တော်တောင် ဒါတွေမသိဘူး”

“ဟုတ်လောက်ပါတယ်... ညောင်ပင်သာမှာတော့ သူတို့သားအဖ ပြောင်းလာတော့မယ်ဆိုပြီး သူ့အစ်မဝမ်းကွဲ အပျိုကြီးတွေက သူတို့ရဲ့ ခြေတံရှည် အိမ်အိုကြီးကိုတောင် ရှင်းလို့ လင်းလို့ဗျ”

ကိုဦး တွေဝေစ ပြုလာပြီ...

“ဦးစံလှထွန်းက ဒီလို တိတ်တဆိတ် ကြံစည်နေချိန်မှာ ခင်ဗျားကသိလို့...အဲ... သိလို့ပဲ ဆိုပါစို့ဗျာ၊ ပန်းပွင့်ဝေနဲ့ ခွဲရမှာ ကြောက်ပြီး ခိုးပြေးလာတာ မဟုတ်လား”

“မဟုတ်ဘူး... မဟုတ်ဘူး၊ ဖေဖေက လွှတ်လို့ လာကြတာ၊ ရှင် လာဖြီးမနေနဲ့”

ပန်းပွင့်ဝေ၏ ဒေါသစကားကို ပြည့်ဖြိုးဝေက အံ့အားတသင့် နားထောင်၏။

ကိုဦးကမူ ထွက်လာရခြင်း အကြောင်းအရင်းကို ဘာမှမသိစေလို၍...



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဝေလေး ဘာမှ ဝင်မပြောနဲ့ကွယ်၊ အခန်းထဲမှာ အိပ်နေမလားဟင်"

"မအိပ်ချင်ပါဘူး ကိုကိုဦးရဲ့၊ သူက ရဲအရာရှိဆိုပြီး ကိုကိုဦးကို သက်သက်ဒုက္ခပေးချင်လို့ လာတာလားမှ မသိတာ"

ပြည့်ဖြိုးဝေသည် ကြေကွဲစွာ ပြုံးလိုက်ရင်း ပန်းပွင့်ဝေကို ငေးကြည့်နေပြီးမှ...

"ကျွန်တော် အခုလာတော့ ကိုရန်ပြေတို့ကို ဒုက္ခပေးရအောင် လာတာ မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘာကိစ္စလဲ"

ပန်းပွင့်ဝေ၏ မယဉ်ကျေးသော အမေး...

"သတင်းတစ်ခု ပေးရအောင် လာတာပါ"

"ဘယ်လို"

"ဦးစံလှထွန်းဟာ သင်္ဘောရဲ့ ဒုတိယအခန်းက စီးဖို့အတွက် လက်မှတ်နှစ်စောင် ဝယ်ပြီးပြီ၊ ညောင်ပင်သာကို သွားဖို့ပေါ့"

"ကျွန်တော် မသိဘူး"

"ဟုတ်လောက်ပါတယ်လေ...ဒါပေမယ့် အဲဒီနေ့က ဦးစံလှထွန်းဟာ 'မော်တော'ဆိုတဲ့ သင်္ဘောရဲ့အခန်းမှာလဲ စီးနင်းလိုက်ပါမလာဘူး၊ ညောင်ပင်သာရွာကိုလည်း ရောက်မလာပါဘူး ကိုရန်ပြေခင်ဗျာ"

"ဟင်"





"ဟုတ်ကဲ့... ဦးစံလှထွန်းတစ်ယောက် ပျောက်ဆုံးနေပါတယ်"

"အဖေက သူနဲ့လိုက်ဖို့ ကျွန်တော့်ကို ခေါ်ပါတယ် ကိုပြည့်ဖြိုးဝေ... အဲဒီသွားကြမယ့် မနက်မှာလဲ ကျွန်တော်ကလည်း ပန်းပွင့်ဝေကို ခိုးပြေးလာတော့ အဖေလည်း စိတ်ပျက်ပြီး တစ်နေရာကို ထွက်သွားပြီ ထင်ပါရဲ့ဗျာ"

"အဲဒီအတိုင်း ဖြစ်ပါစေလို့ပဲ ဆုတောင်းရတာပဲ၊ အင်း... ကျွန်တော်လည်း တကယ်ပဲ ဒီလိုဆုတောင်းပေးပါတယ်"

"နေပါဦး... ဒီလိုမဖြစ်ရင် ဘယ်လိုဖြစ်နိုင်လို့လဲ"

"ဩရိသထဲမှာပဲ ရှိနေနိုင်လို့"

"ဗျာ"

"ကျွန်တော့်ကို ရန်သူလို မအောက်မေ့ကြပါနဲ့ဗျာ၊ ကျွန်တော်ဟာ ခင်ဗျားတို့နှစ်ယောက် အတွက်သာမက ဩရိသမိသားစုအတွက် မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ သတ်မှတ်ပြီး ကျွန်တော် မေးတာလေးကို ဖြေစေချင်ပါတယ်"

"ဘာများပါလဲ... ကျွန်တော့်အဖေဟာ စိတ်ပူစရာများ ရှိနေသလားဗျာ"

"ကျွန်တော်ကိုယ်တိုင်လည်း စိတ်ပူနေပါတယ်"

"ဟင်..."

"ကျွန်တော် မေးပါရစေ"

"မေးတော့ဗျာ... သိသမျှ ဖြေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမနက်က ခင်ဗျားတို့နှစ်ယောက် ထွက်လာကြတာကို ဦးကျော်စွာမင်းမောင် သိတယ်မဟုတ်လားဟင်"

ပန်းပွင့်ဝေ ငြိမ်နေသည်...

ကိုဦးသည်လည်း အဖြေခက်နေပါ၏။

"သူ့အလုပ်တိုက်က ကားနဲ့ သူ့အလုပ်သမားတစ်ယောက် ကိုယ်တိုင် ဒီကို လာပို့ပေးပြီးမှ ပန်းပွင့်ဝေကို အမွေပြတ် ကြော်ငြာလိုက်တာ ဘာကြောင့်များလဲလို့ မစဉ်းစားမိကြဘူးလား"

"ရှင်းရှင်း ပြောရရင်တော့ ကျွန်တော်တို့ နှစ်ယောက် သိပ်ပျော်နေကြချိန်ပါ ကိုပြည့်ဖြိုးဝေ၊ ဒါတွေလည်း မစဉ်းစားဖြစ်ဘူး၊ စဉ်းစားချင်စိတ်လည်း မရှိဘူး၊ ကျွန်တော်တို့နှစ်ဦးရဲ့ အကြည်နူးရဆုံး အချိန်လေးမှာ ဘာမှမတွေးဖြစ်တာလည်း ပါပါတယ်လေ"

"ကိုရန်ပြေ ဖြေတာ မှန်ပါတယ်ဗျာ"

သူသည် ထာဝရ စူးစိုက်စွာ ကြည့်လေ့ရှိသော ပန်းပွင့်ဝေကိုလည်း မကြည့်ဖြစ်တော့။ ကိုရန်ပြေဟု သူခေါ်တတ်သော ကိုဦးကိုလည်း သူ မကြည့်တော့ဘဲ ခေါင်းငိုက်စိုက်ချရင်းက...

"ကျွန်တော့် ဖေဖေအတွက် စုံစမ်းရင်းက ကိုရန်ပြေတို့ ပြဿနာ ဝင်လာတယ်၊ တစ်ခါ... ဦးစံဂျာထွန်း ပျောက်ဆုံးနေပြန်တယ်၊ ဒါကြောင့် ဩရိသမှာ..."

သူ့စကားမဆုံးဖြစ်မီ ကားတစ်စီး လမ်းထွင်းသို့ မောင်းလာသံကြား၍ လမ်းမဘက်သို့ ကိုဦးတို့နှစ်ဦး လှမ်းမျှော်ကြည့်လိုက်ချိန်မှာ





ပန်းပွင့်ဝေက... ဝိညာဉ်သားတစ်ယောက်ကို မြင်တွေ့လိုက်ရသလို မျက်လုံးအပြူးသား လူအလန့်တကြားဖြင့်...

"အမယ်လေး... အိမ်ကကား ကိုကိုဦးရဲ့၊ မေမေလည်း ပါလာတယ်"

"ဘယ်လိုလုပ်ကြမလဲ... ဘယ်လိုလုပ်ကြမလဲဟင်"

"ပွင့်ဝေ ကြောက်တယ်"

"ပွင့်ဝေ ပုန်းနေမယ်"

ပန်းပွင့်ဝေက အိမ်ထဲ စွပ်ဝင်ပြေးတော့ ကိုဦးကလည်း နောက်မှ လိုက်သွားသည်။

အခန်းတွင်းမှာ ပန်းပွင့်ဝေသည် သူ့ကိုကိုဦးကို ဖက်လျက် တုန်နေရှာ၏။

မျက်ရည်များကလည်း အသွယ်သွယ်ကျဆင်းလျက်...

ကိုဦးသည် ပန်းပွင့်ဝေကို ခါတိုင်းလိုပင် ပွေ့ယူပြီး ပါးချင်းအပ်လျက်...

"ပွင့်ဝေ... အခန်းတံခါး ချက်ထိုးထား... ကြားလား၊ ကိုကိုဦး သွားဖြေရှင်းမယ်"

"မေမေ့ကို ဟိုကောင်ကြီး ခေါ်လာတာပဲ ဖြစ်မယ်၊ ခွေးစုတ်ကောင်... ပြည့်ဖြိုးဝေ ဆိုတဲ့ သေနာ..."

"အို... ချစ်ကလည်းကွာ..."

ချော့မော့ပြီးမှ...

"ပွင့်ဝေနဲ့ ကိုကိုဦးက တရားရုံးမှာ တရားဝင် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးသား လင်နဲ့မယား၊ သူတို့ ဘာမှလုပ်လို့မရဘူး၊ မကြောက်နဲ့နော် ချစ်...”

“ကဲ... ကိုကိုဦး သွားပြီး ရင်ဆိုင်လိုက်တော့မယ်”

ကိုဦး ထွက်လာချိန်မှာ လမ်းမြင့်ပေါ်မှာ ရပ်ထားသော ဂျစ်ကားဝါပေါ်မှ ဒေါ်မြနှင်းဖြူ ဆင်းလာသည်။

တခြား ဘယ်သူမှ ပါမလာ။

ကိုဦးနဲ့အတူ ပြည့်ဖြိုးဝေပါ အိမ်ရှေ့မှ မတ်တတ်ရပ်လျက် ဒေါ်မြနှင်းဖြူကို စောင့်ကြိုနေသည်ကို မြင်လိုက်သည်နှင့်...

“ဟင်... ပြည့်ဖြိုးဝေလည်း ရောက်နေတယ်လား...”

ဤစကားကြောင့် ချိန်းထားပြီးမှ ရောက်လာခြင်းမဟုတ်ကြောင်း ကိုဦး နားလည်လိုက်ရပါသည်။

ဒေါ်မြနှင်းဖြူသည် သနပ်ခါးမပါသော မျက်နှာနှင့် ငိုထားရလွန်းသဖြင့် နီမြန်းနေသော မျက်ဝန်းအစုံမှာ စိုးရိမ်စိတ် လွှမ်းကဲစွာဖြင့်...

“ကိုဦး... သ...သမီးရော...သမီးလေးရော ဟင်”

ကိုဦး မဖြေရဲသေး။

“ပြောကြပါဦး သားတို့ရယ်၊ ဒေါ်လေးရဲ့သမီးလေးမှ ဒီမှာ ရှိရဲ့လားကွယ်...”တဲ့။

ဒေါ်မြနှင်းဖြူက ငိုချလိုက်ပြီး ပုံလဲသွားတော့မလို ဖြစ်သွားသည်နှင့် သူတို့နှစ်ယောက် ပြိုင်တူပင် မ,ယူ တွဲထူပြီး ဧည့်ခန်းထဲသို့ တွဲခေါ်လာရသည်။





“မင်းတို့ချစ်ခြင်းကို ခွဲမလို့ မဟုတ်ရပါဘူး ကိုဦးရယ်...၊ ဒေါ်လေး သမီးလေးမှ အသက်ထင်ရှား ရှိသေးရဲ့လားလို့ပါ”

ဒေါ်မြနှင်းဖြူ ငိုနေပုံက ရင်ပွင့်ကွဲတော့မတတ်...

“ကဲ... ကိုရန်ပြေ အမှန်ပဲ ပြောလိုက်ပါဗျာ”

ဒေါ်မြနှင်းဖြူ ခေါင်းမော့လာပြီး မျှော်လင့်စွာ စောင့်စားနေရှာ၍...

“ရှိပါတယ် ဒေါ်လေး... ကျွန်တော်နဲ့ အတူပဲ ရှိနေပါတယ်၊ ဒေါ်လေးကို ကြောက်လို့ အခန်းထဲမှာ ဂင်ပုန်းနေတာပါ”

“အမယ်လေး... တော်ပါသေးရဲ့တော်... တော်ပါသေးရဲ့၊ ဘုရား ကယ်ပေလို့သာပဲ အောက်မေ့ရမှာပဲ၊ ကိုဦးရေ ဘာပဲဖြစ်နေ ဖြစ်နေ ဒေါ်လေးသမီးလေး အသက်ရှင်လျက် ရှိနေတယ်ဆိုရင် ဒေါ်လေးရင်ထဲက အလုံးကြီး ကျပါပြီသားရယ်”

“ဒီလိုဆိုရင်လည်း ပွင့်ဝေလေးက ဒေါ်လေးကို တွေ့ချင်မှာပါပဲ၊ ကျွန်တော် သွားခေါ်ခဲ့မယ်နော် ဒေါ်လေး”

“အေး အေး...မေမေ စိတ်ပူလွန်းလို့ လိုက်လာတာ၊ ဘာမှ မလုပ်ပါဘူးလို့ ပြောပါနော် သားရယ်”

ကိုဦး ထွက်သွားပြီးသော်လည်း ချက်ချင်းထွက်မလာဖြစ်ကြ။ ပန်းပွင့်ဝေကို အကျိုးအကြောင်း ရှင်းပြနေရဟန် ရှိသည်။

“မောင်ပြည့်ဖြိုးဝေ”

“ခင်ဗျာ... ဒေါ်ဒေါ်”

ဒေါ်မြနှင်းဖြူသည် ပြည့်ဖြိုးဝေကို ဒေါက်တာစောပြည့်၏



www.burmeseclassic.com

www.burmeseclassic.com



သားလေးအဖြစ်နှင့် မြင်လာသောအခါ ရင်မှာ လှိုက်ခုန်စွာ လှုပ်ရှား လွန်းရသဖြင့် သူ့ရင်ကို လက်နှင့်ဖိရင်း...

"မောင်ပြည့်ဖြိုးဝေကို ဒေါ်ဒေါ် ရှင်းပြစရာတွေ၊ ဖွင့်ပြော စရာတွေ ရှိနေပြီကွယ်"

"ဟုတ်ကဲ့... ကျွန်တော်ကလည်း ဒေါ်ဒေါ်နဲ့ ဆွေးနွေးချင် နေတာ ကြာပါပြီခင်ဗျာ"

နှစ်ဦးသား ကြာမြင့်စွာ ကြည့်မိကြသည်။

နားလည်နိုင်ရန် ခက်ခဲလွန်းသော အကြောင်းအရာ...

ရှုပ်ထွေး နက်ရှိုင်းလွန်းသော ပြဿနာများစွာကို...

တစ်ဦးမှ တစ်ဦးသို့ ဘာတစ်ခွန်းမှ မပြောကြသေးမီမှာပင် နားလည်နှင့်ပြီးသား ဖြစ်နေကြသလိုပင်...

သူတို့ချင်း၏ မျက်ဝန်းများက ရင်းနှီးလွန်းလှချေသည် တကား...

○





## အခန်း (၃၂)

စုံပတတ်ကုန်းပေါ်မှ မော့ကြည့်လိုက်တော့ မိုးသားမိုးရိပ် ညို့ညို့မှိုင်းမှိုင်းတို့က အုပ်ဆိုင်းလျက် ရှိနေသည်။

"လေရယ် မတိုက်ပါနဲ့ကွယ်၊ ဒီကုန်းမြေပေါ်မှာပဲ မိုးတွေ ရွာချလိုက်စမ်းပါ၊ သဲသဲမဲမဲကြီး ရွာချလိုက်စမ်းပါ...

"ဒါမှ စုံပတတ် ကုန်းမြေအောက်က 'အင်း'မှာ ရေတွေ ပြည့်မှာ..."

"ရေတွေလျှံမှ လှေက ထွက်လို့ရမှာ..."

"ဒါကြောင့် မိုးသားမိုးငွေ့တွေ အုံ့ဖွဲ့နေတဲ့ တိမ်မည်းညိုတွေ ဒီပေါ်မှာပဲ ရှိနေပါစေ..."

လေက တိုက်ယူသယ်ဆောင်သွားရင်း ပင်းတလဲတောင်ရဲ့ ဟိုဘက်က ယာခင်းတွေအပေါ်မှာ မိုးက သွားပြီးရွာနေရင် အခက်။

"ဒီည မိုးရွာပါမှ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီည ဒီအင်းမှာ ရေပြည့်ပါမှ…"

ဤဆိုတောင်းမှု ဆန္ဒများဖြင့် ကောင်းကင်ကို မော့ကြည့်ရင်း စုံပတတ် ကုန်းမြေပေါ်မှနေ၍ အင်းစပ် ရေပြင်အထိ တရွေ့ရွေ့ ဆင်းလာနေသူက…

"ဦးကျော်စွာမင်းမောင်"

သူ့လက်မှာ ဓားရှည်ကြီးတစ်ချောင်းကို ကိုင်ထား၏…

သူသည်… အင်းရေနှင့် မြေစပ်မှာ ပေါက်နေသော စုံပတတ်ပင်ကြီး နှစ်ပင်၏ကြားသို့ ဆင်းသက်လာသည်။

ထိုနေရာ၌ အလေ့ကျပေါက်နေသော ချုံနွယ်များကြောင့် အပေါ်စီးမှကြည့်လိုက်တော့ ဘာမှမမြင်သာ…

ဦးကျော်စွာမင်းမောင်၏ လက်မှ ဓားရှည်ကြီးဖြင့် ချုံနွယ်များကို ခုတ်ဖြတ် ရှင်းချလိုက်တော့ သစ်သားပစ္စည်းတစ်ခု၏ အပိုင်းအစကို မြင်သာလာရသည်။

ဦးကျော်စွာမင်းမောင်က ထိုအရာကို တရွေ့ရွေ့ဆွဲပြီး ရေဘက် သို့ ဆင်းလိုက်သည့်အခါမှာတော့ ပါလာသည့်အရာက…

'လှေငယ်တစ်စင်း'

လှေအတွင်းမှာ နိုင်လွန်ကြိုးတစ်ခွေနှင့် လှော်တက်နှစ်ချောင်း။

လှေက လုံးလုံးလျားလျား ရေထဲရောက်လာတော့ သူ့ အောက်ပိုင်းတစ်ခုလုံး စိုနစ်နေလေပြီ။

သည်တော့မှ လှေပေါ်သို့ သူ ကျင်လည်စွာခုန်တက်ပြီး လှော်တက်တစ်ချောင်းကို ဆွဲလျက်…





အေးငြိမ်း ညင်သာစွာ အင်းရေပြင်မှာ လှေကို သူ လှော်ခတ်လာသည်။

ဦးကျော်စွာမင်းမောင်သည် ရှေးရှေးက သင်လာရသည် ဆိုသော အင္ဂါရပ် ဆယ့်ရှစ်ရပ်ထက်ပိုအောင် တတ်ကျွမ်းသူ ဖြစ်လိမ့်မည် ထင်သည်။

မြင်းကို ကျွမ်းကျင်စွာ စီးတတ်သလို… ရေကူးကလည်း ကျင်လည်လှသည်။

မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်ကို မိုးပျံအောင် မောင်းတတ် မောင်းနိုင်သလို…

မော်တော်ဘုတ် မောင်းတတ်သည်… လှေလှော်တတ်သည်။ အားလုံး ကျွမ်းကျင် နိုင်နင်းစွာ…

မြေပြင် ရေပြင်၌ ရှိသမျှသော အရာအားလုံး စီးတတ်၊ မောင်းတတ်၊ လှော်တတ်သူအဖြစ် သတ်မှတ်နိုင်ပါပေသည်။

ဦးကျော်စွာမင်းမောင် အလုပ်တစ်ခုကို လုပ်ပြီးချိန်မှာ နောက်ထပ် လိုက်ပြင်ရရိုး ထုံးစံမရှိ။ တိကျ သေချာလွန်းလှပေသည်။

အမှန်တော့…

ဦးကျော်စွာမင်းမောင် ဆိုသောသူသည် သူနှင့် ဆက်စပ်ပတ်သက်လာသော အရာတိုင်းကို အာရုံစူးစိုက်စွာ တိတိကျကျ ဆောင်ရွက်တတ်သူ 'လူတော်'တစ်ဦး ဖြစ်ပါလေသည်။

ပင်းတလဲတောင်နှင့် ပြာသောရေ… စိမ်းသောသစ်ပင်…



www.burmeseclassic.com

www.burmeseclassic.com



ဖြူလွှင်သော ငှက်ကလေးများ... ပျံသန်းနေသော သဘာဝ၏ အလှတရားများကို ငေးမောရင်း လှေကို ဖြည်းဖြည်းချင်း လှော်နေရာမှ...

"ဟင်... ဒီနေရာမှာ ရေက နည်းနည်းလေးပဲ ရှိပါသေးလား..."

လှော်တက်နှင့်ထောက်လိုက်တော့ တစ်တောင်ကျော်လောက်ပင် ရှိမည်ထင်သည်။

ရှေ့ဆက်လှော်၍ မဖြစ်တော့။

ဒီမှာဘက်က ကြည့်လိုက်တော့လည်း အင်းတစ်ခြမ်းလုံး ရေတွေဖွေးနေသလို မြင်ရသည်။

ကိုယ်တိုင်လှေလှော်လာလေမှ ရေက တိမ်တိမ်လေးရှိကြောင်း လက်တွေ့ သိရပါ၏။

ရေဖွေးဖွေး အလွန်မှာတော့...

"နွံ့"...

နွံ့တစ်ပြင်သည် ပင်းတလဲ တောင်ခြေနှင့် ထိစပ်သည်အထိ ကျယ်ပြန့်၏။

သို့ပါသော်လည်း...

ဦးကျော်စွာမင်းမောင် အာရုံစိုက်မိသည်က သူ့ရှေ့ ပေငါးဆယ်လောက် အကွာမှာရှိနေသော...

နွံ့တစ်ပြင် မွှံ့တစ်ကွက်ဆီသို့သာ





ထိုနွံ့ကို စိုက်ကြည့်ပြီးချိန်မှာတော့ စောစောက မြင်တွေ့ခံစားခဲ့ရသော သဘာဝ အလှတရားများအားလုံး အရုပ်ဆိုး အကျည်းတန်သွားခဲ့ရလေပြီ...။

"အင်း... ဒီည မိုးမရွာရင်တော့ အခက်ပဲ"

စိုးရိမ် မျှော်လင့်စိတ်များဖြင့် ကောင်းကင်ကို မော့ကြည့်လိုက်တော့လည်း...

စုံပတတ်ပင်များကြားမှာ မြင်ခဲ့ရသော မြင်ကွင်းထက် ကျယ်ပြန့် ရှင်းလင်းနေ၍ တိမ်ညိုကွက်များက အားရလောက်ဖွယ်မရှိဟု အားလျော့စွာ တွေးမိပြန်သည်။

သို့သော်လည်း... နေဝန်းနီကို လုံးဝမမြင်ရတော့။ မိုးသားမိုးရိပ်များက ပိတ်ဆီးကာရံထားလေသည်။ ကျယ်ပြန့်သော မြင်ကွင်းကြောင့်သာ မိုးရိပ်မစွန်းသော ကောင်းကင်ပြင်ကို ဖြူမှိုင်းမှိုင်း မြင်တွေ့နေရခြင်း ဖြစ်ပေသည်။

"ဒီည ရွာချင်လည်း ရွာမှာပါပဲလေ"

မျှော်လင့်ချက်များစွာဖြင့် လှေကို ပြန်လှော်လာခဲ့သည်။ လှေကို လည်း ပကာသားနှင့် ခဏသုံးရုံ ပေါ့ပေါ့ပါးပါးလေး လုပ်ထား သဖြင့် အပြန်လမ်းက မြန်ဆန်စွာ ရောက်ရှိလာခဲ့သည်။

စောစောက ထုတ်ယူခဲ့သော စုံပတတ်နှစ်ပင်ကြားမှ ချုံနွယ်တောထဲသို့ လှေကို ခက်ခက်ခဲခဲပြန်သွင်းပြီး ထောင်ထားသော ဓားနှင့်ပင် နွယ်ပင်များကို ရွှေ့ကာ ပိတ်ဆီးလိုက်တော့ ဤနေရာတွင် လှေငယ်တစ်စင်း ဝှက်ကွယ်ထားကြောင်း မည်သူမျှ မသိရှိနိုင်



www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်တော့ပါပေ။

လုံချည်တွေ ရေစိုနေချိန်မှာ မိုးသက် မိုးငွေ့များကြားမှ ဖြတ်သန်းလာသောလေက စိမ့်နေသည်။

သို့သော်လည်း . . .

ဦးကျော်စွာမင်းမောင် အေးရမှန်း ချမ်းရမှန်း မသိတော့ . . .

စုံပတတ်ပင်စည်ကို မှီ၍ လက်ပိုက်လျက် စောစောက နွံကွက်ကိုသာ ငေးစိုက်ကြည့်နေမိသည်။

မသိပါ . . .

သူလည်း အစက မသိခဲ့ပါ . . .

ဤနွံကွက်၏ လျှို့ဝှက် နက်ရှိုင်းချက်ကို သူ့ မသိသလို သူ့ဘိုးဘွား မိဘများ လက်ထက်ကလည်း မည်သူမျှ မသိခဲ့ကြ။

ဩရိသ၏ မြောက်ဘက်ပိုင်းမှာ နေကြသော ပရဆေးပင် စိုက်သည့် အလုပ်သမားများထံမှလည်း တစ်ခါမှ ပြောသံမကြားခဲ့ရ။

ဤလျှို့ဝှက်ချက်ကို ပထမဆုံး စတင်တွေ့ရှိသူက သူကိုယ်တိုင် . . . ဦးကျော်စွာမင်းမောင် ကိုယ်တိုင် . . .

○





## အခန်း (၃၂) က

လွန်ခဲ့သော နှစ်ပေါင်းများစွာမှ တစ်နေ့သော တနင်္ဂနွေ ရက်များဆီက . . .

သူနှင့် တပည့်တစ်ယောက်တို့ ဤဘိုတဲသို့လာ၍ အပန်းဖြေ အမဲပစ် ထွက်ကြသည်။

အမဲပစ် ဆိုသော်လည်း တောကောင်များပစ်၍ ရသောနေရာ မဟုတ်။ တောက မခေါင် . . . ယခုအခါမှာ တောကိုရှင်း၍ ပရဆေး စိုက်ခင်းများ ရှိနေ၍ သမင်၊ ဒရယ် စသော တောကောင် မပြောနှင့် ယုန်ကလေးများပင် မတွေ့နိုင်တော့ချေ။

ကိုကျော်စွာမင်းမောင် အမဲပစ်သည် ဆိုခြင်းမှာ ငှက်ပစ်ခြင်း သာ ဖြစ်ပါ၏။

ယခုလို သာယာသောရာသီများတွင် အုပ်စုလိုက်ဖွဲ့၍ ရောက် လာတတ်သော ဗျိုင်းများ၊ တင်ကျီးငှက်များ၊ ခရုစုတ်ငှက်အုပ်များ ကို တွေ့ရှိနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မောင်တိုးရေ... ဟင်းချက်ဖို့ အသင့်ပြင်ထားကွာ၊ ခရုစုပ်ငှက်တွေ အင်းပြင်မှာ ရှိနေကြတယ်၊ ငါနဲ့ ဂျက်ကီနဲ့ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့... ဆရာ၊ ကျွန်တော် ဒီဘိုတဲကပဲ စောင့်နေတော့မယ်"

ကိုကျော်စွာမင်းမောင်၌ သူချစ်သော... သူအားကိုးရသော အင်းခွေးကြီးနှစ်ကောင် ရှိသည်။

ပင်ကို ထွားရသည့်အထဲ... အသားများ၊ ကြက်ဥများပါ ကျွေးထား၍ ခြေတံရှည်ရှည်နဲ့ ထွားထွားကျိုင်းကျိုင်းကြီးများ ဖြစ်နေကြပေသည်။

ပြောင်လက်သော အမွေးရောင် အညိုနှင့်ကောင်ကို ဂျက်ကီ။ နက်မှောင် ပြောင်လက်နေသော အမွေးနှင့်ခွေးက ဘလက်ကီ။

နှစ်ကောင်လုံး အထီးချည်း...

သူတို့သခင်ကို သူတို့ချစ်သလို ကိုကျော်စွာမင်းမောင်ကလည်း ဂျက်ကီနှင့် ဘလက်ကီကို ချစ်ရုံမက ယခုလို ငှက်ပစ်ထွက်သည့်အခါ အားကိုးလွန်းရပါ၏။

ကြည့်ပါ...

ကိုကျော်စွာမင်းမောင် ပစ်ချလိုက်သောငှက်ကို သူကလည်း စောင့်ကြည့်နေပြီး ဘယ်လောက်ပင်ဝေးပါစေ ကဆုန်စိုင်းပြေး၍ ငှက်တစ်ကောင်ကို ကိုက်ချီ ယူဆောင်လာကာ သူ့သခင်၏ ခြေရင်းမှာ ချပေးပေမည်။





ယခုလို နွေကာလဆိုတော့ အင်းပြင်မှာ ရေခန်းနေ၏။

တချို့နေရာ၌သာ ရေလည်း စပ်စပ်ရှိသည်။ တချို့နေရာမှာတော့ ကုန်းခေါင်ခေါင်လို အင်း၏ရေပြင်က ပေါ်လွင်နေပေသည်။

အကယ်၍ ရေရှိစေဦး... ဂျက်ကီသည် ငှက်သေကို ကိုက်ချီလျက် ခေါင်းလေးမော့ကာ ရေကူး၍ ပြန်လာမည်။

အလွန်ချစ်စရာကောင်းသည့်ခွေး...

သိပ်လိမ္မာသည့်ခွေး...

သခင်၏အလိုကို သိနားလည်လွန်းသော ဂျက်ကီနှင့် ဘလက် ကီ ဆိုသော ခွေးလေးနှစ်ကောင်...

ထိုနေ့က...

ကိုကျော်စွာမင်းမောင်သည် ဘလက်ကီကိုချည်ခဲ့ကာ ဂျက်ကီကို ဆွဲခေါ်လာတော့ ဘလက်ကီကလည်း ချည်ထားသောကြိုးမှ ရုန်းကန်ရင်းဖြင့် သူ့သခင်နောက် လိုက်ချင်လွန်းစွာ အော်၍ကျန်ရစ်ခဲ့လေသည်။

"မင်းတို့ နှစ်ကောင်လုံးဆို ရှုပ်ကုန်မယ်ကွ၊ ငါပစ်ချတဲ့ငှက်ကို နှစ်ကောင်လုံး ပြေးဖမ်းကြမှာ၊ နေခဲ့ဦးနော် ဘလက်ကီ"

လူစကား နားလည်ဟန်နှင့် ငြိမ်သွားသော်လည်း အူအူ... ဆိုသော အသံတိမ်လေးနှင့် အမြီးနှံ့၍ကျန်ခဲ့ရှာသော ဘလက်ကီ။

ကိုကျော်စွာမင်းမောင်သည် ဂျက်ကီ၏လည်ပင်းမှ ကြိုးစလေးကို ဆွဲလျက် ဘိုတဲမှထွက်ကာ စုံပတာတ်ကုန်းပေါ် တက်ပြီး အင်းရှိရာသို့ ပြန်ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်တစ်အုပ်သည် အင်းထဲမှာ ရေနည်းနေသဖြင့် ခိုကိုးရာမဲ့သလို ဖြစ်နေရှာသော ငါးလေးများကို သူတို့၏ နှုတ်သီးရှည်ကြီးများဖြင့် အလွယ်တကူ ထိုးယူ စားသုံးနေကြသည်။

ကိုကျော်စွာမင်းမောင် ရပ်နေသော နေရာနှင့်တော့ အတော်လေး လှမ်းပါ၏။

ကိစ္စမရှိပါ... လက်ဖြောင့်ပြီးသားမို့ ကိုယ့်ကိုယ်ကို ယုံကြည်ချက် အပြည့်ဖြင့် သူ၏ ပွိုင့်တူးတူးသေနတ်ဖြင့် ပစ်မှတ်ကို အသေအချာ ချိန်ရွယ်လိုက်ပြီးကာမှ...

"ဒိုင်း..."

ဆိုသောအသံကြောင့် ငှက်အုပ်ကြီး လန့်ပြေးသော်လည်း သေနတ်ထိသွားသော ကံဆိုးငှက်ကလေးမှာ တစ်ချက် နှစ်ချက်သာ အတောင်ခတ်နိုင်ပြီး ကျသွားသည်နှင့်...

"သွားကောက်တော့ ဂျက်ကီ"

တင်ပါးလေး တစ်ချက် ရိုက်လွှတ်လိုက်သည်နှင့် ခြေလက်အစုံဆန့်ကာ လွှားခနဲ လွှားခနဲ ခုန်ပြေးသွားပြီး ငှက်ကို ကောက်၍ ကိုက်ချီလိုက်သည်။

ဂျက်ကီသည် သွားတုန်းက ဇောနှင့်မို့လား မသိ၊ ထောင့်တန်း ပြေးပြီးမှ အပြန်လမ်းမှာ ကွေ့လှည့်လျက် လမ်းဖြောင့်အတိုင်း ပြန်ပြေးလာခဲ့သည်။

ဂျက်ကီ၏ဟန်ပန်က အသွားတုန်းကလို သေပြေး ရှင်ပြေး မဟုတ်တော့။





အောင်မြင်လာပြီ ဟူသော မော်ကြွားဟန်ဖြင့် အပြန်၌ နှေးလာသည်။

ကိုကျော်စွာမင်းမောင်မှာ သူ၏အောင်မြင်မှုအတွက် ဂျက်ကီ၏ အပြန်လမ်းကို ပြုံးပြုံးကြီး စောင့်ကြိုနေဆဲမှာ...

"ဟာ... ဂျက်ကီ"

ဂျက်ကီသည် ငှက်ကိုချီလျက် နွံထဲနစ်သွားရှာသည်။

နောက်ခြေနှင့် ခါးတစ်ပိုင်း နစ်မြုပ်သွားသဖြင့် အားရှိသော ဂျက်ကီမှာ ပို၍ရုန်းလေ ပို၍နစ်လေ...

"အို..."

"ဟေး... ဂျက်ကီ... လာ လာ..."

"လာခဲ့သား... လာ... ဂျက်ကီ လာ..."

သူ့သခင် အသံပေးနေသည်ကို သိရှိဟန်ဖြင့် နားရွက်ကလေးထောင်၊ ခေါင်းလေးမော့ပြီး အစွမ်းကုန် ရုန်းနေဆဲမှာပင်...

တဖြည်းဖြည်း နွံနစ်လျက်...

ဦးကျော်စွာမင်းမောင်၏ မျက်စိရှေ့မှောက်မှာပင်...

ဤနွံအိုင်အတွင်းသို့ စုံးစုံးနစ်မြုပ်သွားခဲ့လေပြီတည်း။

"အို... ဂျက်ကီရယ်..."

ရင်၌ နင့်သွားမိသည်။

ချစ်လှစွာသောခွေးလေး... သူ့မျက်စိရှေ့မှာပင် မရှုမလှ သေဆုံးသွားရှာပြီ။

ဤနေရာ၌ ဤကဲ့သို့ နစ်မြုပ်သွားတတ်သော နွံအိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်အိုင် ရှိနေကြောင်း သူ တစ်ခါမှ မသိရှိခဲ့ပါ။

"ဖြစ်ရလေကွာ..."

သေနတ်ကို ကိုင်လျက်ပင် စုံပတတ် ကုန်းပေါ်သို့ သူ ပြန်တက်လာသည်။ သူ့ကို မမြင်ခင်ကပင် ဘလက်ကီက ဟောင်နေပြီ။ သူ့သခင်၏ ရန့်ကို မှတ်မိနေပြီလား။ ပြန်လာသံ ကြားသည်လားဖြင့် မသိနိုင်။

"လာ... ဘလက်ကီ... လာ၊ ငါနဲ့ လိုက်ခဲ့စမ်း"

ဂျက်ကီထက်ပို၍အားကောင်းသော အင်းခွေးကြီး ဘလက်ကီကို ဆွဲခေါ်လာခဲ့သည်။

သူ့ပွိုင့်တူးတူး ကျည်ဆန်တောင့်ကို ထပ်ထည့်၏။

ဂျက်ကီကို နှမြောလှသော်လည်း ဘလက်ကီနှင့် ထပ်၍ စမ်းသပ်ချင်သည်။ ဘလက်ကီကို သူ ယုံကြည်သည်။ ဤအခက်အခဲမှ ကျော်လွှန် ရန်းထွက်နိုင်မည့်ခွေးဟု သူ စိတ်ချစွာ စမ်းသပ်ချင်စိတ် ဝင်လာသည်။

မကြာပါ...

သေနတ်သံ မကြားလိုက်ရသော နောက်ထပ်ငှက်သစ်တစ်အုပ် ရောက်လာပြန်သည်။

ရေနည်းငါး အဖြစ်ဖြင့် ဘဝပျက်နေရှာသော ငါးလေးများစွာ ရှိနေမှန်းသိသော ငှက်တို့သည်လည်း သူတို့၏စားကျက်ရှိရာသို့ ရောက်လာကြပြန်သည်။

ကိုကျော်စွာမင်းမောင်မှာ အကြာကြီး စောင့်ရသည်။





ငှက်များကို စောစောက နွံအိုင်ကြီးနှင့် နီးသည့်နေရာသို့ ရောက်လာသည့်အထိ...

ယခုတော့ သူ့ပစ်မှတ် ဝင်လေသည်။

"ဒိုင်း"

ဆိုသော သေနတ်သံ ဆုံးသည်နှင့် အတော်လေးကြီးသော ခရုစုပ်ငှက်ကြီးတစ်ကောင်ကို ထိသည်။

ငှက်သည် ရှပ်ထိ၍ပဲလား၊ သူ့အားမာန်ကြောင့်ပဲလား မသိ။ သုံးလေးငါးကြိမ်ခန့် အတောင်ခတ်၍ ပျံနေဆဲမှာပင် ဘလက်ကီသည် တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

သူ့ကို ဂျက်ကီတုန်းကလို ပြောနေစရာပင် မလို။ သည်အလုပ်ကို ဘလက်ကီ ကျွမ်းနေလေသည်။

ဒဏ်ရာရ ခရုစုပ်ငှက်သည် အားအင်နှင့် ပျံသန်းနေဆဲမှာပင် ရုတ်တရက် ပြုတ်ကျသွားရှာတော့သည်။ သူ အသက်ရှိဟန် မတူတော့...။

ဘလက်ကီသည် အဟုန်ပြင်းစွာ ပြေးနေဆဲ။ နီးခါနီးမှာပင် ထိုငှက်ကြီးသည် ဦးကျော်စွာမင်းမောင်၏ မြင်ကွင်းအတွင်းမှ နေ၍ နွံတွင်းသို့ တဖြည်းဖြည်းချင်း ကျွံနစ်လျက် စုံးစုံးမြုပ်သွားပြန်တော့သည်။

"ဘလက်ကီ... ဘလက်ကီ"

"ပြန်ခဲ့"

"ပြန်လာခဲ့... ဘလက်ကီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စွာမင်းမောင်မှာ အသံကုန် ကြုံး၍ အော်ခေါ်ပါသော်လည်း...

ဘလက်ကီခမျာ...

ဂျက်ကီ ကဲ့သို့ပင် ထိုနွံအိုင်တွင်းမှ အတင်း ရုန်းကန် လူးလွန့်ရင်းက ဂျက်ကီထက် လျင်မြန်စွာပင်...

"ဟာ... ဘလက်ကီရယ်"

"အိုကွယ်"

သူ့မျက်စိရှေ့မှာပင် သနားစရာကောင်းအောင် ခေါင်းလေးမော့လျက် မျက်လုံးများ ပြူးကျယ်လျက်ဖြင့်...

စုံးစုံးမြုပ်သွားပြန်ခဲ့ပြီတည်း...

"တောက်"

ကိုကျော်စွာမင်းမောင်၏ ရင်ထဲ၌ ချစ်လှစွာသော ခွေးကြီးနှစ်ကောင်အတွက် နာကြည်းချက်က ပြင်းထန်သွားရတော့သည်...

ဂျက်ကီကတော့ ထားပါတော့... မတော်တဆ ဖြစ်ရသည်ပဲ။

ယခု ဘလက်ကီ၏ အဖြစ်ကတော့ သူ၏ စမ်းသပ်ခံဘဝဖြင့် မရှုမလှ သေဆုံးသွားရရှာသော အဖြစ်ပါလား။

"ဆရာ... ဘာဖြစ်လာသလဲ"

"ဟင့်အင်း... ဘာမှမဖြစ်ဘူး"

"ခွေးတွေရော"

"ဟင်..."





"ဂျက်ကီနဲ့ ဘလက်ကီလေ"

"အိမ်ပြန်လွှတ်လိုက်ပြီ၊ ဪ... မောင်တိုးရေ..."

"ဟုတ်ကဲ့ ဆရာ"

"ငါ ခေါင်းနည်းနည်းမူးလို့ကွာ၊ ဘာမှ မစားချင်တော့ဘူး၊ ဝီစကီနည်းနည်းနဲ့ ရေခဲ ထည့်ပေးစမ်း၊ ပြီးရင် မင်း ပြန်နှင့်တော့"

"ထမင်းစားမယ်ဆို ဆရာ"

"ငါပြောနေတယ်၊ ဝီစကီပေးပြီးရင် မင်း ပြန်တော့လို့"

"ဟုတ်... ဟုတ်ကဲ့ ဆရာ"

မောင်တိုးတို့လို တပည့်များက နှုတ်လှန်၍ မေးဝံ့သည်မှ မဟုတ်ဘဲ။ သူ့ဆရာ ကြိုက်တတ်သော်လည်း တစ်ခါတလေမှသာ သောက်လေ့ရှိသော ဘလက်လေဘယ်လ်အရက်ကို ဖန်ခွက်မှာ နည်းနည်းထည့်၊ ပါလာသော ရေခဲဘူးထဲမှ ရေခဲတုံးလေးများကို ထည့်၍ စပ်ပေးပြီးသည်နှင့် မောင်တိုး တစ်ယောက် စုံပတာတ်ကုန်းမြေမှ ပြန်ထွက်သွားလေတော့သည်။

ကိုကျော်စွာမင်းမောင်သည် လှုပ်ရှားနေသော ရင်ကို ငြိမ်သက်စေရန်အတွက်သာ အရက်ကို တစိမ့်စိမ့် သောက်နေရသော်လည်း အရသာကို မခံစားမိ။

ဂျက်ကီနှင့် ဘလက်ကီတို့၏ အဖြစ်ဆိုးကိုလည်း မောင်တိုးအား တမင်ပြောမပြလိုက်တော့။

ကိုကျော်စွာမင်းမောင်၏ အကျင့်က သူ့တွင် ဆုံးရှုံးမှုတစ်ခုခု ရှိလာခဲ့လျှင် မည်သူမျှ မသိစေရ။ မည်သူ့ကိုမှ သူ ပြောလေ့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုကိုဖြင့် မကြွားဝါလိုလှပါသော်လည်း လူအများသိသွားလည်း ကိစ္စမရှိ။ သိကြပါစေ...။

ဆုံးရှုံးမှုကိုတော့ ဘယ်သောအခါမှ ဘယ်သူမှ မသိစေရ။

ဥပမာ– ကားတိုက်မိ၍ ပွန်းပဲ့သွားသော ကိစ္စလေးလောက်ကိုပင် မည်သူမျှ မသိစေရ။

ထိုနေ့က ဂျက်ကီနှင့် ဘလက်ကီတို့နှစ်ဦး မရှုမလှ သေဆုံးသွားရပုံများနှင့်...

သူ၏ ဩရိဿပိုင်နက်ကြီးအတွင်းမှာ ဤမျှ နက်ရှိုင်းဆန်းပြားသော နှံ့ကြီးတစ်အိုင် ရှိနေသည် ဆိုသည်များကို...

သူသည် ထိတ်လန့်တုန်လှုပ်စွာ မြင်တွေ့ သိရှိခဲ့ရပါတော့သည်။

○





## အခန်း (၃၂) ၁

လွန်ခဲ့သော နှစ်ပေါင်းများစွာမှ အကြောင်းအရာများသည်... ယခုပင် သူ့ရှေ့၌ ပြန်လည်ရှင်သန် လှုပ်ရှားလာသည်သို့ပင်...

ဦးကျော်စွာမင်းမောင်၏အတွေးအာရုံမှာ ပြန်လည် မြင်ယောင်လာသည်။

သူသည် စုံပတတ်ပင်ကို မှီလျက် လက်ပိုက်လျက်နှင့်ပင်...

စောစောက ရေထဲဆင်းပြီး လှေကိုဆွဲချ၊ ပြန်သွင်း လုပ်ခဲ့သဖြင့် ကိုယ်တစ်ပိုင်း စိုနေခဲ့သည်မှာမင် ယခုတော့ တိုက်ခတ်လွန်းသော လေအေးကြောင့် ခြောက်သွေ့ခဲ့ချေပြီ။

သူ့တစ်ကိုယ်လုံးမှာတော့ အေးစက်လျက်...

သူ့ကိုယ်ခန္ဓာမှ ပူခြင်း အေးခြင်းများကိုလည်း သူ သတိမထားအားတော့။

အင်း... ရေပြင်မှာ ရေတိမ်နေ၍ သူ အလုပ်မဖြစ်သည့်အတွက် စိတ်ဓာတ် ကျဆင်းစွာဖြင့် ဘိုတဲရှိရာသို့ သူ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုကိုဖြင့် မကြွားဝါလိုလှပါသော်လည်း လူအများသိသွားလည်း ကိစ္စမရှိ။ သိကြပါစေ...။

ဆုံးရှုံးမှုကိုတော့ ဘယ်သောအခါမှ ဘယ်သူမှ မသိစေရ။

ဥပမာ– ကားတိုက်မိ၍ ပွန်းပဲ့သွားသော ကိစ္စလေးလောက်ကိုပင် မည်သူမျှ မသိစေရ။

ထိုနေ့က ဂျက်ကီနှင့် ဘလက်ကီတို့နှစ်ဦး မရှုမလှ သေဆုံးသွားရပုံများနှင့်...

သူ၏ ဩရိုသပိုင်နက်ကြီးအတွင်းမှာ ဤမျှ နက်ရှိုင်းဆန်းပြားသော နံ့ကြီးတစ်အိုင် ရှိနေသည် ဆိုသည်များကို...

သူသည် ထိတ်လန့်တုန်လှုပ်စွာ မြင်တွေ့ သိရှိခဲ့ရပါတော့သည်။

○





## အခန်း (၃၂) ခ

လွန်ခဲ့သော နှစ်ပေါင်းများစွာမှ အကြောင်းအရာများသည်... ယခုပင် သူ့ရှေ့၌ ပြန်လည်ရှင်သန် လှုပ်ရှားလာသည်သို့ပင်...

ဦးကျော်စွာမင်းမောင်၏ အတွေးအာရုံမှာ ပြန်လည် မြင်ယောင်လာသည်။

သူသည် စုံပတတ်ပင်ကို မှီလျက် လက်ပိုက်လျက်နှင့်ပင်...

စောစောက ရေထဲဆင်းပြီး လှေကိုဆွဲချ၊ ပြန်သွင်း လုပ်ခဲ့သဖြင့် ကိုယ်ပေါ်စပိုင်း စိုနေခဲ့သည်မှာပင် ယခုတော့ တိုက်ခတ်လွှန်းသော လေအေးကြောင့် ခြောက်သွေ့ခဲ့ချေပြီ။

သူ့တစ်ကိုယ်လုံးမှာတော့ အေးစက်လျက်...

သူ့ကိုယ်ခန္ဓာမှ ပူခြင်း အေးခြင်းများကိုလည်း သူ သတိမထားအားတော့။

အင်း... ရေပြင်မှာ ရေတိမ်နေ၍ သူ အလုပ်မဖြစ်သည့်အတွက် စိတ်ဓာတ် ကျဆင်းစွာဖြင့် ဘိုတဲရှိရာသို့ သူ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဧည့်သည်တွေက ရောက်နေ၊ အိမ်ရှင်က ပျောက်နေပြီလေ၊ အဟား...ဟား... တကယ် အားနာစရာကွယ်"

"အစ်ကိုမှာတဲ့စာက ရောက်တာ နောက်ကျနေတယ်လေ၊ အမေက နေကောင်းနေပါပြီ၊ အမျိုးတွေ ဆွဲထားကြတာနဲ့ ကြာနေတာ၊ အားနာလိုက်တာ မပြောပါနဲ့တော့ကွယ်၊ ကလေးတွေတော့ ဘယ်လိုနေရ၊ စားရတယ် မသိတော့ပါဘူး"

စကားပြေ တရစပ်ပြောရင်း အိမ်တွင်း ဝင်လာသော နော်ဂလိုးရီယာမှာ စကားသံတွေရော အပြုံးများပါ ရပ်ဆိုင်းသွားတော့သည်။

ဧည့်ခန်းတွင်း၌ ထိုင်နေသူကချည်း လေးယောက်။

တစ်ယောက်မှ မျက်နှာ မကောင်းကြ။

မိန်းမနှစ်ယောက်၏ ငိုထားသော မျက်နှာက သိသိသာသာကြီး...။

"ဆရာမ... ဆရာမ ကျွန်မကို မမှတ်မိဘူးလားဟင်၊ ကျွန်မ မြနှင်းဖြူလေ"

"မြနှင်းဖြူ...မြနှင်းဖြူ... အို...မြနှင်းဖြူလည်း လိုက်လာတယ်လား"

မတွေ့ရသည်မှာ ဆယ်နှစ်ကျော်ကာလ ကြာမြင့်ခဲ့လေပြီမို့ နော်ဂလိုးရီယာက ဒေါ်မြနှင်းဖြူကို ဖက်ရင်း ရင်းနှီးလိုက်လှဲစွာ ဝမ်းသာဟန် ပြရှာသည်။

"သမီးတို့ နှစ်ယောက်အကြောင်းတော့ သိပြီးရောပေါ့နော်"





"သိတယ်လေ၊ မောင်သက်ဆွေတို့ သားအဖက အိမ်ကို လာပို့ထားတယ်၊ အမြန် ပြန်လာပါလို့ အစ်ကို့စာထဲမှာ ပါတယ်၊ ပြီးတော့ ဒီကလေးနှစ်ယောက်ကို မင်းတယတောင်ခြေ ကားဂိတ်မှာ မကြာသေးခင်ကပဲ တွေ့လို့ နှုတ်ဆက်ခဲ့မိပါသေးတယ်၊ ဒီလိုဖြစ်ပြီး ဒီလို ရောက်လာလိမ့်မယ်လို့ လုံးဝ မယင်ဘူးကွယ်၊ သူတို့ လက်ထပ်ပြီးမှတော့ ခွင့်လွှတ်လိုက်ပါတော့နော်"

ဒေါ်မြနှင်းဖြူသည် ခေါင်းတဆတ်ဆတ် ညိတ်ပြီးမှ နီမြန်းနေသော မျက်ဝန်းနှင့် ပြည့်ဖြိုးဝေကို လှမ်းကြည့်လိုက်ပြီး...

"ဆရာမ"

"ဟင်..."

"ဟိုသူငယ်က ပြည့်ဖြိုးဝေတဲ့၊ ရဲအရာရှိအဖြစ်နဲ့ ကာသစ်နီကို ပြောင်းလာတာ၊ သူဟာ ဆရာမတို့၊ မြနှင်းဖြူတို့ရဲ့ ချစ်လှစွာသော ဆရာ ဒေါက်တာဦးစောပြည့်ရဲ့ သားပဲ"

"အို... ဘုရားသခင်"

အံ့ဩလွန်းစွာ ရင်ဘတ်ကို သူ့လက်နှင့်ဖိကပ်၍ သံယောဇဉ် ရှိနှင့်ပြီးသား လူငယ်တစ်ယောက်ကို ကြည့်သော အကြည့်မျိုးနှင့် စိုက်ကြည့်နေလေသည်။

ပြီးတော့မှ ပန်းပွင့်ဝေကို သူ ကြည့်သည်။

နောက်ပြီးတော့ ပြည့်ဖြိုးဝေကို ပြန်ကြည့်သည်။ နှစ်ယောက်ကို တစ်ယောက် တစ်ပြန်စီ ယှဉ်ကြည့်နေသည့်သဘော...။

"ကဲ... ဆရာမလည်း ခရီးပန်းလာတယ်၊ အနားယူပါဦးလေ၊ ပြီးတော့မှ ပြောစရာရှိတာ ပြောကြရအောင်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ... ကောင်းပြီ၊ အနားယူစရာတော့ မလိုပါဘူး၊ ကားစီးလာရတာ ပူလွန်းလို့ အင်္ကျီ လုံချည် လဲရုံလေးပဲ"

ခဏလေးအတွင်းမှာပင်... ပါတိတ်လုံချည် အဟောင်း၊ ဘလောက်စ်ပွပွကြီး တစ်ထည်ကိုဝတ်ပြီး ထွက်လာရှာသည်။

"ကဲ... ဒီကိစ္စတွေအားလုံးကို ကျွန်တော်ကပဲ ဦးဆောင်ပြောပါရစေ ခင်ဗျာ"

နော်ဂလိုးရီယာက ပြည့်ဖြိုးဝေ၏ စကားကို နားမလည်နိုင်၍ နားလည်ချင်စွာ စောင့်စားနေရှာသည်။

"ဒီကိစ္စတွေအားလုံး အခုအချိန်အထိ ဆရာမကြီး သစ္စာရှိစွာ ဖုံးဖိထားတယ်ဆိုတာ ကျွန်တော်တို့ သိရလို့ ကျေးဇူးလည်း တင်ပါတယ်၊ လေးလည်း လေးစားပါတယ် ခင်ဗျာ"

"ဘာကိုလဲကွယ့်"

"ကျွန်တော်နဲ့ ပန်းပွင့်ဝေက မောင်နှမဆိုတာကို..."

"ဘာ...ဘာ... မင်းကို ဘယ်သူပြောလဲဟင်"

"မြနှင်းဖြူ ကိုယ်တိုင်ပဲ ပြောပြခဲ့တာပါ ဆရာမရယ်"

"ဟင်...ပန်းပွင့်ဝေ သိသွားပြီလား၊ ဘယ်တုန်းက သိတာလဲ၊ ဘယ်လိုလုပ်ပြီး သိတာလဲ၊ ဘာကြောင့်သိတာလဲဟင်"

အံ့ဩ တုန်လှုပ်လွန်းစွာဖြင့် နော်ဂလိုးရီယာက မေးခွန်းများကို ဆက်တိုက် မေးချလိုက်သည်။

ဒေါ်မြနှင်းဖြူသည် သူ၏ပင်ကို အေးဆေးသော အမူအရာကို ရယူကာ နော်ဂလိုးရီယာ၏ လက်မောင်းပြည့်ပြည့်ကြီးကို ဆုပ်ကိုင်လျက်...





"မြနှင်းဖြူ ကိုယ်တိုင်ပဲ ပြောပြခဲ့တာပါ"

"အို... မြနှင်းဖြူက ဘယ်လိုလုပ် သိသွားတာလဲ"

"ကိုကို ကိုယ်တိုင်ကပဲ မြနှင်းဖြူကို အားလုံး ဖွင့်ပြောပြလိုက်ပါပြီ"

နော်ဂလိုးရီယာမှာ အံ့ဩလွန်းစွာဖြင့် ဘာမှမပြောနိုင်တော့။

"ကျွန်တော် ကိုယ်တိုင်လည်း ကသစ်နီကို မလာခင်က တည်းက ကသစ်နီမှာ ကျွန်တော့်ရဲ့ ဖအေတူ မအေကွဲ ညီမလေး ပန်းပွင့်ဝေ ဆိုတာရှိနေတယ်လို့ ကြိုပြီးသိလာခဲ့ပါတယ် ဆရာမကြီး"

"ပြည့်...အဲ... ပြည့် ဘယ်သူ"

"ပြည့်ဖြိုးဝေပါ ဆရာမ"

"အေး... ပြည့်ဖြိုးဝေကရော ဘယ်လိုလုပ်သိလဲ၊ ဆရာက ပြောသွားသလား"

"ဒီလိုပါဆရာမ..."

ပြည့်ဖြိုးဝေသည် ရှည်လျားစွာ ရှင်းပြတော့မည့်ဟန်ဖြင့် အနေအထိုင်ကို ပြင်လိုက်ပြီးမှ...

"ကျွန်တော့်မေမေဟာ အိုဂျီ (O-G) တစ်ယောက်ပါ၊ ဖေဖေ ဒီကိစ္စကို စပြီးဆောင်ရွက်မယ် ဆိုကတည်းက မီးယပ်နဲ့ သားဖွား ပါရဂူဖြစ်တဲ့ မေမေနဲ့ တိုင်ပင်ခဲ့ပါတယ်"

"အင်း"

"တစ်ခါ ဦးကျော်စွာမင်းမောင်ရဲ့ တောင်းဆိုချက်အရ အဲ... ကန်တော့နော်... ဖေဖေ့ရဲ့သုက်ပိုးကို ပေးရမယ်ဆိုတာကိုလည်း ဖေဖေဟာ မေမေ့ဆီကို လှမ်းပြီးခွင့်ပန်ခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ခွင့်ပြုတယ်လား"

"ကျေကျေနပ်နပ်ပဲ ခွင့်ပြုခဲ့ပါတယ် ခင်ဗျာ"

"အင်း...အင်း"

"ဒါပေမယ့် ဒါတွေကို ကျွန်တော်ရယ်၊ ကျွန်တော့်ညီမလေး မေတ္တာဝေရယ်ဟာ လုံးဝသိခွင့်မရခဲ့ပါဘူး၊ ဖေဖေ ပျောက်ဆုံးသွားပြီးသည် အထိပေါ့လေ"

အားလုံး၏ အာရုံစူးစိုက်မှုက ပြည့်ဖြိုးဝေထံမှသာ...။

"ဒါပေမယ့် မေမေဟာ ဆရာဝန်တစ်ယောက် ဆိုတော့ သူ့ ရောဂါဟာ မရတော့ဘူးဆိုတာ သူ့ကိုယ်သူ သိပြီးတဲ့အချိန်မှာပဲ ကျွန်တော်တို့မောင်နှမကို ဖွင့်ပြောသွားခဲ့တာပါခင်ဗျာ"

"ပြောပါဦးကွယ်"

"ကသစ်နီမြို့မှာ သားတို့ သမီးတို့ ဖေဖေ့ရဲ့ မျိုးဆက်သွေးနဲ့ မွေးဖွားထားတဲ့ ညီမလေးတစ်ယောက် ရှိတယ်၊ နာမည်ကိုတောင် ပြည့်ဖြိုးဝေ... မေတ္တာဝေ... ဆိုတဲ့ မင်းတို့မောင်နှမနဲ့ တူအောင် ပန်းပွင့်ဝေလို့လည်း ပေးထားတယ်လို့ မေမေဟာ သူ့ရဲ့နောက်ဆုံးအချိန်မှာ ကျွန်တော်တို့မောင်နှမကို ပြောပြသွားပါတယ် ခင်ဗျာ"

"အင်း... အတော့်ကို အတွေးတွေနက်ရှိုင်းပြီး ဆန်းပြားရှုပ်ထွေးခဲ့တဲ့ ကိစ္စတွေပါပဲလေ"

"ဆရာမ"

"ပြောပါ မြနှင်းဖြူ"

"အခုဟာက ဆရာမ သိရအောင် ကျွန်မတို့ သိပြီးသားတွေကို ပြန်ပြောနေကြတာပါ"





"ဟင်"

"ကျွန်မကလည်း သမီးကို အမှန်အတိုင်း ဖွင့်ပြောပြလိုက်ပြီ၊ ဒါမှ သူ့အဖေဟာ သူ့ကို ဘာ့ကြောင့် သတင်းစာကနေ စွန့်ပစ်လိုက်တယ်ဆိုတာ သူ နားလည်သွားအောင်ပါ"

"ဒါပေါ့"

"မောင်ပြည့်ဖြိုးဝေကလည်း ဆရာမကို အခုပြောပြတာတွေ ပြောပြတော့ သမီးလေးက သူ့အစ်ကိုကို ပြန်တွေ့ရလို့ ဆိုပြီး ဝမ်းနည်း ဝမ်းသာနဲ့ စောစောကပဲ မောင်နှမနှစ်ယောက် ဖက်ငိုကြတယ်လေ"

ဒီတော့မှ ပန်းပွင့်ဝေ၏ မျက်နှာမှာ အပြုံးရိပ်လွှမ်းလာ၏။

ပြည့်ဖြိုးဝေကတော့ ခွင့်လွှတ်ခြင်းများစွာဖြင့် ညီမကို ကြည့်လျက်...

ကိုဦးမှာတော့ အားနာလွန်းသော မျက်နှာလေးဖြင့် ပြည့်ဖြိုးဝေသို့...

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ဒီအထိ လိုက်လာတာကို အနှောင့်အယှက် ပေးတယ်ထင်ပြီး မချေမငံ ဆက်ဆံမိခဲ့တယ်"

"ဒါတွေ ပြောနေစရာ မလိုတော့ပါဘူး ကိုဦးရာ"

ကိုရန်ပြေလို့ ခေါ်နေရာမှ ယောက်ဖဖြစ်သူကို 'ကိုဦး'ဟူ၍ တရင်းတနှီး ခေါ်မိတော့သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်မှာတော့ အပြစ်ရှိခဲ့တာ အမှန်ပါပဲ၊ ရောက်စတုန်းကတော့ ဒီလို မောင်နှမ ဖြစ်လိမ့်မယ်လို့လည်း လုံးဝ မတွေးမိခဲ့လေတော့ ပွင့်ဝေကို စိုက်ကြည့်လေ မခံချင်လေဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့...ဒါပေါ့... ဒီအချိန်မှာ ဘယ်အမျိုးသားကိုမှ အမြင်မကြည်လင်နိုင်ဘူးပေါ့ဗျာ၊ ကျွန်တော် နားလည်ပြီးသားပါ"

ကိုဦးက ရယ်ပြီးနေလိုက်သည်။ ဘာမှပြန်မပြောဖြစ်တော့...

ပန်းပွင့်ဝေကတော့ အရှက်ဝေ မျက်နှာလေးနှင့် ငုံ့ပြီးပြုံးနေရှာသည်။

"ဆရာမရေ... ဒီအိမ်ကို လွှတ်လိုက်တာလည်း သူ့အဖေစနက်ပဲ"

"ဟုက်မယ်လေ... ကျွန်မကပါ သက်သေခံတော့ သူ့သမီးမဟုတ်ဘူးဆိုတာ ပိုပြီး ယုံကြည်သွားအောင်ပေါ့လေ၊ တော်တော်ဆိုးတဲ့လူ"

"တော်တော်ဆိုးရုံ မကဘူးခင်ဗျာ၊ ဦးကျော်စွာမင်းမောင်ဟာ အများကြီး ဆိုးခဲ့တာတွေ ရှိပါသေးတယ်"

"ဟင်... ဘာတွေများလဲ သားရယ်"

ဒေါ်မြနှင်းဖြူက စိတ်ပူစွာ မေးလာရှာသည်။

"အဘစံ ဆိုတဲ့ ဦးစံလှထွန်းဟာလည်း ဟိုမရောက် သည်မရောက်နဲ့ ပျောက်ဆုံးနေတာ သူ့လက်ချက်ပဲ"

"ဟုတ်ပါ့မလား သားရယ်... သားကို လိုက်ဖို့ခေါ်တာ သားက သမီးနဲ့ ထွက်ပြေးလာလို့ သားရေးတဲ့စာတောင် ဒေါ်လေးဆီမှာ ပါလာသေးတယ်"

"အဲဒါလည်း ဦးလေး ရေးခိုင်းတာပဲ၊ အဖေဟာ ဒီစာကို ဖတ်သွားရရဲ့လားမှ မသိပါဘူး ဒေါ်လေးရယ်"





"ဒီမှာ... ကိုဦး"

"ဟုတ်ကဲ့... ကိုပြည့်ဖြိုးဝေ"

"ဦးစံလှထွန်းဟာ ဦးကျော်စွာမင်းမောင်နဲ့ အကြံတူခဲ့သူဖြစ်ရင်တော့ စိတ်ပူစရာ မရှိဘူး၊ ဦးစံလှထွန်း အစီအစဉ်အတိုင်းသာ သူ မသိဘဲ ဩရိသက ထွက်ပြေးသွားမယ်ဆိုရင်တော့ ဦးစံလှထွန်းမှာ အန္တရာယ်ရှိနိုင်တယ်"

"ဟာဗျာ... ဒုက္ခပါပဲ"

"ကျွန်တော့် ဖေဖေတုန်းကလည်း မီးရထားပေါ်ကနေ ဦးကျော်စွာမင်းမောင် ကိုယ်တိုင်ပဲ လာခေါ်သွားခဲ့တာပဲ"

"ဟင်... ဘယ်လို... ဘာ...ဘာပြောတယ်"

"ကျွန်တော် အားလုံး စုံစမ်း ထောက်လှမ်းလို့ ပြီးသွားပါပြီ ဒေါ်ဒေါ်ခင်ဗျာ"

"အို... ပြောစမ်းပါဦးကွယ်"

"ကျွန်တော် စုံစမ်း သိရှိ ဆက်စပ်မိသလောက် အကုန်ပြောပြပါ့မယ်၊ ကျွန်တော့်ဖေဖေ ဒေါက်တာ ဦးစောပြည့်ဟာ ဩရိသခြံကြီးထဲမှာပဲ အသက်ရှင်လျက်သော်လည်းကောင်း၊ ဆုံးလျက်သော်လည်းကောင်း ရှိနေမှာ မုချပဲ"

"အို... ဘုရား ဘုရား..."

"ဒါ့ကြောင့် ကျွန်တော် စုံစမ်းပြီးသမျှ အခုပဲ ပြောပြပါ့မယ်"

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ကျွန်တော် ဒီမြို့ကို ရောက်လာရခြင်းရဲ့ ရည်ရွယ်ချက်ကိုက ကျွန်တော့်ဖေဖေ ပျောက်ဆုံးမှုကိစ္စကို စုံစမ်းဖို့ပါ၊ ဒါပေမယ့် တာဝန်အရ ဆောင်ရွက်စရာကိစ္စတွေကို ဆောင်ရွက်ရင်းက ဖေဖေ့ရဲ့ကိစ္စကိုလည်း လက်လှမ်းမီသမျှ စုံစမ်း ထောက်လှမ်းခွင့် ရခဲ့ပါတယ်။

ကျွန်တော် ဒီမိုင်းခကို လိုက်လာရတဲ့ လူသတ်မှုလည်း ပေါ်ပါပြီ၊ ဖိုက်ကြီး ဆိုတဲ့လူကို ဖမ်းပြီး စစ်ဆေးလိုက်တော့ သူ့ဆရာကိုစောထွန်းဟာ ကသစ်နီက ပွဲရုံပိုင်ရှင် ဦးမောင်ဦး ဆိုသူကို ငွေပေးပြီး သတ်ခိုင်းတဲ့အမှု ပေါ်သွားပါပြီ။ သူကိုယ်တိုင် မသတ်ပေမယ့် သတ်ခိုင်းတဲ့အတွက် သူ့ကိုလည်း မန္တလေးမြို့မှာ ဖမ်းဆီးပြီးပါပြီ။ မကြာခင် ကသစ်နီကို ပြန်ပို့ပြီး စစ်ဆေးမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ အဲဒီလို အမှုပေါင်းများစွာကို စုံစမ်းရင်းက ဖေဖေနဲ့ ပတ်သက်ခဲ့တဲ့သူတွေ... ရင်းနှီးခဲ့တဲ့သူတွေ... ဖေဖေ့ရဲ့ လူနာတွေ... ဖေဖေ အသက်ကယ်ခဲ့ဖူးတယ်ဆိုတဲ့ လူပေါင်း များစွာနဲ့ တွေ့ဆုံခွင့်ရခဲ့ပါတယ်။





သူတို့အားလုံးဟာလည်း လိုလိုလားလားပဲ ကျွန်တော် မေးသမျှကို သိသလောက် အကုန်အစင် ဖြေကြပါတယ်။

ဒီကြားထဲမှာ ဖြတ်ပြောစရာ ရှိပါတယ်...

အဲဒါကတော့ ဖေဖေ ရောက်မလာပေမယ့် ဖေဖေ့ရဲ့ပစ္စည်းတချို့တော့ ကျွန်တော်တို့မိသားစုဆီကို ရောက်လာခဲ့ပါတယ်။

အဲဒီအထဲမှာ ဖေဖေ့ရဲ့ ဒိုင်ယာရီလေးအုပ်၊ လေးနှစ်စာ မှတ်တမ်းတင်ထားတာတွေကို ကျွန်တော်နဲ့အတူ ယူဆောင်လာရင်းက ကျွန်တော် အသေးစိတ် ဖတ်ရှု လေ့လာပါတယ်ခင်ဗျာ။

ဒိုင်ယာရီ ဆိုပေမယ့် အသေးစိတ် အစအဆုံး ရေးထားတာတော့ မဟုတ်ဘူး၊ တစ်ခါတလေလည်း ဘာမှမရေးတဲ့ စာရွက်လွတ်တွေ တွေ့ရပါတယ်။

များသောအားဖြင့်တော့ သူ့ခွဲစိတ်မှုမှ တွေ့ကြုံရတဲ့ ဖြစ်ရပ်ဆန်းတွေကို ဆေးပညာ ဝေါဟာရနဲ့ မှတ်သားထားတတ်တာ အများဆုံး တွေ့ရပါတယ်။

ဒီအထဲမှာ ထူးထူးခြားခြား ဘာတွေ တွေ့ရသလဲဆိုတော့ ပန်းပွင့်ဝေနဲ့ ပတ်သက်လို့ပဲ။

ဒီနေ့ ကလေး ဝမ်းသုံးခါသွားသည်ကအစ သူ့ကိုပဲ ကလေးက ချစ်နေကြောင်း၊ မေတ္တာဝေနှင့် သိပ်တူကြောင်း၊ သူ ကိုယ်တိုင်နှင့်လည်း တူကြောင်းများအပြင်...

သမီးကို ဝက်ဝံရုပ်ကလေး ဒီနေ့ ဝယ်ပေးတယ် ဆိုတာက အစ... မှတ်တမ်းတင်ထားပြီး အဲဒီလေးအုပ်လုံးရဲ့ ဆယ့်လေးငါး



www.burmeseclassic.com

www.burmeseclassic.com



နေရာလောက်မှာ...

ငါနဲ့ ပန်းပွင့်ဝေ သိပ်ချစ်နေကြတာကို ကိုကျော်စွာက Jealous ဖြစ်နေပြီလို့ ရေးထားတာ တွေ့ရပါတယ်။

ကိုကျော်စွာ မနာလိုဖြစ်နေပြီ ဆိုကတည်းက သူတို့ချင်းဟာ လူကြီး လူကောင်းတွေမို့သာ ဟန်မပျက် နေကြရပေမယ့် တစ်ဦးနဲ့ တစ်ဦး မကျေနပ်ချက်ကလေးတွေ ရှိနေကြပြီဆိုတာတော့ ဖေဖေ့ မှတ်တမ်းမှာ သိပ်ပြီး သိသာထင်ရှား ပေါ်လွင်နေခဲ့ပါတယ်။

နောက်တစ်ချက်က...

ကသစ်နီတစ်မြို့လုံးနဲ့ ကသစ်နီဝန်းကျင်က ရွာစဉ်တွေ အားလုံးမှာ ဖေဖေက မုန်းတဲ့လူ၊ ဖေဖေ့ကို မုန်းတဲ့လူရယ်လို့ ဖေဖေ့ မှတ်တမ်းမှာလည်း မတွေ့ရဘူး၊ ကျွန်တော် လေ့လာ စုံစမ်းသလောက်မှာလည်း တစ်ယောက်မှ မရှိဘူး။

သည်တော့ စဉ်းစားစရာက အရှင်းကြီးပါ...

ဦးကျော်စွာမင်းမောင်က လွဲပြီး ဖေဖေ့ကို ဒုက္ခပေးမယ့်လူဟာ ဒီကသစ်နီဝန်းကျင်မှာ တစ်ယောက်မှ မရှိနိုင်ပါဘူး။

ဒီလို ကောက်ချက်ချပြီး အဲဒီနေ့အဲဒီရက်က ထွက်တဲ့ရထားနဲ့ ဒီရထားကို တာဝန်ထမ်းဆောင်သွားခဲ့တဲ့ လူတွေကို အချိန် အကြာကြီးယူပြီး စုံစမ်းရပါတယ်။ ရုံးချုပ်ကိုတောင် လှမ်းပြီး အကူအညီ တောင်းရပါတယ်။

ကျွန်တော် အဓိကတွေ့ချင်သူကတော့ အဲဒီနေ့က အထူးတန်း တွဲကို တာဝန်ယူ လိုက်ပါရတဲ့ တွဲစောင့်ကိုပါပဲ။





ခုတော့ တွေ့ခဲ့ရပါပြီ ခင်ဗျာ...

သူ့နာမည်က ဦးတင်အေးတဲ့... မီးရထားကော်ပိုရေးရှင်းမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ပြီး အခုတော့ အငြိမ်းစား ယူသွားပြီဖြစ်တဲ့ လုပ်သားကောင်းကြီး တစ်ယောက်ပါပဲ။

ဦးတင်အေးကို မနည်းရှာနေရတာနဲ့ အချိန်တွေ ဒီလောက် ကြာသွားတာပါ။

သူက အငြိမ်းစားယူပြီးတော့ သူ့မိန်းမဇာတိဖြစ်တဲ့ ပင်းတလဲ တောင်ရဲ့ ဟိုဘက်က ယာစိုက်တဲ့ရွာလေးတစ်ရွာမှာ ရောက်နေရှာ တယ်။

ကျွန်တော် သွားစုံစမ်းတော့ အသေအချာ ပြောပြပါတယ် ခင်ဗျာ။

ကသစ်နီကထွက်တဲ့ရထားဟာ ဒီကနေ (၂၁)မိုင်သာဝေးတဲ့ အင်ကြင်းမြိုင်ဘူတာမှာ တောင်သာမြို့ကလာတဲ့ ရထားကို စောင့်ရ ပါတယ်။ အဲဒီရထားဆိုက်မှ ဟိုကပါလာတဲ့ တွဲတွေကိုချိတ်ပြီး ခရီးဆက်သွားရတာ ထုံးစံပါ။ အဲဒီအတွက် အနည်းဆုံး နှစ်နာရီ စောင့်ရပါတယ်။

အဲဒီအကြောင်းကို ကြိုသိထားတဲ့ ဦးကျော်စွာမင်းမောင်ဟာ အားလုံးရှေ့မှာ လိုက်ပို့ပြီး ရထားထွက်ခါနီးမှ ပြန်လာခဲ့ပါတယ်။ ဒါပေမယ့် သူဟာ အိမ်ကို ခဏလေးဝင်ပြီး ပြန်ထွက်သွားတယ်လို့ အခုပဲ ဒေါ်လေး ဒေါ်မြနှင်းဖြူနဲ့လည်း ဆွေးနွေးပြီးပါပြီ။ အဲဒီညက သူ အိပ်ရာဝင်မှ ပြန်လာသတဲ့။ အရက်နံ့လည်း ရသတဲ့။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒါက ဖြစ်နေကျမို့ ဒီကိစ္စကို ပေါ့ပေါ့ပဲတွေးပြီး ရဲတွေမေးတော့ သူ့ခင်ပွန်း အိမ်မှာရှိနေတယ်လို့ ထွက်ခဲ့ပါသတဲ့။

ဒါကလည်း ဒေါ်မြနှင်းဖြူမှာ အပြစ်မရှိပါဘူးလေ။ သူက အရိုးခံလူဆိုတော့ ဦးကျော်စွာမင်းမောင်ရဲ့ ကောက်ကျစ်မှုကို သူ့ဉာဏ်နဲ့ လိုက်မမီဘူးပေါ့။

ဒီတော့ အဲဒီနေ့အကြောင်း ပြန်ပြီး ဆက်ရမယ်ဆိုရင် . . .

ဦးကျော်စွာမင်းမောင်ဟာ (၂၁)မိုင်သာဝေးတဲ့ အင်ကြင်းမြိုင်ဘူတာကို သူကိုယ်တိုင်ကားမောင်းသွားခဲ့တယ်။ ဒီက ညနေ ညဦး ထွက်တာဆိုတော့ အင်ကြင်းမြိုင်ဘူတာမှာ မှောင်နေပြီပေါ့။

ဘူတာနဲ့ ခပ်လှမ်းလှမ်းမှာ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ရှိတယ်။ အဲဒီနားက သစ်ပင်ရိပ်အောက် မှောင်ရိပ်ထဲမှာ သူ့ ချက်ပလက်ကားကြီးကို ရပ်ထားလိုက်တယ်။

အဲဒါကိုလည်း ခုအချိန်ထိ လက်ဖက်ရည်ဆိုင် တည်ဆဲဖြစ်တဲ့ ဒေါ်ခင်ကြည် ဆိုတဲ့ အမျိုးသမီးကြီးက ပြောပြပါတယ်။

ကားကြီးတစ်စီး မှောင်ရိပ်မှာ လာရပ်တယ်။ လူတစ်ယောက်က ဆောင်းဘီနဲ့ဂျာကင်နဲ့ ညဘက်ကြီး ဦးထုပ်ဆောင်းပြီး ဆင်းသွားတယ်တဲ့။

ပြန်လာတော့ သားရေအိတ်ကိုဆွဲပြီး ဘောင်းဘီဝတ် လူတစ်ယောက်ပါ ပါလာတယ်တဲ့။ ပြီးတော့ သူတို့နှစ်ယောက် ကောင်းကောင်းမွန်မွန်ပုံစံနဲ့ပဲ စကားတွေပြောပြီး ကသစ်နီမြို့ဘက်ကို ပြန်ပြီး ကားကို အပြင်းမောင်းသွားတယ်ဘဲ့။





အဲ . . . တွဲစောင့် ဦးတင်အေးကတော့ သူဟာ မီးရထားရပ်ထားချိန်မို့ တက်သူ ဆင်းသူတွေနဲ့အလုပ်ရှုပ်နေချိန်မှာ ဆောင်းဘီဝတ်ထားတဲ့ လူနှစ်ယောက်ကို ရိပ်ခနဲမြင်လိုက်ရတယ်တဲ့။ သူလည်း မကြည့်လိုက်မိဘူး။ စကားသံကိုတော့ သဲသဲကွဲကွဲ ကြားလိုက်ရပါတယ်တဲ့။

“ကလေးက သိပ်ငိုပြီး တက်သွားလို့ ဆရာ အမြန်လိုက်ခဲ့ပါတဲ့ . . .”

“ရထားကို မေးပြီးပြီ၊ ကြာဦးမှာပါတဲ့”

“ကလေး အခုထိ သတိမရသေးဘူး၊ အမြန်လိုက်ခဲ့ပါ”

လို့ ဆိုတဲ့အသံတွေကို သေသေချာချာ ကြားလိုက်ရတယ်တဲ့။

အဲဒါလည်း ဖေဖေစီးသွားတဲ့ အခန်းနား တစ်ဝိုက်လောက်ပဲတဲ့။

ကဲ . . . သည်တော့ ပြန်စဉ်းစားကြမယ်ဆိုရင် ရှင်းနေပါပြီ။

ရထားထွက်သွားပြီးတာနဲ့ ဦးကျော်စွာမင်းမောင်ဟာ အိမ်ကို တန်းပြန်တဲ့ပုံစံနဲ့ အိမ်ကို ခဏလေးဝင်တယ်၊ ပြီးတော့ အဝေးပြေးမောင်းလို့ကောင်းတဲ့ မြန်တဲ့ ချက်ပလက်ကားကို ကိုယ်တိုင်မောင်းပြီး ဘူတာမှောင်ရိပ်မှာ ရပ်တယ်၊ ပြီးတော့ ဖေဖေ့ကို ပန်းပွင့်ဝေ ငိုရင်း တက်သွားလို့ လိုက်ခဲ့ပါဆိုတော့ . . .

သူ့သမီးလေးကို သိပ်ချစ်နေပြီဖြစ်တဲ့ ဖေဖေဟာ ဘာမှ မစဉ်းစားအားဘဲ ဆေးအိတ်ကိုဆွဲပြီး ဆင်းလိုက်သွားခဲ့တာပါပဲ။

အဲဒီနောက်ပိုင်းမှာတော့ ကွင်းဆက်က ပြတ်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်... ဒီကသစ်နီဝန်းကျင်မှာ ဖေဖေ့ကို ဖမ်းချုပ်ကွယ်ဝှက်ထားစရာ နေရာ မရှိနိုင်ဘူး။

ဒါကြောင့် ဦးကျော်စွာမင်းမောင်ဟာ ဖေဖေ့ကို သူ့ရဲ့ ကျယ်ဝန်းလှတဲ့ ဩရိသခြံကြီးထဲကိုပဲ ခေါ်လာခဲ့တာ ဖြစ်ရမယ်။

အဲဒီနောက်ပိုင်းမှာတော့ သူဟာ ဖေဖေ့ကို ဒီလောကကြီးမှာ မထားတော့ဘဲ သတ်ပစ်လိုက်ပြီလား။

ဒါမှမဟုတ်...

အသက်ရှင်လျက်ပဲ ဩရိသရဲ့ တစ်နေရာမှာ ထားရှိလေသလား မသိဘူး။

ကျွန်တော် စောစောကပြောခဲ့သလို ဖေဖေဟာ ဩရိသမှာပဲ အသက်ရှင်လျက်ဖြစ်စေ၊ သေဆုံးလျက်ဖြစ်စေ ရှိနေမှာ အမှန်ပါပဲ ခင်ဗျာ။

ဒါကြောင့် ကျွန်တော် နက်ဖြန် ကသစ်နီကို ပြန်ပါတော့မယ်။ တရားဥပဒေဘောင်အတွင်းကပဲ ဦးကျော်စွာမင်းမောင်ရဲ့ လွန်ခဲ့တဲ့ ကိုးနှစ်ကျော်ကာလက အမှုကို ပြန်လည်ဖော်ထုတ်နိုင်ပါတော့မယ် ခင်ဗျာ။"

○





## အခန်း (၃၅)

"ကိုပြည့်ဖြိုးဝေ အသေးစိတ် လိုက်လံစုံစမ်းပြီး စဉ်းစားတွေးခေါ် ဆုံးဖြတ်တာတွေဟာ သိပ်မှန်တယ်ဗျာ၊ ဒီအတိုင်းဖြစ်မှာလည်း အမှန်ပါပဲ"

ကိုဦးကို အားလုံးဝိုင်း၍ကြည့်နေမိကြသည်။ ကိုဦး၏ မျက်နှာပြင်မှာ စိုးရိမ်စိတ် လွန်ကဲခြင်းကြောင့် မျက်နှာ အကြီးအကျယ် ပျက်နေရှာသည်။

"ဒီအတိုင်းဆိုရင် ကျွန်တော်လည်း ကျွန်တော့်အဖေအတွက် သိပ်စိတ်ပူလာပြီဗျာ"

"ဟုတ်တယ်... ကိုဦး စိတ်ပူမယ်ဆိုလည်း ပူစရာပဲ၊ ပွင့်ဝေတို့ကိုတောင် ကြည့်ပါလား၊ နင့်အမေ မလာခင် သွားကြ၊ ငွေတစ်သောင်းနဲ့ ကားယူသွားကြ ဆိုပြီး သဘောတူသလိုလိုနဲ့ သူပဲ ဒီကိုလွှတ်လိုက်ပြီးမှ အမွေပြတ်တဲ့ သတင်းစာက ကြော်ငြာတယ်။ လူယုတ်မာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဝေ၏ နာကြည်းစကားကို ပိတ်ပင်ချင်သော မျက်နှာနှင့် ကြည့်နေသော်လည်း ဒေါ်မြနှင်းဖြူ ဘာမှမပြောရှာတော့ပါ။

ကိုဦးကသာ...

"ကိုပြည့်ဖြိုးဝေ"

"ပြော... ကိုဦး"

"ကျွန်တော့်အဖေကိုရော သူ တစ်ခုခု ဒုက္ခပေးလိုက်ပြီလားဗျာ"

"ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ၊ ဦးစံလှထွန်းနဲ့ သူက အတွင်းရေး တော်တော်များများတွေကို သိရှိထားကြပုံရတယ်"

"ဒါပေမယ့် အဖေက သိပ်သစ္စာရှိတာ၊ ကျွန်တော့်ကိုတောင် ဘာမှ မပြောပြဘူးဗျ"

"အင်း... ပထမ ကျွန်တော်ဘောင် ဦးစံလှထွန်းကို သံသယရှိလို့ လိုက်သေးတယ်၊ ဒါပေမယ့် သူဟာ ဦးကျော်စွာမင်းမောင်ရဲ့ အလုပ်ကိစ္စမှန်သမျှကို သစ္စာရှိစွာ ဆောင်ရွက်သူတစ်ယောက် ဖြစ်ရုံကလွဲပြီး သူ့ရဲ့ကိုယ်ရေးရာဇဝင်မှာ ဘာအမည်းစွန်းမှ မရှိတဲ့ပုဂ္ဂိုလ်ပါပဲ..."

"ဒါပေမယ့် အဖေဟာ ဩရိသကို သိပ်စိတ်ပျက်နေရှာပြီ၊ ဦးကျော်စွာမင်းမောင်လက်က အမြန်ဆုံး လွတ်ပြေးချင်ပုံရတယ်ဗျာ"

"အင်း..."

"အဲဒါကို... သူက လှည့်ကွက်လုပ်ပြီး ပန်းပွင့်ဝေနဲ့





ကျွန်တော့်ကို ဒီလွှတ်လိုက်တယ်လေ၊ ခုလောက်ရှိ အဖေ့ကိုများ တစ်ခုခု..."

"ဒီလောက်လည်း စိတ်မပူပါနဲ့လေ၊ ကျွန်တော်လည်း နက်ဖြန်ပြန်ပြီး ဩရိသကို သွားမှာပဲ"

"ကျွန်တော်လည်း လိုက်မယ်"

"ဟင်..."

"နော်... ပွင့်ဝေ... ကိုကိုဦး ကိုပြည့်ဖြိုးဝေနဲ့ ပြန်လိုက်သွားပါရစေကွယ်... နော်၊ အဖေ့ကို တွေ့ပြီးတာနဲ့ ဒီကို ချက်ချင်း ပြန်လာခဲ့မယ်၊ သိလား၊ ဒေါ်လေးလည်း ရောက်လာလို့ပါ၊ ပွင့်ဝေလေးနေခဲ့နော်"

ပန်းပွင့်ဝေသည် မငြင်းသာ၍ ငြိမ်နေရသော်လည်း အားလုံးရှေ့မှာပင် သူ့ကိုကိုဦး၏ လက်မောင်းကို ဖက်တွယ်လျက် မှိုနေရှာသည်...။

မခွဲချင်သည့်သဘော... မခွဲရက်သည့်အပြုအမူ... ယခုကပင် လွမ်းချင်စပြုနေသည့် မျက်နှာလေးနှင့်...။

"ဒီလိုမဟုတ်သေးဘူးလေကွယ်"

ဒေါ်မြနှင်းဖြူ၏ စကားကြောင့် အားလုံး သူ့ဘက်သို့ အာရုံစိုက်မိကြသည်။

"တို့သားအမိက ဒီမှာ ဘာလို့နေခဲ့ရတော့မှာလဲ၊ တို့လည်း လိုက်မှာပေါ့"

"ဟာ... မေမေ တကယ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့... သမီးတို့လည်း လက်ထပ်ပြီးပြီ၊ မေမေက လည်း ကိုဦးနဲ့ ကန့်ကွက်စရာအကြောင်း မရှိတော့ဘူး၊ ဒီတော့ ဒီမှာ ဘာလုပ်နေတော့မှာလဲ"

"ဒီအိမ်ကိုတော့ လုံးဝ အားမနာနဲ့နော် မြနှင်းဖြူ ဘာမှ မပြုစုရလို့တောင် အားနာလိုက်တာ"

"ဆရာမစေတနာကို သိပြီးသားပါ"

"ဟုတ်ပါတယ်လေ... အားလုံးပြန်ကြတာပဲ ကောင်းပါ တယ်၊ ပွင့်ဝေကိုလည်း ကျွန်တော် မထားခဲ့ချင်ဘူး၊ ဒေါ်လေးပါ ပြန်လိုက် မယ်ဆိုတော့ အားလုံးအဆင်ပြေသွားပါပြီ၊ ကျွန်တော်တို့ နှစ်ယောက် မြို့ထဲက သူငယ်ချင်းတစ်အိမ်အိမ်မှာပဲ..."

"မဟုတ်တာ ကိုဦး၊ သူက စွန့်လွှတ်ပေမယ့် အမေလုပ်သူက စွန့်လွှတ်တာမှ မဟုတ်တာ"

တစ်သက်လုံး အေးဆေးခဲ့သော ဒေါ်မြနှင်းဖြူမှာ ခင်ပွန်း သည်ကို ကြောက်ရွံ့ ရှုံ့ရှာစပြုလာပြီ။

ဦးကျော်စွာမင်းမောင်၏ တိုက်တွန်း သွားခိုင်းခြင်းများကြောင့် ယခုလို ကိုဦးနှင့် လက်ထပ်ဖြစ်သွားရသည်အထိ အကြံပက်စက် ယုတ်မာသော သူ့စနက်ကို အံ့သြ ရင်နာစွာ ဒေါ်သဖြစ်နေရပါပြီ။

"ဩရိသကိုပဲ ပြန်ကြမယ်၊ ဩရိသဟာ သူ့အိမ် သူ့ခြံ မှန်တယ်၊ ဒေါ်လေးမိဘဘက်က အမွေရထားတဲ့ အတွင်းပစ္စည်းတွေ လည်း အများကြီးပဲ၊ အဲဒါတွေယူပြီး ဒေါ်လေးပါ အိမ်ပေါ်က ဆင်းမယ်၊ ဒေါ်လေးပိုင်သမျှ အားလုံးဟာလည်း သမီးလေး ပန်းပွင့်ဝေအတွက်ပဲ ဖြစ်ရမှာပေါ့"





"ဒေါ်ဒေါ်..."

ပြည့်ဖြိုးဝေက လှမ်းခေါ်လိုက်ပြီး...

"ကျွန်တော့်မိဘများ ထားခဲ့တဲ့ အင်းလျားလမ်းက ခြံနဲ့ အမွေပစ္စည်းတွေလည်း အများကြီးပါခင်ဗျာ၊ အဲဒါကိုလည်း ယောဒိ က ညီမလေး ပန်းပွင့်ဝေပါ အညီအမျှ ရစေရမှာပေါ့"

အမွေပစ္စည်းများဆိုသော စကားကိုကြားရတော့ ကိုဦး စိတ် ထဲမှာ အားငယ်သွားမိသည်။

မှန်ရာကို ဝန်ခံလိုပါသည်။

ပန်းပွင့်ဝေကို အမွေပြတ် စွန့်လွှတ်လိုက်သည်ဟု ဆိုစဉ်က သူ စိတ်မညစ်မိ။ စိတ်အား မငယ်မိပါ။ ရရာအလုပ် ကြုံရာအလုပ် ကို သူလုပ်နိုင်ပါသည်။

ဤလုပ်အားခရငွေနှင့်ပင် ချစ်ဇနီးလေးအတွက် အကောင်းဆုံး ဖြစ်အောင် သူကိုယ်တိုင် ချုက်ပြုတ် ကျွေးမွေးကာ အစွမ်းကုန် ယုယပြုလိုပါသည်။

ယခုလို စိန်ရွှေရတနာ အိမ်မြေခြံများကို ပိုင်ဆိုင်ပြီးသား ပန်းပွင့်ဝေ၏ စည်းစိမ်များကို သူ မခံစားလိုပါ။ ပန်းပွင့်ဝေကို အတုမဲ့ မေတ္တာများဖြင့် သူများတွေ လိုက်မမီနိုင်သော အချစ်များ ဖြင့်သာ ချစ်လိုပါ၏။

ပန်းပွင့်ဝေ၏ ပိုင်ဆိုင် ကြွယ်ဝမှုများကို မမျှော်ကိုးမိရိုး အမှန်ပါ။

"ကဲ... ပြည့်ဖြိုးဝေပါ တစ်ခါတည်း ထမင်းစားပြီးမှပြန်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ဆရာမကြီး"

"အားမနာစမ်းပါနဲ့ကွယ် . . . ဆရာကျေးဇူးတွေ အများကြီး၊ ဆရာ့သားကို ထမင်းတစ်နပ်တော့ ကြုံတုန်း ကျွေးခွင့်ပေးပါ"

"ဒါဖြင့်လဲ ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော့် စခန်းကိုတော့ ခဏပြန်ပြီးသတင်းပို့လိုက်ပါဦးမယ်၊ ပြီးတော့ နက်ဖြန် လေးယောက် လုံး ဩရီသကို ပြန်ကြဖို့ ကားလက်မှတ်ယူဖို့ ကိစ္စတွေပါ တစ်ခါ တည်း ဆောင်ရွက်ခဲ့မှ ဖြစ်မယ်"

"အင်းလေ . . . မေမေကလည်း ကားကို တစ်ခါတည်း ပြန်လွှတ်လိုက်တယ်"

"သမီးဖေဖေ မှာလိုက်တဲ့အတိုင်း လုပ်ရတာပါအေ"

"သမီးဖေဖေ မဟုတ်ပါဘူး၊ သမီးဖေဖေက ဘဘပြည့်"

ကိုဦးနှင့် ဆရာမတို့က ပြုံးကြ၏။

ဒေါ်မြနှင်းဖြူကတော့ မျက်နှာမကောင်း . . .။

ပြည့်ဖြိုးဝေ ထံမှတော့ ရယ်သံလွင်လွင်လေး ကြားလိုက် ရသည်။

"ကဲ . . . ကျွန်တော် ခဏသွားလိုက်ဦးမယ်"

ပြည့်ဖြိုးဝေ ထရပ်တော့ ယောက်ဖလုပ်သူ ကိုဦးက ထပြီး လိုက်ပို့ပြီး . . .

"ကျွန်တော့်အဖေအတွက်လည်း ကျွန်တော် တကယ် စိတ် ပူမိတယ် ကိုပြည့်ဖြိုးဝေရယ်"





"အင်း . . . နက်ဖြန်ပဲ ဩရီသကို ပြန်ရောက်ကြတော့မှာပဲဗျာ၊ သိပ်လည်း စိတ်ပူမနေပါနဲ့တော့လေ"

ပြည့်ဖြိုးဝေ နှစ်သိမ့်သွားသော်လည်း ကိုဦး၏ ရင်တွင်း မှာဖြင့် အဖေ့အတွက် သောကသည် မီးကျိုးခဲတစ်ခုကဲ့သို့ ရင်မှာ ရှိနေမိ၏။

ဩရီသမှ ထွက်သွားကြရန် အဖေ ပြောကြားချိန်က စကား လုံးများ၊ မျက်နှာပျက်နေပုံများနှင့် သားဖြစ်သူ သူ့ကို အားကိုးတကြီး ကြည့်ရင်း အတူသွားကြမည်ဟု အားတက်နေပုံများကို ပြန်လည် မြင်ယောင်လာမိသည်နှင့် ရင်ထဲတွင် နင့်နေအောင် အဖေ့ကို သနား စိတ် ဝင်လာမိသည်။

"အဖေ တစ်ယောက် ဘယ်လိုများ ဖြစ်သွားရှာသလဲကွယ်"

ပြည့်ဖြိုးဝေကို လိုက်ပို့ရင်း ယင်းအတွေးများကြောင့် ကိုဦး၏ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်ဝေလာ၏။

အိမ်ပြင်ရောက်တော့ အချိန်စောပါသေးလျက် အလင်းရောင် က ပျောက်ဆုံးတော့မလို ဖြစ်နေ၍ ကောင်းကင်ကို မော့ကြည့်လိုက် မိသည့်အခါ . . .

"အို . . . ကောင်းကင်တစ်ပြင်လုံး မိုးသား မိုးတိမ်တွေ ဖုံးလို့ ပါလား . . ."

"ဒီညတော့ မိုးအကြီးအကျယ်ရွာမှာ သေချာတယ် . . ."

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

ဦးကျော်စွာမင်းမောင်၏ ဆန္ဒပြည့်လေပြီ...

ညက မိုးအကြီးအကျယ်ရွာသည်။

မိုးသက်လေတို့၏ တဝုန်းဝုန်း တိုက်ခတ်သံကြီးကြောင့် တစ်ကိုယ်တည်း ဩရိုသစ်အိမ်ကြီးပေါ်မှာ ရှိနေ၍ သူ အိပ်၍ပင် မပျော်။

ဒေါ်စန်းကြည်နှင့် တူမနှစ်ယောက်ကိုလည်း မြနှင်းဖြူ မရှိသဖြင့် မသင့်ဟုဆိုကာ တောသို့ ခေတ္တပြန်ခိုင်းထားလိုက်သည်။

ယနေ့မနက်မှာတော့ သာယာလို့...

သူ ထင်ခဲ့သည့်အတိုင်း... သူ မျှော်လင့်ခဲ့သည့် အတိုင်းပင်။ စုံပတတ်ကုန်းရှေ့မှ အင်းတွင် ရေတွေ ဖွေးဖွေးလှုပ်နေလေပြီ။

လှေကောင်းစွာ လှော်၍ရပေတော့မည်။

ဒီနေ့ သူ၏အကြံအစည်များ ထမြောက်မည့်နေ့။

သူ့ဘဝ၏ နောက်ဆုံး လုပ်ရပ်တစ်ခုကို အောင်မြင်စွာဆောင် ရွက်နိုင်မည့်နေ့...

ဒီကိစ္စပြီးလျှင်တော့...

အားလုံးပြီးပါပြီ၊ ပြတ်ပါပြီ၊ ဇာတ်လမ်းလည်း ဆုံးပါပြီ...

ကိုယ့်ရင်သွေး မဟုတ်သော ပန်းပွင့်ဝေကို မမြင်နိုင်၊ မကြည့်လိုတော့ပါ။

မြနှင်းဖြူသည် အပြစ်မဲ့သူ...

သို့သော်လည်း သူ့ဆန္ဒအရ ဆုံးဖြတ်ပါစေလေ...





သူနှင့် နေလိုကနေ၊ သူ့သမီးဆီ သွားလိုကသွား...

မထူးတော့သော သူ့ဘဝမှာတော့ အထီးကျန်ဘဝဖြင့် ရှိသမျှ စည်းစိမ်ဥစ္စာတို့ကို သူ အကုန်လုံး ဖိမ်ခံ၍ သုံးဖြုန်းသွားတော့မည်။

သူ့မှာ ငဲ့စရာ၊ ပေးဝေစရာ သူ၏ မျိုးဆက်သွေး ဤလောကၣ် မရှိ။

ဤဘဝတွင်လည်း ဘယ်သောအခါမှ ရှိလာနိုင်မည်မဟုတ်တော့...။

"ကောင်းပါတယ်လေ... ဒီကိစ္စတွေအားလုံး အပြတ်ရှင်းပြီးရင် ငါ ခရီးထွက်မယ်၊ မောင်ခိုလမ်းကနေ နိုင်ငံခြား ထွက်သွားပြီးဟိုမှာ ငွေတွေသုံးပစ်မယ်"

"အလုပ်လည်း သိပ်လုပ်နေစရာ မလိုတော့ပါဘူး၊ ငါ့ရဲ့ဆယ်သက်စာလောက် စားစရာရှိနေပြီပဲ"

"အင်း... ဒီနေ့ ကိစ္စပြီးရင်တော့ ငါ့ဘဝရဲ့ ကိစ္စအားလုံးပြီးပါပြီလေ"

ယင်းအတွေးများဖြင့် ဘောင်းဘီအိတ်တွင်း လက်နှစ်ဖက်နှိုက်ကာ လေလေးပင် ချွန်လိုက်ပြီးမှ မနေ့က ဝှက်ထားခဲ့သောလှေကို ဆွဲထုတ်သည်။

လှေပေါ်၌ ငါးမူးလုံးခန့် နိုင်လွန်ကြိုးသစ်ကြီးတစ်ခွေ။ ပေ တစ်ရာကျော်လောက် ရှိပေမည်။

အသင့် ဖောက်ထားသောလှေဦးမှ အပေါက်မှာ ကြိုးကိုလျှို၍ ခိုင်မြဲအောင် အထပ်ထပ် တုပ်နှောင်သည်။

ပြီးတော့...



www.burmeseclassic.com

www.burmeseclassic.com



ကြိုးခွေအတိုင်း လက်နှင့်သွယ်၍ သွယ်၍ ယူပြီးမှ တစ်ဖက်စကို ရလာသည်။

ဤကြိုး တစ်ဖက်စကိုတော့ များများကြီးယူပြီး စုံပတာတ်ပင်စည်မှာ ငါးပတ် ခြောက်ပတ်မျှ ရစ်ပတ်ပြီး ခိုင်မြဲသည်ထက် ခိုင်မြဲအောင် အခါခါ သူ ချည်နှောင်သည်။

သေချာကြောင်း စိတ်ချရလေမှ လှေကို ရေထဲသို့ တွန်းပို့လိုက်၏။ လှေနှင့် သစ်ပင်ကို ကြိုးစ တစ်ဖက်စီ တွဲချည်ထားလိုက်ခြင်းပါ။

ယနေ့တော့ ရေပြည့်နေ၍ မနေ့ကလို အခက်အခဲ မရှိနိုင်တော့ပါ။

လေသည် ကမ်းခြေအနီးမှာပင် ယိမ်းနွဲ့ လှုပ်ရှားနေပါ၏။

ယခုအခါတွင် လှေဦးနှင့် စုံပတာတ်ပင်နှစ်ခုကို ကြိုးတစ်ဖက်တစ်ချက်စီ ချည်နှောင်ပြီးလေပြီမို့ လှေက ပေတစ်ရာကျော် မျောသွားသည့်တိုင် ကြိုးဖြင့် ပြန်ဆွဲယူလိုက်ရုံသာ...

အစစ စိတ်ချစွာဖြင့် ဦးကျော်စွာမင်းမောင်သည် စုံပတာတ်ကုန်းပေါ်သို့ ခြေလှမ်းမှန်မှန် တက်လာပြီးမှ ဆင်ခြေလျှောအရောက်တွင် အပြေးကလေး ပြန်ဆင်းလာခဲ့၏။

ဘိုတဲသည် မနေ့က သူ သော့ခတ်ထားခဲ့သည့်အတိုင်းပင် ဘာမှမပြောင်းလဲ...

သူ သော့ကိုဖွင့်ပြီး အတွင်းဝင်လိုက်တော့ အလင်းရောင်က ကောင်းစွာမရ...

တံခါးချပ်ကို ဖွင့်လိုက်တော့မှ ဘိုတဲ၏ ညှဲ့ခန်းတစ်ခုလုံး





မြင်သာသွားသည်။

ဖွင့်နေသော အိပ်ခန်းတွင်းမှာတော့ စောင်ကျားကြီးကိုခြုံလျက် လူတစ်ယောက် အိပ်နေသည့် သဏ္ဌာန်က မနေ့က သူထားခဲ့သည့်အတိုင်း...

အားခွန်ဗလ စိုက်ထုတ်ရတော့မည်မို့ သူ့ဂျာကင်ကို ချွတ်၍ အင်္ကျီလက်ကို လိပ်တင်လိုက်သည်။

ပြီးတော့...

"ကဲ... ဦးစံလှထွန်းရေ... ဘာမှမကြားနိုင် မမြင်နိုင်အောင် အေးချမ်း အိညက်လှတဲ့ နေရာမှာ ဒေါက်တာ စောပြည့်နဲ့အတူ သွားနေပေတော့ဗျာ"

စောင်ကွက်ကျားကြီးကို လှစ်လိုက်တော့ ဦးစံလှထွန်း၏ အလောင်း...

သေအံ့မူးမူးအချိန်က ကြောက်လန့်တကြား ဖြစ်ပြီးမှ သေဆုံးခဲ့ရ၍ သူ့မျက်လုံးကြီးက အပြူးသား...

သူ့ကို စိုက်ကြည့်နေဟန်ဖြင့် မျက်လုံးချင်း ဆုံသွား၍ ဦးကျော်စွာမင်းမောင် ကျောထဲက စိမ့်ခနဲ ဖြစ်သွားအောင် ကြောက်လန့်မိသား။

နောက်ပိုင်းမှာတော့ သူ့မျက်နှာကို မကြည့်ဘဲ မျက်နှာလွှဲ၍ သူ့ကို ပွေ့ယူတော့...

"အားပါး... လေးလှချည်လား"

"ဟင်... အပုပ်နံ့တောင် ထွက်နေပြီ"

သူ့ခွန်အားနှင့် ဦးစံလှထွန်းကို မသယ်နိုင်တော့...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာစောပြည့် အလောင်းကို ခုလိုသယ်ပြီး လှေပေါ်တင်ကြတုန်းက ခင်ဗျားက ကျုပ်ကို ကူခဲ့သူမို့ နှစ်ယောက်အားနဲ့ နိုင်ခဲ့ကြတယ်လေ…"

"ခုတော့ တစ်ယောက်တည်းသယ်ရမှာမို့ ဖြစ်သလိုပဲ ယူသွားတော့မယ်ဗျာ"

ကွေးနေသော ခြေထောက်ကို ဆွဲယူလိုက်သော်လည်း စန့်ထွက်မလာ။

အကြော့များ သေဆိုင်းကာ ဦးစံလှထွန်း၏ အလောင်းမှာ တောင့်နေချေပြီ။

"ဝုန်း…"

ဆိုသော အသံကြီးက ခြေထောက်မှ ဆွဲချလိုက်သဖြင့် ခုတင်ပေါ်မှ ကြမ်းပေါ်သို့ ကျသည့်အသံ…။

သူ့ခြေထောက်က ဆွဲထုတ်ယူလာပြီး အိမ်ရှေ့ရောက်လာတော့ ဒူးများက အကွေးလိုက် မိုးပေါ်ထောင်ပြီး မျက်လုံးကြီးအပြူးသားနှင့် ပက်လက်အနေအထား ဖြစ်သွားသည်။

"ဟာ… ခင်ဗျားကြီး ကျုပ်ကို ကြည့်နေတာကြီးကို မကြည့်ရဲဘူးဗျာ"

စောစောက စောင်အကွက်ကျား ဝါဝါကြီးကို ယူပြီး ကိုယ်အထက်ပိုင်းကို အုပ်ချလိုက်သည်။

ပြီးတော့ အရှိန်ပြင်းစွာ စုံပတတ်ကုန်းပေါ် သူ ဆွဲတင်သွားရတော့ မောဟိုက်လှချေသည်။

ပြိုက်ပြိုက်ကျလာသော ချွေးများကို သူ မသုတ်အား။





ကုန်းပေါ် ရောက်ပြီးချိန်မှာ ခဏမျှသာ အမောဖြေပြီး ကုန်းဆင်းလမ်းကိုတော့ ဆွဲချမနေတော့…

ဆောင့်ကန်ချလိုက်သဖြင့် ဦးစံလှထွန်း၏ သက်မဲ့ ခန္ဓာမှာ ကုန်းပေါ်မှ တစ်လိမ့်ပြီးတစ်လိမ့် လိမ့်ဆင်းသွားခဲ့သည်မှာ ရေစပ်နားရောက်သည်အထိ…

မျောနေသော လှေကို ကုန်းပေါ် တစ်ပိုင်းရောက်အောင် ဆွဲယူပြီး ဦးစံလှထွန်းကို မ,တင်တော့ မရ။ မလွယ်ကူ။

"အင်း… ဒေါက်တာစောပြည့်ကို ကျွန်တော့်ကားနဲ့ ခေါ်လာပြီး လမ်းမှာတင် ဓားနဲ့ထိုးသတ်ပြီး ခင်ဗျားကို ဖွင့်ပြော အကူအညီတောင်းခဲ့လို့ ခင်ဗျား ကူညီခဲ့တယ်လေ…"

"ကျွန်တော်တို့နှစ်ယောက် ဒေါက်တာစောပြည့်အလောင်းကို လှေပေါ်တင်တော့ အသာလေးပဲ"

"အခု ကျွန်တော် တစ်ယောက်တည်း လုပ်ရတာ ပင်ပန်းလိုက်တာဗျာ"

"ဒေါက်တာစောပြည့်ကို သတ်ရတာကတော့ မြနှင်းဖြူတို့သားအမိက သူ့မယားနဲ့ သူ့သမီး ကျနေတာပဲ"

နေပုံ ထိုင်ပုံကိုက… ဒါကြောင့် သတ်ပစ်ချင်တာ ကြာခဲ့ပြီလေ၊ ချိုးနေရတာ…။

"အဲ… သူ ပြောင်းတော့မယ်ဆိုတော့ ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်ကိုလည်း လူတွေသူတွေ သိကုန်မှာပဲ၊ ပန်းပွင့်ဝေကို မြင်တိုင်း သူ့ကိုမုန်းလွန်းလို့ ဒီကသစ်နိုက မထွက်နိုင်မီ တမင်သတ်ပစ်ခဲ့တာပါလို့ သိပ်သစ္စာရှိတဲ့ ခင်ဗျားကို ကျွန်တော် ဖွင့်ပြောခဲ့တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်း တော်ပါပေတယ်ဗျာ"

"ကျွန်တော်တို့တစ်တွေ အေးအေးချမ်းချမ်း နေတုန်းမှာ ပြည့်ဖြိုးဝေ ဆိုတဲ့ကောင် ရောက်လာတယ်လေ၊ သူက ရဲအရာရှိ... ပြီးတော့ ပျောက်နေတာက သူ့အဖေ..."

"ဒါကို ပြည့်ဖြိုးဝေဟာ ရအောင် စုံစမ်းတော့မယ် ဆိုတာကို သိပြီး ခင်ဗျားက သိပ်ကြောက်သွားတယ် မဟုတ်လား"

"အဲဒါ ခင်ဗျား မှားတာ"

"ဘာကြောက်စရာရှိလဲဗျာ... လူသတ်မှုဆိုတာ အလောင်း တွေ့ပြီးမှ သဲလွန်စရှာပြီး တရားခံကို ဖမ်းလို့ရနိုင်တာ"

"ရှာကြစမ်းပါစေ"

"ဒေါက်တာစောပြည့်ရဲ့ အလောင်းကို ဒီကမ္ဘာမြေပေါ် ပေါ်လာအောင် ဘယ်သူကမှ မဖော်ထုတ်နိုင်တဲ့ ကိစ္စကြီးကို ခင်ဗျား လည်း အသိသားနဲ့၊ အလကား ကြောက်နေတယ်"

"ပြည့်ဖြိုးဝေ ဆိုတဲ့ ခွေးမသား ပိုက်စိပ်တိုက် စုံစမ်းနေပြီ ဆိုတာသိလို့ ခင်ဗျားလဲ ကြံရာပါဖြစ်မယ်ဆိုပြီး ဒီဩရိသက ထွက် ပြေးကြမလို့ မဟုတ်လား"

"ဘယ်ရမလဲဗျာ"

"ကျော်စွာမင်းမောင်ပဲ"

"ကိုဦးကို ပွင့်ဝေနဲ့ ထွက်သွားစေလိုက်တယ်၊ ခင်ဗျားကို တော့ ဩရိသက ထွက်ခွာမသွားမီ ဒီနေရာကို ညာခေါ်လာပြီး အင်သားတုတ်နဲ့ အုတ်ဆက်ကို ရိုက်ထည့်လိုက်တာ တစ်ချက်တည်း ပွဲချင်းပြီးပဲ"





"ဒေါက်တာစောပြည့်ကိုတော့ မနာလိုစိတ်နဲ့ သက်သက် သတ်ပစ်တာ"

"ခင်ဗျားကိုတော့ ကျွန်တော် မသတ်ချင်ပါဘူး၊ ဩရိသက ထွက်သွားမယ်ဆိုလို့ လုပ်လိုက်ရတာပါ"

"ဘယ့်နှယ်ဗျာ"

"ကျွန်တော် လူသတ်မှု ကျူးလွန်ထားတယ်ဆိုတာ ဒီကမ္ဘာ ပေါ်မှာ သိသူဟာ ခင်ဗျား တစ်ယောက်တည်း ရှိတယ်လေ"

"ဒါကြောင့် ကျွန်တော်နဲ့ ခင်ဗျား ဘယ်ခွဲလို့ဖြစ်ပါမလဲ"

"ခင်ဗျား ထွက်ပြေးတော့မယ် ဆိုတာသိလို့ လုပ်လိုက်ရ တာပါ"

"ကဲ... ဦးစံလှထွန်းရေ... လေ့ပေါ်တက်ရအောင်ဗျာ"

"ခင်ဗျားနဲ့ ဒေါက်တာစောပြည့်တို့ တွေ့ကြမှာပါ"

"ကျွန်တော်ကိုယ်တိုင် တိုက်တိုက်ဆိုင်ဆိုင် တွေ့ရှိထားတဲ့ ကျွန်တော် တစ်ယောက်တည်းသာ သိတဲ့...

"နွံအိုင်"

ကြီးထဲမှာ ခင်ဗျားလည်း သွားနေတော့နော်"

"လူပ်လေ မြုပ်လေ ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ ဘယ်သောအခါမှ ပြန်မပေါ်နိုင်တဲ့ နစ်သထက်နစ်၊ မြုပ်သထက် မြုပ်တဲ့နေရာ၊ အိုဗျာ... စုံးစုံးမြုပ်ပြီး လုံးလုံးပေါ်မလာနိုင်တော့တဲ့ နွံအိုင်ထဲကို ပို့ပေးတော့မယ်၊ ကဲ...ကဲ..."

ဦးကျော်မင်းမောင်မှာ တစ်ကိုယ်တည်းစိတ်ထဲမှ ပြောရင်း ဦးစံလှထွန်း၏ အလောင်းကို လှေပေါ်သို့ ခက်ခက်ခဲခဲ တွန်းတင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

လှေပေါ် အလောင်းရောက်တော့လည်း လှေဦးတစ်ဖက်သို့ ရောက်အောင် ရွှေ့ရသည်။

သူက ဒီဘက်မှာထိုင်မည်။

သို့မှသာ ဟိုဘက် ဒီဘက် အလေးချိန်မျှလေ့မည်။ မျက်လုံးကြီး ပြူးနေသော ပုပ်ပွစမျက်နှာကြီးကို မကြည့်ရဲ၍ ဘေးစောင်းလှဲထားလိုက်ရသည်။

အစစ သေချာတော့ ဦးကျော်စွာမင်းမောင် လှေကို စတင်လှော်ခတ်လေပြီ။

ဟိုတစ်ချိန်တုန်းကလည်း ဤသို့ပင် လှေကို ကြိုးနှင့်ချည်၍ စုံပတတ်ပင်မှာ တစ်ဖက်စကိုပတ်ပြီး ဒေါက်တာစောပြည့် အလောင်းကို နွံအိုင်ကြီးရှိရာသို့ လှော်ခတ်သွားခဲ့ကြသည်။

ထိုနေရာရောက်တော့ နှစ်ယောက်သား လန့်၍ပင် အော်မိကြသေးသည်။

အောက်မှ အင်အားတစ်ခုနှင့် ဆွဲယူလိုက်သလို လှေက တဖြည်းဖြည်းချင်း နွံတွင်းသို့ ကျွံနစ်ဝင်သွား၍...

"သတိထား..."

"စိတ်အေးအေးထား"

"ကြိုးကိုကိုင်... လာလာ... ကြိုးကိုကိုင်ပြီး ပြန်ကူးကြစို့"

တစ်ချိန်က ဦးစံလှထွန်း၏ သတိပေးစကားများ...

ကြိုးကိုကိုင်ပြီး တရွေ့ရွေ့ ပြန်ကူးလာခဲ့ကြပြီး ရေစပ်ရောက်တော့ ရေပြန်ကူးလာခဲ့ကြသည်။





ကြိုးကိုတော့ စုံပတတ်ပင်မှ ဖြေကာ အဝေးဆုံးရောက်အောင် ပစ်လိုက်တော့...

တစ်နာရီခန့်အကြာမှာ ပေတစ်ရာခန့် ကြိုးစကိုပါ မမြင်ရအောင် နစ်မြုပ် ပျောက်ဆုံးသွားလေတော့သည်။

ပြီးပြီပေါ့...

ဘာသဲလွန်စမှကို မကျန်ခဲ့သည့်အတွက် ယခုအချိန်အထိ ဘာအမှုမှ မဖြစ်ခဲ့ကြခြင်း ဖြစ်လေသည်။

ယခုလည်း ဤနည်းအတိုင်းပင် သူ လုပ်ဆောင်မည်။

ရှာစမ်း...ဘယ်သူက ဘာတစ်စွန်းတစ်စ တွေ့နိုင်ကြမှာလဲ။

သူ့သတ်ထားသော သူ၏ အရင်းနှီးဆုံးလူ၏ အလောင်းကို လှေပေါ်မှာတင်လျက် သွေးအေးအေးနှင့် တစ်ချိန်က အကြောင်းများကို တွေး၍ လှေကို လှော်ခတ်လာခဲ့လေသည်။

အမှန်တော့...

ရင်သွေးကို လိုချင်လွန်းခဲ့ရာမှ သူထင်သလို သူ မျှော်လင့်တမ်းတ,သလို ဖြစ်မလာသည့်အခါ စိတ်ဓာတ်ပြင်းပြ ထက်မြက်လွန်းလှသော ဦးကျော်စွာမင်းမောင်မှာ အများဘက်သို့ လဲသွားရာမှ လူသတ်ရဲလာခြင်း ဖြစ်ပေတော့သည်။

ရင်သွေးလိုချင်၍ ရူးရာမှ ရင်သွေးကို တမ်းတရာမှ စတင်၍ ဖြစ်ပေါ်လာရလေသော...

သွေးရူး သွေးတန်း... လူသတ်သမားကြီး ဦးကျော်စွာမင်းမောင်...

○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"ဟာ... ဟိုမှာ... ဟိုမှာ... လှေလှော်သွားတာ သူပဲ"

"ဟုတ်တယ်... ကိုပြည့်ဖြိုးဝေ၊ လှေဦးမှာ အဖေက တုံးလုံးလုံလို့၊ သူတို့ ဘယ်သွားကြမှာလဲ၊ ဘာလုပ်ကြမှာလဲ"

စုံပတတ်ကုန်းသို့ ပြေးလာနှင့်ကြသော ကိုဦးနှင့် ပြည့်ဖြိုးဝေတို့ကို ကျောခိုင်းလျက် လှေလှော်သွားနေသော ဦးကျော်စွာမင်းမောင်နှင့် လှေဦးထိပ်မှာ တစောင်းလှဲနေသော ဦးစံလှထွန်းကို မြင်သည်နှင့်...

"အခြေအနေ မကောင်းဘူး ကိုဦး၊ ရအောင် ပြန်ခေါ်ဗျာ"

"ဦးလေး... ဦးလေးကျော်စွာ"

"အဖေ... အဖေရေ"

"ဘယ်သွားကြမလို့လဲ"

"လာခဲ့... ပြန်လာခဲ့ပါ"

ကိုဦးက အသံကုန်ကြုံးဟစ်လိုက်သဖြင့် ဦးကျော်စွာမင်းမောင်မှာ လုံးဝ မထင်မှတ်ဘဲဖြစ်လာသော အကြောင်းအရာမို့ နောက်သို့





တစ်ချက် လှည့်ကြည့်ပြီး သူ ကြောက်အားလန့်အားနှင့် လှေကို ပို၍မြန်အောင် ကျုံးလှော်သည်။

"ဦးကျော်စွာမင်းမောင်... ဥပဒေနဲ့ ဖြေရှင်းပါ၊ ပြန်လာခဲ့ ပြန်လှော်လာခဲ့ပါ"

"အဖေ... အဖေ... ထပြီး ပြန်လာလေ"

"ဦးလေး... ဒီဘက်ကို ပြန်လှော်ခဲ့ပါ"

သူတို့နှစ်ဦး၏ အသံများက ပဲ့တင်သံထပ်အောင် ကျယ်လောင်လွှန်းလှချေသည်။

ဦးကျော်စွာမင်းမောင်ကလည်း ကြောက်အား လန့်အားနှင့် နှံ့အိုင်အရောက် ကျုံးလှော်သွားနေ၍...

"အခြေအနေ မကောင်းဘူး ကိုဦး၊ ခင်ဗျားအဖေ လှုပ်မှ မလှုပ်ဘဲ၊ ကျွန်တော် လိုက်သွားမယ်"

ပြည့်ဖြိုးဝေက ရေထဲသို့ လွှားခနဲ ဒိုင်ဗင်ထိုးဆင်းပြီး ကူးခတ်လိုက်သွားသည်။

ကိုဦးကလည်း ဖခင် အသက်မရှိတော့ပြီကို မသိရှာသေး။ သူ့အဖေ တစ်ခုခုတော့ ဖြစ်ပြီဆိုတာ စိုးရိမ်စိတ်ဖြင့် သူလည်း ရေထဲသို့ အမြန်ဆင်းပြီး ကူးလိုက်လာ၏။

"ဟာ...ဟာ... ဟိုမှာ"

သူတို့မျက်မှောက်မှာပင် လှေသည် လိမ့်လိမ့်လူးသွားပြီး ဦးစံလှထွန်း လိမ့်ကျသွားပြီး လှေမှောက်၏။

မှောက်သွားသော လှေမှာလည်း ချက်ချင်းလိုပင် နှံ့တွင်းသို့ နစ်ဝင်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ပါ"

"ကယ်ကြပါ"

"ငါ့ကို...ကယ်ကြပါ"

အသံနက်ကြီးနှင့် ကြုံးအော်နေသော ဦးကျော်စွာမင်းမောင်။

သူ ကယ်ပါဟု စတင်အော်စဉ်က နွံက ခါးလောက်။

အော်ရင်း...အော်ရင်းကပင် စက္ကန့်ပိုင်း အတွင်းမှာပင် ပို၍ ပို၍ ကျွံနစ်သွားလေပြီ။

သူ မအော်နိုင်တော့။

မျက်လုံးကြီး အပြူးသားနှင့် လက်တစ်ဖက်ကို နောက်ဆုံး မြှောက်ကမ်း၍ အကူအညီပေးပါရန် တောင်းပန်နေသော သူ၏ မျက်နှာကြီးမှာ ကြောက်စရာကောင်းလွန်းလှချေသည်။

လူသားတစ်ဦး၏ သေရတော့မည်ဟု သိသော သေအံ့မူးမူး ကာလက မျက်နှာကြီးမှာ မကြည့်ရဲစရာ။

ထက်မြက်လှသော...

အကြံကြီးလှသော...

ချမ်းသာကြွယ်ဝလှသော ဦးကျော်စွာမင်းမောင်မှာ...

ကိုဦးနှင့် ပြည့်ဖြိုးဝေတို့ နှစ်ဦး၏ မျက်စိရှေ့တည့်တည့်မှာပင် နွံအိုင်တွင်းသို့ စုံးစုံးနစ်မြုပ်ကာ သူ့ဘဝလည်း လုံးလုံး ပျောက်သုဉ်း ပျောက်ဆုံးသွားချေပြီတကား။

○





အခန်း (၃၈)

"မငိုပါနဲ့ ကိုကိုဦးရယ်... ပွင့်ဝေတို့ အစ်ကိုပြည့်ဖြိုးဝေတို့ ဖေဖေလည်း ဒီနွံအိုင်ထဲမှာပဲ နစ်ပြီးသေသွားတာ ဖြစ်မှာပေါ့"

"ဟုတ်ပါတယ်... ကိုဦး၊ ဖေဖေ့ကိုသတ်ပြီး ဒီမှာနှစ်ထားတာ သေချာတယ်"

"ဒါကြောင့်သာ ဦးစံလှထွန်းကို သတ်ပြီး ဒီနေရာမှာပဲ နှစ်မြှုပ် ထားဖို့ သူ အသွားမှာ ခုလိုဖြစ်ရတာပါ"

"ဖြစ်ရလေခြင်း... အဖေရယ်"

ဟူ၍ ကိုဦးမှာ ရင်နာလှိုက်လှဲစွာ မျက်ရည်များ စီးကျလာ၍ ဒေါ်မြနှင်းဖြူက ကိုဦး၏ ပခုံးလေးကို ကိုင်ကာ...

"ဖြစ်ပြီးမှတော့ ဖြေယူပါတော့ သားရယ်၊ သူလည်း တူသော အကျိုးပေးပြီး သူ့ကြမ္မာ သူ ခံသွားရရှာပါပြီလေ"

ဒေါ်မြနှင်းဖြူက ဖျောင်းဖျနှစ်သိမ့်ရှာသော်လည်း သူ့မျက်ဝန်း မှာ အားလုံးအတွက် မျက်ရည်တွေ ဝေလျက်ပင်...



www.burmeseclassic.com

www.burmeseclassic.com



“ကဲ... ဒီနေရာက အလောင်းတွေကိုတော့ ဘယ်လိုမှ မဆယ်နိုင်ကြတော့ဘူးလေ၊ ဒါကြောင့် ဒေါ်ဒေါ်ကတော့ ဒီလိုလုပ်ချင်တယ် မောင်ပြည့်ဖြိုးဝေ”

“ပြောပါ... ဒေါ်ဒေါ်”

“ကိုကိုဟာ ရက်စက်တဲ့ လူသတ်သမားကြီး ဖြစ်ပေမယ့် ဒေါ်ဒေါ့်အပေါ်မှာတော့ မဆိုးခဲ့ရှာပါဘူး၊ ဒါကြောင့် ဟောဒီ ဘိုတဲလေးမှာပဲ သူတို့သုံးဦးအတွက် ဆွမ်းကျွေးပြီး အမျှအတန်း ဝေကြရအောင်ပါကွယ်နော်”

“ကောင်းပါတယ် ဒေါ်ဒေါ်... ကျွန်တော့်ညီမလေး မေတ္တာဝေလည်း ဒီစနေနေ့ လာမယ်လို့ စခန်းကို ကြေးနန်းရောက်နေတယ်၊ သူလည်း ဖေဖေ့အတွက် အမျှဝေရတာပေါ့”

“အေးပေါ့ကွယ်”

“ကဲ... ကိုဦးလည်း ဖြေပါဗျာ”

ပြည့်ဖြိုးဝေက အတွင်းကြိတ် ငိုနေရှာသော ယောက်ဖအနားမှာ ငုတ်တုတ်ကလေး ထိုင်ကာ...

“ရှေ့မှာဆိုရင် ဒီလုပ်ငန်းကြီးကို ကိုဦးပဲ ဦးစီးပြီး လုပ်ကိုင်ပါ၊ ဒေါ်ဒေါ်ကလည်း သမက်ပေမယ့် သားလိုဖြစ်နေပါပြီလေ”

“ဒါမှလည်း ကျွန်တော့်ညီမလေးအတွက် ကျွန်တော် စိတ်ချရမှာပါ၊ အားတင်းစမ်းပါတော့ဗျာ... ယောက်ျားပဲ”

“ကဲ...ပွင့်ဝေ... ညီမလေးကလည်း ငိုမနေနဲ့တော့လေ၊ ညီမလေးရဲ့မမ မေတ္တာဝေ လာရင် တို့မောင်နှမသုံးယောက် ပျော်





သွားကြမှာပါ”

ပြည့်ဖြိုးဝေက စခန်းကို ပြန်၍ အကြောင်းကြားရန် နှုတ်ဆက်ချိန်မှာ...

“အားလုံး ဒေါ်ဒေါ် ပြောပါရစေ”

“ဟုတ်ကဲ့”

“မောင်ပြည့်ဖြိုးဝေ ပြောသလိုပဲ ကိုဦးက ဦးဆောင်ပါကွယ်၊ ပြည့်ဖြိုးဝေကလည်း ညီမလေးကို ပစ်မထားပါနဲ့၊ ဒေါ်ဒေါ်လည်း အသက် ကြီးလာပြီ၊ ဘာမှလည်း မလုပ်တတ်ဘူး၊ မင်းတို့ကိုပဲ အားကိုးပါရစေ”

မျက်ရည်အဝေသားနှင့် ပြောကြားနေရှာသော ဒေါ်မြနှင်းဖြူသို့...

“ဩော်... ပြောနေစရာမလိုပါဘူး ဒေါ်ဒေါ်ရယ်၊ မေတ္တာဝေ လာရင်လည်း ဒီမှာပဲတည်းမှာပါ၊ ကျွန်တော့်ကို လိုအပ်ရင်လည်း ကသစ်နီက မပြောင်းမချင်း ဒီအိမ်မှာနေပြီး မြန်မာ့ဆေးစွမ်းကောင်း ထုတ်လုပ်ရေးကို ဝိုင်းကူ လုပ်အားပေးပါ့မယ်၊ စိတ်ချပါ... ကဲ... ကျွန်တော် သွားလိုက်ဦးမယ်”

ပြည့်ဖြိုးဝေ ထွက်သွားသည်ကို လိုက်ပို့သော ဒေါ်မြနှင်းဖြူ ကွယ်သွားသည်နှင့်...

“ကိုကိုဦး”

“ကိုကိုဦးရယ်... ကိုကိုဦး မငိုပါနဲ့၊ ကိုကိုဦး ငိုရင် ပွင့်ဝေလည်း ငိုမိရော”

www.burmeseclassic.com



"ကောင်းပါပြီ... ပွင့်ဝေရယ်၊ ကိုကိုဦး အားတင်းပါ့မယ်နော်"

သူ့မျက်ဝန်းမှ မျက်ရည်စများကို သုတ်ဖယ်ပြီး ချစ်ဇနီးအတွက် အားမပြည့်သော အပြုံးကို အားတင်း၍ ပြုံးပြရှာသည်။

မည်သို့ပင်ရှိပါစေ...

ကိုရန်ပြေ ဟူသော ပန်းပွင့်ဝေ၏ ချစ်လှစွာသော ကိုကိုဦးနှင့် ပန်းပွင့်ဝေတို့၏ ရှေ့ဆက်ရမည့်ခရီးမှာ...

ပြည့်စုံကြွယ်ဝခြင်းများနှင့်အတူ ချမ်းမြေ့ ပျော်ရွှင်ဖွယ်ရာ မင်္ဂလာဇနီးမောင်နှံအဖြစ် ရာသက်ပန် လက်တွဲရပေတော့မည်သာ။

BURMESE CLASSIC .com

ပြီးပါပြီ။

ကလျာ (ဝိဇ္ဇာ–သိပ္ပံ)



www.burmeseclassic.com